# နိုင်ငံရေး

အယူအဆများ၊
နိုင်ငံရေးအဆောက်အအုံယန္တရားများနှင့်
လှုပ်ရှားဆောင်ရွက်သူများ

မြန်မာပြည်အတွက် နိုင်ငံသားဆိုင်ရာ ပညာရေးသင်ရိုး

ဆရာလက်စွဲ

**ပုံနှိပ်တိုက်အမည်**

ရွှေပုံနှိပ်တိုက် (မြ – ၀၀၂၁၀)
အမှတ် ၁၅၃/၁၅၅၊ သစ်တောအောက်လမ်း၊
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**

ဦးအောင်မြတ်စိုး

**စာပေတိုက်အမည်**

မုခ်ဦးစာပေ

အမှတ် (105-A)၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ယာ၊
အမှတ် (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း – ၀၉ ၇၈၀ ၃၀၃ ၈၂၃၊ ၀၉ ၂၆၂ ၆၅၆ ၉၄၉

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အမှတ် – ၀၁၉၄၇

**ပုံနှိပ်ခြင်း**

ပထမကြိမ်၊ အုပ်ရေ ၅၀၀
မတ်လ၊ ၂၀၁၈ ခုနှစ်

၃၂၀.၉၅၉၁

မက်လော့ချ်လင်း၊ ရိုရီ

နိုင်ငံရေး၊ အယူအဆများ၊ နိုင်ငံရေးအဆောက်အအုံယန္တရားများနှင့် လှုပ်ရှားဆောင်ရွက်သူများ
ဆရာလက်စွဲ။ ရိုရီ မက်လော့ချ်လင်း၊ ဘာသာပြန်သူ ထက်ဖြိုးဝေ။
ရန်ကုန်၊ မုခ်ဦးစာအုပ်တိုက်၊ ၂၀၁၈။
၂၀၂ စာ၊ ၃၀ စင်တီ။
မူရင်းအမည် – Politics: Ideas, Institutions and Actors (Teacher Book), by Rory Mclaughlin
(၁) မက်လော့ချ်လင်း၊ ရိုရီ
(၂) ထက်ဖြိုးဝေ၊ ဘာသာပြန်သူ
(၃) နိုင်ငံရေး၊ အယူအဆများ၊ နိုင်ငံရေးအဆောက်အအုံယန္တရားများနှင့် လှုပ်ရှားဆောင်ရွက်သူများ

This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

Notes about usage: Organisations wishing to use the body text of this work to create a derivative work are requested to include a Mote Oo Education logo on the back cover of the derivative work if it is a printed work, on the home page of a web site if it is reproduced online, or on screen if it is in an app or software.

For license types of individual pictures used in this work, please refer to Picture Acknowledgments at the back of the book.

# မာတိကာ


အပိုင်း (၁) အယူအဆများ (Ideas)

အခန်း (၁) နိုင်ငံရေး ဆိုသည်မှာ (Politics)

၁.၁ နိုင်ငံရေး – အဓိပ္ပာယ် ၆

၁.၂ နိုင်ငံရေးဆိုင်ရာ အဓိကကျသော အယူအဆများ ၁၃

၁.၃ ဖြစ်ရပ်လေ့လာချက် ၂၅

အခန်း (၂) အာဏာ၊ လုပ်ပိုင်ခွင့်နှင့် တရားဝင်အသိအမှတ်ပြုမှု (Power, Authority & Legitimacy)

၂.၁ အာဏာနှင့် လုပ်ပိုင်ခွင့် ၂၈

၂.၂ တရားဝင်အသိအမှတ်ပြုမှု ၃၈

အခန်း (၃) ဝါဒအမျိုးမျိုး (Ideologies)

၃.၁ အခြေခံ ဝါဒများ ၅၀

၃.၂ ဝါဒများအား ဆန်းစစ် အကဲဖြတ်ခြင်း ၆၀

အပိုင်း (၂) နိုင်ငံရေးအဆောက်အအုံယန္တရားများ (Institutions)

အခန်း (၄) နိုင်ငံများနှင့် လူမျိုးများ (States and Nations)

၄.၁ နိုင်ငံများ ၇၄

၄.၂ လူမျိုးနှင့် အမျိုးသားရေးဝါဒ ၈၀

၄.၃ ဖြစ်ရပ်လေ့လာချက်များ ၉၂

အခန်း (၅) အစိုးရ (Government)

၅.၁ အစိုးရ ၉၄

၅.၂ တစ်ပြည်ထောင်အစိုးရနှင့် ပြည်ထောင်စုအစိုးရများ ၁၁၁

အခန်း (၆) ဖွဲ့စည်းပုံအခြေခံဥပဒေများ (Constitutions)

၆.၁ ဖွဲ့စည်းပုံအခြေခံဥပဒေများကို နားလည် သဘောပေါက်ခြင်း ၁၁၈

၆.၂ ဖွဲ့စည်းပုံအခြေခံဥပဒေများက အဘယ်အကြောင်းကြောင့် အရေးပါရသနည်း ၁၂၉

၆.၃ ဖြစ်ရပ်လေ့လာချက် ၁၃၉

အပိုင်း (၃) လုပ်ရှားဆောင်ရွက်သူများ (Actors)

အခန်း (၇) သတင်းမီဒီယာ (The Media)

၇.၁ သတင်းမီဒီယာနှင့် နိုင်ငံရေး ၁၄၆

၇.၂ မီဒီယာနှင့် အစိုးရ ၁၅၅

အခန်း (၈) အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society)

၈.၁ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် လူမှုရေးလှုပ်ရှားမှုများ ၁၆၂

၈.၂ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) တို့၏ လုပ်ငန်းဆောင်တာများ ၁၇၃

အခန်း (၉) နိုင်ငံရေးပါတီများ (Political Parties)

၉.၁ နိုင်ငံရေးပါတီများ ၁၈၄

၉.၂ ပါတီအမျိုးအစားများ ၁၉၃

# စာအုပ် အသုံးပြုပုံ

## က။ စာအုပ် – မိတ်ဆက်

### စာအုပ်ပါ အကြောင်းအရာများ

'နိုင်ငံရေး (အယူအဆများ၊ နိုင်ငံရေးအဆောက်အအုံယန္တရားများနှင့် လှုပ်ရှားဆောင်ရွက်သူများ)' စာအုပ်သည် မြန်မာနိုင်ငံအတွင်းရှိ အရွယ်ရောက်ပြီးသူတိုင်း သိထားတတ်ထားသင့်သည့် ပြည်သူ့နီတိဆိုင်ရာ အကြောင်းအရာများပါရှိသည်။ ဤစာအုပ်ပါ အကြောင်းအရာများကို လိုက်နာကျင့်ကြံခြင်းဖြင့် မိမိတို့ရပ်ရွာလူ့အဖွဲ့အစည်းအသီးသီးရှိ လူမှုအကျိုးပြု လုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြမည် ဖြစ်သည်။ ထိုသို့ ပါဝင်ဆောင်ရွက်နိုင်ကြရန်အတွက် မဖြစ်မနေ ဖြည့်ကျင့်ထားအပ်သော နိုင်ငံသားဆိုင်ရာ အသိအကျင့်တို့ကို လူတန်းစေ့ ရရှိပိုင်ဆိုင်နိုင်ကြစေရန်လည်း ရည်ရွယ်သည်။ စာအုပ်ပါသင်ခန်းစာများ၊ လေ့ကျင့်ခန်းများက တာဝန်သိစိတ်ရှိ နိုင်ငံသားများ မွေးထုတ်ပေးရာတွင် အထောက်အကူပြုစေနိုင်မည် ဖြစ်ပြီး ထိုသို့ လေ့လာရာတွင် အောက်ပါအချက် (၃) ရပ် ကို အဓိကထားဖြည့်ဆည်း သင်ယူအပ်ပေသည်။

#### နိုင်ငံသားဆိုင်ရာ အသိပညာ ဗဟုသုတများ

ဤအပိုင်းတွင် ကျောင်းသားတို့၏ ပတ်ဝန်းကျင်ရှိ နိုင်ငံရေးဆိုင်ရာ အယူအဆများ၊ နိုင်ငံရေး အဆောက်အအုံယန္တရားများနှင့် လှုပ်ရှားဆောင်ရွက်သူများ အကြောင်းကို သိရှိနိုင်စေရေးအတွက် သင်ခန်းစာများ၊ လေ့ကျင့်ခန်းများဖြင့် တင်ပြပေးထားသည်။ ထိုအသိပညာများကို အခြေခံ၍ ကျောင်းသားတို့၏ ဆုံးဖြတ်နိုင်စွမ်း၊ လေ့လာဆန်းစစ်နိုင်စွမ်းတို့ကို တိုးတက်စေမည်ဖြစ်ပြီး မိမိတို့ လူမှုအသိုင်းအဝိုင်းအတွင်း အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အထောက်အကူပြုပေမည်။

ဤစာအုပ်၏ အခန်းတိုင်းတွင် နိုင်ငံသားဆိုင်ရာ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ အကြောင်းအရာများ ဖော်ပြပါရှိပြီး သက်ဆိုင်ရာ သင်ခန်းစာများ၊ ဖြစ်ရပ်လေ့လာချက်များ၊ အတန်းတွင်း လုပ်ဆောင်ချက်များ၊ မေးခွန်းများကို လေ့လာလုပ်ဆောင်ခြင်းဖြင့် နိုင်ငံသားဆိုင်ရာ အသိပညာများ တိုးပွားလာစေမည် ဖြစ်သည်။

#### နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေး

ဤစာအုပ်တွင် နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများ မြှင့်တင်ပေးနိုင်မည့် လေ့ကျင့်ခန်းများ၊ ဆွေးနွေးအဖြေရှာခြင်းများ၊ အဖွဲ့လိုက် လုပ်ဆောင်ချက်များ ပါဝင်သည်။

နိုင်ငံသားဆိုင်ရာ သိမှတ်စရာများကို သင်ကြားပေးရာတွင် အခြားသော ဘာသာရပ်များကဲ့သို့ ကျောင်းသားများ ခေါင်းထဲထည့်ပေးရုံ သာမကပဲ လက်တွေ့ကျင့်ကြံတတ်အောင်ပါ သင်ကြားပေးကြရမည် ဖြစ်သည်။ ထို့ကြောင့်ပင်လျှင် စာအုပ်ပါ လုပ်ဆောင်ချက်များသည် လူ့အဖွဲ့အစည်းအတွင်းထိရောက်စွာလက်တွေ့ကျင့်ဆောင်နိုင်ရန် ရည်ရွယ်ရေးဆွဲထားရှိခြင်းဖြစ်သည်။ ထိုသင်ခန်းစာများကို လုပ်ဆောင်ခြင်းဖြင့် မိမိတို့၏ နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများကို တိုးတက်စေမည်ဖြစ်ပြီး အများအကျိုးပြု လုပ်ငန်းများတွင် ယုံကြည်ချက် အပြည့်နှင့် ပါဝင်ဆောင်ရွက်နိုင်ကြပေမည်။

#### နိုင်ငံသားဆိုင်ရာ တန်ဖိုးများ

ဤစာအုပ်ပါ သင်ခန်းစာများတွင် မိမိတို့၏ လူ့အဖွဲ့အစည်းအပေါ် အမြင်များ၊ လူ့အဖွဲ့အစည်းအတွင်း ကျင့်သုံးလိုက်နာအပ်သော တန်ဖိုးစနစ်များကို သိရှိတန်ဖိုးထားနိုင်ကြပြီး လက်တွေ့ကျင့်သုံး နိုင်ကြစေရန်လည်း ရည်ရွယ်သည်။

ထိုကဲ့သို့ နိုင်ငံသားဆိုင်ရာ တန်ဖိုးများကို ကျင့်သုံးနိုင်ကြရန်အတွက် လေ့ကျင့်ပြုစုပေးနိုင်မည့် ဆွေးနွေးချက်များ၊ ပြန်လည်သုံးသပ်ချက်များလည်း ဖော်ပြပါရှိသည်။ ထိုလေ့ကျင့်ခန်းများကို လုပ်ဆောင်ကြခြင်းဖြင့် မိမိတို့၏ လူ့အဖွဲ့အစည်းအပေါ် အမြင်များ ရင့်သန်လာနိုင်မည်ဖြစ်ပြီး လူ့အဖွဲ့အစည်းအတွင်းရှိ တန်ဖိုးများကိုလည်း လေးစားတန်ဖိုးထားလာကြပေမည်။ ထိုမျှသာမက တစ်ဦးနှင့်တစ်ဦးကြား ကွဲပြားချက်များကိုလည်း သိမြင်လာကြပြီး လွတ်လပ်စွာ တွေးခေါ်ပိုင်ခွင့်နှင့် ဖန်တီး တင်ပြနိုင်ခွင့်တို့ကိုလည်း ကျင့်သုံးစောင့်တည်နိုင်ကြပေမည်။

## ၁။ စာအုပ်ပါ သင်ခန်းစာများကို လက်တွေ့အသုံးချခြင်း

နိုင်ငံသားဆိုင်ရာ ပါဝင်လှုပ်ရှားမှုများကို လေ့လာသင်ယူကြပြီးနောက် လက်တွေ့အသုံးချရာ၌ နည်းလမ်းမျိုးစုံကို အသုံးပြု၍ ကျင့်ဆောင်နိုင်ကြပေသည်။ မိမိတို့ မည်သည့် လုပ်ငန်းခွင်တွင် ထမ်းဆောင်နေကြပါစေ နိုင်ငံသားဆိုင်ရာ အသိအကျင့်များကို အားထုတ်ကျင့်ကြံခြင်းသည် ခက်ခဲသော အလုပ်မဟုတ်။ နေရာတိုင်း၊ အချိန်တိုင်းတွင် လုပ်သင့်လုပ်ထိုက်၊ လုပ်နိုင်စွမ်းရှိသည့် လုပ်ငန်းတာဝန်တစ်ရပ်လည်း ဖြစ်ပေသည်။

ထိုကဲ့သို့သော နိုင်ငံသားတစ်ဦး ကျင့်ကြံအပ်သည့် တာဝန်များကို ဖြည့်ဆည်းဖော်ဆောင်နိုင်ကြရန်အတွက် လိုအပ်သည့် အသိပညာများ၊ အချက်အလက်များကို ဤစာအုပ်ပါသင်ခန်းစာများက ပေးစွမ်းနိုင်ကြမည်ဟု ယုံကြည်ပါသည်။ သို့ရာတွင် စာအုပ်ပါ သင်ခန်းစာများကို သင်ကြားပြသပေးရာတွင် မည်သည့် နည်းလမ်းဖြင့် သင်ယူသည်က မှန်ကန်သည်၊ မည်သို့ သင်ကြားခြင်းက မှားသည်ဟူပြီး မသတ်မှတ်ထားချေ။ ထို့အတူ စာအုပ်ပါ အကြောင်းအရာတိုင်းကိုလည်း အကြွင်းမဲ့ ယုံကြည်စရာ မလိုပါ။ ဆရာများအနေဖြင့် ကျောင်းသားတို့၏ လိုအပ်ချက်နှင့်အညီ သင်ကြားပြသပေးရန်သာ လိုပေမည်။ ဥပမာအားဖြင့် –

- ဤသင်ရိုးညွှန်းတမ်းတစ်ခုလုံးအား သင်ကြားရန် အချိန်မလုံလောက်ပါက အချိန်ပေးရလွန်းပြီး ကျောင်းသားများအတွက် အကျိုးမဖြစ်ထွန်းနိုင်ဟုထင်သည့် အချို့သော လုပ်ဆောင်ချက်များအား ချန်လှပ်ထားနိုင်သည်။
- စာအုပ်ပါ ‘လုပ်ငန်း’ တစ်ရပ်သည် စာသင်ခန်းအတွင်း လက်တွေ့လုပ်ဆောင်ရန် ခက်ခဲမည် ဆိုပါက လုပ်ဆောင်ရန် လွယ်ကူပြီး လက်တွေ့အသုံးချနိုင်မည့် လုပ်ငန်းများကို ဆောင်ရွက် ခိုင်းစေနိုင်ပါသည်။
- ဤစာအုပ်ပါ အကြောင်းအရာတစ်ရပ်ကို အသေးစိတ်သင်ကြားသင့်သည်ဟု ထင်ပါက သက်ဆိုင်ရာ သင်ထောက်ကူပစ္စည်းများ၊ စာအုပ်များ၊ ရုပ်သံမှတ်တမ်းများ၊ ဝက်ဘ်ဆိုဒ်များ၊ မဂ္ဂဇင်းများ အစရှိသည်တို့ကို အသုံးပြု၍ ဖြည့်စွက်သင်ကြားပေးနိုင်ပါသည်။
- သင်ခန်းစာပါ ဖော်ပြချက်များမှာ ကျောင်းသားများအတွက် ခက်ခဲလွန်းနေမည်ဟု ယူဆပါက အရေးပါမည့် အချက်အလက်များကိုသာ ရှင်းလင်း ပြသပေးပါ။ စာသင်သားအချင်းချင်း အကူအညီပေးနိုင်ကြစေရန်အတွက် လုပ်ဆောင်ချက်များ၊ လေ့ကျင့်ခန်းများ ဆောင်ရွက်ရာတွင် တော်သည့် ကျောင်းသားများနှင့် အားနည်းသည့် ကျောင်းသားများကို တွဲဖက်လုပ်ဆောင်ပါစေ။
- ဘာသာစကားဆိုင်ရာ အခက်အခဲများ ရှိပါကလည်း သင်ခန်းစာပါ ဖော်ပြချက်များကို ကျောင်းသားတို့ နားလည်နိုင်စေမည့် မိခင်ဘာသာစကားဖြင့် ရှင်းပြပေးပါ။

## ၈။ သင်ကြားပုံ နည်းစနစ်များ

ထိုသင်ကြားပုံ နည်းစနစ်များကို အပြည့်အဝ အသုံးချနိုင်စေမည့် စာအုပ်ပါ လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် ‘အဖွဲ့လိုက်လုပ်ဆောင်ချက်များ’၊ ‘ဆန်းစစ်အဖြေရှာခြင်းများ’၊ ‘ဆွေးနွေးချက်များ’ အစရှိသည့် နည်းစနစ်များနှင့် အကျွမ်းတဝင်ဖြစ်အောင် ဦးစွာအားထုတ်အပ်သည်။ ထိုသို့သော နည်းစနစ်များကို သိရှိမှတ်သားနိုင်ရန်အတွက် ဆက်လက် ဖော်ပြပေးထားပါသည်။

### သုံးသပ်ဆင်ခြင်နိုင်စွမ်း

(Brainstorming)

ဤနည်းစနစ်တွင် မိမိတို့ သင်ကြားကြမည့် သင်ခန်းစာနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ကျောင်းသားများ မည်သို့ နားလည်လက်ခံထားကြသည်၊ ထိုသင်ခန်းစာ သင်ကြားပြီးနောက် မည်သို့သော အယူအဆအသစ်များ သင်ယူရရှိကြသည်ကို သုံးသပ်ဆင်ခြင်နိုင်တတ်စေရန် ရည်ရွယ်သည်။ ထိုသို့ သုံးသပ်ဆင်ခြင်ခြင်းဖြင့် ကျောင်းသားများ၏ ပြဿနာအဖြေရှာနိုင်မှုအစွမ်းကို တိုးတက်စေနိုင်မည်ဖြစ်သည်။

ထိုနည်းစနစ်ကို အသုံးပြုရာတွင် –

၁။ သင်ခန်းစာပါ အရေးကြီး အကြောင်းအရာရပ် သို့မဟုတ် မေးမြန်းချက်တစ်ရပ်ကို သင်ပုန်းပေါ်တွင် ရေးဦးစွာ ရေးသားပေးပါ။

၂။ ထို့နောက် ထိုအကြောင်းအရာအပေါ် ကျောင်းသားများ မည်သို့ နားလည်ထားကြောင်း မေးမြန်းပေးပါ။ ကျောင်းသားတို့၏ ဖြေကြားချက်များကို သင်ပုန်းပေါ်တွင် အစီအစဉ်အလိုက် ရေးသားဖော်ပြပေးနိုင်မည်။

၃။ ထိုဖြေကြားချက်များတွင် အရေးကြီးပြီး အသုံးတည့်မည့် အကြောင်းအရာများ ပါရှိပါက သင်ပုန်းပေါ်တွင် ဆက်လက်ဖော်ပြထားပြီး နောင်လေ့ကျင့်ခန်းများ၊ လုပ်ဆောင်ချက်များတွင် ထပ်မံအသုံးပြုနိုင်သည်။

## အများနှင့် ဆောင်ရွက်တတ်ခြင်း

(Group Work)

ကျောင်းသားအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်တတ်ခြင်းသည်လည်း သင်ကြားမှုတွင် အဓိက အလေးပေးအပ်သည့် နည်းစနစ်တစ်မျိုး ဖြစ်ပေသည်။ အချို့သော လေ့ကျင့်ခန်းများသည် အဖွဲ့ငယ်လေးများခွဲကာ ဆောင်ရွက်စေအပ်ပြီး အချို့သော တစ်တန်းလုံးပါဝင်ရမည့် လုပ်ဆောင်ချက်များတွင်မူ ကျောင်းသားတိုင်း ပါဝင်နိုင်အောင် ဖော်ဆောင်ပေးကြရမည်ဖြစ်သည်။ ထိုသို့သော အစုအဖွဲ့ငယ်လေးများ ခွဲရာတွင်လည်း ကျောင်းသား ကျောင်းသူအချို့၊ အတန်းတွင်းရှိ တိုင်းရင်းသား မတူကွဲပြားမှုများ၊ အတွေးအခေါ် အယူအဆ မတူညီမှုများ အစရှိသော အကြောင်းခြင်းရာတို့ကို ထည့်သွင်းစဉ်းစားကြရမည်ဖြစ်ပြီး ထို့မှသာလျှင် ကျောင်းသားအချင်းချင်းကြား နားလည်မှုတိုးတက် ရင့်သန်နိုင်ကြပေမည်။ အခြားသော 'အများနှင့် လုပ်ဆောင်နိုင်စွမ်း' တိုးတက်စေမည့် အောက်ပါနည်းစနစ်များကိုလည်း ဆောင်ရွက်နိုင်ကြပေသည်။

- အပြောစွမ်းရည်၊ အကြားစွမ်းရည်တို့ တိုးတက်စေရန် ဆောင်ရွက်ပေးခြင်း။
- ပူးပေါင်းဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်များ တိုးတက်ဖွံ့ဖြိုးလာစေခြင်း။
- ဆုံးဖြတ်ချက်ချခြင်းနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်းဆိုင်ရာ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာအောင် သင်ကြားပေးခြင်း။

## ဆွေးနွေးအဖြေရှာခြင်း

(Discussion)

'ဆွေးနွေးအဖြေရှာတတ်ခြင်း' သည် နိုင်ငံသားဆိုင်ရာ ပညာပေးရေး အစီအစဉ်၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပေသည်။ ကျောင်းသားများ အပြန်အလှန် ဆွေးနွေးကြခြင်းဖြင့် မိမိတို့ သင်ယူရရှိထားသည်တို့ကို သုံးသပ်လာနိုင်ခြင်း၊ လေးလေးနက်နက် တွေးတောဆင်ခြင်လာနိုင်ခြင်း၊ ပေါင်းသင်းဆက်ဆံရေး တိုးတက်ကောင်းမွန်လာနိုင်ခြင်း၊ မိမိတို့၏ အတွေ့အကြုံများ၊ အယူအဆများကို မျှဝေတင်ပြလာနိုင်ခြင်း အစရှိသည့် အကျိုးတရားများကို ခံစားကြရမည် ဖြစ်ပေသည်။

'ဆွေးနွေးအဖြေရှာခြင်း' သင်ခန်းစာတို့သည် ကျောင်းသားအများနှင့် စုပေါင်းလုပ်ဆောင်ရန် သင့်တော်သကဲ့သို့ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ အနေဖြင့်လည်း ပူးတွဲလုပ်ဆောင်နိုင်ပေသည်။

ကျောင်းသားအချင်းချင်းကြား ဆွေးနွေးတင်ပြသည့်အခါတွင် တစ်ဦးအပေါ်တစ်ဦး လေးစားသမှု ရှိကြရန်၊ မိမိတို့၏ အတွေးအမြင်များကို လွတ်လပ်စွာ ဝေဖန်တင်ပြနိုင်ရန် အခွင့်အရေးများ ဖန်တီးပေးကြရမည်ဖြစ်သည်။ ထိုမှသာမက ကျောင်းသားတိုင်း ဆွေးနွေးမှုတွင် ပါဝင်နိုင်ရန် စီမံကြရမည်ဖြစ်ပြီး စကားပြောလွန်းသည့် ကျောင်းသား၊ အသံကျယ်ကျယ် ပြောနိုင်သော ကျောင်းသားကသာ ဆွေးနွေးပွဲကို လွှမ်းမိုးထားသည့် အခြေအနေမျိုးကို ရှောင်ရှားကြရမည်ဖြစ်သည်။

# ဃ။ စာအုပ်ပါ အချက်အလက်များကို ပြုစုရာတွင် အောက်ပါတို့ကို အသုံးပြုပြီး တင်ပြထားရှိသည်။

## (၁) ဖြစ်စဉ်ပြဇယား

ဖြစ်စဉ်ပြဇယားတွင် သမိုင်းဝင်အဖြစ်အပျက်များကို ဖြစ်ပွားခဲ့သည့် အချိန်ကာလအပေါ်အခြေခံပြီး အစီအစဉ်အတိုင်း ဖော်ပြထားသည်။ ထိုဇယားကို စာမျက်နှာ (၂၀၂ မှ ၂၀၅) တွင် လေ့လာဖတ်ရှုနိုင်ပေမည်။ ၁၈၈၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဖြစ်ပွားခဲ့သည့် မြန်မာ့သမိုင်းဖြစ်ရပ်များထဲမှ အရေးပါသည့် ဖြစ်ရပ်အချို့တို့ကို တွေ့မြင်နိုင်မည်လည်းဖြစ်သည်။

ထိုဖြစ်စဉ်ပြဇယားကို အချို့သော လေ့ကျင့်ခန်းများ လုပ်ဆောင်ရာတွင် အသုံးပြုရန် လိုအပ်ပေလိမ့်မည်။ ထိုဇယား အသုံးပြုပုံကို တစ်ဖက်စာမျက်နှာတွင် ဆက်လက်ဖတ်ရှုနိုင်ပေမည်။

## (၂) လှုပ်ရှားဆောင်ရွက်သူများ စာရင်း

ထိုစာရင်းကို စာမျက်နှာ (၂၀၆ မှ ၂၁၃) တွင် ဖတ်ရှုအသုံးပြုနိုင်မည်ဖြစ်သည်။ ထိုစာရင်းတွင် ခေတ်သစ် မြန်မာ့နိုင်ငံရေးသမိုင်းမှ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူများကို အစီအစဉ်အလိုက် ထည့်သွင်းဖော်ပြထားပေသည်။

ထိုစာရင်းတွင် ဖော်ပြထားခြင်းမရှိသည့် မြန်မာ့သမိုင်း၏ အရေးပါဆုံးသော ပုဂ္ဂိုလ်များလည်း ရှိကောင်းရှိနိုင်ပါသည်။ သို့ရာတွင်လည်း စာအုပ်ပါ သင်ခန်းစာများ၊ လေ့ကျင့်ခန်းများကို ဆောင်ရွက်ရာတွင် ဆက်နွယ်မှုရှိသည့်၊ ကျောင်းသားများ အလွယ်တကူ နားလည်သိရှိထားနိုင်သည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကိုသာ ဦးစားပေး ဖော်ပြထားခြင်း ဖြစ်သည်။ ထိုစာရင်းကို အသုံးပြုရာတွင်လည်း ကျောင်းသားများအနေဖြင့် အယူအဆ အမျိုးမျိုး ကွဲလွဲသည်လည်း ရှိနိုင်သည်။ အထူးသတိပေးလိုသည်မှာ ဤဆရာလက်စွဲစာအုပ်ပါ 'နီးစပ်သည့် အဖြေများ' သည် ဥပမာအနေဖြင့်သာ၊ ဖြစ်နိုင်ခြေရှိသည့် နီးစပ်သည့် အဖြေများကို ဖော်ပြထားခြင်းဖြစ်သည်။ ထိုအဖြေများသည် လုံးဝဥဿုံ မှန်ကန်မှု ရှိသည်ဟု မယူဆစေလိုပါ။ ထိုသင်ခန်းစာတို့ကို လုပ်ဆောင်ရာတွင် ကျောင်းသားအချင်းချင်း အမြင်များကို ဆွေးနွေးပြောဆိုကြပြီး၊ ဆန်းစစ်သုံးသပ်နိုင်စွမ်း မြင့်မားလာစေရေး အတွက်သာ အဓိကဦးတည်ပေသည်။

မြန်မာ့သမိုင်းဆိုင်ရာ ဖြစ်ရပ်များနှင့် လှုပ်ရှားဆောင်ရွက်သူများအကြောင်းကို ပိုမိုသိရှိလိုပါက 'မုဒ်ဦး' ပညာရေးမှ ထုတ်ဝေသည့် (Histories of Burma) စာအုပ်တွင် အသေးစိတ် ဖတ်ရှုနိုင်ပါသည်။

## (၃) ရောင်စဉ်ပြမျဉ်း

ထိုအညွှန်းပြမျဉ်းများသည် အစွန်းနှစ်ဖက်ကို နှိုင်းယှဉ်ရာတွင် အသုံးပြုရန်အတွက် ဖြစ်သည်။ ဤစာအုပ်ပါ သင်ခန်းစာများဖြစ်သည့် ဝါဒအမျိုးမျိုး၊ သဘောထားအမျိုးမျိုးတို့ကို နှိုင်းယှဉ်သည့်အခါတွင် အသုံးပြုနိုင်ပေသည်။ (ဥပမာ ။ ။ဒီမိုကရေစီနှင့်အာဏာရှင်စနစ်အကြား ခြားနားချက်များ)။ ထိုအညွှန်းပြမျဉ်းများကို အသုံးပြုခြင်းဖြင့် ဖြစ်ရပ်တစ်ရပ်၊ အကြောင်းအရာတစ်ရပ်အကြောင်း ပိုမိုသိရှိလာမည်လည်းဖြစ်သည်။ ဖြစ်ရပ်တိုင်း၊ အကြောင်းရာတိုင်းသည် ရိုးရှင်းမှု မရှိကြချေ။ အချို့သော နိုင်ငံရေးသမားများအနေဖြင့် ဒီမိုကရက်တစ်ဆန်လွန်းသည်လည်း ဖြစ်နိုင်သည်၊ အချို့မှာမူ အာဏာရှင်စနစ်ကို တရားသေဆုပ်ကိုင်ထားတတ်ကြသည်။ ထို့အတူပင် အချို့သော နိုင်ငံရေး လုပ်ဆောင်သူများသည် အစွန်းနှစ်ဖက်၏အကြား အလယ်အလတ်တွင် ရပ်တည်ကြကြောင်းလည်း တွေ့နိုင်ပေသည်။

ဖော်ပြပါပုံတွင် ပြုပြင်ပြောင်းလဲရေး ရယ်ဒီကယ်လ်နှင့် ရှေးရိုးစွဲ ကွန်ဆာဗေးတစ်တို့ကို အညွှန်းပြမျဉ်း၏ တစ်ဖက်တစ်ချက်စီတွင် ထားရှိပြီး အလယ်အလတ်လမ်းစဉ် မော်ဒရိတ်ကို မျဉ်း၏ အလယ်တွင် သတ်မှတ်ထားရှိသည်။ အောက်ပါတို့သည် လှုပ်ရှားဆောင်ရွက်သူများ စာရင်းမှ ထုတ်နှုတ်ထားခြင်းဖြစ်ပြီး နမူနာ အဖြေများ ဖြစ်ကြသည်။

၁။ ABSDF (ရယ်ဒီကယ်လ်ဆန်လွန်း)။


၂။ Generation Wave (ရယ်ဒီကယ်လ်)။

၃။ ၈၈မျိုးဆက် (အနည်းငယ် ရယ်ဒီကယ်လ်ဆန်)။

၄။ NLD (အလယ်အလတ်လမ်းစဉ် မော်ဒရိတ်)။

၅။ USDP (ကွန်ဆာဗေးတစ်)။

၆။ တပ်မတော် (ကွန်ဆာဗေးတစ် ဆန်လွန်း)။



## (၄) ဆက်နွယ်ချက်ပြ စက်ဝိုင်းဇယား (Venn Diagram)

စက်ဝိုင်းနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသည့် စက်ဝိုင်းများကို ချိတ်ဆက် ဖော်ပြထားရှိခြင်းဖြစ်သည်။ ဤစာအုပ်ပါ အကြောင်းအရာများ ဖြစ်သည့် အယူအဆများ၊ လှုပ်ရှားဆောင်ရွက်သူများနှင့် ဖြစ်ရပ်များ၏ ဆက်နွယ်ချက်ကို ဖော်ပြရာတွင် ၎င်းတို့ကို အသုံးပြုပေသည်။

အောက်တွင် ဖော်ပြထားရှိသည့် ပုံသည် သင်ခန်းစာ (၁.၁.၁) မှ ထုတ်နှုတ်ထားရှိခြင်း ဖြစ်ပြီး အရင်းအမြစ်ကြောင့် ပဋိပက္ခဖြစ်ပွားခြင်း၊ အယူအဆကြောင့် ပဋိပက္ခဖြစ်ပွားခြင်းနှင့် အခွင့်အလမ်းကြောင့် ပဋိပက္ခဖြစ်ပွားခြင်းတို့အကြား ဆက်နွယ်ချက်ကို ဖော်ပြရန်အတွက် ဖြစ်သည်။ အောက်ပါတို့သည် ဖြစ်စဉ်ပြဇယားမှ ထုတ်နှုတ်ထားခြင်းဖြစ်ပြီး နမူနာ အဖြေများ ဖြစ်ကြသည်။

၁။ ၁၉၄၆ ပြည်တွင်းစစ် (အရင်းအမြစ်၊ အခွင့်အလမ်း၊ အယူအဆ)

၂။ ၁၉၄၄ – ၄၅ ဖက်ဆစ်ဆန့်ကျင်တော်လှန်ရေး (အခွင့်အလမ်း)

၃။ ၁၉၆၂ စစ်တပ်မှ အာဏာသိမ်းခြင်း (အခွင့်အလမ်း၊ အယူအဆ)

၄။ ၁၉၈၈ ဆန္ဒပြပွဲများ (အခွင့်အလမ်း၊ အယူအဆ)

၅။ ၁၉၉၀ ရွေးကောက်ပွဲများ (အခွင့်အလမ်း)


၆။ ၁၉၆၁ နိုင်ငံတော်ဘာသာရေး အက်ဥပဒေ (အယူအဆ)

**စက်ဝိုင်းဇယားများကို ကြည့်ရှု အကဲဖြတ်ခြင်း**

ထိုပုံတွင် ပါရှိသည့် ဖြစ်ရပ်အနည်းငယ်အပေါ် အခြေခံပြီး ကောက်ချက်ချမှုများ ပြုလုပ်နိုင်ပါသည်။ ထို့အတူ အဆိုပါပုံတွင် ဖြစ်ရပ်များ ထပ်မံဖြည့်စွက်ခြင်းက မတူညီသည့် အဖြေတစ်ရပ်ကို ရရှိစေလိမ့်မည်။

အောက်ပါတို့သည် အဆိုပါ ဆက်နွယ်ချက်များအပေါ် ဖွင့်ဆိုနိုင်သည့် နမူနာအဖြေများ ဖြစ်ကြသည်။

- ပဋိပက္ခအများစုသည် အခွင့်အလမ်းကြောင့် အဓိက ဖြစ်ပွားသည်ကို တွေ့ရသည်။ ထိုပဋိပက္ခများသည် အခွင့်အလမ်းနှင့် အခြားအကြောင်းရပ်တို့ကြောင့် ပေါင်းစပ်ဖြစ်ပွားသည်လည်းရှိသည်။
- အရင်းအမြစ်ချည်းကြောင့် သီးသန့်ဖြစ်ပွားရသည့် ပဋိပက္ခများမှာ လွန်စွာနည်းပါးသည်ကို တွေ့ရသည်။
- ထိုရွေးချယ်ထားသော ပဋိပက္ခများ၏ တစ်ဝက်ခန့်မှာ အကြောင်းရင်း တစ်ရပ်ထက်ပို၍ ဖြစ်ပွားသည်ကို တွေ့ရသည်။



## ၄။ သဘောထားကွဲလွဲနိုင်မည့် အကြောင်းအရာများ သင်ကြားရာတွင် သတိမူသင့်သည့် အချက်များ

စာအုပ်ပါသင်ခန်းစာတို့တွင် ဖော်ပြပါရှိသည့် အချို့သော အကြောင်းအရာများသည် ကျောင်းသားတို့၏ သဘောထားအမြင်နှင့် တိုက်ဆိုင်မှု မရှိသည်လည်း ဖြစ်နိုင်ပေသည်။ အထူးသဖြင့် လူမှုရေးရာအမြင်များ၊ တန်ဖိုးစနစ်များ၊ တန်းတူညီမျှရေးဆိုင်ရာ အယူအဆများ အစရှိသည်တို့တွင် ကျောင်းသားတို့ ဖြတ်သန်းလာခဲ့သည့် အတွေ့အကြုံများအပေါ် မူတည်၍ အယူအဆ ထပ်တူမကျနိုင်သည့် အခြေအနေမျိုးကိုလည်း ကြုံတွေ့ရတတ်သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသားတို့၏ အမြင်အယူအဆများ တိုးပွားရင့်သန်စေပြီး သင်ခန်းစာပါ သဘောတရားများကိုလည်း အခြေခံသည့် လေ့ကျင့်ခန်းများ၊ ဆွေးနွေးပွဲလေးများကိုလည်း ဖန်တီးပေးကြရမည်ဖြစ်သည်။

ကျောင်းသားတို့၏ ပုဂ္ဂိုလ်ရေးရာအမြင်များကို တင်ပြသည့်အခါတွင်လည်း ကျောင်းသားတို့၏ အယူအဆအတွေးအမြင်များ အပြည့်အဝ ပြောဆိုခွင့်ရရှိစေအပ်ပြီး လွတ်လပ်စွာ ဝေဖန်ထောက်ပြနိုင်ခွင့်ကိုလည်း အသိအမှတ်ပြုအပ်ပေသည်။ ထိုကဲ့သို့သော ကျောင်းသား၏ တင်ပြထားချက်များကို ကိုင်တွယ်ဖြေရှင်းပေးရာတွင်လည်း သတိနှင့်ပညာကို လက်ကိုင်ထားကာ ဆင်ခြင်ဖြေရှင်းကြရမည်ဖြစ်သည်။ တချို့သော ကျောင်းသား၏တင်ပြချက်များ၊ အယူအဆများသည် အကောင်းထက် အဆိုးကို ဦးတည်နေသည့် ကိစ္စရပ်များ ဖြစ်နေပါကလည်း သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်း၏ သဘောထားအမြင်များကို ထည့်သွင်းစဉ်းစားအပ်ပြီး သွယ်ဝိုက်သောနည်းဖြင့် သုံးသပ်ဖြေရှင်းအပ်ပေသည်။ ဥပမာအနေဖြင့် အချို့သော အကြောင်းအရာများ သင်ကြားပြသပေးရာတွင် လက်ရှိအခြေအနေများနှင့် ချိန်ထိုးပြီး သင်ပြပေးသည်ထက် အတိတ်သမိုင်းက အကြောင်းအရာများနှင့်သာ ဆက်စပ်သင်ပြသည့် အကျိုးများနိုင်ပေသည်။

## ၅။ သဘောထားအမြင် ကွဲပြားမှုများအား ကိုင်တွယ်ဖြေရှင်းခြင်း

သဘောထားကွဲလွဲမှုများသည် မည်သည့်နေရာ၊ မည်သည့်အချိန်တွင် ဖြစ်ပွားမည်ကို ခန့်မှန်းရန်ခက်ခဲပြီး ထိုကွဲလွဲမှုများကို ဖြေလျှော့ပေးရန် ကြိုးပမ်းခြင်းသည်လည်း မလွယ်ကူလှချေ။ ထိုသို့ အဖြေရှာရန် ခက်ခဲရသည့် အကြောင်းရင်းမှာလည်း ကျောင်းသားတို့၏ တန်ဖိုးထားမှုများ၊ စိတ်ခံစားမှုများကို ထည့်သွင်း စဉ်းစားရခြင်းကြောင့်လည်း ဖြစ်ပေသည်။ ထိုကဲ့သို့ သဘောထားအမြင်ကွဲလွဲမှုများကို ဖြေလျှော့ပေးရာတွင် အောက်ပါနည်းနာတို့ကို အသုံးပြုကျင့်သုံးနိုင်ကြပေသည်။

- ဆွေးနွေးမှုများကို အချိန်ပေး၍ ဆောင်ရွက်စေခြင်း။
- တစ်ဦးချင်းစီ၏ရပ်တည်ချက်၊ အမြင်သဘောထားနှင့် စိတ်ဝင်စားမှုများအား အချင်းချင်းသိမြင်သဘောပေါက်လာစေရန် အကူအညီပေးခြင်း။
- ကျောင်းသားများ မိမိအတန်းဖော်တို့၏ ဟောပြောဝေဖန်ချက်များကို လေးလေးနက်နက် နားထောင်ပါဝင်ကြရန် တိုက်တွန်းအားပေးခြင်း။
- သဘောထားကွဲလွဲကြခြင်းထက် လုပ်ငန်းတာဝန်များကို အားတက်သရော အတူတကွဆောင်ရွက်ကြခြင်းက အကျိုးများကြောင်း သိမြင်နားလည်စေခြင်း။
- အားလုံးသဘောကျလက်ခံမည့် ဆုံးဖြတ်ချက်များကို ချမှတ်အကောင်အထည်ဖော်ခြင်း၊ ထိုသို့ ချမှတ်ရာတွင်လည်း ကျောင်းသားများ၏ ဆုံးဖြတ်ပိုင်ခွင့်ကို မချိုးနှိမ်ဘဲ လက်ခံသဘောပေါက်လာအောင် ဆွေးနွေးဆောင်ရွက်ခြင်း။
- ကျောင်းသားတိုင်းနှင့် တစ်ဦးချင်းစီ ကြီးကြပ်ဆွေးနွေးမှုများ ဆောင်ရွက်ပေးခြင်း။

# ၁၈။ နိဂုံးချုပ် သိမှတ်ဖွယ်

ဤစာအုပ်ပါ သင်ခန်းစာများကို လေ့လာဖတ်ရှုပြီး အကျိုးတစ်စုံတစ်ရာ၊ အသိတစ်စုံတရာ ရရှိခံစားနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ဤစာအုပ်ကို Creative Commons လိုင်စင်ဖြင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လွတ်လပ်စွာ အသုံးပြုဖတ်ရှုနိုင်ပါသည်။ စာအုပ်ပါ သင်ခန်းစာများ၊ ရုပ်ပုံများကို အသုံးပြုလိုပါက မူလစာရေးသူဖြစ်သည့် မုခ်ဦးအဖွဲ့အစည်းကို အသိအမှတ်ပြု ဖော်ပြပေးစေလိုပါသည်။ သိရှိလိုသည်များကိုလည်း info@moteoo.org တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သင်ခန်းစာများနှင့် စပ်လျဉ်းပြီး မှားယွင်းဖော်ပြထားခြင်း၊ မြန်မာ့ရေးရာပါ အကြောင်းအရာများအတွက် အငြင်းပွားဖွယ်ရာများ တွေ့ရှိရခြင်း အစရှိသည်တို့အတွက်လည်း မုခ်ဦးသို့ အကြောင်းကြားအသိပေးနိုင်ပါသည်။

ကျွန်ုပ်တို့၏ မုခ်ဦးပညာရေးသို့ အကြံပြုလိုသည်များ၊ မေးမြန်းလိုသည်များ ရှိပါက သို့မဟုတ် စာအုပ်အကြောင်း မေးမြန်းသိရှိလိုပါက အထက်ပါ အီးမေးလ်လိပ်စာအတိုင်း လိပ်မူပြီး အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မုခ်ဦး ပညာရေးအဖွဲ့အစည်း၊ ၂၀၁၄။

# အခန်း (၁) နိုင်ငံရေး အခြေခံသဘောတရားများ

## ၁.၁ နိုင်ငံရေး – အဓိပ္ပာယ်

### အကြံပြုသင်ခန်းစာ

၁။ 'နိုင်ငံရေး' ဟူသည့် ဝေါဟာရကို မည်သို့ နားလည် လက်ခံထားသည်ကို ဆွေးနွေးပါစေ။

- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းတွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၁.၁) ပါ စာပိုဒ်ကို ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုချက်များနှင့် စာပိုဒ်ပါ ဖော်ပြချက်များ တူညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

» နိုင်ငံရေးသည် လူမှုအသိုင်းအဝိုင်းတွင်းရှိ အဖွဲ့ဝင်များ၏ မည်သို့ မည်ပုံ ဆုံးဖြတ်ချက်ချ ပါဝင်မှုပင် ဖြစ်သည်။

» နိုင်ငံရေးသည် 'မည်သူက မည်သည့်အရာကို မည်သည့်အချိန်၊ မည်သို့ မည်ပုံ ရရှိပိုင်ဆိုင်နိုင်မှု' တို့နှင့် သက်ဆိုင်သည်။

၂။ ဖော်ပြထားသည့် ပုံတို့ကို လေ့လာ ကြည့်ရှုစေပြီး မည်သည့်ပုံများက 'နိုင်ငံရေး' ဟူသည့် ဝေါဟာရကို ထင်ဟပ်လျက်ရှိသည်ကို ဆုံးဖြတ် ရွေးချယ်ပါစေ။

- နှစ်ယောက်တစ်တွဲ တွဲပေးပြီး ကျောင်းသားတို့၏ ရွေးချယ်မှုများကို ဆွေးနွေးပါစေ။
- ထိုသို့ ဆွေးနွေးစေပြီးနောက် ကျောင်းသားအချို့တို့ကို မိမိတို့၏ ရွေးချယ်မှုများအကြောင်း အတန်းသားအားလုံးထံ ရှင်းလင်းတင်ပြပါစေ။
- ကျောင်းသားများ ဆွေးနွေးဖြေဆိုရန် ခက်ခဲမှုရှိနေပါက မည်သည့် ရုပ်ပုံက မည်သည့်အရာကို ကိုယ်စားပြုသည်၊ ကျောင်းသားများ မည်သို့ ရှုမြင်ကြသည်ကို ဦးစွာ ဆွေးနွေးပါစေ။ ပြီးမှ ထိုရှုမြင်ချက်များနှင့် နိုင်ငံရေးတို့ မည်သို့ ဆက်နွယ်နေကြောင်း ဆွေးနွေးပါစေ။

၃။ နှစ်ယောက်တစ်တွဲ တွဲပေးပြီး မေးခွန်းများကို ဖြေဆိုပါစေ။

- ကျောင်းသားအချို့၏ ဖြေဆိုချက်များကို အတန်းဖော်များထံ မျှဝေ ဆွေးနွေးပါစေ။

### နီးစပ်သော အဖြေများ

#### ကောင်းကျိုးသက်ရောက်မှုများ

» နိုင်ငံရေးသည် တရားသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေသည်။

» နိုင်ငံရေးသည် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

» နိုင်ငံရေးသည် ပဋိပက္ခများကို ကင်းဝေးစေသည်၊ ဖြေရှင်းပေးသည်။

» နိုင်ငံရေးသည် ညှိနှိုင်းမှုဖြစ်သည်။

#### ဆိုးကျိုးသက်ရောက်မှုများ

» နိုင်ငံရေးသည် 'ပဋိပက္ခ' ဖြစ်သည်။

» နိုင်ငံရေးသည် အာဏာကို ရနိုင်သလောက် ရရှိရေးပင် ဖြစ်သည်။

» နိုင်ငံရေးသည် အာဏာကို လက်ထဲဆုပ်ကိုင်ထားနိုင်ရေးအတွက်ပင်ဖြစ်သည်။

» နိုင်ငံရေးသည် ဆင်းရဲသူကို မွဲတေစေပြီး ချမ်းသာသူကို ပိုမိုကြွယ်ဝလာစေသည်။

» နိုင်ငံရေးသည် မျှတမှုမရှိ၊ နိုင်ငံရေးသမားဆိုးများထဲတွင် ဟစ်တလာ (Hitler)၊ ပိုးပေါ့တ် (Pol Pot) နှင့် အစ်ဒီ အေမင် (Idi Amin) ကဲ့သို့သော ခေါင်းဆောင်များ ပါဝင်ကြသည်။

## ၁.၁.၁ နိုင်ငံရေးသည် ပဋိပက္ခ တစ်ရပ်လော

### အကြံပြုသင်ခန်းစာ

- မေးခွန်းများကို ဆွေးနွေးပါ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၁.၁.၁) ကို ဖတ်ရှုစေပြီး ထိုဖြေဆိုချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို ဆွေးနွေးပါစေ။ ထိုသို့ ဖတ်ရှုပြီးနောက် ကျောင်းသားတို့၏ လက်ခံယူဆထားချက်များ ပြောင်းလဲမှု ရှိ၊ မရှိကို မေးမြန်းအတည်ပြုပေးပါ။

### နီးစပ်သော အဖြေများ

၁။ နိုင်ငံရေးဟူသည် လူအုပ်စုတစ်စုအတွက် စုပေါင်း၍ ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် သက်ဆိုင်ပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်တွင် 'မည်သူက မည်သည့်အရာကို မည်သည့်အချိန်တွင် မည်ကဲ့သို့ ရရှိနိုင်မှု' ဆိုသည်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ရသည့် အခါတိုင်း ပဋိပက္ခများ ဖြစ်ပွားတတ်ပါသည်။ ဤသို့ ပဋိပက္ခ ဖြစ်ရသည်မှာလည်း အရင်းအမြစ်များနှင့်

အခွင့်အလမ်းများက အကန့်အသတ်ဖြင့်သာ ရှိသော ကြောင့် ဖြစ်ပါသည်။

၂။ 'ပဋိပက္ခ' များသည် အဆိုးတရားများကိုချည်း ဖန်တီးပေးနေကြသည် မဟုတ်၊ တစ်ခါတစ်ရံတွင် ထိရောက် အသုံးဝင်ပြီး အပြုသဘောဆောင်သည့် ရလဒ်များလည်း ရရှိနိုင်သည်။ ဥပမာဆိုရသော် ပဋိပက္ခများသည် အပြုသဘောဆောင်သည့် လူမှုအပြောင်းအလဲများ ပေါ်ထွန်းလာစေသည်။ ထို့အတူ ယှဉ်ပြိုင်မှုများကလည်း ရည်မှန်းချက်များ ပြည့်မီလာစေရေးအတွက် ဝီရိယပိုစိုက်လာစေသည်။

## မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

## လေ့ကျင့်ခန်း

- အဖွဲ့နှင့်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ **အရင်းအမြစ်ကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း –** ရဲများက ထုတ်ဖော်ဆန္ဒပြမှုများကို ရပ်တန့်တားဆီးခဲ့သည်။ ထိုတူးဖော်ရေးစီမံကိန်းမှာ ဆက်လက်လည်ပတ်ခဲ့သည်။

**အခွင့်အလမ်းကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း –** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD ပါတီ) အနေဖြင့် ထောက်ခံသူပြည်သူများကို ကိုယ်စားပြုခွင့်၊ လူမှုအဖွဲ့အစည်းအကျိုးအတွက် ဆုံးဖြတ်ချက်ချ ပါဝင်ခွင့်တို့ လက်လွှတ်ခဲ့ရပြီး နဝတမှာ အာဏာဆက်လက် ပိုင်ဆိုင်ထားနိုင်ခဲ့သည်။

**အယူအဆကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း –** ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) နှင့် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့တို့မှ အဆိုပါ ပြဋ္ဌာန်းချက်ကို ကန့်ကွက်သည့်အနေဖြင့် ပုန်ကန်တော်လှန်ခဲ့ကြသည်။

၂။ **အရင်းအမြစ်ကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း**

**အဆိုပါ ပဋိပက္ခသည် အပျက်သဘောဆောင်သည် –** လယ်သမားများမှာ လယ်ယာမြေများ ဆုံးရှုံးခဲ့ကြရပြီး ထုတ်ဖော်ဆန္ဒပြသူ အချို့တို့မှာ ထိခိုက်ဒဏ်ရာရကြ၊ အထိန်းသိမ်းခံခဲ့ကြရသည်။

**အဆိုပါ ပဋိပက္ခသည် အပြုသဘောဆောင်သည် –** ထိုဖြစ်ရပ်က လယ်ယာမြေပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး အလေးပေး အာရုံစိုက်လာစေသည်။

**အခွင့်အလမ်းကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း**

**အဆိုပါ ပဋိပက္ခသည် အပျက်သဘောဆောင်သည် –** NLD ပါတီအနေဖြင့် အာဏာမရရှိခဲ့။

**အဆိုပါ ပဋိပက္ခသည် အပြုသဘောဆောင်သည် –** ထိုဖြစ်ရပ်က နဝတအစိုးရအပေါ်တွင် နိုင်ငံရေးစနစ် အပြောင်းအလဲများ ဖော်ဆောင်ပေးရန် တွန်းအားပေးနိုင်ခဲ့သည်။

**အယူအဆကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း**

**အဆိုပါ ပဋိပက္ခသည် အပျက်သဘောဆောင်သည် –** လက်နက်ကိုင်ပဋိပက္ခများကို ပေါ်ပေါက်လာစေခဲ့သည်။

**အဆိုပါ ပဋိပက္ခသည် အပြုသဘောဆောင်သည် –** ဘာသာရေးအရ မတူကွဲပြားမှုများကို လေးစား တန်ဖိုးထားရန်မှာ အရေးပါလှကြောင်း သိမြင်လာစေသည်။

## ဆွေးနွေးချက်

- နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ မိမိတို့နိုင်ငံအတွင်းမှ အပြုသဘောဆောင်သည့် ပဋိပက္ခများနှင့် အပျက်သဘောဆောင်သည့် ပဋိပက္ခများကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

**အပြုသဘောဆောင်သည့် ပဋိပက္ခများ**

» လွတ်လပ်ရေး ကြိုးပမ်းမှု။ အကျိုးဆက် – မြန်မာပြည် လွတ်လပ်ရေးရရှိခဲ့သည်။

» မြစ်ဆုံဆည်အရေး။ အကျိုးဆက် – ထိုစီမံကိန်းကို ဆိုင်းငံ့နိုင်ခဲ့သည်။

» ရှစ်လေးလုံး (၈၈၈၈) အရေးအခင်း။ အကျိုးဆက် – ဒီမိုကရေစီ လှုပ်ရှားမှုတစ်ရပ် ပေါက်ဖွားလာနိုင်ခဲ့သည်။

» တိုင်းရင်းသား ပဋိပက္ခများ။ အကျိုးဆက် – လူမျိုးစုအရ မတူကွဲပြားမှုများကို လေးစားတန်ဖိုးထားရန် အရေးပါသည်ကို သိမြင်လာစေသည်။

**အပျက်သဘောဆောင်သည့် ပဋိပက္ခများ**

» လွတ်လပ်ရေး ကြိုးပမ်းမှု။ အကျိုးဆက် – အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးပျက်စီးခဲ့ရသည်။

» မြစ်ဆုံဆည်အရေး။ အကျိုးဆက် – တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတွင် အဖုအထစ် ဖြစ်စေခဲ့သည်။

» ရှစ်လေးလုံး (၈၈၈၈) အရေးအခင်း။ အကျိုးဆက် – မငြိမ်သက်မှုများ ပေါ်ပေါက်လာစေခဲ့ပြီး အာဏာရှင်စနစ် ပိုမိုအားကောင်းလာစေခဲ့သည်။

» တိုင်းရင်းသား ပဋိပက္ခများ။ အကျိုးဆက် – စည်းလုံးမှုကို ပျက်ပြားစေပြီး ပတ်ဝန်းကျင် ပျက်စီးမှုများ ပေါ်ပေါက်လာစေခဲ့သည်။

## လုပ်ငန်းများ

၁။ စာမျက်နှာ (၂၀၂ မှ ၂၀၅) တွင် ပါရှိသည့် ဖြစ်စဉ်ပြဇယားကို လေ့လာသုံးသပ်ပါစေ။

- ထိုဇယားမှ ပဋိပက္ခနှင့် သက်ဆိုင်သည့် ဖြစ်ရပ် ၆ ခုကို ရွေးချယ်ပါစေ။ နှစ်ယောက်တစ်တွဲ သို့မဟုတ် တစ်ယောက်ချင်း လုပ်ဆောင်ပါစေ။
- ထိုရွေးချယ်ထားသော ပဋိပက္ခ ၆ ခုကို အရင်းအမြစ်ကြောင့် ပဋိပက္ခ ဖြစ်ပွားရသည်၊ အခွင့်အလမ်းကြောင့် ပဋိပက္ခဖြစ်ပွားရသည် သို့မဟုတ် အယူအဆကြောင့် ပဋိပက္ခဖြစ်ပွားရသည် စသည်ကို မူတည်၍ စက်ဝိုင်းဇယား၏ သင့်လျော်သော နေရာတွင် ဖြည့်စွက်ပါစေ။

**နီးစပ်သော အဖြေများ**

၁။ ၁၉၄၆ ပြည်တွင်းစစ်။


၂။ ၁၉၄၄ – ၄၅ ဖက်ဆစ်ဆန့်ကျင် တော်လှန်ရေး။

၃။ ၁၉၆၂ ဗိုလ်ချုပ်နေဝင်းမှ အာဏာသိမ်းခြင်း။

၄။ ၁၉၈၈ ဆန္ဒပြပွဲများ။

၅။ ၁၉၉၀ ရွေးကောက်ပွဲများ။

၆။ ၁၉၆၁ ဝန်ကြီးချုပ်ဦးနုမှ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဌာန်း။




၂။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ကျောင်းသားတို့ တွေ့မြင်ကြားသိဖူးသည့် ပဋိပက္ခများကို စဉ်းစားဖော်ထုတ်ပါစေ။

- ထိုသို့ လုပ်ဆောင်ရာတွင် စာမျက်နှာ (၇) ရှိ မြန်မာ့ရေးရာပါ အကြောင်းအရာများနှင့် အခြားသော ဥပမာဖြစ်ရပ်များကို ရွေးချယ် အသုံးပြုနိုင်သည်။
- ထိုရွေးချယ်ထားသည့် ပဋိပက္ခများကို စက်ဝိုင်းဇယား၏ သင့်လျော်သော နေရာတွင် ဖြည့်စွက်ပါစေ။

၃။ ထိုပြုစုထားသည့် စက်ဝိုင်းဇယားများကို လေ့လာ သုံးသပ်ပြီး သတိမူမိသည့် တွေ့ရှိချက်တို့ကို ဆွေးနွေးပါစေ။

**နီးစပ်သော အဖြေများ**

» ပဋိပက္ခအများစုသည် အခွင့်အလမ်းကြောင့် အဓိကဖြစ်ပွားသည်ကို တွေ့ရသည်။ ထိုပဋိပက္ခများသည် အခွင့်အလမ်းနှင့် အခြားအကြောင်းရပ်တို့ကြောင့် ပေါင်းစပ်ဖြစ်ပွားသည်လည်း ရှိသည်။

» အရင်းအမြစ်ချည်းကြောင့် သီးသန့်ဖြစ်ပွားရသည့် ပဋိပက္ခများမှာ လွန်စွာနည်းပါးသည်ကို တွေ့ရသည်။

» ပဋိပက္ခများ၏ တစ်ဝက်ခန့်မှာ တစ်ခုထက်ပိုသော အကြောင်းအရင်းများကြောင့် ဖြစ်ပွားရခြင်း ဖြစ်သည်ကို တွေ့ရသည်။

## ၁.၁.၂ နိုင်ငံရေးသည် ပူးပေါင်းဆောင်ရွက်ခြင်းလော

### အကြံပြုသင်ခန်းစာ

- မေးခွန်းများကို ဆွေးနွေးပါစေ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၁.၁.၂) ကို ဖတ်ရှုစေပြီး ထိုဖြေဆိုချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို ဆွေးနွေးပါစေ။

**နီးစပ်သော အဖြေများ**

၁။ လူမှုအသိုင်းအဝိုင်းတစ်ရပ်အတွင်း အများနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတိုင်းတွင် အဆိုပါ အသိုင်းအဝိုင်း၏ အဖွဲ့ဝင်များ အနေဖြင့် တစ်ဦးနှင့် တစ်ဦး ညှိနှိုင်းရန်၊ ဆွေးနွေးရန်၊ လက်တွဲပူးပေါင်း လုပ်ဆောင်ကြရန် လိုအပ်ပေသည်။

၂။ 'မည်သူက မည်သည့်အရာကို မည်သည့်အချိန်၊ မည်သို့ မည်ပုံ ရရှိမှု' နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတိုင်းတွင် ပူးပေါင်း လုပ်ဆောင်ကြရန် လိုအပ်သည်။

» မိမိတို့၏ လူမှုအသိုင်းအဝိုင်းအတွင်း လုံခြုံမှု၊ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့ကို ဆောင်ကြဉ်းပေးနိုင်ရန်ဟူသည့် အကြောင်းရပ်တို့ကြောင့်လည်း နိုင်ငံရေးတွင် လက်တွဲပူးပေါင်း ဆောင်ရွက်တတ်ကြပေသည်။

### ဆွေးနွေးချက်

- အဖွဲ့များ ဖွဲ့ပေးပါ။ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်သည့် ဥပမာများနှင့် မအောင်မြင်သည့် ဥပမာများကို ရွေးချယ်ဖော်ထုတ်ခိုင်းပါ။
- ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေဆိုထားသည့် အမြင်အယူအဆများကို အတန်းသို့ တင်ပြပြောဆိုပါစေ။

## မြန်မာ့ရေးရာ

• 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

## လေ့ကျင့်ခန်း

• နှစ်ဦးတွဲ သို့မဟုတ် တစ်ယောက်ချင်း အနေနှင့် ပင်လုံ စာချုပ်တွင် တွေ့ရှိနိုင်သော ပူးပေါင်းဆောင်ရွက်ခြင်းတို့ အနက်မှ မည်သည်တို့မှာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကြောင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးမှုနှင့် ကြွယ်ဝမှုကြောင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လုံခြုံရေးနှင့် ကာကွယ်ရေးကြောင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ဖြစ်ကြသည်ကို ရွေးချယ်သတ်မှတ်ပါစေ။

## နီးစပ်သော အဖြေများ

**ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကြောင့် ပူးပေါင်းဆောင်ရွက်ခြင်း** – ပင်လုံစာချုပ်သည် အုပ်စုအသီးသီးမှ တစ်ခဲနက် လက်ခံသဘောတူသည့် စနစ်တစ်ရပ်ကို ဆုံးဖြတ်ဖန်တီးခြင်းဖြင့် ငြိမ်းချမ်းရေးကို ပေးစွမ်းနိုင်စေရန် ရည်ရွယ်ရေးဆွဲထားသည်။

**ဖွံ့ဖြိုးမှုနှင့် ကြွယ်ဝမှုကြောင့် ပူးပေါင်းဆောင်ရွက်ခြင်း** – အဆိုပါ စာချုပ်သည် ပြည်ထောင်စုကြီး တိုးတက်စည်ပင်ရေးအတွက် အတူလက်တွဲ လုပ်ဆောင်ကြခြင်းဖြင့် ဖွံ့ဖြိုးမှုကို ပေးစွမ်းနိုင်စေရန် ရည်ရွယ်ရေးဆွဲထားသည်။

**လုံခြုံရေးနှင့် ကာကွယ်ရေးကြောင့် ပူးပေါင်းဆောင်ရွက်ခြင်း** – အဆိုပါ စာချုပ်သည် တိုင်းရင်းသားလူမျိုးစုအားလုံး လက်တွဲပူးပေါင်းခြင်းဖြင့် ဗြိတိသျှတို့ကို တွန်းလှန်တိုက်ထုတ်ရန် ရည်ရွယ်သည်။ ဤသည်က လုံခြုံမှုကို ပေးစွမ်းစေသည်။

## လုပ်ငန်းများ

၁။ စာမျက်နှာ (၂၀၂ မှ ၂၀၅) တွင် ပါရှိသည့် ဖြစ်စဉ်ပြဇယားကို လေ့လာ သုံးသပ်ပါစေ။

• ထိုဇယားမှ ပူးပေါင်းဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် ဖြစ်ရပ် ၆ ခုကို ရွေးချယ်ပါစေ။ နှစ်ယောက်တစ်တွဲ သို့မဟုတ် တစ်ယောက်ချင်း လုပ်ဆောင်ပါစေ။

• ထိုရွေးချယ်ထားသည်တို့အနက်မှ ငြိမ်းချမ်းရေးကြောင့် ပူးပေါင်းဆောင်ရွက်သည် (ငြိမ်း)၊ လုံခြုံရေးကြောင့် ပူးပေါင်းဆောင်ရွက်သည် (လုံ)၊ ဖွံ့ဖြိုးမှုကြောင့် ပူးပေါင်းဆောင်ရွက်သည် (ဖွံ့) စသည်တို့ကို မူတည်၍ စက်ဝိုင်းဇယား၏ သင့်လျော်သော နေရာတွင် ဖြည့်စွက်ပါစေ။

## နီးစပ်သော အဖြေများ

၁။ ၁၉၅၈၊ ၁၉၆၃ လက်နက်ကိုင် အုပ်စုများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ (ငြိမ်း၊ လုံ၊ ဖွံ့)

၂။ ၁၉၄၆ – ၄၇ ပင်လုံညီလာခံ (ငြိမ်း၊ လုံ၊ ဖွံ့)


၃။ ၁၉၄၈ တိုင်းရင်းသားလူနည်းစုများ မဟာမိတ်ဖွဲ့ခြင်း (ငြိမ်း၊ လုံ)

၄။ ၂၀၀၈ ဆိုင်ကလုန်း နာဂစ် (ဖွံ့)

၅။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲပြီးစီး (ငြိမ်း)

၆။ ၁၉၉၇ အာဆီယံ အဖွဲ့ဝင်ခြင်း (ဖွံ့)

၂။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ကျောင်းသားတို့




တွေ့မြင်ကြားသိဖူးသည့် ပူးပေါင်းဆောင်ရွက်မှုများကို စဉ်းစားဖော်ထုတ်ပါစေ။

• ထိုသို့ လုပ်ဆောင်ရာတွင် စာမျက်နှာ (၈) လေ့ကျင့်ခန်းပါ အကြောင်းအရာများနှင့် အခြားသော ဥပမာဖြစ်ရပ်များကို ရွေးချယ် အသုံးပြုနိုင်သည်။

• ထိုရွေးချယ်ထားသည့် ပူးပေါင်းဆောင်ရွက်မှုများကို စက်ဝိုင်းဇယား၏ သင့်လျော်သော နေရာတွင် ဖြည့်စွက်ပါစေ။

၃။ ထိုပြုစုထားသည့် စက်ဝိုင်းဇယားများကို လေ့လာသုံးသပ်ပြီး သတိမူမိသည့် တွေ့ရှိချက်များကို ဆွေးနွေးပါစေ။

## နီးစပ်သော အဖြေများ

» တစ်ခုထက်ပိုသော အကြောင်းများကြောင့် ပူးပေါင်းဆောင်ရွက်လေ့ ရှိကြသည်။

» ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများသည် အကြမ်းဖက် ပဋိပက္ခဖြစ်ရပ်များ အပြီး တွေ့ရှိရလေ့ရှိသည်။

## ၁.၁.၃ နိုင်ငံရေးသည် တရားမျှတမှု တည်ဆောက်ခြင်းလော

### အကြိုသင်ခန်းစာ

၁။ 'တရားမျှတမှု' ဟူသော ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို ဆွေးနွေး ဖော်ထုတ်ပါစေ။

၂။ ကျောင်းသားတို့ ပါဝင်ပတ်သက်လျက်ရှိသည့် လူမှုအသိုင်းအဝိုင်းကို တရားသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်သည်ဟု အမည်တပ်နိုင်မှုရှိ၊ မရှိကို ဆွေးနွေး အဖြေရှာပါစေ။

- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၁.၁.၃) ကို ဖတ်ရှုစေပြီး ထိုဖြေဆိုချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို ဆွေးနွေးပါစေ။ ထိုသို့ ဖတ်ရှုပြီးနောက် ကျောင်းသားတို့၏ လက်ခံယူဆထားချက်များ ပြောင်းလဲမှု ရှိ၊ မရှိကို မေးမြန်း အတည်ပြုပေးပါ။

### နီးစပ်သော အဖြေများ

၁။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါအချက်များကို ထည့်သွင်းပါရှိနိုင်သည်။

» ငြိမ်းချမ်းမှု။

» တစ်ပြေးညီ ဖြစ်မှု။

» ညီမျှမှု။

» မျှတမှု။

» ဖြောင့်မတ်မှု။

၂။ ကျောင်းသားတို့ သက်ဆိုင်ပါဝင်ရာ အသိုင်းအဝိုင်း အပေါ် မူတည်ပြီး ဖြေဆိုပုံ အမျိုးမျိုး ကွဲပြားနိုင်သည်။

## ပြန်လည်သုံးသပ်ချက်

၁။ သင်ခန်းစာ (၁.၁.၃) ပါ မေးမြန်းချက်တစ်ခုစီကို ကျောင်းသားများ ရွေးချယ်ပါစေ။

- ထိုမေးမြန်းချက်များနှင့် သက်ဆိုင်သည့် လက်တွေ့ ဥပမာ တစ်ခုကို ဖော်ထုတ်တင်ပြပါစေ။

၂။ အဖွဲ့များ ဖွဲ့ပြီး ဖော်ပြပါ မေးခွန်းတို့ကို ဖြေဆိုပါစေ။

၃။ ထိုဖြေဆိုချက်များကို တစ်တန်းလုံးအနေဖြင့် ဆွေးနွေးပါစေ။ မေးခွန်းတစ်ရပ်စီအတွက် တစ်တန်းလုံး သဘောတူညီသော အဖြေရရှိသည်အထိ ဆွေးနွေးဆောင်ရွက်ပါစေ။

### နီးစပ်သော အဖြေများ

လူတိုင်းကို တူညီစွာ ဆက်ဆံသင့်သည်။ အကြောင်းမှာ လူတိုင်း တန်းတူညီမျှကြ၍ ဖြစ်သည်။

လူတိုင်းကို တူညီစွာ မဆက်ဆံသင့်။ တစ်ဦးနှင့် တစ်ဦးကြား လိုအပ်ချက်များ တူညီကြမည် မဟုတ်။ ဥပမာ – မသန်စွမ်းသူ တစ်ဦးကို သာမန်လူများအတိုင်း တစ်ပြေးတည်းဖြစ်မှု မျှတသော လုပ်ရပ်ဟု မသတ်မှတ်နိုင်ချေ။

လက်သင့်ခံသင့်သည်။ အကြောင်းမှာ လူ့အဖွဲ့အစည်း တစ်ရပ်လုံးအနေနှင့် အများကောင်းကျိုး ရှေးရှုထား၍ ဖြစ်သည်။

လက်မခံသင့်။ မည်သူတစ်ဦးတစ်ယောက်၏ အခွင့်အရေးမျှ ချိုးဖောက်ခံရခြင်း မရှိအပ်ချေ။

ခွင့်ပြုသင့်သည်။ လူအများစု၏ ဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာစေခြင်းက လူအများအကျိုးကို ဖြည့်စွမ်းပေးစေနိုင်မည်။

ခွင့်မပြုသင့်။ အများ ကောင်းစားရေးအတွက် လူအချို့အား အနစ်နာခံရခြင်းက မျှတသောလုပ်ရပ် မဟုတ်ချေ။ အနစ်နာ ခံရသော သူတို့အတွက် မျှတမှု မရှိချေ။

၄။ ဖြစ်နိုင်ခြေရှိသော အခက်အခဲများတွင် အောက်ပါတို့ ပါဝင်နိုင်သည်။

» လူအများအနေဖြင့် အယူအဆတစ်ရပ်ကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားနိုင်သည်။

» လူအများသည် အကြောင်းအရာကို နားမလည်ထား သောကြောင့် အယူအဆတစ်ရပ်၊ အမြင်တစ်ရပ်ကိုပင် ထုတ်ဖော် ပြောဆိုနိုင်ခြင်းမရှိ။

» ဖြစ်ရပ်တစ်ခုစီ၏ အသေးစိတ်အခြေအနေကို လိုက်၍ ဖြေဆိုပုံများ ကွဲပြားနိုင်သည်။

» ကျောင်းသားများအချင်းချင်း အမြင်များကို အစဉ် လက်ခံတတ်ကြသည် မဟုတ်။

» လူအများအနေဖြင့် တစ်ဦးအပေါ်တစ်ဦး နားလည်မှု မတည်ဆောက်နိုင်ကြသည်လည်း ရှိတတ်သည်။

» လူအများအနေဖြင့် ဥပမာ ဥပမေယျများနှင့် အချက်အလက် စုံလင်စွာ ဖြေဆိုနိုင်မှု မရှိတတ်ကြ။

» အချို့သော ဥပမာဖြစ်ရပ်များသည် အကဲဆတ်သည့် ကိစ္စများ ဖြစ်တတ်သည်။

## ဆွေးနွေးချက်

- အဖွဲ့များ ဖွဲ့ပြီး မေးခွန်းတို့ကို ဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ ဖြေဆိုပုံ အမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါအချက်များကို စဉ်းစားမိကြစေရန် ကူညီပေးပါ။

» လူအားလုံးအပေါ် အမျိုးမျိုးဆက်ဆံခြင်းသည် ခက်ခဲ ရှုပ်ထွေးသည့် ဖြစ်စဉ်တစ်ရပ်ဖြစ်သည်ဟု အချို့က ဝေဖန်ထောက်ပြနိုင်သည်။ (ဥပမာ – လူနည်းစု အခွင့်အရေးများ၊ ဘာသာရေး ကွဲပြားမှု၊ ပညာရေး စနစ်)

» တရားသော အခြေအနေတစ်ရပ်ကို ဖန်တီး ရရှိနိုင်ရန် အတွက် ကြမ်းကြမ်းတမ်းတမ်း နည်းလမ်းသုံးလိုသူများ လည်း ရှိတတ်ကြသည်။ (ဥပမာ – ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိရန်အတွက် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များ၏ တော်လှန်ပုန်ကန်မှုများ၊ စစ်အာဏာသိမ်းမှုများ)

» လူနည်းစုမှ ဒုက္ခမည်မျှ ခံစားရပါစေ အများစု၏ ကောင်းကျိုးအတွက် ဖော်ဆောင်ပေးလိုသူများလည်း ရှိတတ်ကြသည်။ (ဥပမာ – လူနည်းစု အခွင့်အရေးများ၊ ဘာသာရေးကွဲပြားမှု၊ ပညာရေးစနစ်)

၂။ 'တရားမျှတမှု' အပေါ် အယူအဆအမျိုးမျိုး၊ အမြင် အမျိုးမျိုး ရှိတတ်ကြသည်။ ဤသည်က မတူကွဲပြားမှု များသည့် လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ပဋိပက္ခများ ဖြေရှင်းရာတွင် အခက်အခဲ အတားအဆီးတစ်ရပ်သဖွယ် တည်ရှိနေပြီး ပြဿနာများ ဖန်တီးပေါ်ပေါက်လာသည်။

ထို့အတူပင် မည်သည်က လက်ခံကျင့်သုံးဖွယ် အမှုအကျင့် ဖြစ်သည်နှင့် စပ်လျဉ်း၍လည်း လူအများ အနေဖြင့် အမြင်အမျိုးမျိုး ပိုင်ဆိုင်ထားတတ်ကြသည်။ ဥပမာဆိုရသော် ပြစ်မှုတစ်ရပ်ကို ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးရန် လူမှုအသိုင်းအဝိုင်းတစ်ရပ်တွင် သတ်မှတ်ထားနိုင်သော်လည်း အခြားသော လူမှု အသိုင်းအဝိုင်းတွင်မူ တောင်းပန်ဝန်ချခြင်းဖြင့် အပြစ် ကျေနိုင်သည်။ ထိုကိစ္စရပ်မျိုးတွင်မူ အဆိုပါ အဖွဲ့ ၂ ဖွဲ့ အကြား တင်းမာမှုမှာ ဖြေလျှော့ပေးရန် ခက်ခဲပေ လိမ့်မည်။

၃။ **နိုင်ငံရေးသည် ပဋိပက္ခ ဖြစ်သည်**

» ကချင်ပြည်နယ်အတွင်းရှိ ပြည်တွင်းစစ်။

» ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ပဋိပက္ခ။

» လူစုအကြမ်းဖက်မှုများ။

**နိုင်ငံရေးသည် ပူးပေါင်းလုပ်ဆောင်ခြင်း ဖြစ်သည်**

» ငြိမ်းချမ်းရေး ဖော်ဆောင်မှုများ။

» ထိပ်ပိုင်းအဆင့် တာဝန်ရှိသူတို့၏ ငြိမ်းချမ်းရေး သဘောတူညီချက်များ။

» အာဆီယံအဖွဲ့အတွင်း ပူးပေါင်းပါဝင်ခြင်း။

**နိုင်ငံရေးသည် တရားမျှတမှု တည်ဆောက်ခြင်းဖြစ်သည်၊**

» ပြည်ထောင်စုဖက်ဒရယ်လ်စနစ်အကြောင်း လွှတ်တော်တွင်း အဆိုတင်သွင်း ဆွေးနွေးမှုများ။

» လွတ်လပ်မျှတပြီး အများပါဝင်သည့် ရွေးကောက်ပွဲများ ပေါ်ထွန်းလာစေရေးအတွက် ဖိအားပေးမှုများ။

» ဖွဲ့စည်းပုံပြင်ဆင်ရေးအတွက် ဒီမိုကရက်တစ်ကျပြီး ဥပဒေနှင့်အညီ ဆန္ဒထုတ်ဖော်မှုများ။

# ၁.၂ နိုင်ငံရေးဆိုင်ရာ အဓိကကျသော အယူအဆများ

## ၁.၂.၁ နိုင်ငံရေးနှင့် အခွင့်အရေးများ

### အကြံပြုသင်ခန်းစာ

- မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များ၊ တွေးမြင်ယူဆချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၁.၂.၁) ကို ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

၁။ အခွင့်အရေးများသည် နိုင်ငံရေးတွင် အရေးပါလှသည်ကို တွေ့ရသည်။ အခွင့်အရေးများအနေဖြင့် ‘မည်သူက မည်သည့်အရာကို မည်သည့်အချိန်၊ မည်သို့ မည်ပုံ ရရှိပိုင်ဆိုင်နိုင်သည်’ ကို ပိုင်းဖြတ်ပေးသည့် စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပေးရသည်။ ထို့အပြင် အစိုးရများ၊ ခေါင်းဆောင်များမှ မည်သည်တို့ကို လိုက်နာပြုကျင့်အပ်သည်၊ မပြုကျင့်အပ် အစရှိသည်တို့ကို ပိုင်းခြားသတ်မှတ်သည့် အခါတွင်လည်း ‘အခွင့်အရေးများ’ ၏ အခန်းကဏ္ဍ မည်မျှ အရေးပါသည်ကို တွေ့ရှိနိုင်သည်။

၂။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါအချက်များကို ထည့်သွင်းပါရှိနိုင်သည်။

» လွတ်လပ်စွာ ပြောဆိုခွင့် (နိုင်ငံရေးဆိုင်ရာ အယူအဆ အမြင်အမျိုးမျိုး ဖော်ထုတ်နိုင်ခြင်း)

» လွတ်လပ်စွာ သင်းဖွဲ့ခွင့် (အစိုးရတွင်း ပါဝင်ဆောင်ရွက်နိုင်မည့် ပါတီများ တည်ထောင်နိုင်ခြင်း)

» လွတ်လပ်စွာ စုရုံးခွင့် (နိုင်ငံ့အရေးအရာတို့ကို ဆွေးနွေးထုတ်ဖော်နိုင်မည့် ဆန္ဒထုတ်ဖော်မှုများ၊ အစည်းအဝေးများ ကျင်းပနိုင်ခြင်း)

» လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့် (သတင်း အချက်အလက်များ မျှဝေနိုင်ခြင်းနှင့် အစိုးရအပေါ် စောင့်ကြည့်နိုင်ခြင်း)

» မဲပေးခွင့် (ခေါင်းဆောင်များကို ဒီမိုကရက်တစ်ကျ ရွေးချယ် တင်မြှောက်နိုင်ခြင်း)

» အစိုးရနေရာအတွက် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် (အစိုးရတွင်း ပါဝင် ဆောင်ရွက်နိုင်ခြင်း)

» တန်းတူညီမျှမှုကို ရရှိခံစားနိုင်ခွင့် (နိုင်ငံရေးတွင် အများတန်းတူ ပါဝင်နိုင်စေမည့် အခွင့်အရေးများ ရရှိပိုင်ဆိုင်နိုင်ခြင်း)

» ပညာသင်ကြားခွင့် (နိုင်ငံ့အရေးအရာတို့ကို နားလည်စွာ တက်ကြွ ပါဝင်နိုင်ခြင်း)

## ပြန်လည်သုံးသပ်ချက်

- နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့် လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးတို့အနက် မည်သည်က ပိုမိုအရေးပါသည်၊ မည်သည့် အကြောင်းကြောင့် အရေးပါရသည်ကို ဆွေးနွေးဆုံးဖြတ်ပါစေ။
- (သို့မဟုတ်)

  က။ အဖွဲ့များ ဖွဲ့ပေးပြီး ကျောင်းသားတို့၏ အဆိုပါ အခွင့်အရေးတို့အပေါ် အမြင်များကို ဆွေးနွေးဖလှယ်ပါစေ။

  (သို့)

  ခ။ ကျောင်းသားတို့၏ အဆိုပါအခွင့်အရေးတို့အပေါ် ကိုယ်ပိုင်အမြင်များကို မိမိတို့၏ မှတ်တမ်းစာအုပ်တွင် ရေးသားထားရှိပါစေ။

  (သို့)

  ဂ။ ထိုအခွင့်အရေးများအကြောင်း စာတမ်းတစ်ပုဒ် ရေးသားပြုစုပါစေ။
- ကျောင်းသားတို့၏ စာတမ်းများကို စစ်ဆေး အမှတ်ပေးရာတွင် အောက်ပါအချက်များကို သေချာရှင်းလင်းစွာ နားလည်ထားမှုရှိ၊ မရှိ စိစစ်နိုင်မည်။
  - » နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများသည် လွတ်လပ်မှုဟူသည့် အယူအဆနှင့် နီးကပ်စွာ ဆက်နွယ်နေလျက်ရှိသည်။
  - » လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများသည် တန်းတူညီမျှမှုဟူသည့် အယူအဆနှင့် နီးကပ်စွာ ဆက်နွယ်ပတ်သက်လျက်ရှိသည်။
  - » ကျောင်းသားတို့၏ ဖြေဆိုချက်များတွင် အဆိုပါ အခွင့်အရေးတို့က လူ့အဖွဲ့အစည်းအတွင်း လွတ်လပ်မှုနှင့် ညီမျှမှုကို မည်သို့ မည်ပုံ ပေးစွမ်းနိုင်ကြောင်း အချက်အလက်၊ အထောက်အထား စုံလင်စွာဖြင့် ဖြေဆိုရှင်းလင်းထားခြင်း ရှိ၊ မရှိကို စိစစ်အမှတ်ပေးနိုင်မည် ဖြစ်သည်။

## မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

## လေ့ကျင့်ခန်း

၁။ ဖော်ပြပါ အခွင့်အရေးတို့ကို ဇယား၏ သင့်လျော်သည့်နေရာတွင် ဖြည့်စွက်ဖြေကြားပါစေ။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ လုပ်ဆောင်နိုင်ကြမည်။

**အဖြေများ**

**နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ**

၁။ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရ။

၂။ ပြည်သူ့ဝန်ထမ်းအလုပ်များ၊ အလုပ်အကိုင်ရရှိမှုများ၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်းများ ရရှိစေရမည်။

၃။ မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။

၄။ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် သက်ဆိုင်ရာ အခွင့်အရေးများကို အညီအမျှ ခံစားခွင့် ရှိစေရမည်။

၅။ အလုပ်အကိုင် ခန့်ထားခြင်းနှင့် နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင် မည်သည့် အကြောင်းကြောင့်မျှ ခွဲခြားမှုများ မရှိစေရ၊ (သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းသည် ခြွင်းချက်ဖြစ်သည်။)

၆။ မည်သူကိုမျှ တည်ဆဲဥပဒေနှင့်အညီ မှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ။

၇။ နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အစည်းအရုံး၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်များ ဆောင်ရွက်ခွင့်ရှိသည်။

၈။ နိုင်ငံသားများ၏ တရားဝင် ရရှိပိုင်ဆိုင်ထားသော ပစ္စည်းများနှင့် စပ်လျဉ်း၍ ကာကွယ်ပေးရမည်။

၉။ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်။

၁၀။ ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုတို့ကို တားမြစ်သည်။

၁၁။ ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ် ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်။

၁၂။ ငြိမ်ဝပ်ပိပြားရေးနှင့် သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့် သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာ ယုံကြည်နိုင်၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိစေရမည်။ နိုင်ငံရေးကိစ္စ အလို့ငှာ ဘာသာ၊ သာသနာကို အလွဲသုံးစား မပြုရ။

၁၃။ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ လွှတ်တော်အသီးသီးတွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်။

၁၄။ စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။ ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်။

၁၅။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့် ရှိစေရမည်။

၁၆။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သော ကိစ္စ (သို့) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့် မရှိသော တရားသူကြီးချုပ်မိန့် မရရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက် ပို၍ချုပ်နှောင်ခြင်း မပြုရ။

၁၇။ နိုင်ငံခြားတိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်။

၂၀။ နိုင်ငံသားများအနေဖြင့် မျှတသော တရားစီရင်မှုများကို ခံစားပိုင်ခွင့်ရှိသည်။(တိုင်းတပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊ ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊ အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေချိန်များတွင်မူ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။)

၂၁။ အမျိုးသမီးများသည် တူညီသော အလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေးနှင့် လစာတို့ကို ခံစားခွင့်ရှိသည်။

### လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ

၁၃။ ပညာသင်ကြားပိုင်ခွင့်နှင့် မသင်မနေရ အခြေခံပညာများကို သင်ကြားရေး။

၁၄။ နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်။

၂။ တစ်တန်းလုံးအနေဖြင့် မည်သည့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများက ပိုမိုအတွေ့ရများသည်၊ ထိုအခွင့်အရေးများက ဖွဲ့စည်းပုံအခြေခံဥပဒေကို မည်သို့ ထင်ဟပ်လျက်ရှိသည်ကို ဆွေးနွေးဆုံးဖြတ်ပါစေ။

### နီးစပ်သော အဖြေများ

ထိုအခွင့်အရေးများအနက်မှ အများစုမှာ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ ဖြစ်ကြသည်ကို တွေ့ရသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများသည် လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများထက် ပိုမိုအခြေခံကျသည်ဟု လက်ခံရှုမြင်ထားသည်ကို တွေ့မြင်သုံးသပ်နိုင်ပေသည်။

## ပြန်လည်သုံးသပ်ချက်

- ဤလေ့ကျင့်ခန်းတွင် အားလုံးလက်ခံ သဘောတူသည့် ဆုံးဖြတ်ချက် ချမှတ်မှုပုံစံကို ကျောင်းသားများ သိရှိအသုံးပြု နိုင်ရန် ရည်ရွယ်သည်။ ထို့အတူ ကျောင်းသားများကို ပဋိပက္ခဖြေရှင်းမှုပုံစံ အမျိုးမျိုးနှင့် မဲပေးခြင်း၊ ညှိနှိုင်း ဆွေးနွေးခြင်း၊ စေ့စပ်ခြင်းကဲ့သို့သော ဆုံးဖြတ်ချက်ချမှတ်မှု ပုံစံများ စသည်တို့နှင့် ရင်းနှီးကျွမ်းဝင်ပြီး အသုံးချကျင့်သုံး နိုင်ကြရန် ကျောင်းသားများကို အားပေးရမည်။

၁။ နှစ်ဦးချင်း တွဲဖက်ပြီး အရေးအပါဆုံးသော အခွင့်အရေး ၆ ခုကို ရွေးချယ်ဆုံးဖြတ်ပါစေ။

- ထိုအခွင့်အရေးများကို ပိရမစ်ပုံတွင် နေရာချရေးသားရမည်။ အရေးပါဆုံးသော အခွင့်အရေးကို ပိရမစ်ပုံ၏ ထိပ်ဆုံး၊ ဒုတိယ အရေးပါဆုံးသော အခွင့်အရေးများကို ပိရမစ်၏ အလယ်နှင့် တတိယအရေးပါဆုံးသော အခွင့်အရေးတို့ကို ပိရမစ်ပုံ၏ အောက်ခြေ စသည်ဖြင့် အရေးပါမှု အစီအစဉ် အလိုက် သတ်မှတ်ဖြည့်စွက်ပါစေ။
- ထိုသို့ သတ်မှတ်ရာတွင် မည်သည်ကို မှန်သည်၊ မည်သည်က မှားသည်ဟူ၍ မရှိကြောင်း ရှင်းလင်းပြောပြပေးပါ။ ကျောင်းသားများ၏ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံနှင့် ဦးစားပေးမှုကိုလိုက်ပြီး ဖြေဆိုရာတွင် ကွဲလွဲမှု ရှိမည်သာ ဖြစ်သည်။ သို့ရာတွင်လည်း ဤလေ့ကျင့်ခန်း၏ ပန်းတိုင်မှာ 'အားလုံးသဘောတူလက်ခံသည့် ဆုံးဖြတ်ချက် ချမှတ်မှုပုံစံ' ကို ကျင့်သုံးနိုင်ရန်ဖြစ်ကြောင်း အစဉ်သတိချပ်ပါ။

၂။ အခြားတစ်တွဲနှင့် ဆက်လက်ပူးပေါင်း၍ အဖွဲ့ဝင် ၄ ဦးစလုံး သဘောတူသည့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများပြ ပိရမစ်တစ်ခု ထပ်မံရေးဆွဲပါစေ။

၃။ ထို ၄ ဦးပါ အဖွဲ့များအနေဖြင့် အခြားသော အဖွဲ့တို့နှင့် ဆက်လက်ပူးပေါင်းပြီး ပိရမစ်တစ်ခု ထပ်မံပြုစုပါစေ။

- ထိုနည်းအတိုင်း အဖွဲ့များ အဆင့်ဆင့် ပူးတွဲလုပ်ဆောင်ကြပြီး အဆုံးတွင် တစ်တန်းလုံး သဘောတူလက်ခံသည့် နိုင်ငံသား ဆိုင်ရာ အခွင့်အရေးများပြ ပိရမစ်တစ်ရပ် ပြုစုပါစေ။

၄။ တစ်တန်းလုံးအနေဖြင့် အထက်ပါ ဆုံးဖြတ်ချက် ချမှတ်မှု ဖြစ်စဉ်ကို မည်သို့ သုံးသပ်မိကြောင်း ဆွေးနွေးအကဲဖြတ် ပါစေ။ ထိုပိရမစ်က စာသင်ခန်းတွင်းရှိ ကျောင်းသားတိုင်း၏ တန်ဖိုးထားမှုများကို မည်သို့ ထင်ဟပ်နေသည်ကိုပါ ဆွေးနွေးပါစေ။

- မည်သည့် အခွင့်အရေးများကို ကျောင်းသားများက အရေးပါမှု မရှိဟု မြင်ကြောင်းနှင့် အဘယ့်ကြောင့် ထိုသို့ မြင်ကြောင်း ဆွေးနွေးပါစေ။
- မည်သည့် အခွင့်အရေးများကို ကျောင်းသားတိုင်း သို့မဟုတ် ကျောင်းသားအများစုက အရေးပါသည်ဟု ထင်ကြောင်းနှင့် အဘယ့်ကြောင့် ထိုသို့ထင်ကြောင်း ဆွေးနွေးပါစေ။
- မည်သည့် အခွင့်အရေးတို့က အငြင်းပွားဖွယ် အခွင့်အရေးများ ဖြစ်သည်၊ မည်သည့်ကြောင့် ဖြစ်ရသည်တို့ကို ဆွေးနွေး ဆုံးဖြတ်ပါစေ။ ထို့အပြင် ကျောင်းသားများအနေဖြင့် လက်ခံ သဘောတူညီချက် တစ်ရပ်ရရှိအောင် ဆွေးနွေးရာတွင် မည်သည့် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်ကို သုံးသပ်ပါစေ။
- ထိုအခက်အခဲများကို မိမိတို့ တိုင်းပြည်နှင့် အသိုင်းအဝိုင်း အတွင်းရှိ ဆုံးဖြတ်ချက် ချမှတ်မှု ဖြစ်စဉ်တို့နှင့် မည်သို့ ဆက်စပ် စဉ်းစားနိုင်ကြောင်း ဆွေးနွေးသုံးသပ်ပါစေ။

၅။ ကျောင်းသားများအနေဖြင့် အထက်ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မည်သည့် အခက်အခဲများ ကြုံတွေ့ခဲ့ ရသည်၊ ထိုအခက်အခဲများနှင့် 'ပဋိပက္ခများ'၊ 'ပူးပေါင်း ဆောင်ရွက်မှုများ' အကြား မည်သို့ ဆက်နွယ် နေကြသည်ကို ဆွေးနွေးပါစေ။

**နီးစပ်သော အဖြေများ**

မည်သည့် အခွင့်အရေးများက အရေးပါဆုံး ဖြစ်သည်ကို ဆုံးဖြတ်သည့်အခါ၌ ပဋိပက္ခများ ပေါ်ပေါက်လာတတ်သည်။ ဖော်ပြထားသည့် အခွင့်အရေးများနှင့် စပ်လျဉ်းပြီး ကျောင်းသားအသီးသီးအနေဖြင့် ခံယူချက် ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားတတ်သောကြောင့်ဖြစ်သည်။

လေ့ကျင့်ခန်း၏ နောက်ပိုင်းတွင် ကျောင်းသားများသည် အချိန်မလုံလောက်တော့သည့်အတွက် ပိုမိုမြန်ဆန်စေရန် ပူးပေါင်းဆောင်ရွက်ပြီး အဆင့်သတ်မှတ်ချက်များကို သဘောတူညီလာကြရသည်။

၆။ ထိုအခက်အခဲများကို မည်သို့ ရင်ဆိုင်ကျော်လွှားခဲ့ရသည်ကို ဆွေးနွေး သုံးသပ်ပါစေ။

၇။ ထိုအခက်အခဲမျိုး ဆက်လက် မကြုံတွေ့အောင် တစ်တန်းလုံး အနေဖြင့် မည်သည့် စည်းမျဉ်း စည်းကမ်းမျိုးထားရှိ ကျင့်သုံးမည်ကို ပြုစုဆုံးဖြတ်ပါစေ။

- ထိုစည်းကမ်းချက်များကို ပိုစတာစာရွက်တွင် ချရေးပြီး စာသင်ခန်း နံရံတွင် ချိတ်ဆွဲထားရှိပါစေ။
- ရှေ့သင်ခန်းစာများ၊ လုပ်ဆောင်ချက်များ ဆက်လက် သင်ကြားလုပ်ဆောင်ရာတွင်လည်း ပူးပေါင်းဆုံးဖြတ်ချက် ချမှတ်ရသည့်အခါတို့၌ ထိုပြုစုထားသည့် စည်းကမ်းချက် များကို လိုအပ်လျှင် လိုအပ်သလို ဖြည့်စွက်ပြုစုပေးပါ။
- ထိုစည်းကမ်းချက်များတွင် အောက်ပါအချက်များ ပါဝင်ပြုစု ထားနိုင်ကြမည်။
  - » တစ်ဦးအပေါ်တစ်ဦး လေးစားတန်ဖိုးထားရန်။
  - » ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုများ မပြုလုပ်ရန်။
  - » လုပ်ဆောင်ချက် အစီအစဉ်များကို ဆောင်ရွက်ရာတွင် အချိန်ကို အကျိုးရှိရှိ အသုံးပြုရန်။

» ကျောင်းသားတိုင်း ပြောဆိုဆွေးနွေးချိန် တူမျှစွာရရှိရန်။
» ကြားနေဖျန်ဖြေပေးသူတစ်ဦး ထားရှိသတ်မှတ်ရန်။
» မိမိတို့၏ အဆိုကို ပြောကြားလိုသည့်အခါတိုင်း ဥပမာ အထောက်အထားများဖြင့် အချက်အလက်ကျကျ ပြောဆိုရန်။
» ကျောင်းသားတိုင်း၏ အမြင်များကို ထုတ်ဖော်ပြောဆိုင် နိုင်ခွင့် ပေးအပ်ထားရန်။

## ၁.၂.၂ တန်းတူညီမျှမှု

### အကြံပြုသင်ခန်းစာ

၁။ ညီမျှမှုကို မည်သို့ နားလည်လက်ခံထားသည်ကို ဆွေးနွေး အဖြေရှာပါစေ။

၂။ မိမိတို့ သက်ဆိုင်ပါဝင်လျက်ရှိသည့် အသိုင်းအဝိုင်းသည် တန်းတူညီမျှမှုရှိသည့် အသိုင်းအဝိုင်းဖြစ်၊ မဖြစ် ဆွေးနွေး ခိုင်းပါ။

- ကျောင်းသားတို့၏ ဖြေဆိုချက်များ၊ တွေးမြင်ယူဆချက် များကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၁.၂.၂) ကို ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သောအဖြေများ

၁။ လူတိုင်းအခွင့်အရေး၊ အခွင့်အလမ်းနှင့် တန်ဖိုးထားမှုတို့ တူညီစွာ အပ်နှင်းခံထားရခြင်းကို တန်းတူညီမျှမှုဟု ခေါ်ဆိုသည်။

၂။ ကျောင်းသားအပေါ် မူတည်၍ ဖြေဆိုပုံ ကွဲလွဲနိုင်သည်။

**မှတ်ချက်**

ခွင့်တူညီမျှမှု (Equality of opportunity) နှင့် အကျိုးတရား ရရှိ ခံစားနိုင်မှု (opportunity of outcome) တို့ကို 'Equality' နှင့် 'Equity' ဟုလည်း သုံးနှုန်းတတ်သည်။

ဤနေရာတွင် 'Equality' သည် အခွင့်အရေး (opportunity) ဟု အနက် ဖွင့်နိုင်ပြီး၊ 'Equity' ကို အကျိုးတရား ရရှိ ခံစားနိုင်မှု (opportunity of outcome) ဟုဖွင့်ဆိုနိုင်ပေမည်။

### ဆွေးနွေးချက်

- တစ်တန်းလုံးအနေဖြင့် ဖြစ်စေ၊ အဖွဲ့များ ဖွဲ့၍ဖြစ်စေ မေးခွန်းတို့ကို ဖြေဆို ဆွေးနွေးပါစေ။
- ထိုသို့ ဖြေဆိုရာတွင် အောက်ပါအချက်တို့ကို ကျောင်းသားများ စဉ်းစားမိစေရန် ကူညီပေးပါ။

  » ကျား၊ မ ကွဲပြားမှု

  » အသက်အရွယ်

  » တိုင်းရင်းသား၊ မျိုးနွယ်

  » ကိုးကွယ်ယုံကြည်မှု

  » မသန်စွမ်းမှု

  » ဥစ္စာဓန

  » ပညာရေး

### လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများသည် ခွင့်တူညီမျှမှုကို ဖော်ဆောင်ခြင်းနှင့် ဆက်နွယ်ပတ်သက်လျက်ရှိသည်။ ထိုအခွင့်အရေးများက လူ့အဖွဲ့အစည်းအတွင်းရှိ သက်ဆိုင်ပါဝင်သူတိုင်း အခွင့်အလမ်းတူညီစွာ ရရှိနိုင်ရန်၊ မည်သူတစ်ဦးတစ်ယောက်ကမျှ အခွင့်ထူး ခံစားနိုင်ခြင်း မရှိစေရန် အာမခံပေးမည်ဖြစ်သည်။

၂။ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများသည် အခွင့်အလမ်း တူညီစွာရရှိမှုကို ဆောင်ကြဉ်းပေးစေနိုင်မည်။

### ဆွေးနွေးချက်

- တစ်တန်းလုံးအနေဖြင့်ဖြစ်စေ၊ အဖွဲ့များဖွဲ့၍ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ **ကောင်းကျိုးများ**

» အောက်ခြေလူတန်းစားတို့၏ လိုအပ်ချက်များကို အဓိကထား ဖော်ဆောင်ပေးနိုင်မည်။

» လူမှုရေးနှင့် စီးပွားရေးအရ ညီမျှမှုများကို ပိုမိုဆောင်ကြဉ်းပေးနိုင်မည်။

» လူမှုတရားမျှတခြင်း (social justice) ကို ပေးစွမ်းနိုင်မည်။

» လူ့အဖွဲ့အစည်းအတွင်း ပါဝင်လှုပ်ရှားမှုကို ဖော်ဆောင်ပေးစေမည်။

» ခေါင်းပုံဖြတ်မှုများ၊ အလွဲသုံးစား ပြုခံရခြင်းတို့မှ တားဆီးပေးစေမည်။

**ဆိုးကျိုးများ**

» သာတူညီမျှမှုတွင် အစိုးရမှ ကြွယ်ဝမှုကို ပြန်လည် မျှဝေပေးရန် လိုအပ်သည်။ ဤသည်က အာဏာရှင်စနစ်ပေါ်ထွန်းလာစေတတ်သည်။

» ထိုစနစ်တွင် နိုင်ငံရေးခေါင်းဆောင်များက ပြည်သူတို့၏ လိုအပ်ချက်များကို ဆုံးဖြတ်စီမံပေးရသည့် 'အထက် – အောက်' စနစ်ပုံစံပင်ဖြစ်သည်။

» ထိုသို့ အစိုးရက စီမံပေးရခြင်းက ပြည်သူတို့၏ ဝီရိယစွမ်းပကားကို ပိတ်ပင်တားဆီးရာလည်း ရောက်သည်။ အကြောင်းမှာ ပြည်သူတို့အနေဖြင့် အလုပ်မည်မျှကြိုးစားသည်ဖြစ်စေ၊ မကြိုးစားသည်ဖြစ်စေ အကျိုးတရားခံစားရမည်သာ ဖြစ်ခြင်းကြောင့်ဖြစ်သည်။

၂။ **သာတူညီမျှမှုကို မဖော်ဆောင်ပေးသင့်** – သာတူညီမျှမှုကို ဖော်ဆောင်ပေးရာတွင် ကြွယ်ဝမှုကို အုပ်စုတစ်စုမှ အခြားတစ်စုစီသို့ ပြန်လည်မျှဝေပေးရန် အစိုးရအနေဖြင့် တာဝန်ခံရသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ဥစ္စာဓန ပေးအပ်လိုက်ရ သူတို့မှာ လွတ်လပ်ခွင့်ကို အပြည့်အဝ ခံစားနိုင်ခြင်း မရှိတော့ချေ။

**သာတူညီမျှမှုကို ဖော်ဆောင်ပေးသင့်သည်** – ကြွယ်ဝမှုကို ပြန်လည် ဝေမျှခြင်းက ဆင်းရဲသား ပြည်သူများကို ဆင်းရဲတွင်းမှ ကယ်မပေးပြီး ဘေးဖယ် ပထုတ်ခံထားရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်းတို့မှလည်း ကင်းဝေးစေမည်ဖြစ်သည်။

## လေ့ကျင့်ခန်း

- 'လက်တွေ့အသုံးချ အယူအဆများ' ပါ အကြောင်းအရာတို့ကို ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပြသပေးပါ။
- ဖော်ပြပါ ကာတွန်းရုပ်ပုံကို ကြည့်ရှုသုံးသပ်ပါစေ။
- အဖွဲ့များ ဖွဲ့ပေးပြီး အဆိုပါ ကာတွန်းပုံက ညီမျှမှုဟူသည့် အယူအဆနှင့် မည်သို့ ဆက်နွယ်လျက်ရှိသည်ကို ဆွေးနွေးပါစေ။
- ထိုဆွေးနွေးချက်များကို အတန်းသို့ တင်ပြပြောဆိုပါစေ။

### နီးစပ်သော အဖြေများ

ထိုကာတွန်းပုံတွင် 'ခွင့်တူညီမျှမှု' နှင့် 'သာတူညီမျှမှု' တို့ အကြား ခြားနားချက်ကို ဖော်ပြထားသည်။

**ပုံ (၁) – ခွင့်တူညီမျှမှု** (Equality)

ထိုပုံတွင် လူငယ် ၃ ဦးကို သေတ္တာ တစ်သေတ္တာစီ အသုံးပြုစေသည်ကို တွေ့ရသည်။ ထိုသို့ တူညီစွာ ပေးအပ်ထားခြင်းဖြင့် အညွှက်ဆုံး (အငယ်ဆုံး) ကောင်ကလေးမှာ အားကစားပွဲကို မမြင်ရတော့။ ထိုပုံအရ ခွင့်တူညီမျှမှုတွင် လူတိုင်းကို အခွင့်အရေး တူညီစွာ ပေးအပ်ထားကြောင်း တွေ့ရှိနိုင်ပေသည်။ ထိုသို့ ပေးအပ်ထား ယုံမျှဖြင့် လူတိုင်းမှာ မိမိတို့ ရရှိထားသည့် အခွင့်အရေးများကို အသုံးချနိုင်ခြင်း မရှိသည်ကို လေ့လာ သုံးသပ်နိုင်ပေသည်။

**ပုံ (၂) – သာတူညီမျှမှု** (Equity)

ထိုပုံတွင် အငယ်ဆုံး (အညွှက်ဆုံး) ကောင်ကလေးကို သေတ္တာ ၂ လုံး၊ အလယ်အလတ် အရပ်ပိုင်ရှင်ကို သေတ္တာ တစ်လုံးကျစီ ပေးအပ်ထားသည်ကို တွေ့ရသည်။ ထိုသို့ ပေးအပ်ထားခြင်းဖြင့် ထိုပုဂ္ဂိုလ် ၃ ဦးစလုံး ကစားပွဲကို ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။ ဤသည်ကို ကြည့်ခြင်းဖြင့် သာတူညီမျှမှုတွင် အရင်းအမြစ်များကို ပြန်လည်မျှဝေထားခြင်းဖြင့် လူတိုင်းတန်းတူ ခံစားနိုင်စေသည်ကို တွေ့မြင် သုံးသပ်နိုင်ပေမည်။

## ပြန်လည်သုံးသပ်ချက်

- 'အနိမ့်ခံဘဝ လွတ်မြောက်ရေးပံ့ပိုးမှု' ဆိုင်ရာ လုပ်ငန်းခွင် ဆုံးဖြတ်ချက် ဥပမာအကြောင်း ပုံဖော်ဆွေးနွေးပြီး ထို သတ်မှတ်ချက်အပေါ် မည်သို့ သဘောထားသည်ကို ဆုံးဖြတ်ပါစေ။
- အောက်ပါတို့မှ လုပ်ငန်းတစ်ခုကို ရွေးချယ် လုပ်ကိုင်ပါစေ။

(က) တစ်တန်းလုံးအနေဖြင့်ဖြစ်စေ၊ အဖွဲ့များဖွဲ့၍ဖြစ်စေ ကျောင်းသားတို့၏ အမြင်များကို ဆွေးနွေး ဖလှယ်ပါစေ။ (သို့)

(ခ) ကျောင်းသားတို့၏ အဆိုပါ ပံ့ပိုးမှုအပေါ် ကိုယ်ပိုင်အမြင်များကို မိမိတို့၏ မှတ်တမ်းစာအုပ်တွင် ရေးသားထားရှိပါစေ။ (သို့)

(ဂ) ထိုအကြောင်းအရာအတွက် စာတမ်းတစ်ပုဒ် ရေးသားပြုစုပါစေ။

- ကျောင်းသားတို့၏ စာတမ်းများကို စစ်ဆေး အမှတ်ပေးရာတွင် အောက်ပါ အချက်များကို သေချာ ရှင်းလင်းစွာ နားလည်ထားမှုရှိ၊ မရှိ စိစစ်ပေးနိုင်မည်။
  - » 'အနိမ့်ခံဘဝမှ လွတ်မြောက်ရေးပံ့ပိုးမှု' များသည် သာတူညီမျှမှုကို ဖော်ဆောင်ပေးနိုင်ရန် ဖြစ်သည်။
  - » ထိုပံ့ပိုးမှုများသည် တရားရှိလူနေမှုကို ပေးစွမ်းနိုင်ရန် ရည်ရွယ်သည်။
  - » 'အနိမ့်ခံဘဝမှ လွတ်မြောက်ရေး ပံ့ပိုးမှု' များသည် သာမန်လူတို့၏ အကျိုးထက် ခွဲခြားချန်လှပ်ခံထားသူတို့၏ အကျိုးကို ဦးစားပေးခြင်းဟု အနက်ဖွင့်နိုင်သည်။
  - » ထိုပံ့ပိုးမှုသည် ခွဲခြားချန်လှပ်မှုဒဏ် မခံစားရသူ သာမန်လူတို့ကို ခွဲခြားဆက်ဆံခြင်း ပုံစံတစ်မျိုးသာ ဖြစ်သည်ဟုလည်း ဝေဖန် ထောက်ပြထားကြသည်။

## ၁.၂.၃ လွှတ်လပ်ခွင့်

### အကြံပြုသင်ခန်းစာ

- ညီမျှမှုကို မည်သို့ နားလည်လက်ခံထားသည်ကို ဆွေးနွေး အဖြေရှာပါစေ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များ၊ တွေးမြင်ယူဆချက် များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၁.၂.၃) ကို ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သောအဖြေများ

'လွတ်လပ်မှု' ဆိုသည်မှာ မိမိတို့၏စိတ်ဆန္ဒရှိသည့်အတိုင်း လုပ်ငန်းတစ်ရပ်ကို အနှောင့်အယှက်ကင်းကင်း၊ အချုပ်အခြယ် ကင်းကင်းဖြင့် ဖော်ဆောင်ခွင့်ရခြင်းဟု အနက်ဖွင့်ဆိုနိုင် ပေသည်။

## လေ့ကျင့်ခန်း

- ဖော်ပြပါဇယားကို ကြည့်ရှုသုံးသပ်ပြီး မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။

### နီးစပ်သောအဖြေများ

၁။ လွတ်လပ်မှု

၂။ တန်းတူညီမျှမှု

၃။ မိမိတို့နိုင်ငံတွင်းတွင် လွတ်လပ်မှုကို တန်းတူညီမျှမှု ထက် ပိုမို မြတ်နိုးတန်ဖိုးသူများလည်း ရှိနိုင်သည်။ ထိုသူတို့အနေဖြင့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးအရ လွတ်လပ်မှုများကို ပိုမိုတန်ဖိုးထားကြ၍ဖြစ်သည်။

ထို့အတူ တန်းတူညီမျှမှုကို ပိုမို နှစ်ခြိုက် ထောက်ခံကြသူများလည်း ရှိနိုင်သည်။ ထိုသူတို့သည် ဆင်းရဲမွဲတေမှုကို လျှော့ချပြီး ခွဲခြားမှုများကို အမြစ်ပြတ် တွန်းလှန်လိုသူများ ဖြစ်ကြသည်။

ထို့အတူပင် လွတ်လပ်မှုရော တန်းတူညီမျှမှု (၂) ရပ်လုံးကို တစ်သားတည်း တန်ဖိုးထားသူများလည်း ရှိနိုင်သည်။

## ဆွေးနွေးချက်

၁။ တစ်တန်းလုံးအနေဖြင့် ဖြစ်စေ၊ အဖွဲ့များ ဖွဲ့ပေး၍ ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ ပိုင်ဆိုင်ထားနိုင်ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပြုပေးထားသည့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့် လွတ်လပ်မှုများကို တန်းတူ ခံစားနိုင်ကြခြင်းကြောင့် ဖြစ်သည်။

မပိုင်ဆိုင်ထားနိုင်ကြချေ။ ဆင်းရဲမွဲတေမှု၊ ခွဲခြားမှုနှင့် ဖွံ့ဖြိုးမှု မညီမျှခြင်းတို့ရှိခြင်းသည် လူအချို့တွင် လွတ်လပ်မှု နည်းပါးနေသည်ဟု ပြနိုင်သောကြောင့် ဖြစ်သည်။

၂။ မှတ်ချက်။ ။ဤမေးခွန်းကိုဖြေဆိုရာတွင်ညီမျှမှု အမျိုးအစား (ခွင့်တူညီမျှမှု သို့မဟုတ် သာတူညီမျှမှု) အပေါ် မူတည်၍ ဖြေဆိုပုံ ကွဲလွဲနိုင်ပေသည်။

ထင်ပါသည်။ ညီမျှမှု (သာတူညီမျှမှု) နှင့် လွတ်လပ်မှု တို့အကြား ပဋိပက္ခ ပေါ်ပေါက်လာနိုင်သည်။ သာတူညီမျှမှုတွင် ကြွယ်ဝမှုကို အုပ်စုတစ်စုမှ အခြား တစ်စုစီသို့ ပြန်လည်မျှဝေပေးရန် အစိုးရအနေဖြင့် တာဝန်ခံရသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ဥစ္စာခနေ ပေးအပ်လိုက်ရသူတို့မှာ လွတ်လပ်ခွင့်ကို အထိပါး ခံကြရ၊ အချိုးဖောက်ခံကြရလျက်ရှိသည်။

မထင်ပါ။ ကြွယ်ဝမှုကို ပြန်လည်မျှဝေခြင်းက လွတ်လပ်မှုကို ချိုးဖောက်ခြင်း မရှိချေ။ ထိုလုပ်ဆောင်ချက်က ဆင်းရဲသူ ပြည်သူတို့ကို ဆင်းရဲတွင်းမှ လွတ်မြောက်စေပြီး ထိုသူတို့၏ လွတ်လပ်ခွင့်ကို အကာအကွယ် ပြုပေးနိုင်ပေသည်။

၃။ ညီမျှမှုက ပိုမို အရေးပါသည်။ စီးပွားရေးအရ ညီမျှမှုသာ မရှိပါက မည်သည့် နိုင်ငံရေးလွတ်လပ်ခွင့်ကိုမျှ ခံစားနိုင်ကြမည် မဟုတ်ချေ။ မဲပေးခွင့်၊ ရွေးကောက်ပွဲတွင် ပါဝင်ဆင်နွှဲနိုင်ခွင့်၊ ပြည်သူ့အကျိုး ထမ်းရွက်ခွင့် အစရှိသည့် နိုင်ငံရေး လွတ်လပ်မှုများသည် ရရှိပိုင်ဆိုင်ထားသည် မှန်သော်လည်း ထိုအခွင့်အရေးတို့ကို အသုံးချခွင့် ရရှိထားသူ ပြည်သူများမှာ ငတ်မွတ်မှုဒဏ် ခံစားနေကြရပါက ထိုအခွင့်အရေးများမှာ အသုံးမဝင်လှ။ တိုင်းပြည်တစ်ပြည်တွင် စီးပွားရေးအရ ညီမျှမှုများ မရရှိ မပိုင်ဆိုင်နိုင်ပါက ဆင်းရဲနုံချာပြီး ပညာ မတတ်မြောက်ထားသူ ပြည်သူတို့မှာ လွတ်လပ်မှု အရသာကို ခံစားနိုင်ကြမည် မဟုတ်ချေ။

လွတ်လပ်မှုက ပိုမိုအရေးပါသည်။ အကြောင်းမှာ ညီမျှမှု ဖော်ဆောင်ပေးရန်အတွက်ဆိုပြီး အစိုးရက ကြွယ်ဝမှုကို ပြန်လည် မျှဝေချထားရန် စီမံခြင်းက အာဏာရှင်စနစ်သို့ ဦးတည်သွားနိုင်သည်။ ထိုကဲ့သို့ ကြွယ်ဝမှုကို မျှဝေပေးရန်အတွက် တစ်ဦးတစ်ယောက်၏ လွတ်လပ်မှုကို ထိပါးချိုးဖောက်ခြင်းက မှန်ကန်သည့် လုပ်ရပ် မဟုတ်ချေ။

## မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

## လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ မေးခွန်းတို့ကို ဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

၁။ စာတမ်း (၁) တွင် ခွင့်တူညီမျှမှုအကြောင်း အသားပေး ဖော်ပြထားပြီး၊ စာတမ်း (၂) တွင် သာတူညီမျှမှုကို အလေးပေး ရေးသားထားသည်ကို တွေ့ရှိရသည်။

၂။ **၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေ**။ ။ ၎င်းတွင် နိုင်ငံသား နှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ (လွတ်လပ်စွာ တွေးကြံနိုင်မှု၊ ဖွင့်ဟရေးသား ဖော်ပြနိုင်မှု စသည်) ကို အဓိကထား ဖော်ပြထားသည်ကို တွေ့ရသည်။

**တော်လှန်ရေးကောင်စီ**။ ။ ပြည်သူတို့၏ အခြေခံ လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်သမျှ လွတ်လပ်မှုကို မဆောင်ကြဉ်းပေးနိုင်ဟု ထောက်ပြထားသည်။ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး များကို အသားပေး ဖော်ပြထားသည်ကို တွေ့ရသည်။

# ၁.၃ အခန်း (၁) ဖြစ်ရပ်လေ့လာချက်

## ဖြစ်ရပ်လေ့လာချက်

### လေ့ကျင့်ခန်း

- အိန္ဒိယနိုင်ငံအကြောင်း ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်း ပြသပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ မေးခွန်းများကို ဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ နေရာချန်လှပ်ထားပေးမှု (reservations) အစီအစဉ်များသည် ဇာတ်စနစ်ကြောင့် ပေါ်ပေါက်လာရသည့် ခွဲခြားမှုများကို လျှော့ချနိုင်ရန်အတွက် စတင်ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

၂။ ကျောင်းသားအပေါ် မူတည်ပြီး ဖြေဆိုပုံ ကွဲလွဲနိုင်သည်။

### လေ့ကျင့်ခန်း

- သီရိလင်္ကာအကြောင်း ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပြသပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မေးခွန်းများကို ဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

မျှတမှုရှိသည်။ ထိုလုပ်ဆောင်ချက်က လူများစု၏ ယဉ်ကျေးမှုကို လူနည်းစုတို့က လေးစားတန်ဖိုးထားသင့်သောကြောင့်ဖြစ်သည်။

မျှတမှု မရှိ။ လူများစုအနေဖြင့် လူနည်းစုတို့၏ အခွင့်အရေးများကို အလွဲသုံးစားပြုရာ ရောက်၍ဖြစ်သည်။

### လေ့ကျင့်ခန်း

- ဖော်ပြပါ ဇယားကို ကြည့်ရှုသုံးသပ်ပါစေ။
- တမီးလ်နှင့် ဆင်ဟာလီလူမျိုးစုနှစ်စုအကြား တန်းတူညီမျှမှုများနှင့် ပတ်သက်၍ မည်သည်တို့ လေ့လာအကဲခတ်မိသည်ကို ဆုံးဖြတ်ပါစေ။ တစ်ဦးချင်း သို့မဟုတ် နှစ်ယောက်တစ်တွဲ လုပ်ဆောင်ပါစေ။

### နီးစပ်သော အဖြေများ

ဖော်ပြပါ ဇယားအရ လူနည်းစုဖြစ်သော တမီးလ် အသိုင်းအဝိုင်းများအနေဖြင့် ဆင်ဟာလီလူမျိုးများလောက် တန်းတူညီမျှမှုနှင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်တို့ကို ပိုင်ဆိုင်ထားနိုင်ခြင်း မရှိဟု ရှုမြင်လက်ခံထားသည်ကို တွေ့ရသည်။

ဤသည်ကို လေ့လာ သုံးသပ်ခြင်းဖြင့် တမီးလ်တို့သည် လူနည်းစု ဖြစ်ရသည့်အတွက်ကြောင့် ခွဲခြားမှုများနှင့် မညီမျှမှုများကို ရင်ဆိုင်ခံစားရလျက်ရှိကြောင်း တွေ့ရှိနိုင်ပေသည်။

## လေ့ကျင့်ခန်း

- တောင်အာဖရိကအကြောင်း ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ မေးခွန်းများကို ဖြေဆိုပါစေ။

## နီးစပ်သော အဖြေများ

၁။ 'မြေယာ ပြန်လည်ချထားရေး' ဆိုရာတွင် အချို့သော ပုဂ္ဂိုလ်တို့ထံမှ ပိုင်ဆိုင်မှုများကို အခြားသူတို့ထံ လွှဲပြောင်းပေးအပ်ရမည် ဖြစ်ခြင်းကြောင့် ပဋိပက္ခများ ပေါ်ပေါက်လာရသည်။ ဤသည်က တစ်သီးပုဂ္ဂလ ပိုင်ဆိုင်ခွင့်အား အသိအမှတ်ပြုပေးသည့် အစိုးရ၏ ဥပဒေများနှင့် ထိပ်တိုက်ပဋိပက္ခ ဖြစ်နိုင်ပေမည်။

၂။ ထင်ပါသည်။ လူမည်းပြည်သူတို့မှာ မိမိတို့၏လယ်ယာမြေများကို လက်လွှတ်ဆုံးရှုံးခံထားရခြင်းဖြစ်ပြီး အခွင့်ထူးခံများ မဟုတ်ကြ၍ဖြစ်သည်။

မထင်ပါ။ ထိုမူဝါဒတို့သည် လူမျိုးရေးအခြေခံသည့် ခွဲခြားမှုတစ်မျိုးသာ ဖြစ်သည်။

၃။ မျှတမှုကို ပိုမိုပေးစွမ်းနိုင်သည်။ လူမည်းပြည်သူတို့သည် ဆင်းရဲမွဲတေသူများ ဖြစ်ကြပြီး လူဖြူတို့အတိုင်း ကြွယ်ဝမှုကို တန်းတူပိုင်ဆိုင်နိုင်စေရန်မှာ ထောက်ပံ့ကူညီပေးရန် လိုအပ်ပေမည်။

မျှတမှုကို ကန့်သတ်ရာရောက်သည်။ ထိုစီမံကိန်းများသည် ပြည်သူတို့၏ မြေယာနှင့် ပိုင်ဆိုင်မှုတိုကို လူမျိုးရေးအခြေခံ၍ သိမ်းယူစေသည့် ဥပဒေများ ပေါ်ပေါက်လာစေပေမည်။

## ဆွေးနွေးချက်

- အဖွဲ့များဖွဲ့ပြီး မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။
- ထိုဆွေးနွေး ဖြေဆိုထားသည်တို့ကို အတန်းသို့ တင်ပြပြောဆိုပါစေ။

## နီးစပ်သော အဖြေများ

၁။ **အိန္ဒိယ –** အနိမ့်ခံဘဝမှ လွတ်မြောက်ရေး ပံ့ပိုးမှု (ဇာတ်စနစ်ကို အခြေခံသည့် ခွဲခြားမှုများအတွက် တန်ပြန် ဥပဒေများ ချမှတ်ပြဋ္ဌာန်းနိုင်ခဲ့သည်။)

**သီရိလင်္ကာ –** ခွဲခြားမှု (တမီးလ်လူမျိုးတို့ကို အခွင့်အရေးများ ရရှိခံစားနိုင်ခြင်းမှ ကန့်သတ်ထားသည့် ဥပဒေများ ပြဋ္ဌာန်းထားသည်။)

**တောင်အာဖရိက –** အနိမ့်ခံဘဝမှ လွတ်မြောက်ရေး ပံ့ပိုးမှု (လူမျိုးရေးအခြေခံ ခွဲခြားမှုများအတွက် တန်ပြန် ဥပဒေများ ချမှတ် ပြဋ္ဌာန်းနိုင်ခဲ့သည်။)

၂။ **အိန္ဒိယ –** ညီမျှမှု၊ တရားမျှတမှု တည်ဆောက်ခြင်း၊ အခွင့်အရေးများ၊ အနိမ့်ခံဘဝမှ လွတ်မြောက်ရေး ပံ့ပိုးမှု။

**သီရိလင်္ကာ –** ညီမျှမှု၊ အခွင့်အရေးများ၊ ပဋိပက္ခ။

**တောင်အာဖရိက –** အနိမ့်ခံဘဝမှလွတ်မြောက်ရေးပံ့ပိုးမှု၊ အခွင့်အရေးများ၊ တန်းတူညီမျှမှု၊ တရားမျှတမှု တည်ဆောက်ခြင်း၊ ပဋိပက္ခ၊ ပူးပေါင်းဆောင်ရွက်ခြင်း။

၃။ **အိန္ဒိယ**

» အိန္ဒိယရှိ ဒါလစ် (dalits) တို့၏ လူမှုအဆင့်အတန်းမှာ မြန်မာပြည်တွင်းရှိ လူမှုအသိုင်းအဝိုင်းအချို့နှင့် အသွင်တူသည်ကို တွေ့ရသည်။

» ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ခွဲခြားမှုများကို တားမြစ်ထားသော်လည်း ခွဲခြားမှုများမှာ အမြစ်တွယ်ဆဲသာ ဖြစ်နေသည်။

**သီရိလင်္ကာ**

» နိုင်ငံရေးအရ ကိုယ်စားပြု ပါဝင်နိုင်မှု၊ ဒေသတွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်များနှင့် လူနည်းစုအခွင့်အရေးများကြောင့် ဖြစ်ပွားလာရသည့် ပြည်တွင်းစစ်များ။

» လူများစု၏ ဘာသာစကားကို တရားဝင် ရုံးသုံးဘာသာအဖြစ် သတ်မှတ်ထားရှိခြင်း။

**တောင်အာဖရိက**

» ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ဆွေးနွေးပြောဆိုမှုများ။

» မြေယာပိုင်ဆိုင်မှုနှင့် လူနည်းစုဆိုင်ရာ အခွင့်အရေးများအကြောင်း အငြင်းပွား ဆွေးနွေးမှုများ။

# အခန်း (၂)
# အာဏာ၊ လုပ်ပိုင်ခွင့်နှင့် တရားဝင် အသိအမှတ်ပြုမှု

## ၂.၁ အာဏာနှင့် လုပ်ပိုင်ခွင့်

### ၂.၁.၁ ‘အာဏာ’ ဆိုသည်မှာ အဘယ်နည်း

**အကြံပြုသင်ခန်းစာ**

- ‘အာဏာ’ ဟူသည့် ဝေါဟာရကို အနက်ဖွင့်ဆိုပါစေ။ ထို့အပြင် ‘အာဏာ’ ဟူသည့် စကားလုံးနှင့် နီးစပ်ပတ်သက်လျက်ရှိသည့် ဝေါဟာရများကိုလည်း စဉ်းစား ဖော်ထုတ်ပါစေ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- ထိုသို့ ဆွေးနွေးဖြေဆိုကြရာတွင် အောက်ပါတို့ဖြင့် ဆက်စပ်ပုံဖော်ရှင်းလင်းပေးပါ။
  - » လက်နက်
  - » နိုင်ငံရေး ခေါင်းဆောင်များ
  - » မိဘနှင့် သက်ကြီးရွယ်အိုများ
  - » နိုင်ငံတော်အလံ
  - » မီဒီယာ
  - » လွှတ်တော်
  - » လူကြိုက်များမှု
  - » လက်ရုံးအင်အား
  - » အရင်းအမြစ်
  - » ရာထူး ဝါစဉ်အဆင့်ဆင့်
  - » စွမ်းအင်
  - » အသိဉာဏ်ပညာ
  - » ဥစ္စာဓန
- သင်ခန်းစာ (၂.၁.၁) ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုပါစေ။

### ၂.၁.၂ ‘အထက်မှ အောက်’ သို့ စီးဆင်းသည့် အာဏာ နှင့် ‘အောက်မှ အထက်’ သို့ စီးဆင်းသည့် အာဏာ

**အကြံပြုသင်ခန်းစာ**

- ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားပြောဆိုမှုများကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၂.၁.၂) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

**နီးစပ်သော အဖြေများ**

အာဏာ ပိုမို ပိုင်ဆိုင်ထားသူတို့က အာဏာပိုင်ဆိုင်မှု နည်းပါးသူတို့ကို အလိုကျ ပြုမူလုပ်ဆောင်စေရာတွင် အထက်မှ အောက်သို့ စီးဆင်းသည့် အာဏာသည် အသုံးပြုသည်။

အောက်မှ အထက်သို့ စီးဆင်းသည့် အာဏာသည် အာဏာနည်းသူတို့က မိမိတို့ရရှိအပ်သည့် အကျိုးတရားများ၊ အခွင့်အရေးများကို အာဏာပိုမို ပိုင်ဆိုင်ထားသူတို့က မထိပါးအောင် စောင့်ရှောက်ကာကွယ်ရန် စည်းလုံးကြရာမှ ပေါက်ဖွားလာရပေသည်။ ထိုအာဏာ ပိုမို ပိုင်ဆိုင်ထားသူများ ဆိုရာတွင် အများအားဖြင့် အစိုးရ သို့မဟုတ် စီးပွားရေး လုပ်ငန်းများ ပါဝင်လေ့ရှိသည်။ (ဥပမာ။ ။ လုပ်ငန်းခွင် အခြေအနေ မမျှတမှုများကြောင့် ဆန့်ကျင်သပိတ်မှောက်မှုများ)

### လေ့ကျင့်ခန်း

- အဖွဲ့နှင့်ဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ၊ 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာနှင့် 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာဆိုင်ရာ ဥပမာတို့ကို ဆွေးနွေးဖော်ထုတ်ပါစေ။
- ထိုဥပမာများကို တစ်တန်းလုံးအနေဖြင့် ဆွေးနွေးသုံးသပ်ပေးပါ။

### နီးစပ်သော အဖြေများ

၁။ အထက်မှ အောက်သို့ စီးဆင်းသည့် အာဏာ

အာဏာကြီးမားသူတို့ ချမှတ်ထားရှိသော အမိန့်၊ စည်းကမ်းချက်၊ ဥပဒေ အစရှိသည်တို့အားလုံး အကျုံးဝင်ပြီး၊ ၎င်းတို့ကို အာဏာနည်းပါးစွာ ပိုင်ဆိုင်ထားသူတို့မှ လက်ခံသဘောတူခြင်း မရှိကြချေ။

ထိုအထဲတွင် –

» အရေးပေါ်အခြေအနေတွင် ထုတ်ပြန်သည့် ညမထွက်ရအမိန့်

» ဦးနေဝင်းအစိုးရ လက်ထက်အတွင်း ဆန္ဒထုတ်ဖော်မှုများ

» မြေယာသိမ်းပိုက်မှုများ

» ဓားပြတိုက်မှု

» အလိုမတူဘဲ လက်ထပ် ထိမ်းမြားစေခြင်း

» ဆရာဖြစ်သူက အချိန်လုံလောက်စွာ မပေးဘဲ အိမ်စာများကို အပြီး လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောဆိုမှု။

၂။ 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ

အာဏာနည်းပါးစွာ ပိုင်ဆိုင်ထားသူတို့က ၎င်းတို့ရရှိအပ်သည့် အကျိုးတရားများ၊ အခွင့်အရေးများကို အာဏာ ပိုမိုပိုင်ဆိုင်ထားသူတို့က မထိပါးအောင် စောင့်ရှောက်ကာကွယ်ရန် စည်းလုံးကြရာမှ ပေါ်ပေါက်လာသည့်ဖြစ်ရပ်၊ အပြောင်းအလဲ၊ တွန်းအားပေးမှု အစရှိသည်တို့အားလုံး အကျုံးဝင်ပေသည်။

ထိုအာဏာဆိုင်ရာ ဥပမာများတွင် –

» စက်ရုံအပေါ် သပိတ်မှောက်မှုများ

» ၂၀၀၇ အရေးအခင်း

» ၂၀၀၈ ဆန္ဒခံယူပွဲနှင့် ၂၀၁၀ ရွေးကောက်ပွဲတို့ကို NLD က သပိတ်မှောက်ခြင်း

» ရှစ်လေးလုံး (၈၈၈၈) အရေးအခင်း

» လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနများသို့ ပေးပို့သည့် ဝေဖန်အကြံပြုစာများ

» လွတ်လပ်မျှတသည့် ရွေးကောက်ပွဲများ

» အလုပ်သမား သမဂ္ဂများ


» ဗြိတိသျှအစိုးရနှင့် ချုပ်ဆိုသည့် ပင်လုံသဘောတူညီချက်ကဲ့သို့သော စုပေါင်းတောင်းဆိုမှုများ၊ သဘောတူညီချက်များ

## လုပ်ငန်းများ

၁။ အဖွဲ့များဖွဲ့ပြီး ဖော်ပြပါရှိသည့် စာရင်းပါ လူမှုအဖွဲ့များ၊ လုပ်ငန်းကဏ္ဍများကို ပိရမစ်၏ သင့်လျော်သော နေရာတွင် ချထားသတ်မှတ်ပါစေ။

- အာဏာအများဆုံး ပိုင်ဆိုင်ထားသူတို့ကို ပိရမစ်၏ ထိပ်ဆုံး နေရာတွင်လည်းကောင်း၊ အနည်းဆုံး ပိုင်ဆိုင်ထားသူတို့ကို အောက်ခြေတွင်လည်းကောင်း ချထားသတ်မှတ်ပါစေ။
- ပိုစတာစာရွက်ပေါ်တွင် အဖွဲ့အလိုက် ပိရမစ်တစ်ခုစီ ပြုစု ဖန်တီးပါစေ။

## နီးစပ်သော အဖြေများ




၂။ အခြားသော လူမှုအဖွဲ့များကိုလည်း စဉ်းစား ဖော်ထုတ်စေပြီး ပိရမစ်၏သင့်လျော်သော နေရာတွင် ဖြည့်စွက်ပါစေ။

- မိမိတို့ပြုစုထားသည့် ပိရမစ် ပိုစတာများကို စာသင်ခန်း နံရံတွင် ချိတ်ဆွဲထားရှိပါစေ။
- ပြီးနောက် အဖွဲ့တစ်ဖွဲ့ချင်းစီ၏ ပိုစတာတို့ကို လှည့်လည် ကြည့်ရှုသုံးသပ်ပါစေ။

## ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်း တို့ကို ဆွေးနွေးဖြေဆိုပါစေ။

## နီးစပ်သော အဖြေများ

၁။ ပြည်ထောင်စုအစိုးရမှ ဒေသအဆင့် အစိုးရများကို ထိန်းချုပ်ထားခြင်း၊ မြေယာပြန်လည်ချထား သတ်မှတ်မှုများ၊ ကျောင်းပညာရေးစနစ် (ကျောင်းသားတို့အပေါ် ဆရာများ၏ ဩဇာ သက်ရောက်မှု) စစ်တပ်အတွင်း ရာထူးသတ်မှတ်ချက်များ၊ ရဲများ၏ ခြိမ်းခြောက်မှု။

၂။ အလုပ်သမားသပိတ်များ၊ မြေယာသိမ်းပိုက်မှုအပေါ် ဆန္ဒထုတ်ဖော်မှုများ၊ လွှတ်တော်မှ သမ္မတအပေါ် ဖိအားပေးနိုင်မှု၊ ရွေးကောက်ပွဲများ။

၃။ **'အထက်မှ အောက်'**။ ။နိုင်ငံရေးအရ အရေးပါဆုံးသော ဆုံးဖြတ်ချက်များကို အာဏာကြီးကြီးမားမား ပိုင်ဆိုင်ထား သူတို့ကသာ ချမှတ်ကြသည်။ အောက်ခြေ ပြည်သူတို့၏ အကြံပြုချက်များ၊ လိုလားချက်များကို လျစ်လျူရှုခံထားရလေ့ရှိသည်။

**'အောက်မှ အထက်'**။ ။ ဆန္ဒပြပွဲများ၊ အရေးအခင်း များ၊ လက်နက်စွဲကိုင် ထကြွမှုများကို ကြည့်ခြင်းဖြင့် မြန်မာပြည်တွင် 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာက ပိုမိုအားကောင်းသော အင်အားတစ်ရပ် အဖြစ် တည်ရှိနေသည်ကို တွေ့မြင်နိုင်သည်။

## ၂.၁.၃ မြင်သာသည့် အာဏာနှင့် ဖုံးကွယ်ကိန်းအောင်းနေသည့် အာဏာ

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားပြောဆိုမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၂.၁.၃) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါ။

### နီးစပ်သော အဖြေများ

မြင်သာသည့် အာဏာဆိုသည်မှာ သြဇာအာဏာ ကြီးမားသည့် လူပုဂ္ဂိုလ် (သို့) အစုအဖွဲ့ တစ်ရပ်ရပ်က မြင်သာသည့် လုပ်ရပ်များမှတစ်ဆင့် အာဏာနည်းပါးသူတို့ကို မိမိတို့ အလိုကျ ပြုမူလာစေသည့် အာဏာမျိုးပင် ဖြစ်သည်။ အတင်းကျပ်ခိုင်းစေခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဆွဲဆောင်သိမ်းသွင်းခြင်း စသည်တို့သည် အတွေ့ရများသည့် မြင်သာသည့် အာဏာ အမျိုးအစားများ ဖြစ်ကြသည်။

ဖုံးကွယ်ကိန်းအောင်းနေသည့် အာဏာ ဟူသည်မှာ သြဇာအာဏာကြီးမားသည့် လူပုဂ္ဂိုလ် (သို့မဟုတ်) အစုအဖွဲ့တစ်ရပ်ရပ်သည် မိမိတို့၏ အတွေးအခေါ် ယုံကြည်ချက်များကို အသုံးပြုပြီး အာဏာနည်းပါးသူ အစုအဖွဲ့များအား မိမိတို့အလိုကျ ပြုမူလာစေသည့် အာဏာမျိုးပင်ဖြစ်သည်။ ထိုအာဏာဆိုင်ရာ ဥပမာများတွင် ကြောက်ရွံ့ခြင်း၊ ဖယ်ထုတ်ခြင်း၊ လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ ကြိုးကိုင်ချယ်လှယ်ခြင်း စသည်တို့ကို အတွေ့ရများပေသည်။

### ဆွေးနွေးချက်

- အဖွဲ့နှင့်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ ရဲများ၏ အကြမ်းဖက်နှိမ်နင်းမှုများ၊ မြေယာသိမ်းပိုက်မှုများ၊ ဆန္ဒပြမှုများ၊ ရွေးကောက်ပွဲအတွင်း မဲပေးမှုများ၊ အလုပ်သမား သပိတ်များ။

၂။ အလိုမတူဘဲ လက်ထပ်ထိမ်းမြားမှု၊ အင်အားသုံးကြိုတင်မဲပေးစေမှုများ၊ မဲမသမာမှုများနှင့် ခြိမ်းခြောက်မဲပေးစေခြင်းများ၊ ခိုးမှု၊ အိမ်တွင်း အကြမ်းဖက်မှု၊ အလုပ်သမား သမဂ္ဂများ၊ ရပ်ရွာအသိုင်းအဝိုင်းအတွင်း စွမ်းဆောင်ရည် မြှင့်တင်ပေးမှုများ (ပညာရေး၊ ကျား၊ မ ရေးရာ ဗဟုသုတများ၊ စသည်ဖြင့် ...)

၃။ မြင်သာသည့် အာဏာက ပိုမို အားကောင်းသည်ကို တွေ့ရသည်။ စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် လက်နက်ကိုင်အဖွဲ့များသည် အာဏာအကြီးမားဆုံးသော အဖွဲ့များ ဖြစ်ကြပြီး မြင်သာသည့် အာဏာကို အသုံးပြုကြပေသည်။

ဖုံးကွယ်ကိန်းအောင်းနေသည့် အာဏာက ပိုမိုအားကောင်းသည့် အင်အားတစ်ရပ်အဖြစ် တည်ရှိနေသည်။ အာဏာကို မည်သူ မည်ဝါက ရရှိပိုင်ဆိုင်နိုင်ကြောင်း သတ်မှတ်ထားရှိသည့် 'စည်းမျဉ်းစည်းကမ်းများ' သည် ဖုံးကွယ်ကိန်းအောင်းနေသည့် အာဏာအမျိုးအစားများသာ ဖြစ်ကြသည်။ ဤသည်ကို ဘာသာရေး၊ ကျား၊ မဖြစ်ခြင်းနှင့် အသက်အရွယ်တို့ကို အခြေခံသည့် ခွဲခြားဆက်ဆံမှုများတွင် တွေ့မြင်နိုင်ပေသည်။

### လုပ်ငန်းများ

၁။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့် ဖြစ်စေ စာမျက်နှာ (၂၀၂ မှ ၂၀၅) ပါ ဖြစ်စဉ်ပြ ဇယားကို လေ့လာဖတ်ရှုပါစေ။

- အာဏာအသုံးချခဲ့သည့် ဖြစ်ရပ်များကို ရှာဖွေသုံးသပ်စေပြီး မည်သည့် အာဏာမျိုး အသုံးပြုခဲ့သည်ကို ဆန်းစစ်ပါစေ။ ဖြစ်ရပ်အများစုတွင် အထက်မှ အောက်သို့ စီးဆင်းသည့် အာဏာရော၊ အောက်မှ အထက်သို့ စီးဆင်းသည့် အာဏာကိုပါ အသုံးပြုထားသည်ကို ရှင်းလင်းပြောပြပါ။
- ထိုဖြစ်စဉ်ပြ ဇယားပါ ဖြစ်ရပ်တို့ကို ဖော်ပြထားရှိသည့် ဇယားတွင် အမျိုးအစား ခွဲခြားသတ်မှတ်ပါစေ။
- ထိုသို့ သတ်မှတ်ရာတွင် ဖြစ်ရပ်တစ်ခုစီသည် အမျိုးအစား တစ်မျိုးစီထက် သက်ဆိုင်ပါဝင်နိုင်သည်ကို ကျောင်းသားများ နားလည်သိရှိထားပါစေ။
- ထိုဖြစ်ရပ်တို့ကို ခွဲခြားသတ်မှတ်စေခြင်းက ကျောင်းသားများအတွက် ခက်ခဲလွန်းနေပါက ထိုဖြစ်ရပ်တစ်ခုချင်းစီကို သေချာ နားလည်အောင် ဆွေးနွေးပြောဆိုစေပြီးမှ အကြောင်းအချက် စုံလင်စွာဖြင့် မည်သည့် ဖြစ်ရပ်က မည်သည့် အမျိုးအစားတွင် သက်ဆိုင်ပါဝင်သည်ကို ပိုင်းဖြတ်ပါစေ။ ထိုသို့ ပိုင်းဖြတ်ရာတွင် မည်သည်က မှားသည်၊ မည်သည်က မှန်သည့်အဖြေ ဖြစ်သည်ဟု မသတ်မှတ်ထား၊ ထိုသို့ လုပ်ဆောင်ရခြင်း၏ အဓိက ဦးတည်ချက်မှာ ကျောင်းသားများ သင်ခန်းစာပါ အယူအဆများကို ဆက်စပ်တွေးခေါ်တတ်၊ ဆွေးနွေးပြောဆိုတတ်ရန်သာဖြစ်သည်။

#### နီးစပ်သော အဖြေများ

**မြင်သာသည့် 'အထက်မှ အောက်' စီးဆင်းသည့်အာဏာ**

» ၁၉၉၀ ရွေးကောက်ပွဲများ။

» ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ။

» ၁၉၄၂ – ၄၅ ဂျပန်တို့ သိမ်းပိုက်ခြင်း။

» ၁၉၆၂ စစ်တပ်မှ အာဏာသိမ်းခြင်း။

» ၁၉၇၄ ဦးသန့်အရေးအခင်း။

**မြင်သာသည့် 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ**

» ၁၉၃၆ ဒုတိယမြောက် တက္ကသိုလ် ကျောင်းသားများသပိတ်၊

» ၁၉၃၀ – ၃၁ ဆရာစံပုန်ကန်မှု။

» ၁၉၃၀ တို့ဗမာအစည်းအရုံး ဖွဲ့စည်းခြင်း။

» ၁၉၃၈ (၁၃၀၀) ပြည့်အရေးတော်ပုံ။

» ၁၉၄၄ – ၄၅ ဖက်ဆစ်ဆန့်ကျင် တော်လှန်ရေး၊

» ၁၉၈၈ ဆန္ဒပြပွဲများ (၈၈၈၈ အရေးအခင်း)၊

» ၂၀၀၇ ရွှေဝါရောင် အရေးအခင်း။

**ဖုံးကွယ်ကိန်းအောင်းနေသည့် 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာ**

» ၁၉၆၁ နိုင်ငံတော်ဘာသာရေး အက်ဥပဒေ၊

» ၁၉၅၈ – ၆၀ ပြည်စောင့်အစိုးရ၊

» ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ။

**ဖုံးကွယ်ကိန်းအောင်းနေသည့် 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ**

» ၁၉၈၉ – ၉၅ အပစ်အခတ် ရပ်စဲမှုများ၊

» ၂၀၁၁ မြစ်ဆုံဆည်။

၂။ သင်ခန်းစာ (၂.၁.၂)၊ စာမျက်နှာ (၃၀) တွင် ပြုလုပ်ခဲ့သည့် ဖြစ်ရပ်များကို အခြေခံပြီး အထက်တွင် လုပ်ဆောင်ခဲ့သော ဇယားအတိုင်း ဇယားအသစ်တစ်ခု ပြုစုပါစေ။ ထိုသို့ ပြုစုရာတွင် ကျောင်းသားတို့ ပတ်ဝန်းကျင်တွင် တွေ့ရှိရသည့် ဖြစ်ရပ်ဥပမာများကိုလည်း ထည့်သွင်းပြုစုနိုင်မည် ဖြစ်သည်။

၃။ မိမိတို့ ပြုစုထားရှိသည့် ဇယားပါ ဖြစ်ရပ်များကို ပြန်လည်သုံးသပ်ပြီး ထိုဖြစ်ရပ်တို့တွင် မြင်သာသည့် အာဏာနှင့် ဖုံးကွယ်ကိန်းအောင်းနေသည့် အာဏာကို မည်သို့ အသုံးပြုထားသည်ကို ဆန်းစစ်ပါစေ။

#### နီးစပ်သော အဖြေများ

သမိုင်းတွင် ထင်ရှားသည့် ဖြစ်ရပ်များတွင် မြင်သာသည့် အာဏာကို အတွေ့ရများပေသည်။ အတိတ်သမိုင်းတွင် 'ဖုန်းကွယ်ကိန်းအောင်းနေသည့် အာဏာ' ဆိုင်ရာ ဥပမာ ဖြစ်ရပ်များမှာ မရှိသလောက်ပင် ဖြစ်သည်။ ထိုအာဏာမျိုးမှာ သိသူရှားသည့် နည်းလမ်းမျိုးဖြင့်သာ အသုံးပြုတတ်ကြပေသည်။

ဖြစ်ရပ်အများစုသည် အမျိုးအစားတစ်ခုထက် သက်ဆိုင်ပါဝင်လျက် ရှိသည်ကို တွေ့ရသည်။ ဤသည်က နိုင်ငံရေးဆိုင်ရာ ဖြစ်ရပ်တို့၏ ရှုပ်ထွေးပွေလီမှုကို ဖော်ညွှန်းနေသည်။ အရေးပါသည့် ဖြစ်ရပ်တိုင်းလိုလိုတွင် နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူ အမြောက်အများ သက်ဆိုင်ပါဝင်လျက်ရှိပြီး ၎င်းတို့၏ အာဏာများမှာလည်း နည်းလမ်းအသွယ်သွယ်ဖြင့် အသုံးချလေ့ရှိသည်ကို တွေ့ရှိနိုင်ပေသည်။

## ၂.၁.၄ အာဏာ၏ အရင်းအမြ စ်များ

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။
- ကျောင်းသားတို့ ဖြေကြားထားသည်တို့ကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၂.၁.၄) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသား

တို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

အာဏာ၏ အရင်းအမြစ်များတွင် အင်အား၊ ဥစ္စာဓနေ၊ အဆင့်အတန်း၊ အသိပညာ စသည်တို့ ပါဝင်ကြပေသည်။

### လေ့ကျင့်ခန်း

၁။ ကျောင်းသားတို့၏ အသိုင်းအဝိုင်းအတွင်း မည်သည်က အာဏာ၏ အရေးအကြီးဆုံး အရင်းအမြစ် ဖြစ်သည်ကို ဆွေးနွေးပါစေ။ တစ်ဦးချင်း သို့မဟုတ် နှစ်ယောက်တစ်တွဲ လုပ်ဆောင်ပါစေ။

၂။ ဖော်ပြပါ ပုဂ္ဂိုလ်တို့အနေဖြင့် အာဏာကို မည်သည့် အရင်းအမြစ်မှ ရရှိပိုင်ဆိုင်ထားသည်ကို ဆွေးနွေးပါစေ။

### အဖြေများ

(က) အဆင့်အတန်း၊ အသိပညာ။

(ခ) ဥစ္စာဓနေ၊ အဆင့်အတန်း၊ အင်အား။

(ဂ) အဆင့်အတန်း၊ အသိပညာ။

(ဃ) ဥစ္စာဓနေ၊ အဆင့်အတန်း။

(င) အဆင့်အတန်း၊ အင်အား၊ အသိပညာ။

(စ) အဆင့်အတန်း၊ အသိပညာ။

(ဆ) အဆင့်အတန်း၊ အင်အား၊ အသိပညာ။

(ဇ) အဆင့်အတန်း၊ အသိပညာ။

(ဈ) အဆင့်အတန်း၊ အသိပညာ။

(ည) အဆင့်အတန်း၊ အသိပညာ။

## လုပ်ငန်းများ

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ကျောင်းသားတို့၏ အသိုင်းအဝိုင်းအတွင်း အာဏာအသုံးချမှု ပုံစံများကို ရေးသားပြုစုပါစေ။
- ထိုသို့ ပြုစုရာတွင် စာမျက်နှာ (၃၃) ပါ လေ့ကျင့်ခန်းမှ ပြုစုထားချက်များနှင့် အခြားသော ဥပမာဖြစ်ရပ်များကို အသုံးပြုနိုင်မည်။
- ထိုဖြစ်ရပ်များတွင် အသုံးပြုသည့် အာဏာတို့၏ အရင်းအမြစ်ကို စိစစ်ပြီး၊ ထိုအာဏာတို့က 'အထက်မှ အောက်' သို့မဟုတ် 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာတို့အနက် မည်သို့သော အာဏာမျိုး ဖြစ်သည်ကို ခွဲခြား သတ်မှတ်ပါစေ။

## နီးစပ်သော အဖြေများ

**အင်အားကြောင့်ရရှိသည့် အာဏာ – 'အထက်မှ အောက်'**

» ရဲတပ်ဖွဲ့၏ အကြမ်းဖက်ဖြိုခွင်းမှုများ၊

» အဓမ္မစေခိုင်းမှုများ။

**အင်အားကြောင့်ရရှိသည့် အာဏာ – 'အောက်မှ အထက်'**

» အလုပ်သမား သပိတ်များ၊

» ဆန္ဒပြမှုများ။

**ဥစ္စာဓနကြောင့်ရရှိသည့် အာဏာ – 'အထက်မှ အောက်'**

» မြေယာသိမ်းမှုများ၊

» ခြစားမှုများ၊

» လာဘ်ပေးလာဘ်ယူမှု၊

» ဝယ်ယူမှု/ ရင်းနှီးမြှုပ်နှံမှု။

**ဥစ္စာဓနကြောင့် ရရှိသည့် အာဏာ – 'အောက်မှ အထက်'**

» အသေးစားချေးငွေလုပ်ငန်း၊

» သပိတ်မှောက်မှုများ၊

» ရပ်ရွာအသိုင်းအဝိုင်းအတွင်း ရံပုံငွေကောက်ခံမှုများ။

**အဆင့်အတန်းကြောင့်ရရှိသည့် အာဏာ – 'အထက်မှ အောက်'**

» အလိုမပါဘဲ လက်ထပ်ထိမ်းမြားမှု၊

» အင်အားသုံး ကြိုတင်မဲပေးစေမှု၊

**အဆင့်အတန်းကြောင့်ရရှိသည့် အာဏာ – 'အောက်မှ အထက်'**

» ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးမှု၊

» သမဂ္ဂအဖွဲ့ တစ်ဖွဲ့ဖွဲ့တွင် ပါဝင်လှုပ်ရှားမှု။

**အသိပညာကြောင့်ရရှိသည့် အာဏာ – 'အထက်မှ အောက်'**

» မဲမသမာမှု၊

» စစ်ထောက်လှမ်းရေး၊

» သူလျှိုထားရှိခြင်း။

**အသိပညာကြောင့်ရရှိသည့် အာဏာ – 'အောက်မှ အထက်'**

» ရပ်ရွာအသိုင်းအဝိုင်းအတွင်း စွမ်းဆောင်ရည် မြှင့်တင်ပေးမှုများ၊ (ပညာရေး၊ ကျားမရေးရာ ဗဟုသုတများ၊ စသည်)

» ပြည်သူ့နီတိ၊

» လူ့အခွင့်အရေးဆိုင်ရာ ပညာပေးမှု။

### လုပ်ငန်းများ –

### အာဏာပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ်များ

- အဖွဲ့များ ဖွဲ့ပေးပြီး အာဏာရှင်ဆိုင်ထားသူတစ်ဦးအကြောင်း စဉ်းစားဖော်ထုတ်ပါစေ။
- ထိုပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ဖော်ပြပါ ဝါကျတို့ကို ပြည့်စုံအောင် ရေးသားဖြည့်စွက်စေပြီး ပိုစတာစာရွက်တစ်ရွက်တွင် ရေးသားထားရှိပါစေ။
- ဖြစ်နိုင်လျှင် မိမိတို့ ရွေးချယ်ထားသည့် ပုဂ္ဂိုလ်၏ ရုပ်ပုံကို တစ်နေရာမှ ရယူခြင်း သို့မဟုတ် ရေးဆွဲခြင်းပြုပြီး ပိုစတာပေါ်တွင် ကပ်ပါ။
- ထိုသို့ ရေးသားပြုစုထားသည်တို့ကို စာသင်ခန်းနံရံတွင် ချိတ်ဆွဲ ထားရှိပါစေ။
- ထို့နောက် အခြားသော အဖွဲ့များ ပြုစုထားသည့် ပိုစတာစာရွက်များကိုလည်း လှည့်လည်ကြည့်ရှုသုံးသပ်ပါစေ။

**ဥပမာ။ ။**

**ဦးသိန်းစိန်**

**၁။ ထိုသူပိုင်ဆိုင်ထားသော အာဏာမှာ**

**(မြင်သာသည့် အာဏာ၊ ဖုံးကွယ်ကိန်းအောင်းသည့် အာဏာ၊ ‘အထက်မှအောက်’ သို့ စီးဆင်းသည့် အာဏာ) တို့ဖြစ်ကြသည်။**

**၂။ ထိုအာဏာရှင်ဆိုင်ထားရသည့် အကြောင်းရင်းမှာ**

**(လွှတ်တော်တွင်းတွင် နေရာအများစု ပိုင်ဆိုင်ထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီဝင်များက ရွေးချယ်တင်မြှောက်ထားခြင်း) ကြောင့် ဖြစ်သည်။**

**၃။ ထိုအာဏာတို့သည် (နောင်ရွေးကောက်ပွဲတွင် အရွေးချယ် မခံရပါက) လက်လွှတ်ဆုံးရှုံးရနိုင်သည်။**

- ဤလေ့ကျင့်ခန်းတွင် ဝါကျစာကြောင်းများကို ကြည့်ရှုသုံးသပ်ပြီး မည်သူ မည်ဝါ ဖြစ်သည်ကို ခန့်မှန်းသည့် လုပ်ဆောင်ချက်ကိုလည်း ပြုလုပ်စေနိုင်မည်။
- ထိုသို့ လုပ်ဆောင်ရန်အတွက် ဝါကျများ (၂ မှ ၄ အထိ) ကို ဦးစွာ ဖြည့်စွက်ပြီး မိမိတို့ ရွေးချယ်ထားသည့် ပုဂ္ဂိုလ်၏ အမည်ကို ချန်လှပ်ထားရှိပါစေ။
- ထို့နောက် အဆိုပါ ဝါကျများကို တစ်ဦးနှင့် တစ်ဦး လဲလှယ်စေပြီး မည်သူ မည်ဝါကို ရွေးချယ်ထားခြင်းဖြစ်ကြောင်း ခန့်မှန်းပြောဆိုကြ ခိုင်းနိုင်မည်။

## ၂.၁.၅ အာဏာနှင့် လုပ်ပိုင်ခွင့်

### အကြံပြုသင်ခန်းစာ

- ကျောင်းသားတို့၏ ပတ်ဝန်းကျင်တွင် အာဏာရရှိနိုင်မှု အခွင့်အရေးကို မည်သူတို့က ပိုင်ဆိုင်ထားနိုင်သည်ကို ဆွေးနွေးဖော်ထုတ်ပါစေ။
- ထိုဆွေးနွေး ဖြေဆိုမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

**နီးစပ်သော အဖြေများ**

- » ဆရာဝန်များ၊
- » ကျောင်းဆရာ၊ ဆရာမများ၊
- » ရဲအရာရှိ၊
- » စစ်တပ်၊
- » နိုင်ငံရေးသမားများ၊ ပြည်သူ့ဝန်ထမ်းများ၊
- » မိဘများ။

- သင်ခန်းစာ (၂.၁.၅) ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုပါစေ။

**ဆွေးနွေးချက်**

- စာမျက်နှာ (၃၆) ပါ လေ့ကျင့်ခန်းတွင် ဆောင်ရွက်ခဲ့သည့် အဖွဲ့များအတိုင်း အတူတကွ လုပ်ဆောင်ပါစေ။
- ထိုအဖွဲ့နှင့်အတူ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

**(၂.၁.၅) ပါ ဥပမာပြ ဖြေဆိုထားချက်အရ –**

၁။ ဦးသိန်းစိန်သည် အာဏာရော၊ လုပ်ပိုင်ခွင့်ပါ ပိုင်ဆိုင်ထားသည်။

၂။ ထိုလုပ်ပိုင်ခွင့်သည် ရွေးကောက်ပွဲတွင် အနိုင်ရရှိရာမှ ပိုင်ဆိုင် ထားနိုင်ခြင်းဖြစ်၍ မှန်ကန်မှုရှိသော လုပ်ပိုင်ခွင့်ဖြစ်သည်။ ထိုသူအနေဖြင့် လွှတ်တော်၏ သဘောတူခွင့်ပြုမှုကို ရရှိထားသည်။

### ၂.၁.၆ လုပ်ပိုင်ခွင့်နှင့် တာဝန်

#### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၂.၁.၆) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

#### နီးစပ်သော အဖြေများ

လုပ်ပိုင်ခွင့်ရရှိထားသူတစ်ဦးသည် မိမိတို့၏ လုပ်ဆောင်ချက်များ၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်တိုင်းက မိမိတို့၏ အကျိုးစီးပွားထက် အများအကျိုးကို ရှေးရှုဆောင်ကြဉ်းပေးရမည့် တာဝန်ရှိသည်။

#### လေ့ကျင့်ခန်း

- စာမျက်နှာ (၂၀၂ မှ ၂၀၅) ပါ ဖြစ်စဉ်ပြဇယားကို လေ့လာသုံးသပ်ပြီး ထိုဇယားပါ ဖြစ်ရပ်တစ်ရပ်ကို ရွေးချယ်ပါစေ။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ လုပ်ဆောင်ပါစေ။
- ထိုဖြစ်ရပ်ကို အခြေခံပြီး မေးခွန်းတို့ကို ဖြေဆိုပါစေ။

#### နီးစပ်သော အဖြေများ – ၁၉၉၀ ရွေးကောက်ပွဲများ

၁။ အာဏာကိုသာ အသုံးပြုခဲ့သည်။

၂။ ရွေးကောက်ပွဲရလဒ်ကို လက်သင့်ခံခြင်း မရှိခဲ့။

၃။ အကြမ်းဖက်။

#### နီးစပ်သော အဖြေများ – ၁၉၅၈ – ၆၀ အိမ်စောင့်အစိုးရ

၁။ အာဏာရော လုပ်ပိုင်ခွင့်ပါ အသုံးပြုခဲ့သည်။

၂။ အရပ်သားအစိုးရကို အာဏာပြန်လည် အပ်နှင်းခြင်း မပြုခဲ့။

၃။ အကြမ်းမဖက်။

#### နီးစပ်သော အဖြေများ – ၁၉၆၁ နိုင်ငံတော်ဘာသာရေး အက်ဥပဒေ

၁။ အာဏာရော လုပ်ပိုင်ခွင့်ပါ အသုံးပြုခဲ့သည်။

၂။ လူနည်းစုအခွင့်အရေးများကို လေးစားတန်ဖိုးထားရန် လိုအပ်။

၃။ အကြမ်းဖက်။

#### နီးစပ်သော အဖြေများ – ၁၉၆၂ စစ်တပ်မှ အာဏာသိမ်းခြင်း

၁။ အာဏာကိုသာ အသုံးပြုခဲ့သည်။

၂။ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို လေးစားတန်ဖိုးထားရန်လိုအပ်။

၃။ အကြမ်းဖက်။

## ၂.၂ တရားဝင်အသိအမှတ်ပြုမှု

### ၂.၂.၁ တရားဝင်အသိအမှတ်ပြုမှု

#### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၂.၂.၁) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

#### နီးစပ်သော အဖြေများ

» လုပ်ပိုင်ခွင့် ရရှိထားသူတို့ကို ပြည်သူတို့ ကိုယ်တိုင်က ရွေးချယ်တင်မြှောက်ထားခြင်းကြောင့်ဖြစ်သည်။

» လုပ်ပိုင်ခွင့် ရရှိထားသူတို့အနေဖြင့် အာဏာကို အလွဲသုံးစား မပြုကြ၍ ဖြစ်သည်။

» လုပ်ပိုင်ခွင့် ရရှိထားသူတို့မှာ မျှတပြီး ထိရောက်မှုရှိသည့် ခေါင်းဆောင်ကောင်းများ ဖြစ်ကြ၍ဖြစ်သည်။

» လုပ်ပိုင်ခွင့်သည် ပြည်သူတို့၏ သဘောတူ ခွင့်ပြုမှုကို အခြေခံခြင်းကြောင့်ဖြစ်သည်။

**ဆွေးနွေးချက်**

- အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းတို့ကို ဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေဆိုချက်များကို အတန်းသို့ တင်ပြ ပြောဆိုပါစေ။

**နီးစပ်သော အဖြေများ**

၁။ ရွေးကောက်ပွဲများ (အစိုးရအဖြစ် သတ်မှတ်ခံရခြင်း) ခန့်အပ်ထားရှိခြင်း (အစိုးရအဖွဲ့ ဖွဲ့စည်းခြင်း)

၂။ ကျောင်းသားပေါ်မူတည်၍ ဖြေဆိုပုံ ကွဲလွဲနိုင်သည်။

၃။ ကျန်းမာရေး(ဆေးဝါး၊ ဆရာဝန်၊ ဆေးရုံ ဆေးပေးခန်းများ၊ ကုသစောင့်ရှောက်ပေးမှုများ)၊ ပညာရေး (ဆရာ၊ ဆရာမများ၊ ကျောင်းသုံးစာအုပ်များ၊ စာသင်ကျောင်းများ၊ သင်ကြားရေး)၊ သယ်ယူပို့ဆောင်ရေး (ဘတ်စ်ကားများ၊ မီးရထားများ၊ ယာဉ်မောင်းများ)

၄။ ကျောင်းသားပေါ်မူတည်၍ ဖြေဆိုပုံကွဲလွဲနိုင်သည်။

### လုပ်ငန်းများ

- ဖော်ပြပါဇယားရှိ အချက်အလက်များကို လေ့လာ ဖတ်ရှုပါစေ။ ထိုဖော်ပြချက်များကို နားလည်မှုရှိ၊ မရှိ စစ်ဆေးမေးမြန်းပေးပါ။

  **ထိုဇယားတွင် နိုင်ငံပေါင်း ၁၂ နိုင်ငံ၏ တရားဝင်အသိအမှတ်ပြုမှု အခြေအနေကို ဖော်ညွှန်းထားသည်။ ထိုတရားဝင်အသိအမှတ်ပြုမှုကို ဆန်းစစ်ရာတွင် အောက်ပါအချက် ၄ ချက်ဖြင့် တိုင်းတာ သတ်မှတ်ထားပေသည်။**

  » **လူမှုအုပ်စုအသီးသီး၏ မကျေနပ်မှု** – အတိတ်ကာလက ပဋိပက္ခများ၊ မမျှတမှုများကြောင့် အစိုးရအပေါ် အတိုက်အခံပြုခြင်း။ ၎င်းတွင် တိုင်းရင်းသားများ၊ လူမှုအစုအဖွဲ့များအပေါ် အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ခွဲခြားမှုများနှင့် အကြမ်းဖက်မှုများ စသည်တို့ ပါဝင်ပေသည်။

  » **အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု** – အစိုးရတွင်း ခြစားမှုများနှင့် စီမံမှုအမှားများ။ ထိုအထဲတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ မရှိခြင်း၊ နိုင်ငံရေးအရ ပါဝင်မှုများ ခွင့်မပြုခြင်း စသည်တို့ ပါဝင်နိုင်သည်။ ဤသည်တို့က အစိုးရအပေါ် လူကြိုက်များထောက်ခံမှုကို လျော့ကျစေနိုင်၊ လက်လွှတ် ဆုံးရှုံးရစေနိုင်ပေသည်။

  » **ပြည်သူ့ဝန်ဆောင်မှုများ** – ကျန်းမာရေး၊ ပညာရေး၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး အစရှိသည်တို့အတွက် နိုင်ငံတော်မှ အခြေခံ ဖြည့်စွမ်းပေးမှုများ ရရှိခံစားနိုင်မှု မရှိခြင်း။

  » **လူ့အခွင့်အရေး** – ဥပဒေဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အခွင့်အရေးများ ချိုးဖောက်ခံရမှု။ ၎င်းတွင် မီဒီယာအပေါ် ဖိနှိပ်မှု၊ နိုင်ငံရေးအကြောင်းပြု၍ စစ်တပ်နှင့် ရဲအင်အားတို့ကို အသုံးပြုမှု၊ နိုင်ငံရေး အတိုက်အခံများကို နှိပ်ကွပ်မှု၊ ဘာသာရေးနှင့် ယဉ်ကျေးမှုအရ ခွဲခြားမှု အစရှိသည်တို့ အကြုံးဝင်ပေသည်။

- အဖွဲ့များဖွဲ့ပြီး လုပ်ဆောင်ရမည်။ အဖွဲ့တစ်ဖွဲ့လျှင် ဇယားတွင် ပါရှိသည့် နိုင်ငံတစ်နိုင်ငံစီကို ရွေးချယ်ပါစေ။ ထိုရွေးချယ်ထားသည့် နိုင်ငံများ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မတူရအောင်လည်း ကြပ်မတ်ပေးပါ။
- ဇယားပါ အချက်အလက်တို့ကို အခြေခံပြီး မေးခွန်းတို့ကို ဖြေဆိုပါစေ။
- ကျောင်းသားတို့ရွေးချယ်ထားသောနိုင်ငံ၏ တရားဝင်အသိအမှတ်ပြုမှု အခြေအနေနှင့် ထိုနိုင်ငံရှိပြည်သူများအပေါ် မည်သည့် သက်ရောက်မှုများ ရှိသည့်အကြောင်း အတန်းသို့ အဖွဲ့လိုက် ဆွေးနွေး တင်ပြပါစေ။
- ထို့အတူ မိမိတို့ ဖြေဆိုထားသည့် အချက်အလက်တို့ကိုလည်း အတန်းဖော်များထံ မျှဝေတင်ပြပါစေ။

> **အကြံပြုချက်**
>
> ကျောင်းသားများအနေဖြင့် မိမိတို့တိုင်းပြည်၏ အကြောင်းကိုလည်း အင်တာနက်တွင်ဖြစ်စေ၊ စာအုပ်စာတမ်းများတွင်ဖြစ်စေ လေ့လာနိုင်ကြမည်။ ဇယားတွင်ပါရှိသည့် သတ်မှတ်ချက်များ၊ အချက်အလက်များနှင့် မိမိတို့တိုင်းပြည်ရှိ ဖြစ်ရပ်အခြေအနေတို့ကို တိုက်ဆိုင်စိစစ်ပြီး မိမိတို့တိုင်းပြည်ရှိ အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု အခြေအနေကို လေ့လာအကဲဖြတ်နိုင်ကြမည်ဖြစ်သည်။

## ၂.၂.၂ တရားဝင်အသိအမှတ်ပြုမှု၊ ထိရောက်မှုနှင့် တည်ငြိမ်မှု

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းကို ဆွေးနွေး ဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားချက်များကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၂.၂.၂) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

#### နီးစပ်သော အဖြေများ

အစိုးရများက တိုင်းပြည်ကို ငြိမ်းချမ်းစွာ၊ ထိရောက်စွာ စီမံအုပ်ချုပ်စေရန် တရားဝင်အသိအမှတ်ပြုမှုက ထောက်ပံ့ပေးသောကြောင့် အရေးပါရခြင်းဖြစ်သည်။ တရားဝင်အသိအမှတ်ပြုမှုသာ မရှိပါက နိုင်ငံအစိုးရသည် နိုင်ငံသားတို့၏ ထောက်ခံမှုကို အစိုးရများအနေဖြင့် လွယ်လွယ်ကူကူပင် လက်လွှတ်ဆုံးရှုံးရနိုင်ပေသည်။

**နီးစပ်သော အဖြေများ**

| နိုင်ငံ | အောက်ပါ တရားဝင်အသိအမှတ်ပြုမှုဆိုင်ရာ လက္ခဏာရပ်များ ချိုးဖောက်မှုမရှိ (၇ – အထက်) | အောက်ပါ တရားဝင်အသိအမှတ်ပြုမှုဆိုင်ရာ လက္ခဏာရပ်များ ချိုးဖောက်မှု မရှိ | တရားဝင်အသိအမှတ်ပြုမှု ရှိ/ မရှိ (၅–အောက်) |
|---|---|---|---|
| အီရတ် | လူမှုအုပ်စုအသီးသီး၏ မကျေနပ်မှု၊ အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု၊ ပြည်သူ့ဝန်ဆောင်မှုများ၊ လူ့အခွင့်အရေး | | မရှိ |
| မြောက်ကိုရီးယား | အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု၊ ပြည်သူ့ဝန်ဆောင်မှုများ၊ လူ့အခွင့်အရေး | | မရှိ |
| တောင်အာဖရိက | | လူမှုအုပ်စုအသီးသီး၏ မကျေနပ်မှု၊ အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု၊ လူ့အခွင့်အရေး | ဖြေဆိုပုံ ကွဲလွဲနိုင်သည် |
| တီမောလ် | အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု၊ ပြည်သူ့ဝန်ဆောင်မှုများ၊ | လူ့အခွင့်အရေး | ဖြေဆိုပုံ ကွဲလွဲနိုင်သည် |
| အီရန် | လူမှုအုပ်စုအသီးသီး၏ မကျေနပ်မှု၊ အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု၊ လူ့အခွင့်အရေး၊ | ပြည်သူ့ဝန်ဆောင်မှုများ | ဖြေဆိုပုံ ကွဲလွဲနိုင်သည် |
| တရုတ်ပြည်သူ့သမ္မတနိုင်ငံ | လူမှုအုပ်စုအသီးသီး၏ မကျေနပ်မှု၊ အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု၊ လူ့အခွင့်အရေး | | ဖြေဆိုပုံ ကွဲလွဲနိုင်သည် |
| အစ္စရေး၊ အနောက်ဘက်ကမ်း | လူမှုအုပ်စုအသီးသီး၏ မကျေနပ်မှု၊ | ပြည်သူ့ဝန်ဆောင်မှုများ | ဖြေဆိုပုံ ကွဲလွဲနိုင်သည် |
| အိန္ဒိယ | လူမှုအုပ်စုအသီးသီး၏ မကျေနပ်မှု | အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု | ဖြေဆိုပုံ ကွဲလွဲနိုင်သည် |
| ကျူးဘား | | လူမှုအုပ်စုအသီးသီး၏ မကျေနပ်မှု၊ ပြည်သူ့ဝန်ဆောင်မှုများ | ဖြေဆိုပုံ ကွဲလွဲနိုင်သည် |
| ဆော်ဒီအာရေးဗီးယား | လူ့အခွင့်အရေး | ပြည်သူ့ဝန်ဆောင်မှုများ | ဖြေဆိုပုံ ကွဲလွဲနိုင်သည် |
| မလေးရှား | | လူမှုအုပ်စုအသီးသီး၏ မကျေနပ်မှု၊ အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု၊ ပြည်သူ့ဝန်ဆောင်မှုများ | ရှိ |
| သီရိလင်္ကာ | လူမှုအုပ်စုအသီးသီး၏ မကျေနပ်မှု၊ အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု၊ လူ့အခွင့်အရေး | ပြည်သူ့ဝန်ဆောင်မှုများ | ဖြေဆိုပုံ ကွဲလွဲနိုင်သည် |
| တောင်ကိုရီးယား | | လူမှုအုပ်စုအသီးသီး၏ မကျေနပ်မှု၊ အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု၊ ပြည်သူ့ဝန်ဆောင်မှုများ၊ လူ့အခွင့်အရေး | ရှိ |

- ဤလေ့ကျင့်ခန်းကိုပင် အခြားသော နိုင်ငံတစ်နိုင်ငံဖြင့် အဖွဲ့လိုက် ထပ်မံ ရွေးချယ်စေပြီး နောက်ထပ်တစ်ကျော့ လုပ်ဆောင်စေနိုင်ပါသည်။

### လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။

### နီးစပ်သောအဖြေများ

၁။ တရားဝင်အသိအမှတ်ပြုမှုရှိသော အစိုးရများသည် လူမှုပဋိပက္ခများကို ကောင်းမွန်စွာ စီမံကိုင်တွယ်တတ်ကြသည်။ ထိုတိုင်းပြည်ရှိ နိုင်ငံသားများအနေဖြင့်လည်း အစိုးရများမှ ကိုယ်ကျိုး စီးပွားထက် တစ်တိုင်းပြည်လုံး၏ အကျိုးစီးပွားနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဟု လက်ခံယူဆထားသည့်အတွက်ကြောင့် တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းအဖြေရှာရန် ပိုမို လိုလားကြပေသည်။ ဤသည်တို့က တရားဝင်အသိအမှတ်ပြုမှုရှိသော အစိုးရများကို အေးချမ်းသာယာပြီး တည်ငြိမ်မှုရှိသော အစိုးရတစ်ရပ် အဖြစ်သို့ ပုံဖော်ပေးနိုင်ကြပေသည်။

၂။ နိုင်ငံသားများသည် တရားဝင်အသိအမှတ်ပြုမှုရှိသည်ဟု လက်ခံထားသည့် အစိုးရတစ်ရပ်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြေ ပိုများသည်။ ထိုကဲ့သို့ အစိုးရအားလိုက်နာခြင်းသည် လုပ်သင့် လုပ်ထိုက်သောအရာဖြစ်သည်ဟု ပြည်သူများက ယူဆထားကြသည့်အတွက်ကြောင့် တရားဝင်သော အစိုးရများမှာ ပြည်သူတို့၏ ပူးပေါင်း ဆောင်ရွက်မှုများပေါ်တွင် မှီခိုနိုင်ကြသည်။

## ၂.၂.၃ အစိုးရစနစ်တစ်ရပ် ဆိုသည်မှာ အဘယ်နည်း

### အကြံပြုသင်ခန်းစာ

- 'ဒီမိုကရေစီ' နှင့် 'အာဏာရှင်စနစ်' တို့၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေဆိုထားချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၂.၂.၃) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

၁။ ဒီမိုကရေစီဆိုသည်မှာ ပြည်သူက ပြည်သူကို အုပ်ချုပ်သည့် နိုင်ငံရေးစနစ်ဖြစ်သည်။ ဒီမိုကရေစီစနစ်၏ အဓိကလက္ခဏာရပ်အချို့တို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

» လွတ်လပ်မျှတသည့် ရွေးကောက်ပွဲများ။
» လွတ်လပ်စွာ စုရုံးခွင့်။
» ပါတီစုံ ရွေးကောက်ပွဲများ။
» လူနည်းစု အခွင့်အရေးများ။
» ခိုင်မာတောင့်တင်းပြီး လူမျိုးစုံပါဝင်သည့် အရပ်ဘက်လူ့အဖွဲ့အစည်းများ။
» လွတ်လပ်အားကောင်းသည့် မီဒီယာ။
» လွတ်လပ်သည့် တရားစီရင်ရေးစနစ်။
» တရားဥပဒေစိုးမိုးမှုရှိခြင်း။
» လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်မှု။

၂။ **အာဏာရှင်စနစ်ဆိုသည်မှာ အာဏာကို အစိုးရမှ ကြီးစိုးချုပ်ကိုင်ထားသည့် နိုင်ငံရေးစနစ်ပင် ဖြစ်သည်။ အာဏာရှင်စနစ်၏ အဓိကလက္ခဏာရပ်အချို့တို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။**

» ခေါင်းဆောင်တစ်ဦး၊ သို့မဟုတ် အကြီးအကဲ အဖွဲ့တစ်ဖွဲ့တည်းက အကြွင်းမဲ့ နိုင်ငံရေးအာဏာကို ချုပ်ကိုင်ထားသည်၊
» နိုင်ငံရေးအရ ပါဝင်လှုပ်ရှားမှုများမှာ အကန့်အသတ်ဖြင့်သာ ပါဝင်နိုင်ကြသည်၊
» မငြိမ်သက်မှုများကို ဖိနှိပ်ခြင်း၊ လိုအပ်ပါက အကြမ်းဖက်နှိပ်ကွပ်ခြင်း၊
» ခြစားမှုများ အမြစ်တွယ်နေခြင်း၊
» အစိုးရအာဏာအပေါ် အကန့်အသတ်များ၊ ထိန်းကျောင်းမှုများ မထားရှိခြင်း၊
» ဆင်ဆာဖြတ်တောက်မှုများ၊
» လူနည်းစုများအပေါ် နှိပ်ကွပ်မှုများ၊
» အားပျော့ပြီး အစိုးရကို ထောက်ခံလိုလားသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၊
» တရားဥပဒေစိုးမိုးမှု လျော့နည်းခြင်း။

**ဒီမိုကရေစီဆိုင်ရာ အယူအဆများ**

- အောက်ပါတို့ကို စစ်မှန်သော ဒီမိုကရေစီစနစ်အတွက် မရှိမဖြစ် လိုအပ်သည့် လက္ခဏာရပ်များအဖြစ် သတ်မှတ်နိုင်ပေသည်။
- ပြည်သူ့ရေးရာ မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များကို ပြည်သူတို့ ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များမှ ချမှတ်ပြဋ္ဌာန်းခြင်း၊
- ထိုကိုယ်စားလှယ်များကို လွတ်လပ်မျှတသည့် ပုံမှန်ရွေးကောက်ပွဲများမှတစ်ဆင့် ရွေးချယ်ခန့်အပ်ခြင်း၊
- ကိုယ်စားလှယ်လောင်းများအနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အပ်နှင်းထားသည့် အာဏာကို ရွေးကောက် တင်မြှောက်ခံထားရသူ မဟုတ်သည့် ဝန်ထမ်းအရာရှိတို့၏ အနှောင့်အယှက် မပါဘဲ အသုံးပြုနိုင်ခြင်း၊
- အသက်ပြည့်သူ နိုင်ငံသားတိုင်း ရွေးကောက်ပွဲတွင် မဲပေးနိုင်မှု၊
- အသက်ပြည့်သူ နိုင်ငံသားတိုင်း ရွေးကောက်ပွဲတွင် ဝင်ရောက် ရွေးခံပိုင်ခွင့်၊

---

- နိုင်ငံသားတိုင်း နိုင်ငံရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး မိမိတို့ကိုယ်ကို နိုင်ငံတော်မှ ပြစ်ဒဏ်ပေးခြင်းမခံရဘဲ ထုတ်ဖော် တင်ပြနိုင်ခွင့်။
- သတင်းမီဒီယာနှင့် အင်တာနက်တို့မှ သတင်းအချက်အလက်များကို နိုင်ငံသားတိုင်းရယူနိုင်ခွင့်။
- နိုင်ငံသားများအနေဖြင့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအပါအဝင် လွတ်လပ်သည့် အစည်းအရုံးများ၊ အဖွဲ့အစည်းများ တည်ထောင်နိုင်ခွင့်၊
- အရွေးကောက်ခံ ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး အဆောက်အအုံယန္တရားများ အပေါ်တွင် ထိရောက်စွာ ချုပ်ကိုင်ထားနိုင်မှု၊ ထိုနိုင်ငံရေး အဆောက်အအုံယန္တရားများတွင် ရဲတပ်ဖွဲ့နှင့် စစ်တပ်တို့လည်း ပါဝင်သည်။
- လူမျိုး၊ ကျား/မ၊ လိင်သတ်မှတ်ချက်၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံရေးနှင့် အခြားသော ခံယူချက်များ၊ တိုင်းရင်းသားဖြစ်မှုနှင့် လူမှုဇာစ်မြစ်၊ ပိုင်ဆိုင်မှု၊ မျိုးရိုး၊ အဆင့်အတန်း စသည်တို့ကို အခြေခံသည့် မည်သို့သော ခွဲခြားမှုမျိုးမှ မကြုံတွေ့ရဘဲ မိမိတို့၏ အခွင့်အရေးများကို နိုင်ငံသားများ အပြည့်အဝ ကျင့်သုံးခံစားနိုင်ခွင့်။

## လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့် ဖြစ်စေ မေးခွန်းတို့ကို ဖြေဆိုပါစေ။

## နီးစပ်သော အဖြေများ

၁။ ဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်မှုတို့ကို ထိန်းသိမ်းပေးစွမ်းနိုင်ရန် နိုင်ငံရေးအခွင့်အရေးများကို ကန့်သတ်ထားရမည်ဖြစ်ကြောင်း အာဏာရှင်စနစ် ကျင့်သုံးသော အစိုးရများက ဆိုထားသည်။ ဒီမိုကရေစီစနစ်တွင်မူ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူများအကြား လွတ်လပ်သော ယှဉ်ပြိုင်မှုကို ဖန်တီးပေးစွမ်းနိုင်ရန် အတွက် 'အခွင့်အရေးများ' ကို တန်ဖိုးထားကြသည်၊ အကာအကွယ် ပြုပေးအပ်ကြသည်ကို တွေ့ရသည်။ (ဥပမာ ။ ။ မဲပေးခွင့်၊ ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးချယ်ခံပိုင်ခွင့်)

၂။ အာဏာရှင်စနစ် ကျင့်သုံးသော အစိုးရများ၏ အဆိုအရ ဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်မှုတို့ကို ထိန်းသိမ်း ပေးစွမ်းနိုင်ရန် 'ကိုယ်ပိုင်လွတ်လပ်ခွင့်' တို့ကို ကန့်သတ်ထားရမည်ဖြစ်ကြောင်း ဆိုထားသည်။ ဒီမိုကရေစီစနစ်တွင်မူ နိုင်ငံရေးလှုပ်ရှား ဆောင်ရွက်သူများအကြား လွတ်လပ်သော ယှဉ်ပြိုင်မှုကို ဖန်တီးပေးစွမ်းနိုင်ရန် အတွက် 'ကိုယ်ပိုင်လွတ်လပ်ခွင့်' ကိုတန်ဖိုးထားကြသည်၊ အကာအကွယ်ပြုပေးအပ်ကြသည်ကို တွေ့ရသည်။ (ဥပမာ ။ ။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ စာနယ်ဇင်း လွတ်လပ်ခွင့်)

၃။ လုပ်ပိုင်ခွင့်။

၄။ အာဏာ။

## လုပ်ငန်းများ

- နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ စာမျက်နှာ (၂၀၂ မှ ၂၀၅) တွင် ပါရှိသည့် ဖြစ်စဉ်ပြဇယားကို ကြည့်ရှုသုံးသပ်ပါစေ။
- ထိုဇယားပါ ဖြစ်ရပ်များထဲမှ အစိုးရစနစ်အပြောင်းအလဲ ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များကို ရွေးချယ်စိစစ်ပြီး အောက်ဖော်ပြပါ ဇယားတွင် ဖြည့်စွက်ပေးပါ။
- ထိုအပြောင်းအလဲများသည် 'အထက်မှ အောက်' သို့မဟုတ် 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာဖြစ်သည်၊ အကြမ်းဖက်မှု ကျင့်သုံးခြင်းရှိ၊ မရှိ စသည်ဖြင့် ခွဲခြား သတ်မှတ်ပေးပါ။

## နီးစပ်သော အဖြေများ

ထိုသို့ သတ်မှတ်ရာတွင် လုံးဝဥဿုံ မှန်ကန်သည့် အဖြေဟူ၍ မရှိ။ ဤနေရာတွင် ဥပမာအနေဖြင့်သာ ပြသထားခြင်းဖြစ်ပြီး အမြင်အယူအဆ ကွဲလွဲသည်လည်း ရှိနိုင်သည်။

ထိုသို့ လုပ်ဆောင်ရာတွင် ကျောင်းသားများကို ဆွေးနွေးငြင်းခုံပါစေ။ လုပ်ဆောင်ချက်၏ အဓိကဦးတည်ချက်မှာ ကျောင်းသားများက မိမိတို့၏ ဖြေဆိုချက်များကို အထောက်အထား၊ အချက်အလက် ခိုင်ခိုင်လုံလုံဖြင့် တွေးဆဖြေဆိုတတ်ရန်သာဖြစ်သည်။

| ဖြစ်ရပ် နှင့် ဖြစ်ပွားသည့် ကာလ | အစိုးရစနစ်ဟောင်း | အစိုးရစနစ်သစ် | 'အထက်မှ အောက်' သို့ (သို့မဟုတ်) 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ | အကြမ်းဖက်မှု ကျင့်သုံး/ မကျင့်သုံး |
|---|---|---|---|---|
| ၁၉၄၈ ဗမာပြည် လွတ်လပ်ရေး | ဗြိတိသျှ ကိုလိုနီ | ဒီမိုကရေစီ | 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာ | အကြမ်းဖက်မှု အနည်းငယ်ရှိ |
| ၁၉၆၂ စစ်တပ်မှ အာဏာသိမ်းခြင်း | ဒီမိုကရေစီ ပြည်သူ့ဝန် ဆောင်မှုများ၊ လူ့အခွင့်အရေး | အာဏာရှင်စနစ်၊ တစ်ပါတီစနစ် | 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာ | အကြမ်းဖက်မှု မရှိ |
| ၁၉၈၈ SLORC မှ အာဏာသိမ်းခြင်း | အာဏာရှင်စနစ်၊ တစ်ပါတီစနစ် | အာဏာရှင်စနစ် | ဖြေဆိုပုံ ကွဲလွဲနိုင် 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာ | အကြမ်းဖက်မှု ရှိ |
| ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အသစ် | အာဏာရှင်စနစ်၊ တစ်ပါတီစနစ် | ဒီမိုကရေစီ (ရာနှုန်းပြည့် မဟုတ်သေး) | 'အထက်မှ အောက်' သို့ စီးဆင်းသည့် အာဏာ | အကြမ်းဖက်မှု မရှိ |

### ဆွေးနွေးချက်

- အဖွဲ့နှင့်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

» အပြောင်းအလဲအများစုသည် 'အထက်မှ အောက်' ပုံစံ ဖြစ်သည်ကို တွေ့ရှိရသည်။

» အစိုးရစနစ်အများစုသည် အာဏာရှင်စနစ် ကျင့်သုံးခဲ့သည်ကို လေ့လာရသည်။


### လုပ်ငန်းများ

- စာမျက်နှာ (၂၀၆ မှ ၂၁၃) တွင် ပါရှိသည့် လှုပ်ရှားဆောင်ရွက်သူများ စာရင်းကို ကြည့်ရှုသုံးသပ်ပြီး ထိုစာရင်းပါ လုပ်ဆောင်သူ အချို့တို့ကို ရွေးချယ်ပါစေ။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ပြုလုပ်စေနိုင်မည်။
- ထိုသို့ ရွေးချယ်ထားသူတို့ကို ဖော်ပြပါ အညွှန်းပြမျဉ်း၏ သင့်လျော်သည့် နေရာတွင် သတ်မှတ်ပါစေ။

### နီးစပ်သော အဖြေများ

ထိုသို့ သတ်မှတ်ရာတွင် လုံးဝဥဿုံ မှန်ကန်သည့်အဖြေဟူ၍ မရှိ။ ဤနေရာတွင် ဥပမာအနေဖြင့်သာ ပြသထားခြင်းဖြစ်ပြီး အမြင်အယူအဆ ကွဲလွဲကြမည်ဖြစ်သည်။

ထိုသို့ လုပ်ဆောင်ရာတွင် ကျောင်းသားများကို ဆွေးနွေးငြင်းခုံပါစေ။ လုပ်ဆောင်ချက်၏ အဓိကဦးတည်ချက်မှာ မိမိတို့၏ ဖြေဆိုချက်များကို အထောက်အထား၊ အချက်အလက် ခိုင်ခိုင်လုံလုံဖြင့် ရွေးချယ်တတ်၊ ဖြေဆိုတတ်စေရန်သာဖြစ်သည်။




### လုပ်ငန်းများ – ပိရောဓိများ

- တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ဖော်ပြပါအဆိုတို့ကို လေ့လာဖတ်ရှုပါစေ။
- ထိုအဆိုတို့ကို အာဏာရှင်စနစ်တွင် တွေ့ရှိနိုင်မည်၊ သို့မဟုတ် ဒီမိုကရေစီစနစ်တွင် တွေ့ရှိနိုင်မည်ကို ပိုင်းခြားဆုံးဖြတ်ပါစေ။

### အဖြေများ

**အာဏာရှင်စနစ် – ၂၊ ၃၊ ၅၊ ၇၊ ၈။**

**ဒီမိုကရေစီစနစ် – ၁၊ ၄၊ ၆၊ ၉၊ ၁၀။**

#### အာဏာရှင်စနစ်ဆိုင်ရာ အယူအဆများ

အောက်ပါတို့သည် အာဏာရှင်စနစ်ကျင့်သုံးသော အစိုးရများ၏ လက္ခဏာရပ်များ ဖြစ်ကြသည်။

- ပြည်သူများအနေဖြင့် မည်သူက တိုင်းပြည်ကို အုပ်ချုပ်နိုင်မည် (မည်သူ့ကို အာဏာအပ်နှင်းမည်ကို) ဆုံးဖြတ်ရွေးချယ်နိုင်ခွင့်မရှိ။
- ရွေးကောက်ပွဲများ ကျင်းပခြင်းမရှိ၊ ကျင်းပသည့်အခါတွင်လည်း ယှဉ်ပြိုင်မှုများ မရှိကြ။ လက်တွေ့ရွေးချယ်နိုင်လောက်သည့် ကိုယ်စားလှယ်လောင်းများ မရှိသလောက်ပင်ဖြစ်သည်။ ဥပမာအားဖြင့် အာဏာရပါတီမှ ဝင်ရောက်အရွေးခံသူတစ်ဦးသာ ရှိတတ်သည်။
- နိုင်ငံရေးပါတီများကို အစိုးရက ပိတ်ပင်ထားသည်၊ ထိန်းချုပ်ထားသည်။
- အတိုက်အခံ ကိုယ်စားလှယ်လောင်းများ၊ လှုပ်ရှားသူများကို ထောင်သွင်း အကျဉ်းချ ထားတတ်သည်၊ ဖမ်းဆီးထိန်းသိမ်းထားသည်။ 'ဥပဒေဖောက်ဖျက်သူများ' အဖြစ် ဘေးဖယ်ပထုတ်ခံထားရတတ်သည်။
- ခေါင်းဆောင်များသည် ဥပဒေများ၏ အထက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အထက်တွင်ရှိသည်။
- ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးတို့ အကြား အာဏာရှင်ခြားထားမှုမရှိ။ အုပ်ချုပ်ရေးအာဏာက လွှမ်းမိုးကြီးစိုးထားသည်ကို တွေ့ရသည်။ လွှတ်တော်ဟူ၍ မထားရှိ၊ ထားရှိပါကလည်း အပြည့်အဝ ထိန်းချုပ်ခံထားရသည်။ (ဥပမာ – တရုတ်၊ ဗီယက်နမ်)။ တရားစီရင်ရေးမှာလည်း လွတ်လပ်စွာရပ်တည်နိုင်ခြင်း မရှိချေ။
- လူ့အခွင့်အရေးများမှာ လေးစားတန်ဖိုးထားခြင်း၊ အကာအကွယ်ပြုပေးခြင်း မခံကြရ။
- နိုင်ငံသားဆိုင်ရာလွတ်လပ်ခွင့်များနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများမှာ လျစ်လျူရှု ဖိနှိပ်ခံကြရသည်။
- မီဒီယာများကို နိုင်ငံတော်က ချုပ်ကိုင်ထားသည်၊ သို့မဟုတ် အစိုးရနှင့် နီးစပ်သူ အုပ်စုများက ထိန်းချုပ်ထားသည်။ မီဒီယာတို့မှာ ဆင်ဆာ ဖြတ်တောက်ခံရ၊ အဖိနှိပ်ခံကြသည်။
- အရပ်ဘက် လူ့အဖွဲ့အစည်းများမှာ အကန့်အသတ်ဘောင်အတွင်းသာ ရပ်တည်နေနိုင်သည်။

## ၂.၂.၄ ဒီမိုကရေစီနည်းကျ တရားဝင်အသိအမှတ်ပြုမှု

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၂.၂.၄) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

ဒီမိုကရေစီနည်းကျ တရားဝင်အသိအမှတ်ပြုမှုသည် ပူးပေါင်းပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တရားဥပဒေစိုးမိုးမှု၊ ကောင်းမွန်သော အုပ်ချုပ်မှုစသည်တို့မှ ရရှိနိုင်ကြသည်။

## ဆွေးနွေးချက်

- အဖွဲ့များဖွဲ့ပြီး မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ထိုသို့ ဖြေဆိုရာတွင် အဖြေတစ်ခုစီအတွက် ဥပမာများ တင်ပြပါစေ။

## နီးစပ်သော အဖြေများ

၁။ **လွယ်ကူမှုရှိသည်။ အကြောင်းမှာ နိုင်ငံသားများအနေဖြင့် –**

» နိုင်ငံရေးပါတီတစ်ရပ်ရပ်တွင် ပါဝင်လှုပ်ရှားနိုင်မည်၊

» အရပ်ဘက် လူမှုအဖွဲ့အစည်းတွင် ပါဝင်လုပ်ဆောင်နိုင်မည်။

**ခက်ခဲမှုရှိသည်။ အကြောင်းမှာ –**

» ခွင့်ပြုချက်ဖြင့်သာ ဆန္ဒထုတ်ဖော်နိုင်သည်၊

» ရွေးကောက်ပွဲတွင် ကိုယ်စားပြု တင်မြှောက်ခံရရန် အခွင့်အလမ်း နည်းပါးသည်၊

» အစိုးရအတွင်း ရာထူးနေရာ ရရှိရန် ခက်ခဲသည်။

၂။ ရှိသည်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲသည် လွတ်လပ်မျှတမှုရှိပြီး ခြစားမှုတိုက်ဖျက်ရေး လုပ်ငန်းများမှာလည်း အကောင်အထည် ဖော်လျက်ရှိခြင်းကြောင့်ဖြစ်သည်။

မရှိချေ။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှာ နှေးကွေးလွန်းပြီး အစိုးရဝန်ထမ်းအများစုမှာလည်း မိမိတို့ အဖွဲ့အစည်းအတွင်းသာ တာဝန်ခံမှု ရှိကြခြင်းကြောင့် ဖြစ်သည်။

၃။ ပွင့်လင်းမြင်သာမှု မရှိချေ။ ဆုံးဖြတ်ချက်အများစုမှာ 'တံခါးပိတ်' ဆုံးဖြတ်ဆဲသာဖြစ်သည်။

ပွင့်လင်းမြင်သာမှုရှိသည်။ ဆုံးဖြတ်ချက်များ၊ ဆွေးနွေးမှုများ၊ လုပ်ငန်းစဉ်များမှာ ရှေးယခင် ကာလနှင့် စာလျှင် ပိုမိုပွင့်လင်းမှု ရှိလာသည်ကို တွေ့မြင်လာရသည်။ မီဒီယာများအနေဖြင့်လည်း အစိုးရအကြောင်း၊ နိုင်ငံရေး အကြောင်း ဝေဖန်ရေးသားမှုများကို လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်လာကြသည်။

၄။ ထိရောက်မှုမရှိချေ။ ပြည်တွင်းစစ်ပွဲများ၊ ခြစားမှုများ၊ လူမျိုးရေး အကြမ်းဖက်မှုများမှာ တရားဥပဒေစိုးမိုးမှု နည်းပါးခြင်း၏ သင်္ကေတတို့ပင်ဖြစ်သည်။

ထိရောက်မှုရှိသည်။ ခြစားမှုတိုက်ဖျက်ရေး မူဝါဒများ၊ ရဲအရာရှိနှင့် တရားစီရင်ရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးမှု အစီအစဉ်များက တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်လာသည်ကို ဖော်ပြနေသည်။

၅။ ထိရောက်မှုမရှိ။ ဆက်ဆံရေးနှင့် စွမ်းဆောင်ရည် ညံ့ဖျင်းသည်။ ခြစားမှုများရှိသည်။

ထိရောက်မှုရှိသည်။ အင်အားကြီး စစ်တပ်ကို ပိုင်ဆိုင်ထားသည်။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများမှ တိုးတက်မှုများ၊ ထိရောက်မှုများ ခံစားရရှိလာသည်။ NGO များ၊ စီးပွားရေး လုပ်ငန်းများမှာလည်း ပူးပေါင်း လုပ်ဆောင်ရန် ပိုမိုလွယ်ကူလာသည်။

၆။ ဒီမိုကရေစီစနစ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ

» စာပေစိစစ်ရေးအဖွဲ့ကို ဖျက်သိမ်းခြင်း။

» ခြစားမှုတိုက်ဖျက်ရေး မူဝါဒများ။

» ငြိမ်းချမ်းရေး ဆွေးနွေးမှုများ။

» အင်တာနက် ဆင်ဆာဖြတ်တောက်မှုကို လျှော့ချပေးခြင်း။

» နိုင်ငံရေး အကျဉ်းသားများကို လွှတ်ပေးခြင်း။

» ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ။

## ၂.၂.၅ အာဏာရှင် အစိုးရများ၏ အကြောင်းပြချက်များ

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းကို ဆွေးနွေး ဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားချက်များကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၂.၂.၅) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

အာဏာရှင်စနစ်ကျင့်သုံးသော အစိုးရများသည် မိမိတို့ အုပ်ချုပ်မှုတရားကြောင်း ရှင်းလင်းအကြောင်းပြရန်အတွက် တိုင်းပြည်၏ တည်ငြိမ်မှု ထိန်းသိမ်းရန်ဟု ချေပတတ်ကြသည်ကို တွေ့ရသည်။

ထို့အတူ အမျိုးသားရေး၊ ဘာသာရေး၊ စီးပွားရေးဖွံ့ဖြိုးမှု၊ နိုင်ငံတော်လုံခြုံရေး စသည်တို့အတွက် မိမိတို့အစိုးရကို လိုအပ်လှကြောင်းလည်း သက်သေရှာ အကြောင်းပြတတ်ကြပေသည်။

## လုပ်ငန်းများ

- အာဏာရှင်စနစ်ကျင့်သုံးသော အစိုးရများ လုပ်ဆောင်တတ်သည့် ဥပမာဖြစ်ရပ်များကို ဖတ်ရှုသုံးသပ်ပါစေ။ နားမလည်သည်တို့ ရှိပါက ရှင်းလင်းပြောပြပေးပါ။
- ထိုဥပမာဖြစ်ရပ်များကို ဖော်ပြပါ အကြောင်းပြချက် တစ်ရပ်စီနှင့် တွဲစပ်ပါစေ။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ ဖြစ်စေ လုပ်ဆောင်ပါစေ။

**အဖြေများ**

(က) လုံခြုံရေး – ၄၊ ၈၊ ၁၁။

(ခ) စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု – ၂၊ ၆၊ ၁၀။

(ဂ) အမျိုးသားရေး – ၃၊ ၇၊ ၁၂။

(ဃ) ဘာသာရေး – ၁၊ ၅၊ ၉။

# အခန်း (၃) ဝါဒအမျိုးမျိုး

## ၃.၁ အခြေခံ ဝါဒများ

### ၃.၁.၁ 'ဝါဒ' တစ်ရပ်ဆိုသည်မှာ အဘယ်နည်း

#### အကြံပြုသင်ခန်းစာ

၁။ ဝါဒ (ideologies) ၏ အနက်အဓိပ္ပာယ်ကို ရှင်းလင်းဖွင့်ဆိုပါစေ။

- ကျောင်းသားတို့၏ ဖွင့်ဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၃.၁.၁) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

#### နီးစပ်သော အဖြေများ

ဝါဒတစ်ရပ်ဆိုသည်မှာ နိုင်ငံရေးယုံကြည်ချက်များ ဖြစ်ပြီး၊ အဆိုပါ ယုံကြည်ချက်များနှင့် လက်တွေ့နိုင်ငံရေးတို့၏ ဆက်စပ်မှုများ ဖြစ်ပါသည်။ ဝါဒတစ်ရပ်တွင် လက်ရှိနိုင်ငံရေး အခြေအနေကို ရှင်းလင်းချက်၊ နိုင်ငံရေးသည် မည်သို့ ဖြစ်သင့်သည်ဟူသော ယုံကြည်ချက်များနှင့် အဆိုပါ ယုံကြည်ချက်များ ထင်ဟပ်လျက်ရှိသော နိုင်ငံရေး အခြေအနေတစ်ရပ်ရရှိနိုင်ရန် လက်ရှိနိုင်ငံရေး အခြေအနေကို ပြောင်းလဲရေး အစီအစဉ်တစ်ရပ်တို့ ပါဝင်ပါသည်။

၂။ ကျောင်းသားတို့ သိရှိထားသည့် ဝါဒများကို ရေးသားပြုစုပါစေ။

- ထိုပြုစုထားချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

#### နီးစပ်သော အဖြေများ

- » မင်းမဲ့ဝါဒ၊
- » ကွန်မြူနစ်ဝါဒ၊
- » ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒ၊
- » လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်လ်ဝါဒ၊
- » သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒ (environmentalism)
- » ဖန်ဒဲလ်မန်တယ်ဝါဒ (fundamentalism – မိမိတို့၏ ဘာသာအယူအဆကိုသာ တရားသေဆုပ်ကိုင်ထားသည့်ဝါဒ)၊
- » မ ဝါဒ (feminism)၊
- » ဆိုရှယ်လစ်ဝါဒ၊
- » လွတ်လပ်မှုအခြေပြု လစ်ဘာတေးရီးရန်းဝါဒ (libertarianism)၊
- » ဖက်ဆစ်ဝါဒ (fascism)၊

> အကြံပြုချက်
>
> ကျောင်းသားများအနေဖြင့် နိုင်ငံရေးဝါဒ အမျိုးမျိုးအကြောင်း သိရှိပြီးဖြစ်ပါက ထိုဝါဒများအကြောင်း အဖွဲ့လိုက် ဉာဏ်စမ်းပြိုင်ပွဲများ ပြုလုပ်စေနိုင်မည်။
>
> ထိုသို့ လုပ်ဆောင်စေရန်အတွက် အဖွဲ့တစ်ဖွဲ့စီတွင် စာရွက် တစ်ရွက်၊ ရေးသားမည့်သူ တစ်ဦးကျစီ ထားရှိ သတ်မှတ်ပါစေ။
>
> ပြီးနောက် ကျောင်းသားတို့ သိရှိထားသည့် ဝါဒများကို အစဉ်လိုက် ချရေးပါစေ။ ထိုသို့ပြုစုရေးသားရန်အတွက် အချိန် (၃) မိနစ်ခန့် ပေးပါ။ ထိုသို့ 'ဝါဒ' အများဆုံးကို ရေးသားနိုင်သည့် အဖွဲ့သည် ထိုပြိုင်ပွဲတွင် အနိုင်ရသည့် အဖွဲ့ ဖြစ်သည်။

## ပြန်လည်သုံးသပ်ချက်

၁။ ဖော်ပြထားသည့် တန်ဖိုးများအနက်မှ မည်သည်တို့က အရေးပါဆုံး ဖြစ်သည်၊ မည်သည့် အကြောင်းကြောင့် ဖြစ်သည်ကို ဆွေးနွေးဆုံးဖြတ်ပါစေ။

၂။ မိမိတို့နှင့် တန်ဖိုးရွေးချယ်ချက် တူညီသူအချင်းချင်း အဖွဲ့ဖွဲ့ပါစေ။

၃။ မည်သည့် အကြောင်းရင်းတို့ကြောင့် ထိုတန်ဖိုးများအား ရွေးချယ်ရသည်ကို ကျောင်းသားအချင်းချင်း ဆွေးနွေးပါစေ။

## ပြန်လည်သုံးသပ်ချက် – ကျွန်ုပ်တို့၏ ပါဒ – အပိုင်း (၁)

၁။ လူမှုအသိုင်းအဝိုင်းတစ်ရပ်အတွင်း မျှဝေကျင့်သုံးအပ်သည်ဟု လက်ခံယူဆထားသော အရေးပါဆုံးတန်ဖိုး (၃) ရပ်ကို ရေးသားပြုစုပါစေ။

၂။ ကျောင်းသားတို့ ရွေးချယ်ထားသည့် တန်ဖိုးများအရ ကျောင်းသား ၃ ဦးမှ ၆ ဦး အထိ ပါရှိသည့် အဖွဲ့များ ဖွဲ့ပေးပါ။

- အနည်းဆုံး အဖွဲ့ ၃ ဖွဲ့ ထားရှိပါ။

၃။ လူ့အဖွဲ့အစည်း၏ ပြဿနာရပ်များ၊ အကောင်းမွန်ဆုံးသော အနေအထား၊ ထိုအနေအထားရောက်ရှိစေနိုင်မည့် နည်းစနစ် အစရှိသည်တို့နှင့် စပ်လျဉ်းပြီး ဖော်ပြပါ ဝါကျတို့ကို ဆွေးနွေး ဖြေဆိုပါစေ။

- အချို့သော ကျောင်းသားများအနေဖြင့် လူ့အဖွဲ့အစည်း တစ်ရပ်လုံးအပေါ် သက်ရောက်လျက်ရှိသည့် ရေရှည်ပြဿနာ များကို ဦးစားပေး ဖြေဆိုနိုင်ပေသည်။ ထို့အတူ ကျောင်းသား အချို့တို့မှာမူ လတ်တလော ပြဿနာများကို အလေးပေး ဖြေဆိုထားနိုင်မည်။ ကျောင်းသားများအနေဖြင့် မိမိတို့ အကျွမ်းတဝင် နားလည်ထားသည့် ပြဿနာရပ်ကို ရွေးချယ် ဖြေဆိုနိုင်ကြမည် ဖြစ်သည်။
- ထိုသို့ ဖြေဆိုရာတွင် ကျောင်းသားအချို့တို့အတွက် အခက်အခဲ ရှိနေပါက အောက်ပါ ဥပမာအတိုင်း ရှင်းလင်း ပြသပေး နိုင်မည်။
    - » လက်ရှိအချိန်တွင် အကြီးကျယ်ဆုံးသော နိုင်ငံရေး ပြဿနာရပ်မှာ (ဖွဲ့စည်းပုံပြင်ဆင်ရေး) ဖြစ်သည်။
    - » လက်ရှိအချိန်တွင် အကြီးကျယ်ဆုံးသော လူမှုရေး ပြဿနာရပ်မှာ (တိုင်းရင်းသား ပဋိပက္ခများ) ဖြစ်သည်။
    - » လက်ရှိအချိန်တွင် အကြီးကျယ်ဆုံးသော စီးပွားရေး ပြဿနာရပ်မှာ (ဆင်းရဲမွဲတေမှု) ဖြစ်သည်။
    - » အကောင်းမွန်ဆုံးသော နိုင်ငံရေးအခြေအနေမှာ (တိုင်းရင်းသားတိုင်းမှ လက်ခံအတည်ပြုသည့် နိုင်ငံရေးစနစ်) ဖြစ်ပေမည်။
    - » အကောင်းမွန်ဆုံးသော လူမှုရေးအခြေအနေမှာ (လက်နက်ကိုင် တိုက်ပွဲများ၊ လူမျိုးရေးအကြမ်းဖက် မှုများ ကင်းဝေးခြင်း) ဖြစ်ပေမည်။
    - » အကောင်းမွန်ဆုံးသော စီးပွားရေးအခြေအနေမှာ (ဆင်းရဲမှု အမြစ်ပြတ်ခြင်း) ဖြစ်ပေမည်။
    - » ကျွန်ုပ်တို့အနေဖြင့် (လူမျိုးရေး အကြမ်းဖက်မှုများ၊ စစ်ပွဲများ) တို့ကို ရပ်တန့်ပစ်ရမည်။
    - » ကျွန်ုပ်တို့အနေဖြင့် (အလုပ်အကိုင်၊ ဥစ္စာဓန) တို့ကို တိုးပွားစေရမည်။
    - » ကျွန်ုပ်တို့အနေဖြင့် (အားလုံးလက်ခံ သဘောတူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ) တို့ကို ဖန်တီးရမည်။

## လုပ်ငန်းများ

၁။ 'ပြန်လည်သုံးသပ်ချက်' လေ့ကျင့်ခန်းတွင် ဖြည့်စွက်ခဲ့သည့် အယူအဆများကို အခြေခံပြီး ပိုစတာတစ်ခု ပြုလုပ်ပါစေ။ ထိုလေ့ကျင့်ခန်း၏ အဖွဲ့များအတိုင်း ဆောင်ရွက်ပါစေ။

- ထိုပိုစတာကို ပြုလုပ်ရာတွင် ဖော်ပြပါပုံအတိုင်း စာရွက်ကြီး တစ်ရွက်ပေါ်တွင် ဖန်တီးရေးဆွဲပါစေ။

၂။ ထိုရေးဆွဲထားသည့် ပိုစတာများကို အတန်းသို့ ရှင်းလင်း တင်ပြပါစေ။

- အဖွဲ့တစ်ဖွဲ့စီက အတန်းသို့ တင်ပြနေချိန်တွင် ထိုတင်ပြချက် များမှ မရှင်းလင်းသည်တို့ကို မေးမြန်းရန်အတွက် အခြားသော အဖွဲ့များအနေဖြင့် ရေးမှတ်ထားနိုင်ကြမည်။
- အဖွဲ့တစ်ဖွဲ့စီ၏ တင်ပြချက်တစ်ရပ် ပြီးစီးသည့်အခါတိုင်း ထိုရေးမှတ်ထားသည့် မေးခွန်းတို့ကို မေးမြန်းဆွေးနွေး နိုင်ကြမည်ဖြစ်သည်။

## ၃.၁.၂ လွတ်လပ်မှုဇဟိုပြု လစ်ဘရယ်လ်ဝါဒ

### အကြံပြုသင်ခန်းစာ

- အာဏာရှင်စနစ်အောက်တွင် နေထိုင်ခြင်းနှင့် အစိုးရဟူ၍ပင် မရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ်တွင် ရှင်သန်နေထိုင်ခြင်း တို့အနက် မည်သည်ကို ရွေးချယ်မည်ကို ဆွေးနွေးပါစေ။
- ထိုစနစ်တစ်ရပ်စီ၏ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို ဆွေးနွေး ဖြေဆိုပါစေ။
- ထိုသို့ ဖြေဆိုရာတွင် အောက်ပါ အချက်တို့ကို ရှင်းလင်း ပြောပြပေးပါ။
  - » အာဏာရှင်စနစ် ။ ။ လုံခြုံမှုရှိသည်၊ သို့သော် လွတ်လပ်မှု မရှိ။
  - » အစိုးရ ကင်းမဲ့ခြင်း ။ ။ လွတ်လပ်သည်၊ သို့သော် လုံခြုံမှုမရှိ။
- သင်ခန်းစာ (၃.၁.၂) ကို လေ့လာ ဖတ်ရှုပါစေ။

မှတ်ချက်။ ။

စာမျက်နှာ (၆၈) တွင် ပါရှိသည့် 'ရေးရိုးစွဲ ကွန်ဆာဗေးတစ်' ကဲ့သို့ပင်၊ 'လွတ်လပ်မှုဇဟိုပြု လစ်ဘရယ်လ်' ဟူသည့် ဝေါဟာရသည်လည်း အနက်အမျိုးမျိုး ဖွင့်ဆိုနိုင်သည်။

၁။ မြောက်အမေရိကပြင်ပနိုင်ငံများရှိ နိုင်ငံရေးဝါဒအရ 'လစ်ဘရယ်လ်' ဟူသော စကားလုံးသည် စီးပွားရေးအရ ညီမျှမှုများထက် စီးပွားရေး ဆိုင်ရာလွတ်လပ်မှုကိုပိုမိုအလေးပေးမှု၊သဘောထားကြီးမှု၊လွတ်လပ်မှု အစရှိသည့် အချက်များကို ထောက်ခံလျက်ရှိသည့် ဝါဒတစ်ရပ်ပင် ဖြစ်သည်။ (ဤစာအုပ်တွင် 'လစ်ဘရယ်လ်' ဟူသော ဝေါဟာရသည် ထိုဖွင့်ဆိုချက်ကိုပင် ကိုယ်စားပြုသုံးနှုန်းထားသည်။)

၂။ မြောက်အမေရိကတွင်းတိုင်းပြည်များရှိနိုင်ငံရေးဝါဒတစ်ရပ်အနေဖြင့်မူ 'လစ်ဘရယ်လ်' ဟူသည် အလယ်အလတ်လမ်းစဉ် မော်ဒရိတ် ဆိုရှယ်လစ်ဝါဒ(moderate socialism)ကိုကိုယ်စားပြုပေ သည်။

၃။ နိုင်ငံရေးဘောဂဗေဒတွင် 'လစ်ဘရယ်လ်' သည် 'စီးပွားရေး စနစ်အတွင်း နိုင်ငံတော်ထိန်းချုပ်မှု အကန့်အသတ်ရှိခြင်းကို ထောက်ခံသည့်' အယူဝါဒတစ်ရပ်ဖြစ်ပေသည်။

၄။ နိုင်ငံရေး သဘောတရားတစ်ရပ်အနေဖြင့် 'လစ်ဘရယ်လ်' ဟူသည့် အသုံးသည် 'အလယ်အလတ်လမ်းစဉ် မော်ဒရိတ် (moderate) အပြောင်းအလဲများ' ကို ထောက်ခံသည့် သဘောထားတစ်ရပ်ပင် ဖြစ်သည်။ (ဆိုလိုသည်မှာ နိုင်ငံရေးသဘောတရားအရ 'လစ်ဘရယ်လ်' နှင့် 'အလယ်အလတ်လမ်းစဉ် မော်ဒရိတ်' အတူတူသာဖြစ်သည်။)

## လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ မေးခွန်းတို့ကို ဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

၁။ လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်လ်ဝါဒီတို့သည် 'ခွင့်တူညီမျှမှု' ကို ထောက်ခံကြပြီး 'သာတူညီမျှမှု' ဟူသည့် အယူအဆကို ဆန့်ကျင်ကြသည်။ ထိုသူတို့၏အဆိုအရ ညီမျှမှုကို ဖော်ဆောင်ပေးရန်ဆိုပြီး နိုင်ငံတော်က အရင်းအမြစ်များ၊ အခွင့်အလမ်းများကို ပြန်လည်ချထားသတ်မှတ်ခြင်းက လွတ်လပ်မှုမှ ကင်းဆိတ်စေလိမ့်မည် ဖြစ်ကြောင်း ဆိုထားပေသည်။

၂။ ထိုလုပ်ရပ်များအပေါ်တွင် လစ်ဘရယ်လ်တစ်ဦးအနေဖြင့် 'ကိုယ်ပိုင်လွတ်လပ်ခွင့်' ချိုးဖောက်ခြင်းဟုပင် ရှုမြင်သုံးသပ်လိမ့်မည်။ ထိုသို့ ရှုမြင်ရသည်မှာလည်း အစိုးရအနေဖြင့် အမျိုးအနွယ်၊ ကျား/မ ဖြစ်ခြင်းကို အခြေခံပြီး လူအချို့တို့၏ အခွင့်အရေးများကို လျစ်လျူရှုထားခြင်းကြောင့် ဖြစ်ပေသည်။

၃။ လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်လ်ဝါဒီတစ်ဦး၏ အမြင်တွင် အောက်ပါတို့က အစိုးရတစ်ရပ် တရားဝင် အသိအမှတ်ပြုမှု ရရှိအောင် ပြုလုပ် ဖန်တီးပေးစေမည်။

» အမျိုးသား လုံခြုံရေး၊ ငွေကြေးသတ်မှတ်ချက်၊ စာပို့လုပ်ငန်းများ အစရှိသည့် အခြေခံဝန်ဆောင်မှုများ ပေးစွမ်းရန်အတွက်သာ အစိုးရအနေဖြင့် ဦးစားပေး လုပ်ဆောင်ခြင်း။

» နိုင်ငံရေးနှင့် စီးပွားရေးတွင် လူတိုင်း လွတ်လွတ်လပ်လပ် ပါဝင်နိုင်အောင် ခွင့်ပြုဖန်တီးပေးခြင်း။

## ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ အတန်းနှင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

**၁။ ဖြေဆိုပုံ အမျိုးမျိုးကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါအချက်များကို ထည့်သွင်းနိုင်သည်။**

» NLD၊ NDF နှင့် အခြားသော တိုင်းရင်းသားပါတီများ အပါအဝင် အတိုက်အခံပါတီများ။

» ၈၈ မျိုးဆက် ကဲ့သို့သော အရပ်ဘက်လူ့အဖွဲ့အစည်းများ။

» ဦးကျော်သူ၊ ဇာဂနာကဲ့သို့သော ပြည်သူအများ လေးစားရသူများ။

» DVB နှင့် အလားတူ အကျိုးတူအုပ်စုများ အပါအဝင် မီဒီယာအဖွဲ့အစည်းများ။

» နိုင်ငံရေး၊ စီးပွားရေးနှင့် ပုဂ္ဂလိက လွတ်လပ်ခွင့်များအတွက် လွှတ်တော်တွင်း အရေးဆို လှုံ့ဆော်လျက်ရှိသည့် ကိုယ်စားလှယ်များ။

**၂။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါအချက်များကို ထည့်သွင်းနိုင်သည်။**

» ၁၉၄၈ ဖွဲ့စည်းပုံအခြေခံ။

» မြန်မာအစိုးရအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံသူများ အပေါ် ယခင်ကထက် ပိုမို လက်ခံလာခဲ့သည်။

» ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ ထည့်သွင်းပြဋ္ဌာန်းထားသည်။

» ၂၀၁၁ ခုနှစ်မှ စတင်ပြီး ပုဂ္ဂလိကပိုင် လုပ်ငန်းများကို ပိုမို ခွင့်ပြုပေးလာခဲ့သည်။

» ၂၀၁၁ နောက်ပိုင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စာနယ်ဇင်းလွတ်လပ်ခွင့်တို့အပေါ် ဖိနှိပ်ကန့်သတ်မှုများကို ဖြေလျှော့ပေးခြင်း ရှိလာခဲ့သည်။

**၃။ ဖြေဆိုပုံ အမျိုးမျိုးကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါအချက်များကို ထည့်သွင်းနိုင်သည်။**

» လူမျိုးရေးခွဲခြားမှု (racism)၊

» ကျား၊ မ ဖြစ်ခြင်းပေါ် အခြေခံခွဲခြားမှု (sexism)၊

» ဘာသာရေး မုန်းတီးမှုများ (religious hatred)။

## ၃.၁.၃ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒ

**အကြံပြုသင်ခန်းစာ**

- ဖော်ပြပါ မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေဆိုချက်များကို သင်ပုန်း ပေါ်တွင် ရေးသားဖော်ပြပေးပါ။
- ထို့နောက် သင်ခန်းစာ (၃.၁.၃) ကို လေ့လာဖတ်ရှုပါစေ။
- ထိုသို့ လေ့လာဖတ်ရှုပြီးနောက် ကျောင်းသားတို့၏ လက်ခံ ယုံကြည်ထားချက်များ ပြောင်းလဲမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတစ်တွဲဖြစ်စေ မေးခွန်းတို့ကို ဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

**၁။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါအချက်များကို ထည့်သွင်းနိုင်သည်။**

» ကိုယ်ပိုင်လွတ်လပ်ခွင့်ဟူသော အယူအဆကို တန်ပြန်လျက်ရှိသည်။ ထိုအယူအဆတွင် မည်သူမဆို အစိုးရ၏ စွက်ဖက်မှု မပါရှိဘဲ လူမှုရေး၊ စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိကြောင်း ဆိုထားပေသည်။ ထိုအချက်က အကျင့်ပျက်မှုများ၊ အထိန်းအကွပ်မဲ့ အမူအကျင့်များအထိ ပေါ်ပေါက်လာစေသည့် အတွက်ကြောင့် အန္တရာယ်များသည်ဟု ရှုမြင်ထားနိုင်သည်။

» အစိုးရ၏လုပ်ဆောင်ချက်တိုင်းသည် ပြည်သူတို့၏ သဘောဆန္ဒအတိုင်း လိုက်နာရမည်ဟူသော 'အများအလိုကျ အုပ်ချုပ်မှု' (popular sovereignty) အယူအဆကို တန်ပြန်လျက်ရှိသည်။ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်တို့အနေဖြင့် အဆိုပါ အယူအဆကို အန္တရာယ်တစ်ရပ်သဖွယ် သဘောထားနိုင်ရသည့် အကြောင်းမှာ ပြည်သူလူထုအတွက် သင့်လျော်ကောင်းမွန်သည့် လုပ်ရပ်တစ်ရပ်ကို အစိုးရက ဖော်ဆောင်ပေးရန်အတွက်ပင် ပြည်သူ့သဘော မပါရှိပါက လက်တွေ့အကောင်အထည် မဖော်နိုင်ခြင်းကြောင့် ဖြစ်သည်။

» မိမိတို့နှင့် ကိုယ်ပိုင်တန်ဖိုး၊ ခံယူချက်၊ ရပ်တည်နေထိုင်မှု မတူညီသည်တို့ကို လက်သင့်ခံခြင်းဟူသည့် 'သဘောထားကြီးမှု'အယူအဆနှင့် အတိုက်အခံ ပြုလျက်ရှိသည်။ ထိုအယူအဆကို အန္တရာယ်တစ်ရပ်သဖွယ် သဘောထားရသည့်အကြောင်းမှာ ကျင့်ဝတ်မဲ့ပြီး အဆိပ်အတောက်ပါရှိသည့် အမြင်အယူအဆတို့ကို ထုတ်ဖော် ဖွင့်ဟနိုင်ခြင်းက ပဋိပက္ခတို့ ပေါ်ပေါက်လာစေမည် ဖြစ်ခြင်းကြောင့် ဖြစ်ပေသည်။

» မည်သူအဆို မိမိတို့၏ ကိုယ်ပိုင်အကျိုးအမြတ်များကို ရယူခံစားနိုင်ခွင့် ဟူသော 'စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့်' အယူအဆနှင့် တန်ပြန်နေပေသည်။ ထိုအယူအဆက ကိုယ်ကျိုးသာကြည့်ပြီး မျှတမှု ကင်းဆိတ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေနိုင်သည့် အတွက်ကြောင့် အန္တရာယ်အသွင် သဘောထားရခြင်း ဖြစ်ပေသည်။

၂။ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒီတို့မှာ တရားဥပဒေ စိုးမိုးမှုကို အကြွင်းမဲ့ လက်ခံယုံကြည်ကြသူများ ဖြစ်ကြသည့်အတွက်ကြောင့် လစ်ဘာတေးရီးယန်း အယူအဆကို အန္တရာယ်တစ်ရပ်အသွင် လက်ခံရှုမြင်လိမ့်မည်သာဖြစ်သည်။ ထိုအယူအဆသည် ရိုးရာယဉ်ကျေးမှုတို့ကို မျက်ကွယ်ပြုသော၊ ဂါရဝတရား ခေါင်းပါးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေမည် ဖြစ်သည်ဟု ထိုသူတို့က တွေးထင်လက်ခံထားကြပေသည်။

၃။ အစိုးရတစ်ရပ်အနေဖြင့် လူ့အဖွဲ့အစည်း၏ လုံခြုံမှုနှင့် တည်ငြိမ်မှုတို့ကို ထိန်းသိမ်းနိုင်ရန် လိုအပ်သည်။ (ဥပမာ ။ ။ ပြစ်မှုများ တားဆီးနှိပ်ကွပ်ပေးနိုင်ခြင်း)။ ထို့အတူ အစိုးရတစ်ရပ်သည် လူ့အဖွဲ့အစည်း၏ ရိုးရာယဉ်ကျေးမှုတို့ကို ထိန်းသိမ်းပေးက ထိုအစိုးရသည် ရှေးရိုးစွဲ ကွန်ဆာဗေးတစ်တစ်ဦး၏ အမြင်တွင် တရားဝင်အသိအမှတ်ပြုမှု ရှိပေလိမ့်မည်။

## ဆွေးနွေးချက်

- အတန်းအနေဖြင့် မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

**၁။ ဖြေဆိုပုံ အမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါ အချက်များကို ထည့်သွင်းနိုင်သည်။**

» မြန်မာ့လူ့အဖွဲ့အစည်းအနေဖြင့် ရိုးရာဓလေ့ကို တန်ဖိုးထားကြသည်။ ဥပမာ။ ။ လွှတ်တော် အစည်းအဝေးတိုင်းကို ရိုးရာပုံစံအတိုင်း ကျင်းပကြပြီး လွှတ်တော်ကိုယ်စားလှယ်များသည်လည်း ရိုးရာ အဝတ်အစားဖြင့် တက်ရောက်ကြသည်။

» မြန်မာ့လူ့အဖွဲ့အစည်းအတွင်းနှင့် မြန်မာ့နိုင်ငံရေး တို့တွင် ဘာသာရေးနှင့် ရိုးရာဓလေ့တို့၏ အခန်းကဏ္ဍ၊

» စစ်တပ်၊ ရဲတပ်ဖွဲ့၊ သံဃာ၊ မိဘနှင့် ဆရာသမားတို့ကို လေးစားဂါရဝတရားထားမှု၊

**၂။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါအချက်များကို ထည့်သွင်းနိုင်သည်။**

» ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ် အများစုသည် 'အထက်မှ အောက်' ပုံစံ ဖြစ်သည်ကို တွေ့ရှိရသည်။

» 'လုံခြုံရေးနှင့် တည်ငြိမ်ရေး' အကြောင်းပြု၍ တပ်မတော်သား ကိုယ်စားလှယ်များ ခန့်အပ်ထားရှိမှု။

» အရေးပေါ်အခြေအနေတွင် ကာကွယ်ရေးဦးစီးချုပ်မှ အာဏာအကန့်အသတ်မဲ့နီးပါး ချုပ်ကိုင်ထားနိုင်မှု။

» မြန်မာနိုင်ငံအနေဖြင့် ကုန်လွန်ခဲ့သည့် ရာစုနှစ်အတွင်း အာဏာရှင်အုပ်ချုပ်မှုစနစ်အောက်တွင် ဖြတ်သန်းခဲ့ရမှု (ဥပမာ။ ။ ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ နဝတ/နအဖ)

၃။ ကျောင်းသားပေါ် မူတည်ပြီး ဖြေဆိုပုံ ကွဲလွဲနိုင်သည်။

## ၃.၁.၄ လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ်ဝါဒ

### အကြိုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေဆိုချက်များကို သင်ပုန်း ပေါ်တွင် ရေးသားဖော်ပြပေးပါ။
- ထို့နောက် သင်ခန်းစာ (၃.၁.၄) ကို လေ့လာ ဖတ်ရှုပါစေ။
- ထိုသို့ လေ့လာ ဖတ်ရှုပြီးနောက် ကျောင်းသားတို့၏ လက်ခံ ယုံကြည်ထားချက်များ ပြောင်းလဲမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

## လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

**၁။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါ အချက်များကို ထည့်သွင်းနိုင်သည်။**

» စီးပွားရေးဆိုင်ရာ ကန့်သတ်ပိတ်ပင်မှုများမှ လွတ်လပ်ခွင့်ရှိခြင်းသည် အနှိုင်းမဲ့ လူ့ဘောင်သစ်တစ်ရပ်ဆီသို့ ချီတက်ရောက်ရှိစေမည်ဖြစ်ကြောင်း လစ်ဘရယ်လ်ဝါဒီတို့က ယုံကြည်ထားကြသည်။ လစ်ဘရယ်လ်ဝါဒီတို့သည် စီးပွားရေးညီမျှမှု ရရှိရန်အတွက် ဦးတည်လုပ်ဆောင်ခြင်း မပြုကြ။ မည်သူမဆို မိမိတို့၏ စီးပွားရေးအကျိုးအမြတ်များကို အစိုးရ၏ အစွက်အဖက်မပါရှိဘဲ ရယူခံစားနိုင်ခြင်းဖြင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ပိုမိုကြွယ်ဝလာပြီး လွတ်လပ်မှုအရသာကို ပိုမိုခံစားနိုင်မည်ဟု ဆိုထားကြသည်။

» ဆိုရှယ်လစ်တို့ကမူ ညီမျှမှုကို အခြေခံသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို အလိုရှိကြသည့်အလျောက် အရင်းအမြစ်များကို လိုအပ်မှုအနေအထားအရသာ မျှဝေသင့်ကြောင်း ဆိုထားသည်။ ထိုသို့ လုပ်ဆောင်ရန်အတွက် အစိုးရများ၊ လူမှုအသိုင်းအဝိုင်းများအနေဖြင့် အရင်းအမြစ်များကို ပြန်လည်မျှဝေပြီး 'သာတူညီမျှမှု' ကို ဖော်ဆောင်ပေးနိုင်ရန် ကြိုးပမ်းကြရပေမည်။ ထိုအချက်က စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့် ဟူသည့် လစ်ဘရယ်လ်တို့၏ အယူအဆနှင့် ဆန့်ကျင်လျက်ရှိပေသည်။

**၂။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါအချက်များကို ထည့်သွင်းနိုင်သည်။**

» 'စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့်'။ စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့်အပေါ် တန်ပြန်နေသည်။ ထိုအယူအဆက ကိုယ်ကျိုးသာကြည့်ပြီး မျှတမှုကင်းဆိတ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေနိုင်သည့်အတွက်ကြောင့် အန္တရာယ်အသွင် သဘောထားရခြင်း ဖြစ်ပေသည်။

» 'အရင်းရှင်စနစ်'။ အရင်းအမြစ်များနှင့် ကုန်စည်များကို ပုဂ္ဂလိက လုပ်ငန်းများမှတစ်ဆင့် ဖြန့်ဝေသင့်သည် ဟူသော အယူအဆ ဖြစ်ပါသည်။ ထိုအယူအဆက ချမ်းသာသူများအနေဖြင့် ဆင်းရဲသားများအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုဆီ ဦးတည်သွားနိုင်သည်။

» 'သာတူညီမျှမှု'။ အစိုးရအနေဖြင့် 'သာတူညီမျှမှု' ကို မဖော်ဆောင်ပေးနိုင်ပါက အပယ်ခံပြည်သူတို့မှာ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးအတွင်း ပါဝင်ဆောင်ရွက်နိုင်ခြင်းတို့မှ ဘေးထုတ်ခံထားကြရမည် ဖြစ်ပေသည်။

**၃။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါ အချက်များကို ထည့်သွင်းနိုင်သည်။**

» အစိုးရအနေဖြင့် အရင်းအမြစ်များကို လိုအပ်ချက်အရ ဖြန့်ဝေပေးခြင်း၊

» 'သာတူညီမျှမှု' ကို အစိုးရမှ ဖော်ဆောင်ပေးခြင်း။

» ဘုံပိုင်ဆိုင်မှုနှင့် နိုင်ငံရေးအရ ပါဝင်မှုများကို ဖြည့်စွမ်းပေးခြင်း။

» အလုပ်သမားများအပေါ် ခေါင်းပုံဖြတ်မှုများမှ တားဆီးပေးခြင်း။

## ဆွေးနွေးချက်

- အတန်းအနေဖြင့် မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

**၁။ ဖြေဆိုပုံ အမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါ အချက်များကို ထည့်သွင်းနိုင်သည်။**

» စစ်တပ်နှင့် နီးကပ်သည့် ဆက်ဆံရေး၊

» မြို့ပြထက် ကျေးလက်လူထုကို အလေးပေးမှု၊

» အမျိုးသားရေးဝါဒ၏ လွှမ်းမိုးမှု၊

» ဗုဒ္ဓဘာသာ လွှမ်းမိုးမှု။

**၂။ ဖြေဆိုပုံ အမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါ အချက်များကို ထည့်သွင်းနိုင်သည်။**

» ဖဆပလ သည် ဆိုရှယ်လစ်အစိုးရ ဖြစ်သည်။

» ဖဆပလ လက်ထက်တွင် အလုပ်သမားသမဂ္ဂများကို ထူထောင်ခဲ့ပြီး စက်ရုံများမှာ နိုင်ငံပိုင် ဖြစ်သည်။

» ဖဆပလကို ဆက်ခံသည့် ဦးနေဝင်းအစိုးရ လက်ထက်တွင်မူ မြေယာနှင့် စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင် သိမ်းခဲ့သည်။

» ဦးနေဝင်း၏ ဗမာ့ဆိုရှယ်လစ်ဝါဒသည် နိုင်ငံရေး နယ်ပယ်တွင် အလွန်ဩဇာကြီးခဲ့သောဝါဒ ဖြစ်သည်။

» ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နှစ်ပေါင်းများစွာ ကြာအောင် တိုင်းပြည်ကို အုပ်စိုးခဲ့သည်။

၃။ ကျောင်းသားပေါ်မူတည်ပြီး ဖြေဆိုပုံ ကွဲလွဲနိုင်သည်။

# ၃.၁.၅ အခြေခံဝါဒ (၃) ရပ် အပေါ် ပြန်လည်သုံးသပ်ခြင်း

## ပြန်လည်သုံးသပ်ချက်

- သင်ခန်းစာ (၃.၁.၁) တွင် လုပ်ဆောင်ခဲ့သည့် အဖွဲ့များ အတိုင်း အတူတကွ ဆောင်ရွက်ပါစေ။

၁။ ဤအခန်းတွင် လေ့လာခဲ့သည့် ဝါဒ (၃) ရပ် (လွတ်လပ်မှု ဗဟိုပြု လစ်ဘရယ်လ်ဝါဒ၊ လူမှုဘဝညီမျှမှု ဗဟိုပြုဝါဒ၊ ကွန်မြူနစ်ဝါဒ) တို့အနက် မည်သည်က မိမိတို့ အဖွဲ့၏ ဝါဒနှင့် အနီးစပ်ဆုံး ဖြစ်သည်ကို ဆွေးနွေးပါစေ။

၂။ မိမိတို့ ပြုစုခဲ့သည့် (၃.၁.၁) ရှိ ပိုစတာကို ပြန်လည် သုံးသပ်ပါစေ။ ပြင်ဆင်လိုသည်တို့ကို ပြောင်းလဲ ဖြည့်စွက် ပါစေ။

- လိုအပ်မည် ဆိုပါက စာရွက်အသစ်တစ်ရပ်ပေါ်တွင် ပိုစတာ အသစ် ပြင်ဆင်ရေးဆွဲပါစေ။


## လုပ်ငန်းများ

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့် ဖြစ်စေ ဝါဒ (၃) ရပ် အတွက် စက်ဝိုင်းဇယား (venn diagram) တစ်ခု ပြုလုပ်ဖန်တီးပါစေ။ (စာမျက်နှာ ၈ မှ ၁၀ ပါ စက်ဝိုင်းဇယားတို့ကို ဥပမာအနေဖြင့် ကြည့်ရှုနိုင် ကြမည်။)
- စာမျက်နှာ (၂၀၆ မှ ၂၁၃) တွင် ပါရှိသည့် 'လှုပ်ရှား ဆောင်ရွက်သူများစာရင်း' ပါ လုပ်ဆောင်သူ ၆ ဦးကို ရွေးချယ်ဆုံးဖြတ်ပြီး ထိုစက်ဝိုင်းဇယားတွင် ချထား သတ်မှတ်ပါစေ။

**နီးစပ်သော အဖြေများ**

ထိုသို့ သတ်မှတ်ရာတွင် လုံးဝဥဿုံ မှန်ကန်သည့် အဖြေဟူ၍မရှိ။ ဤနေရာတွင် ဥပမာအနေဖြင့်သာ ပြသထားခြင်းဖြစ်ပြီး အမြင်အယူအဆကွဲလွဲသည်လည်း ရှိနိုင်သည်။

ထိုသို့ လုပ်ဆောင်ရာတွင် ကျောင်းသားများကို ဆွေးနွေး ငြင်းခုံပါစေ။ လုပ်ဆောင်ချက်၏ အဓိကဦးတည်ချက်မှာ မိမိတို့၏ ဖြေဆိုချက်များအတွက် အထောက်အထား၊ အချက်အလက် ခိုင်ခိုင်လုံလုံတင်ပြ ဖြေဆိုတတ်ရန်သာ ဖြစ်သည်။



# ၃.၂ ဝါဒများအား ဆန်းစစ် အကဲဖြတ်ခြင်း

## ၃.၂.၁ ဝါဒများအား ဆန်းစစ် အကဲဖြတ်ခြင်း

### အကြံပြုသင်ခန်းစာ

- သင်ခန်းစာ (၃.၁) တွင် ပါရှိသည့် ဝါဒများအနက် မည်သည်တို့က ကျောင်းသားတို့၏ တန်ဖိုးထားမှုများနှင့် အကိုက်ညီဆုံးဖြစ်သည်၊ ထင်ဟပ်မှုရှိသည်ကို သုံးသပ်အကဲဖြတ်ပါစေ။
- ကျောင်းသားအချို့တို့၏ သုံးသပ်မှုများကို အတန်းသို့ တင်ပြပြောဆိုပါစေ။ သို့မဟုတ် ထိုသုံးသပ်ချက်များကို အဖွဲ့များ ဖွဲ့ပြီး ဆွေးနွေးပါစေ။
- ဝါဒများကို စနစ်ကျကျ ဝေဖန်အကဲဖြတ်ခြင်း၏ အရေးပါပုံကို ဆွေးနွေးပါစေ။
- အောက်ပါအချက်များကို ထည့်သွင်းဆွေးနွေးပါစေ။
    - » ဝါဒများ၏ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို သိရှိထားခြင်းက မိမိတို့နိုင်ငံအတွင်းတွင် ဝါဒများ၏ သက်ရောက်မှုကို လေ့လာဆန်းစစ်နိုင်ကြမည်ဖြစ်သည်။
    - » အချို့သူတို့သည် ဝါဒတို့၏ အမည်နာမများကို အဓိပ္ပာယ် ဂဃနဏ နားမလည်၊ ထိုဝါဒ၏ သဘောတရား၊ ဦးတည်ချက်တို့ကိုလည်း ရှင်းရှင်းလင်း မသိရှိထားဘဲလျက် အသုံးပြုနေကြသည်ကို သတိမူသင့်သည်။
- သင်ခန်းစာ (၃.၂.၁) ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုပါစေ။

### လုပ်ငန်းများ

၁။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ဖော်ပြပုံတို့ကို လေ့လာသုံးသပ်ပြီး သင့်လျော်သည့် အညွှန်းစာသားများနှင့် တွဲစပ်ပါစေ။

**အဖြေများ**

(က) (၂)

(ခ) (၃)

(ဂ) (၄)

(ဃ) (၅)

(င) (၆)

(စ) (၁)

၂။ အခြားသော ကျောင်းသားများနှင့် တွဲဖက်စေပြီး မိမိတို့၏ ဖြေဆိုထားချက်များကို တိုက်ဆိုင် စစ်ဆေးပေးပါ။ အဖွဲ့လိုက် (သို့မဟုတ်) နှစ်ယောက်တစ်တွဲ လုပ်ဆောင်ပါစေ။

**အဖြေများ**

(က) အခြားသူတို့၏ အမြင်တွင် ဆိုရှယ်လစ်အစိုးရများသည် လူအများ၏ နေ့ဉစ္စာများကို အင်အားသုံးပြီး သိမ်းပိုက်ကာ အခြားသူများကို ပြန်လည်ခွဲဝေပေးသည်ဟု မြင်ကြသည်။ ပုံတွင် – ရဲနှင့် လက်နက်ကို ကြည့်ပါ။

(ခ) အစိုးရ၏ အထိန်းအချုပ်မရှိသော လစ်ဘရယ်လ်ကျသည့် လူ့အဖွဲ့အစည်းတစ်ရပ်သည် ကြွယ်ဝသော လူ့ဘောင်တစ်ရပ်ကို ဖန်တီးပေးမည်ဟု လစ်ဘရယ်လ်တစ်ဦးအနေဖြင့် လက်ခံထားပေသည်။ (လစ်ဘရယ်လ်လူ့အဖွဲ့အစည်းကို လူ ၂ ဦးဖြင့် ကိုယ်စားပြုထားပြီး ရဲပုံ မထည့်သွင်းထားချေ။ ထို့အတူ ပိုက်ဆံအိတ်များက ကြွယ်ဝမှုကို ကိုယ်စားပြုပေသည်။)

(ဂ) အခြားသူတို့၏ အမြင်တွင် လစ်ဘရယ်လ်ဝါဒသည် ကြွယ်ဝသူ (ပုံတွင် ပိုက်ဆံအိတ်ကိုင်ထားသူ) က ဆင်းရဲနွမ်းပါးသူ (လက်နက်ရော၊ ပိုက်ဆံအိတ်ပါ မကိုင်ထားသူ) တို့အပေါ် ခေါင်းပုံဖြတ်နိုင်ခြင်း (လက်နက်ဖြင့်ထောက်ထားခြင်း) ပင် ဖြစ်သည်။

(ဃ) အခြားသူတို့၏ အမြင်တွင် ရှေးရိုးစွဲ ကွန်ဆာဗေးတစ်အစိုးရများသည် အကျပ်ကိုင်ခြင်း (လက်နက်ကိုင်ထားသည့် ရဲဖြင့် သရုပ်ဖော်ထားသည်) ကို အသုံးပြုပြီး ပြည်သူများကို ဖိနှိပ်တတ်ကြသည်။ (ဒူးထောက်လျက်ရှိသူမှာ ပြည်သူဖြစ်သည်)။ ထို့အပြင် ချမ်းသာပြီး အာဏာကြီးမားသူများကို ထောက်ခံပံ့ပိုးကြပေသည်။ (ထိုသူတို့ကို ငွေအိတ်ကိုင်ထားသူ တရားသူကြီးအဖြစ် ဖော်ပြထားသည်)

(င) ရှေးရိုးစွဲ ကွန်ဆာဗေးတစ်တို့၏ အမြင်တွင် ကွန်ဆာဗေးတစ်စနစ် ကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ်သည် ပြည်သူတို့၏ ကြွယ်ဝမှုနှင့် လုံခြုံမှုတို့ကို ခိုင်မာသော အစိုးရတစ်ရပ် (ပုံတွင် ရဲဖြင့် သရုပ်ဖော်ထားသည်) နှင့် အဂတိတရား မလိုက်စားသော ခေါင်းဆောင်များ (တရားသူကြီးပုံ) က အကာအကွယ်ပြုပေးထားသည်ဟု လက်ခံထားကြပေသည်။

(စ) ဆိုရှယ်လစ်စနစ်ကျင့်သုံးသော လူ့အဖွဲ့အစည်းတစ်ရပ်တွင် လူတိုင်း ကြွယ်ဝမှုကို ညီမျှစွာ ခံစားနိုင်သည်၊ သို့မဟုတ် သာတူညီမျှမှုကို ခံစားနိုင်ကြသည်ဟု ဆိုရှယ်လစ်တို့က လက်ခံ ရှုမြင်ကြပေသည်။

## လုပ်ငန်းများ

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ဖော်ပြပါ အဆိုတို့ကို ဝါဒများနှင့် တွဲစပ်ပါစေ။

## အဖြေများ

(က) ၁၊ ၃

(ခ) ၄၊ ၆

(ဂ) ၂၊ ၅

## ပြန်လည်သုံးသပ်ချက်

- ဖော်ပြပါ အဆိုတို့အနက် မည်သည်ကိုလက်ခံ သဘောတူသည်၊ မည်သည်ကို ကန့်ကွက်သည်နှင့် မည်သည့် အကြောင်းရင်းတို့ကြောင့် ဖြစ်သည်ကို ဆုံးဖြတ်ပါစေ။
- အောက်ပါတို့မှ လုပ်ငန်းတစ်ခုကို ရွေးချယ် လုပ်ကိုင်ပါစေ။

  (က) အဖွဲ့များဖွဲ့၍ ကျောင်းသားတို့၏ အမြင်များကို ဆွေးနွေးဖလှယ်ပါစေ။

  (သို့)

  (ခ) ကျောင်းသားတို့၏ ကိုယ်ပိုင်အမြင်များကို မိမိတို့၏ မှတ်တမ်းစာအုပ်တွင် ရေးသားထားရှိပါစေ။

  (သို့)

  (ဂ) ထိုအဆိုများအနက်မှ တစ်ခုကို ရွေးချယ်ပြီး စာတမ်းတစ်ပုဒ် ရေးသား ပြုစုပါစေ။

- ကျောင်းသားတို့၏ စာတမ်းများကို စစ်ဆေးအမှတ်ပေးရာတွင် မိမိတို့ရွေးချယ်ထားသည့် အဆိုအတွက် မည်သည့်အကြောင်းကြောင့် ထောက်ခံရသည်၊ မည်သည်ကြောင့် ကန့်ကွက်ရသည်ကို အကြောင်းရင်း ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ၊ မရှိ စိစစ်ပေးနိုင်မည်။ ဥပမာ –

  » လူ့အဖွဲ့အစည်းအနေနဲ့ ပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ ယုံကြည်ချက်ကို ထိုလူ့အသိုင်းအဝိုင်းရဲ့ ရိုးရာယဉ်ကျေးမှုတွေနဲ့ ဆန့်ကျင်သည့်တိုင်အောင် လက်သင့်ခံ လေးစားရမယ်ဆိုတဲ့ အချက်ကို သဘောမတူပါ။ အကြောင်းမှာ –

  - ထိုအချက်က ကိုယ်ကျင့်ပျက်ယွင်းသည့် အမူအကျင့်များကို ပြုကျင့်လာစေမည်။
  - ထိုအချက်က လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခများကို ဖန်တီးမည်။
  - ထို့အပြင် ရိုးရာယဉ်ကျေးမှုတို့ကိုလည်း ပျက်စီးစေမည် ဖြစ်သည်။

### လေ့ကျင့်ခန်း

- 'လက်တွေ့အသုံးချ အယူအဆများ' ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ လွတ်လပ်မှုဗဟိုပြုလစ်ဘရယ်လ် စီးပွားရေးစနစ်၏ အကျိုးအပြစ်တို့ကို ဖော်ထုတ်ပြုစုပါစေ။

### နီးစပ်သော အဖြေများ

#### လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်လ် စီးပွားရေးစနစ်၏ အကျိုး

» ထိုစနစ်သည် ထိရောက်မှုရှိသည်။ ပြည်သူများမှာ စီးပွားရေးလုပ်လာကြပြီး လေလွင့်မှုများ နည်းပါးလာမည်ဖြစ်သည်။

» ကုန်ပစ္စည်းများနှင့် အထိုက်တန်ဆုံး တန်ဖိုးကို ဈေးကွက်မှ အလိုအလျောက် သတ်မှတ်ပေးသည့်အတွက်ကြောင့် အစိုးရ၏ တာဝန် သက်သာသွားမည်ဖြစ်သည်။

#### လွတ်လပ်မှုဗဟိုပြု လစ်ဘရယ်လ် စီးပွားရေးစနစ်၏ အပြစ်

» လွတ်လပ်သည့် ဈေးကွက်စီးပွားရေးစနစ်က မလုံခြုံမှုများကို ပေါ်ပေါက်လာစေမည်။ ထိုစနစ်တွင် စီးပွားရေးကို မည်သူမျှ မထိန်းချုပ်နိုင်သော အင်အားစုများက လည်ပတ်လုပ်ကိုင်ကြသောကြောင့် ဖြစ်သည်။

» ချမ်းသာသူတွေကို ပို၍ ချမ်းသာသွားစေနိုင်သလို ဆင်းရဲသူများကိုလည်း ပို၍ ဆင်းရဲသွားစေနိုင်သည်။ ထိုတွင် တရားမမျှတမှု၊ သဘောထားကွဲလွဲမှုနှင့် ဆင်းရဲနွမ်းပါးမှုများ ဖြစ်ပေါ်စေနိုင်သည်။

» လောဘတရားနှင့် ကိုယ်ကျိုးရှာမှုတို့ကို ပေါ်ပေါက်လာစေမည် ဖြစ်သည်။

## ဆွေးနွေးချက်

- လွတ်လပ်သောဈေးကွက် စီးပွားရေးစနစ်က မိမိတို့တိုင်းပြည်အတွက် ကောင်းမွန်စေမည်၊ သို့မဟုတ် ဆိုးရွားသွားစေမည်ကို ဆွေးနွေးပါစေ။ အဖွဲ့နှင့်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ လုပ်ဆောင်ပါစေ။
- ထိုသို့ ဆွေးနွေးရာတွင် အောက်ပါ အချက်များ ပါရှိပါစေ။

**ကောင်းမွန်စေမည်။**

» စီးပွားရေး ပိုမို ဖွံ့ဖြိုးလာစေမည်။

» စီးပွားရေးလွတ်လပ်ခွင့်များ ပိုမို ပိုင်ဆိုင်နိုင်လာမည်။ (လူတိုင်း စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်လာကြမည်)

» ပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမို ဝင်ရောက်လာမည်။

**ဆိုးရွားစေမည်။**

» စီးပွားရေး မညီမျှမှုများ ပိုမိုပေါ်ပေါက်လာမည်။

» ဆင်းရဲချမ်းသာ ကွာဟမှု ကြီးမားလာမည်၊

» စီးပွားရေးအပေါ် ထိန်းချုပ်နိုင်မှု လျော့နည်းသွားမည်။

## လေ့ကျင့်ခန်း

- 'လက်တွေ့အသုံးချအယူအဆများ' ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ဆိုရှယ်လစ်စီးပွားရေးစနစ်၏ အကျိုးအပြစ်တို့ကို ဖော်ထုတ်ပြုစုပါစေ။

## နီးစပ်သော အဖြေများ

### လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ် စီးပွားရေးစနစ်၏ အကျိုး

» ဆိုရှယ်လစ်စီးပွားရေးတွင် စီးပွားရေးစနစ်ကို လွတ်လပ်သော ဈေးကွက်များတွင်ရှိသည့် မခန့်မှန်းမတွက်ဆနိုင်သည့် အင်အားစုများအစား ပြည်သူများမှ ထိန်းချုပ်ထားနိုင်မည်။

» စီးပွားရေးတိုးတက်မှုများကိုသာ မကြည့်ဘဲ လူထုလိုအပ်ချက်နှင့် ကိုက်ညီမှု ရှိစေမည့် စီးပွားရေးတစ်ရပ် ဖြစ်အောင် ထိန်းကျောင်းပေးနိုင်မည်။

» စီးပွားရေးနှင့် လူမှုရေးအရ ညီမျှမှုများကို ပိုမို ပေးစွမ်းနိုင်မည်ဖြစ်သည်။

### လူမှုဘဝညီမျှမှုဗဟိုပြု ဆိုရှယ်လစ် စီးပွားရေးစနစ်၏ အပြစ်

» အစိုးရမှ စီးပွားရေးကို လိုသည်ထက်ပို၍ ထိန်းချုပ်ကွပ်ကဲရန် လိုအပ်သည်။ ဤသည်က အာဏာရှင်စနစ်ပေါ်ထွန်းလာစေနိုင်သည်။

» ပြည်သူတို့၏ လိုအပ်ချက်များကို နိုင်ငံရေးခေါင်းဆောင်များ ဆုံးဖြတ်ပေးရသည့် 'အထက် – အောက်' ပုံစံ စနစ်တစ်ရပ်ပင် ဖြစ်သည်။

» ထိုစနစ်တွင် ပြည်သူများအနေဖြင့် အလုပ်လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ အကျိုးခံစားရမည် ဖြစ်သည့်အတွက်ကြောင့် ဝီရိယစွမ်းအားကို နည်းပါးစေသည်။ ထိုအခြေအနေမျိုးက စီးပွားရေးတိုးတက်မှု နိမ့်ပါးစေမည်ဖြစ်ပေသည်။

### ဆွေးနွေးချက်

- ဆိုရှယ်လစ် စီးပွားရေးစနစ်က မိမိတို့တိုင်းပြည်အတွက် ကောင်းမွန်စေမည်၊ သို့မဟုတ် ဆိုးရွားသွားစေမည်၊ မည်သည့်အကြောင်းကြောင့် ဖြစ်သည်ကို ဆွေးနွေးပါစေ။ အဖွဲ့နှင့်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ လုပ်ဆောင်ပါစေ။
- ထိုသို့ ဆွေးနွေးရာတွင် အောက်ပါ အချက်များပါရှိပါစေ။

**ကောင်းမွန်စေမည်။**

» အစိုးရအနေဖြင့် ၎င်း၏ ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီလာစေရန် စီးပွားရေးကို ထိန်းချုပ်ထားနိုင်မည်ဖြစ်သည်။

» ဆိုရှယ်လစ်စီးပွားရေးစနစ်တွင် ပညာရေး၊ ကျန်းမာရေးကဲ့သို့သော အခြေခံဝန်ဆောင်မှုများကို ပြည်သူများထံ ပေးစွမ်းနိုင်ရန် ဦးစားပေး ဖော်ဆောင်ပေးသည်။

» ထိုစနစ်က ဆင်းရဲချမ်းသာ ကွာဟမှု ကျဉ်းမြောင်းအောင် ကူညီပံ့ပိုးပေးနိုင်သည်။

**ဆိုးရွားစေမည်။**

» စီးပွားရေးကို စီမံကိန်းချ ဖော်ဆောင်ခြင်းက အကုန်အကျများလွန်းသည်။

» ထိုစနစ်က အစိုးရကို စီးပွားရေးနှင့် လူ့အဖွဲ့အစည်းအပေါ် ထိန်းချုပ်နိုင်စေသည့် အာဏာပိုမို အပ်နှင်းထားစေမည်။

» ကုန်ထုတ်စွမ်းအား လျော့နည်းသည့် စီးပွားရေးစနစ်တစ်ရပ် ပေါ်ထွန်းလာစေနိုင်သည်။

## လုပ်ငန်းများ – နိုင်ငံရေး အဆိုအမိန့်များ

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ဖော်ပြပါ အဆိုတို့ကို ဝါဒများနှင့် တွဲစပ်ပါစေ။

**အဖြေများ**

(က) ၂၊ ၃

(ခ) ၄၊ ၅

(ဂ) ၁၊ ၆

## ပြန်လည်သုံးသပ်ချက်

- ဖော်ပြပါ အဆိုတို့အနက် မည်သည်ကို လက်ခံသဘောတူသည်၊ မည်သည်ကို ကန့်ကွက်သည်နှင့် မည်သည့် အကြောင်းရင်းတို့ကြောင့် ဖြစ်သည်ကို ဆုံးဖြတ်ပါစေ။
- (သို့မဟုတ်)

(က) အဖွဲ့များ ဖွဲ့၍ ကျောင်းသားတို့၏ အမြင်များကို ဆွေးနွေးဖလှယ်ပါစေ။

(သို့)

(ခ) ကျောင်းသားတို့၏ ကိုယ်ပိုင်အမြင်များကို မိမိတို့၏ မှတ်တမ်းစာအုပ်တွင် ရေးသားထားရှိပါစေ။

(သို့)

(ဂ) ထိုအဆိုများအနက်မှ တစ်ခုကို ရွေးချယ်ပြီး စာတမ်း တစ်ပုဒ် ရေးသား ပြုစုပါစေ။

- ကျောင်းသားတို့၏ စာတမ်းများကို စစ်ဆေးအမှတ်ပေးရာတွင် မိမိတို့ ရွေးချယ်ထားသည့် အဆိုအတွက် မည်သည့် အကြောင်းကြောင့် ထောက်ခံရသည်၊ မည်သည်ကြောင့် ကန့်ကွက်ရသည်ကို အကြောင်းရင်း ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ၊ မရှိ စိစစ်ပေးနိုင်မည်။ ဥပမာ –

**"စီးပွားရေးညီမျှမှုမပါဝင်တဲ့နိုင်ငံရေးလွတ်လပ်မှုဆိုတာ လိမ်ညာမှု တစ်ခုပါပဲ။ အလုပ်သမားတွေအနေနဲ့ ဘယ်လို လိမ်ညာမှုမျိုးကိုမှ မလိုချင်ပါဘူး" ဟူသည့် အဆိုကို ထောက်ခံသည်။ အကြောင်းမှာ –**

» နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားနိုင်လောက်သည့် ပညာ အခြေခံကောင်း မပိုင်ဆိုင်ထားနိုင်ပါက နိုင်ငံရေး လွတ်လပ်မှုများသည် အနှစ်သာရ ကင်းမဲ့ပေလိမ့်မည်။

» နိုင်ငံရေးတွင် မပါနိုင်အောင် အလုပ်များလွန်းခြင်း၊ ဆင်းရဲမွဲတေနေခြင်းတို့ကလည်း နိုင်ငံရေးလွတ်လပ်မှုကို အဓိပ္ပာယ် ကင်းမဲ့စေသည်။

» လူ့အဖွဲ့အစည်းအတွင်းတွင် နိုင်ငံရေးအာဏာကို ပိုမိုယူငင်သုံးစွဲနိုင်လောက်သည့် ကြွယ်ဝသူများ ရှိနေပါကလည်း နိုင်ငံရေးလွတ်လပ်မှုများမှာ အသုံးမဝင်တော့ချေ။

## လုပ်ငန်းများ –

## ကျွန်ုပ်တို့၏ဝါဒ – အပိုင်း (၂)

- ထိုလုပ်ဆောင်ချက်အတွက် "ကျွန်ုပ်တို့၏ဝါဒ – အပိုင်း (၁)" တွင် လုပ်ဆောင်ခဲ့ကြသည့် အဖွဲ့များအတိုင်း ဆောင်ရွက်ပါစေ။

၁။ အဖွဲ့များ ဖွဲ့ပြီး တန်ဖိုးပိရမစ်တစ်ရပ် ဖန်တီးရေးဆွဲပါစေ။ စာမျက်နှာ (၁၈) ပါ အခွင့်အရေးပိရမစ်ကို ပြန်လည်ကြည့်ရှုနိုင်ကြမည်။

- အရေးပါဆုံးသော တန်ဖိုး (၆) ရပ်ကို ဦးစွာ ဆွေးနွေးပြုစုပါစေ။
- ထိုတန်ဖိုးများကို ပိရမစ်ပုံတွင် ချထားသတ်မှတ်ပါစေ။ အရေးပါဆုံးဟု သတ်မှတ်ထားသည့် တန်ဖိုးကို ပိရမစ်၏ ထိပ်ဆုံးတွင် ထားရှိပါစေ။
- ထိုသို့ သတ်မှတ်ရာတွင် မည်သည့် တန်ဖိုးကို ရွေးချယ်မှ မှန်ကန်မှု ရှိသည်၊ မည်သည့် နေရာတွင် သတ်မှတ်ခြင်းက မှားယွင်းသည်ဟူ၍ မပိုင်းဖြတ်ထား။ ကျောင်းသားတို့၏ အတွေ့အကြုံနှင့် ဦးစားပေးမှုကိုလိုက်ပြီး ကွဲလွဲနိုင်မည်သာ ဖြစ်သည်။ သို့ရာတွင် ထိုသို့ ဆွေးနွေးလုပ်ဆောင်ခြင်း၏ အဓိက ဦးတည်ချက်မှာ 'အားလုံးလက်ခံသဘောတူသည့် ဆုံးဖြတ်ချက်' တစ်ရပ် ရရှိသည်အထိ ဆွေးနွေးတတ်ရန်အတွက်သာ ဖြစ်သည်ကို သတိချပ်ပေးပါ။

၂။ ဖော်ပြပါ အချက်အလက်များနှင့် အဖွဲ့၏ လက်ခံယူဆချက်များကို အခြေခံပြီး ပိုစတာတစ်ရပ် ပြုလုပ်ဖန်တီးပါစေ။

- ကျောင်းသားတို့ ပြုစုထားသည့် ပိုစတာများကို အတန်းသို့ အဖွဲ့လိုက် တင်ပြပါစေ။
- ထိုပြုစုထားသည့် ပိုစတာအကြောင်း မေးမြန်းချက်များကိုလည်း ဆွေးနွေး ဖြေဆိုပါစေ။

## လုပ်ငန်းများ

၁။ ကျောင်းသားတို့၏ ဝါဒကို မည်သည့် နေရာတွင် ချထားသတ်မှတ်မည်ကို ဆွေးနွေးပါစေ။ ရှေ့လေ့ကျင့်ခန်းတွင် ဆောင်ရွက်ခဲ့သည့် အဖွဲ့များအတိုင်း လုပ်ဆောင်ပါစေ။

- ဥပမာဆိုရသော် ကျောင်းသားများအနေဖြင့် ဆိုရှယ်လစ်ပိုဆန်သည့် စီးပွားရေးစနစ်ကို ထောက်ခံကြပါက ဖော်ပြပါ ပုံ၏ လက်ဝဲဘက် အစွန်းတွင် ချထားသတ်မှတ်နိုင်မည်။ ထို့အတူ အာဏာရှင်စနစ် ကျလွန်းသည့် နိုင်ငံတော်မျိုးကို ထောက်ခံကြပါက ပုံ၏ ထိပ်ဆုံး အစွန်ဘက်တွင် ထားရှိနိုင်မည် ဖြစ်သည်။
- ထိုသို့ သတ်မှတ်ရာတွင်လည်း မျဉ်းကြောင်းပေါ်တွင်သာ မဟုတ် ပုံ၏ မည်သည့် ကွက်လပ်တွင်မဆို ချထားသတ်မှတ်နိုင်ကြောင်းကိုလည်း ရှင်းလင်းပြောပြထားပေးပါ။

၂။ စာမျက်နှာ (၂၀၆ မှ ၂၁၃) တွင် ပါရှိသည့် 'လှုပ်ရှားဆောင်ရွက်သူများ' စာရင်းပါ လုပ်ဆောင်သူ ၆ ဦးကို ကြည့်ရှုအကဲခတ်ပြီး ဖော်ပြပါ ဇယားတွင် ချထားသတ်မှတ်ပါစေ။


- ထိုသို့ သတ်မှတ်ရာတွင် အဖွဲ့အစည်းများကို မရွေးချယ်ရ၊ လူပုဂ္ဂိုလ်များကိုသာ ရွေးချယ်ရမည်ဖြစ်သည်။

၃။ ပြီးနောက် နိုင်ငံတကာမှ၊ နိုင်ငံတွင်းမှ၊ ကျောင်းသားတို့၏ အသိုင်းအဝိုင်းတွင်းမှ လှုပ်ရှားဆောင်ရွက်သူများကိုလည်း စဉ်းစားဖော်ထုတ်ပြီး ချထားသတ်မှတ်ပါစေ။

## နီးစပ်သည့် အဖြေများ

ထိုသို့ သတ်မှတ်ရာတွင် လုံးဝဥဿုံ မှန်ကန်သည့် အဖြေဟူ၍ မရှိ။ ဤနေရာတွင် ဥပမာအနေဖြင့်သာ ပြသထားခြင်းဖြစ်ပြီး အမြင်အယူအဆ ကွဲလွဲသည်လည်း ရှိနိုင်သည်။

ထိုသို့ လုပ်ဆောင်ရာတွင် ကျောင်းသားများကို ဆွေးနွေးငြင်းခုံ ပါစေ။ လုပ်ဆောင်ချက်၏ အဓိကဦးတည်ချက်မှာ မိမိတို့၏ ဖြေဆိုချက်များအတွက် အထောက်အထား၊ အချက်အလက် ခိုင်ခိုင်လုံလုံဖြင့် ဖော်ပြ ဖြေဆိုတတ်စေရန်သာ ဖြစ်သည်။



## ၃.၂.၂ နိုင်ငံရေးဆိုင်ရာ သဘောတရား

### အကြံပြုသင်ခန်းစာ

- နိုင်ငံရေးအပြောင်းအလဲများအကြောင်း ဆွေးနွေးပါစေ။ ထိုအပြောင်းအလဲများက အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သလား၊ အခက်အခဲများကို ဆောင်ကြဉ်းပေးသလော ဆိုသည်ကို ဆွေးနွေး ပြောဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။ ထိုသို့ ဖော်ပြရာတွင် အခွင့်အလမ်းများနှင့် အခက်အခဲများဟူပြီး ပိုင်းခြားဖော်ပြပေးပါ။
- သင်ခန်းစာ (၃.၂.၄) ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုပါစေ။
- ထိုသို့ ဖတ်ရှုပြီးနောက် ကျောင်းသားတို့ လက်ခံယုံကြည်ထားချက်များ ပြောင်းလဲမှုရှိ၊ မရှိကို မေးမြန်းဆန်းစစ်ပေးပါ။

### လုပ်ငန်းများ


၁။ စာအုပ်နောက်ကျောတွင် ပါရှိသည့် 'လှုပ်ရှားဆောင်ရွက်သူများ' စာရင်းကို ကြည့်ရှုပြီး ထိုစာရင်းမှ လုပ်ဆောင်သူ ၆ ဦးကို ရောင်စဉ်မျဉ်း၏ သင့်လျော်သော နေရာတွင် ချထားပေးပါ။

- ထိုသို့ သတ်မှတ်ရာတွင် လူပုဂ္ဂိုလ်များရော၊ အဖွဲ့အစည်းများကိုပါ ရွေးချယ်နိုင်ကြမည်။

### နီးစပ်သည့်အဖြေများ

ထိုသို့ သတ်မှတ်ရာတွင် လုံးဝဥဿုံ မှန်ကန်သည့်အဖြေဟူ၍ မရှိ။ ဤနေရာတွင် ဥပမာအနေဖြင့်သာ ပြသထားခြင်းဖြစ်ပြီး အမြင်အယူအဆ ကွဲလွဲသည်လည်း ရှိနိုင်သည်။

ထိုသို့ လုပ်ဆောင်ရာတွင် ကျောင်းသားများကို ဆွေးနွေးငြင်းခုံပါစေ။ လုပ်ဆောင်ချက်၏ အဓိကဦးတည်ချက်မှာ မိမိတို့၏ ဖြေဆိုချက်များအတွက် အထောက်အထား၊ အချက်အလက် ခိုင်ခိုင်လုံလုံ ဖော်ပြ ဖြေဆိုတတ်စေရန်သာ ဖြစ်သည်။




၂။ ကျောင်းသားတို့ ပြုစုဖန်တီးထားသည့် ရောင်စဉ်ပြမျဉ်းကို ဆန်းစစ်ပါစေ။ ထိုရောင်စဉ်ပြမျဉ်းပါ လှုပ်ရှားဆောင်ရွက်သူများအကြောင်း ရှာဖွေလေ့လာပါစေ။

- ထိုသူတို့ ပါဝင်ပတ်သက်ခဲ့သည့် သမိုင်းအဖြစ်အပျက်နှင့် ထိုဖြစ်ရပ်တို့၏ ရလဒ်တို့ကို လေ့လာသုံးသပ်ပါစေ။
- ထိုသူတို့၏ ဝါဒများက အဆိုပါ ဖြစ်ရပ်များနှင့် မည်သို့ဆက်စပ်နေကြသည်ကို ဆွေးနွေးပါစေ။
- ထိုသို့ ဆွေးနွေးရာတွင် အောက်ပါအချက်များကို ထည့်သွင်းဆွေးနွေးနိုင်အောင် ကူညီပေးပါ။

» ပြုပြင်ပြောင်းလဲရေး ရယ်ဒီကယ်လ်သဘောထားပိုင်ဆိုင်ထားသူတို့သည် တော်လှန်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများ၊ အာဏာသိမ်းမှုများနှင့် ဆက်စပ်နေသည်ကို တွေ့ရသည်။

» မြန်မာနိုင်ငံတွင်းရှိ ရယ်ဒီကယ်အဆန်ဆုံး အတိုက်အခံလှုပ်ရှားသူများသည် ဆိုရှယ်လစ် သို့မဟုတ် လစ်ဘရယ်လ်ဝါဒကို စွဲကိုင်ခဲ့ကြသည်။

» အစိုးရအများစု၊ စစ်အာဏာရှင်အများစုသည် ဆိုရှယ်လစ် သို့မဟုတ် ကွန်ဆာဗေးတစ်ဝါဒပိုင်ရှင်လှုပ်ရှားဆောင်ရွက်သူများ ဖြစ်ကြသည်ကို တွေ့ရသည်။

» ထိုအခြေအနေရပ်များကို အောက်ပါ ဥပမာများတွင် တွေ့ရှိနိုင်ပေသည်။

- ၁၉၄၈ ဗမာပြည် လွတ်လပ်ရေး – ရဲဘော်သုံးကျိပ် (ဆိုရှယ်လစ်/ လစ်ဘရယ်လ်)၊ ဖဆပလ (ဆိုရှယ်လစ်/ လစ်ဘရယ်လ်)၊
- ၁၉၄၆ ပြည်တွင်းစစ် – ဗမာပြည်ကွန်မြူနစ်ပါတီ (ဆိုရှယ်လစ်)
- ၁၉၆၂ စစ်တပ်မှ အာဏာသိမ်းခြင်း – ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (ကွန်ဆာဗေးတစ်/ ဆိုရှယ်လစ်)
- ၁၉၈၈ SLORC (ကွန်ဆာဗေးဆစ်/ ဆိုရှယ်လစ်)
- ၁၉၈၈ ဆန္ဒပြပွဲများ (၈၈၈၈ အရေးအခင်း) – ၈၈ မျိုးဆက်ကျောင်းသားများ အဖွဲ့ (ဆိုရှယ်လစ်/ လစ်ဘရယ်လ်)၊ လူ့ဘောင်သစ် ဒီမိုကရေစီပါတီ (ဆိုရှယ်လစ်/ လစ်ဘရယ်လ်)၊ ဗမာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ဆိုရှယ်လစ်/ လစ်ဘရယ်လ်)၊
- ၂၀၀၇ ရွှေဝါရောင်အရေးအခင်း – ဗမာနိုင်ငံလုံးဆိုင်ရာသံဃာပေါင်းစုအစည်းအရုံး (ကွန်ဆာဗေးတစ်)

### လုပ်ငန်းများ

- စာမျက်နှာ (၆၁ မှ ၆၆) တွင် ပါရှိသည့် နိုင်ငံရေး အဆိုအမိန့်များကို ပြန်လည် ကြည့်ရှုပါစေ။
- မည်သည့် အဆိုများက ပြုပြင်ပြောင်းလဲရေး ရယ်ဒီကယ်လ်များအကြား ပြောဆိုကြပြီး၊ မည်သည်တို့က အလယ်အလတ်လမ်းစဉ် မော်ဒရိတ်တို့အကြား ဖြစ်သည်ကို ဆွေးနွေးဆုံးဖြတ်ပါစေ။

**အဖြေများ**

**စာမျက်နှာ (၆၁) – အလယ်အလတ်လမ်းစဉ် မော်ဒရိတ်**

**စာမျက်နှာ (၆၆) – ပြုပြင်ပြောင်းလဲရေး ရယ်ဒီကယ်လ်**

## ပြန်လည်သုံးသပ်ချက်

- ဖော်ပြပါ မေးခွန်းလွှာတို့ကို လေ့လာဖတ်ရှုပါစေ။ နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။
- ထိုအဆိုအားလုံးသည် ရယ်ဒီကယ်လ်ကျသော အဖြေများ ဖြစ်သည်၊ လတ်တလော အခြေအနေများနှင့် နီးစပ်ခြင်း မရှိသည်ကို နားလည် သိရှိထားပါစေ။
- ထိုသို့ လုပ်ဆောင်ရာတွင် အချို့သော အဆိုများကို နောက်ခံ အကြောင်းရပ်ဖြစ်သော ဝါဒများနှင့် မရောနှောစေသင့်ချေ။ ဥပမာဆိုရသော် ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒီ တစ်ဦး အနေဖြင့် မဖြစ်မနေ စစ်မှုထမ်းခွင့်ကို ထောက်ခံမည် ဖြစ်သည်။ သို့ရာတွင် အမျိုးသား၊ အမျိုးသမီးတိုင်း မဖြစ်မနေ စစ်မှုထမ်းရန်အတွက်မှု ရယ်ဒီကယ်ဆန်လွန်းသည့် သဘောထား ပိုင်ဆိုင်ထားသူတို့မှသာ ထောက်ခံကြလိမ့်မည် ဖြစ်သည်။
- ထိုမေးခွန်းတို့ကို တစ်ဦးချင်း ဖြေဆိုပါစေ။
- ထိုသို့ ဖြေဆိုစေပြီးနောက် (ဖြစ်သင့်သည်) ဟူသော အဖြေကို မည်မျှ ရွေးချယ်ထားကြောင်း ရေတွက်ပါစေ။

  ၀ – ၁၀ အကြားရှိပါက ရှေးရိုးစွဲ ကွန်ဆာဗေးတစ်၊

  ၁၁ – ၁၅ အကြားရှိပါက အလယ်အလတ်လမ်းစဉ် အလယ်အလတ်လမ်းစဉ် မော်ဒရိတ်၊

  ၁၆ – ၂၀ အတွင်းရှိပါက ပြုပြင်ပြောင်းလဲရေး ရယ်ဒီကယ်လ်၊

- အတန်းအနေဖြင့် ဖြေဆိုချက်ရလာဒ်များကို တိုက်ဆိုင်စစ်ဆေးပါ။ ထိုရလဒ်များက ကျောင်းသားတို့၏ နိုင်ငံရေးဝါဒ သဘောထားများနှင့် စပ်လျဉ်းပြီး မည်သို့ ဖော်ညွှန်းလျက် ရှိသည်ကို တိုင်းတာ ဆုံးဖြတ်ပေးပါ။

# အပိုင်း (၁) – ပြန်လည်သုံးသပ်ခြင်း

## နားလည်မှု စစ်ဆေးခြင်း

- မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ နိုင်ငံရေးသည် အတူတကွ ဆုံးဖြတ်ချက်ချမှတ်ကြခြင်း ဖြစ်သည်။ သို့ဖြစ်၍ 'မည်သူက မည်သည့်အရာကို မည်သည့်အချိန်၊ မည်သို့ မည်ပုံ ရရှိပိုင်ဆိုင်နိုင်မှု' တို့နှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်သည့် အခါတိုင်း ပဋိပက္ခများ ဖြစ်ပွားပေါ်ပေါက်လာရသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ဤသည်မှာလည်း အကန့်အသတ်ဖြင့်သာ ရှိနေရသည့် အရင်းအမြစ်များနှင့် အခွင့်အလမ်းများကြောင့်ဖြစ်သည်။

ထိုမျှသာမက ဆုံးဖြတ်မှုချမှတ်မှုပုံစံကလည်း ပဋိပက္ခများကို ပေါ်ပေါက်လာစေနိုင်သည်။ ထိုဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတွင် အယူအဆမျိုးစုံ၊ သဘောထားပေါင်းစုံ၏ ခြယ်လှယ်မှုဒဏ်ကို ခံရနိုင်သောကြောင့် ဖြစ်ပေသည်။

၂။ လူမှုအသိုင်းအဝိုင်းတစ်ရပ်အတွင်း အများနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်သည့် အခါတိုင်းတွင် အဆိုပါ အသိုင်းအဝိုင်း၏ အဖွဲ့ဝင်များ အနေဖြင့် တစ်ဦးနှင့် တစ်ဦး ညှိနှိုင်းရန်၊ ဆွေးနွေးရန်၊ လက်တွဲပူးပေါင်း လုပ်ဆောင်ကြရန် လိုအပ်ပေသည်။ သို့ဖြစ်၍ 'မည်သူက မည်သည့်အရာကို မည်သည့်အချိန်၊ မည်သို့ မည်ပုံ ရရှိပိုင်ဆိုင်နိုင်ပုံ' နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတိုင်းတွင် ပူးပေါင်း လုပ်ဆောင်ကြရန် လိုအပ်သည်။

၃။ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး များ ဖြစ်သည်။

၄။ 'အနိမ်ခံဘဝ လွတ်မြောက်ရေးပုံပိုးမှု' ဆိုသည်မှာ ခွဲခြား ဆက်ဆံခံခဲ့ရသည့် အစုအဖွဲ့များအတွက် အကျိုးခံစား နိုင်စေမည့် မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ် ကျင့်သုံးပေးခြင်းပင်ဖြစ်သည်။ ထိုသို့ ကျင့်သုံးရာတွင် ပညာရေး၊ အလုပ်အကိုင် ခန့်ထားရေးတို့တွင် တွေ့ရှိနိုင်သကဲ့သို့ နိုင်ငံရေးတွင်လည်း ဖော်ဆောင်ပေး တတ်ကြပေသည်။

၅။ လစ်ဘာတေးရီးယန်းတို့ ယုံကြည်ထားကြသည်မှာ မည်သူမဆို ကိုယ့်ဘဝကိုယ် စီမံပိုင်ခွင့် ရှိရမည် ဖြစ်သည်။ တစ်ပါးသူ၏ လွတ်လပ်မှုကို မထိပါးသမျှ ကာလပတ်လုံး ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အပြည့်အဝ ခံစားနိုင်ခွင့်ရှိကြောင်း ဆိုထားပေသည်။

၆။ 'အထက်မှ အောက်' သို့ စီးဆင်းသော အာဏာသည် အာဏာပိုမို ပိုင်ဆိုင်ထားသူတို့က ၎င်းတို့အလိုကျ အာဏာရှင်ဆိုင်မှု နည်းပါးသူတို့ ပြုမူလုပ်ဆောင်စေ ရာတွင် အသုံးပြုသည်။ 'အောက်မှ အထက်' သို့ စီးဆင်းသည့် အာဏာသည် အာဏာ နည်းပါးစွာ ပိုင်ဆိုင်ထားသူတို့က မိမိတို့ရရှိအပ်သည့်အကျိုးတရားများ၊ အခွင့်အရေးများကို အာဏာပိုမို ပိုင်ဆိုင်ထားသူတို့က မထိပါးနိုင်အောင် စောင့်ရှောက် ကာကွယ်ရန် စည်းလုံး ကြရာမှ ပေါက်ဖွားလာရပေသည်။

၇။ မြင်သာသည့် အာဏာဆိုသည်မှာ ဩဇာအာဏာ ကြီးမားသည့် လူပုဂ္ဂိုလ် (သို့) အစုအဖွဲ့တစ်ရပ်ရပ်က မြင်သာသည့် လုပ်ရပ်များမှတစ်ဆင့် အာဏာနည်းပါး သူတို့ကို မိမိတို့ အလိုကျ ပြုမူလာစေသည့် အာဏာ မျိုးပင် ဖြစ်သည်။ အတင်းအကြပ် လုပ်ခိုင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဆွဲဆောင်သိမ်းသွင်းခြင်း စသည်တို့ သည် အတွေ့ရများသည့် မြင်သာသည့် အာဏာ အမျိုးအစားများ ဖြစ်ကြသည်။

ဖုံးကွယ် ကိန်းအောင်းနေသည့် အာဏာဟူသည်မှာ ဩဇာအာဏာ ကြီးမားသည့် လူပုဂ္ဂိုလ် (သို့မဟုတ်) အစုအဖွဲ့တစ်ရပ်ရပ်သည် မိမိတို့၏ အတွေးအခေါ် ယုံကြည်ချက်များကို အသုံးပြုပြီး အာဏာနည်းပါးသူ အစုအဖွဲ့များအား မိမိတို့အလိုကျ ပြုမူလာစေသည့် အာဏာမျိုးပင်ဖြစ်သည်။ ထိုအာဏာဆိုင်ရာ ဥပမာများတွင် အကြောက်တရား၊ ပစ်ပယ်ခံရမှု၊ လုပ်ငန်းစဉ်များ အကွက်ကျ အကောင်အထည်ဖော်မှု၊ ကြိုးကိုင်ချယ်လှယ်မှု စသည်တို့ကို အတွေ့ရများပေသည်။

၈။ 'အာဏာသည် မိမိတို့ အလိုရှိသော အရာကို တစ်စုံ တစ်ဦးအား လုပ်ဆောင်စေနိုင်မှုအစွမ်း' ဟု အနက်ရပြီး 'လုပ်ပိုင်ခွင့်' ဟူသည် ထိုသို့ လုပ်ဆောင်စေနိုင်သည့် အခွင့်အရေး ပိုင်ဆိုင်ထားခြင်းဟု ဖွင့်ဆိုနိုင်သည်။

၉။ တရားဝင်အသိအမှတ်ပြုမှု ဆိုသည်မှာ ခေါင်းဆောင် တစ်ဦး၊ အစိုးရတစ်ရပ် (သို့မဟုတ်) အဖွဲ့အစည်း တစ်ရပ်၏ လုပ်ပိုင်ခွင့်အား လူအများက မည်မျှ လက်ခံထားသည်ဆိုသည့် အချက်ကို ကိုယ်စားပြုသည်။

၁၀။ ပူးပေါင်းပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တရားဥပဒေစိုးမိုးမှု၊ ကောင်းမွန်သော အုပ်ချုပ်မှု။

၁၁။ ဝါဒတစ်ရပ်ဆိုသည်မှာ အယူအဆရေးရာ လက်ခံ ယုံကြည်ချက်များ ပေါင်းစုထားခြင်း၊ ထိုယုံကြည်ချက် များနှင့် လက်တွေ့လောကအတွင်းရှိ နိုင်ငံရေးအကြား ဆက်နွယ်မှု စသည်ပင် ဖြစ်သည်။ ၎င်းတွင် လက်ရှိ နိုင်ငံရေး အခြေအနေအကြောင်း ရှင်းလင်းချက်၊ နိုင်ငံရေးသည် မည်သို့ မည်ပုံ ဖြစ်သင့်သည်ဟု လက်ခံယုံကြည်ထားချက်များ၊ ထိုယုံကြည်ချက်များ ထင်ဟပ်လျက်ရှိသော နိုင်ငံရေးအခြေအနေတစ်ရပ်

ဖြစ်အောင် ပြုပြင်ဖန်တီးစေမည့် လုပ်ငန်းအစီအစဉ် စသည့် အစိတ်အပိုင်း (၃) ရပ်တို့ ပါဝင်ကြပေသည်။

၁၂။ လွတ်လပ်မှု၊ ခွင့်တူညီမျှမှု၊ သဘောထားကြီးမှု၊ စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့်။

၁၃။ ရိုးရာဓလေ့၊ ဥပဒေနှင့် အမိန့်အာဏာ၊ 'အထက် – အောက်' ပိုင်းခြားမှု၊ လုပ်ပိုင်ခွင့် အာဏာ။

၁၄။ စည်းလုံးမှု၊ သာတူညီမျှမှု၊ လူမှုလိုအပ်ချက်၊ ဘုံပိုင်ဆိုင်မှု။

၁၅။ နိုင်ငံရေးဝါဒတစ်ရပ်သည် သာလွန်ကောင်းမွန်သည့် အနေအထားတစ်ရပ်သို့ ပြောင်းလဲရောက်ရှိစေရန် ဖော်ဆောင်ပေးရမည့် လုပ်ဆောင်ချက်များကို ဆိုလိုခြင်း ဖြစ်သည်။

နိုင်ငံရေးဆိုင်ရာ သဘောထားများသည် နိုင်ငံရေး အပြောင်းအလဲများ၏ လိုအပ်သော အရှိန်အဟုန်နှင့် နိုင်ငံရေး သဘာဝဆိုင်ရာ အမြင်များကို ဆိုလိုသည်။

# အခန်း (၄)
# နိုင်ငံများနှင့် လူမျိုးများ

## ၄.၁ နိုင်ငံများ

### ၄.၁.၁ နိုင်ငံတော်

**အကြံပြုသင်ခန်းစာ**

၁။ 'state' ဟူသည့် ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို စဉ်းစား ဖွဲ့ဆိုပါစေ။

- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၄.၁.၁) ပါ အကြောင်းအရာတို့ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေကြားပြောဆိုချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ပေးပါ။

**နီးစပ်သော အဖြေများ**

'State' ဟူသော ဝေါဟာရသည် နိုင်ငံရေး အသိုင်းအဝိုင်းကြီး တစ်ရပ် (ဥပမာ – တိုင်းပြည်) တို့၏ အစိတ်အပိုင်းဖြစ်သည့် နယ်ပယ်ဒေသတစ်ခုကို ရည်ညွှန်းသည်။ ဥပမာဆိုရသော် မြန်မာနိုင်ငံတွင် ပြည်နယ်ပေါင်း (states) ၇ ပြည်နယ် ရှိပြီး အားလုံးမှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။

နိုင်ငံရေးပညာရှင်များအနေဖြင့် 'state' ဟူသည့် ဝေါဟာရကို သုံးနှုန်းသည့်အခါတွင်မူ ထို့ထက် ကြီးမားကျယ်ပြန့်သည့် နိုင်ငံရေးအသိုင်းအဝိုင်းကြီးများ (တိုင်းပြည် သို့မဟုတ် ပြည်ထောင်စု) တို့ကို ရည်ညွှန်းသုံးနှုန်းကြသည်။

## လုပ်ငန်းများ

- တစ်တန်းလုံးအနေဖြင့် သင်ခန်းစာ (၄.၁.၁ – ဂ) တွင် ပါရှိသည့် နိုင်ငံတော် (state) ၏ လုပ်ငန်းဆောင်တာ (၆) ရပ်ကို ဆွေးနွေးပါစေ။ နားမလည်သည်တို့ကို ရှင်းလင်းပြောပြပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ ဖော်ပြပါ လုပ်ဆောင်ချက်များကို နိုင်ငံတော်၏ လုပ်ငန်းဆောင်တာ (၆) ရပ်နှင့် တွဲဖက်ပါစေ။

### နီးစပ်သော အဖြေများ

၁။ (က)

၂။ (ဂ)

၃။ (စ)

၄။ (င)

၅။ (ခ)

၆။ (ဃ)

## ပြန်လည်သုံးသပ်ချက်

- နှစ်ယောက်တစ်တွဲ တွဲပေးပြီး ဖော်ပြပါ လုပ်ငန်းဆောင်တာတို့ကို အရေးပါမှုအလိုက် စီစဉ်သတ်မှတ်ပါစေ။
- ထို ၂ ဦးပါ အတွဲကို အခြားသော အတွဲတစ်တွဲနှင့် ဆက်လက်ပူးပေါင်းစေပြီး အဖွဲ့ဝင်အားလုံး သဘောတူညီသည့် စာရင်းသတ်မှတ်ချက်တစ်ရပ် ထပ်မံပြုစုပါစေ။
- အထက်ပါအတိုင်း အဖွဲ့များအဆင့်ဆင့် ပူးပေါင်းပြီး အဖွဲ့လိုက် သဘောတူညီသော အစီအစဉ်အတိုင်း ရေးသည့် စာရင်းသတ်မှတ်ပါစေ။
- ပြီးနောက် တစ်တန်းလုံးသဘောတူညီသည့် စာရင်းတစ်ရပ်ကို ဆွေးနွေးပြုစုပါစေ။
- ထိုလုပ်ဆောင်ချက်ကို ဆောင်ရွက်ရာတွင် 'အားလုံး သဘောတူညီမှု ရရှိသည်အထိ ဆုံးဖြတ်ချမှတ်မှုပုံစံ' ကို အသုံးချပါစေ။

## ၄.၁.၂ နိုင်ငံတော်တစ်ရပ်၏ အရေးပါသော လက္ခဏာရပ်များ

### အကြံပြုသင်ခန်းစာ

- 'နိုင်ငံတော်' နှင့် အခြားသော နိုင်ငံရေး အသိုင်းအဝိုင်းများ (ဥပမာ – မြို့တော်၊ ဒေသတစ်ရပ်၊ လူမျိုးစုတစ်ရပ်) အကြား မည်သည့် ခြားနားချက်များ ရှိသည်ကို စဉ်းစားဖော်ထုတ်ပါစေ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၄.၁.၂) ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေကြားပြောဆိုချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ပေးပါ။

### နီးစပ်သော အဖြေများ

» နိုင်ငံတော်သည် အချုပ်အခြာအာဏာ ပိုင်စိုးသည်။ အချုပ်အခြာအာဏာဆိုသည်မှာ နိုင်ငံရေးတွင် သက်ဆိုင်ပါဝင်လျက်ရှိသော အသိုင်းအဝိုင်းတို့၏ ဝင်ရောက်စွက်ဖက်မှု မပါရှိဘဲ ကိုယ်ပိုင် ဆုံးဖြတ်ချက်ချခွင့် ရှိခြင်း ဖြစ်သည်။

» နိုင်ငံတော်တို့သည် အင်အားသုံးခြင်းကို တရားဝင်အသုံးပြုနိုင်ခွင့် တစ်ဦးတည်း ထိန်းချုပ် ပိုင်ဆိုင်ထားနိုင်သည်ဟုလည်း ဆိုထားကြသည်။

**ဆွေးနွေးချက်**

- အဖွဲ့နှင့်ဖြစ်စေ၊ အတန်းလိုက်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

၁။ မေးခွန်း ၁ အတွက် ဖြေနိုင်သော အဖြေများ

» နိုင်ငံတော်/အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက နယ်မြေနှင့် ပြည်သူများအပေါ် ထိန်းချုပ်ထားကြသည်။

» နိုင်ငံတော်သည် တိုင်းပြည်တွင်းရှိ အမြင့်မားဆုံးသော အာဏာရှင်ဖြစ်သည့် အတွက်ကြောင့် အချုပ်အခြာအာဏာပိုင်စိုးသည်ဟု အချို့က ထောက်ပြထားသည်။ နိုင်ငံတော်သာလျှင် ပြည်ထောင်စုအဆင့် ဥပဒေများကို ချမှတ်နိုင်သူဖြစ်ပြီး အခြားနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အသိအမှတ်ပြုထားရှိသည်။

» အချို့ကလည်း တိုင်းရင်းသားလက်နက်ကိုင်များက အချုပ်အခြာအာဏာ ပိုင်ဆိုင်ထားသည်ဟု ဆိုထားကြပြန်သည်။ ထိုအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ နယ်မြေအတွင်းတွင် အသိအမှတ်ပြုခံထားရ၊ ဒေသခံများမှ နာခံကြရသည့် အာဏာရှင်များ ဖြစ်ကြခြင်းကြောင့် ဖြစ်ပေသည်။

၂။ လက်ခံသဘောတူသည်။ နိုင်ငံတော်သာလျှင် တိုင်းပြည်တွင်းရှိ လက်နက်ကိုင်အင်အားစုများနှင့် ရဲတပ်ဖွဲ့တို့က ထိန်းချုပ်နိုင်ခြင်းကြောင့်ဖြစ်သည်။ သဘောမတူချေ။ အကြောင်းမှာ နိုင်ငံတော်တွင်း အကျုံးမဝင်သည့် လက်နက်ကိုင်အဖွဲ့များ ရှိကြပြီး ၎င်းတို့ကလည်း တရားဝင်အင်အားသုံးခြင်းကို တောင်းဆိုထားခြင်းကြောင့်ဖြစ်သည်။ ထိုသူတို့၏ အဆိုအရ နိုင်ငံတော်သည် ၎င်းတို့ကို ကိုယ်စားပြုနေခြင်း မရှိကြ၊ ၎င်းတို့အပေါ်တွင် အင်အားသုံးမှုများ ပြုကျင့်နေသည်ဟု ထောက်ပြထားသည်။ ထိုသူတို့၏ အမြင်တွင် နိုင်ငံတော်၏ အင်အားသုံးခြင်းက တရားဝင်အသိအမှတ်ပြုမှုမရှိ။ ထိုသူတို့သည် ၎င်းတို့ ထိန်းချုပ်ထားသည့် သက်ဆိုင်ရာနယ်မြေဒေသများအတွက်လည်း နိုင်ငံတော်၏ လုပ်ငန်းဆောင်တာများအတိုင်း ဖြည့်စွမ်းလျက် ရှိကြသည်ကို တွေ့ရသည်။ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လုံခြုံရေးစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပေးစွမ်းကြသည့် အတွက်ကြောင့်လည်း ထိုသူတို့၏ အင်အားသုံးခြင်းသည် တရားဝင်သည်ဟု အချို့က လက်ခံထားကြပေသည်။

၃။ အဖြေများ ကွဲလွဲလိမ့်မည်။ ဖြစ်နိုင်ချေရှိသည့် အဖြေအချို့မှာ

» နိုင်ငံတော်၊ မြန်မာ့စစ်တပ် (တပ်မတော်)၊ ရဲတပ်ဖွဲ့။

» တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် စစ်တပ်အဖွဲ့အစည်းများ၊ လက်နက်ကိုင် တော်လှန်ရေးလှုပ်ရှားမှုအဖွဲ့များ။

» ရာဇဝတ်ဂိုဏ်းများ၊ မူးယစ်ဂိုဏ်းများ။

» အကြမ်းဖက် အဖျက်သမားများ၊ အဓိကရုဏ်းလှုပ်ရှားသူများ။

၄။ **တရားဝင်အသိအမှတ်ပြုမှုရှိ**

» **နိုင်ငံတော်၊ မြန်မာ့စစ်တပ် (တပ်မတော်)၊ ရဲတပ်ဖွဲ့ –** နိုင်ငံတော်သာလျှင် တရားဝင်အသိအမှတ်ပြုမှုရှိသည့် အင်အားသုံးခြင်းကို တိုင်းပြည်နှင့်အဝှမ်း ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းရန်အတွက် အသုံးပြုနိုင်သည်။ ပြည်တွင်း၊ ပြည်ပမှ ရန်စွယ်တို့ကိုလည်း နိုင်ငံတော်မှသာ ခုခံကာကွယ်နိုင်သည်။ စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့သည် နိုင်ငံတော်၏ အစိတ်အပိုင်းများဖြစ်ကြသည့်အလျောက် တရားဝင် အင်အားသုံးခြင်းကို တစ်ဦးတည်း ချုပ်ကိုင်ထားနိုင်ခွင့် ရရှိထားကြပေသည်။

» **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် စစ်တပ်အဖွဲ့အစည်းများ –** အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် စစ်တပ် အဖွဲ့အစည်းများသည် သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးစုများကို ကိုယ်စားပြုနေကြသည့် အတွက်ကြောင့် တရားဝင်အသိအမှတ်ပြုမှုရှိသည့် အင်အားသုံးခြင်းဟု သတ်မှတ်နိုင်သည်။ ထိုအဖွဲ့အစည်းများသည် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုံခြုံမှုစသော ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ထမ်းရွက်ကြသည့်အတွက် ထိုအဖွဲ့တို့၏ အင်အားသုံးခြင်းများက တရားဝင်ရခြင်း ဖြစ်သည်ဟု အချို့က ဆိုထားကြသည်။

**တရားဝင်အသိအမှတ်ပြုမှု မရှိ**

» **နိုင်ငံတော်၊ မြန်မာ့စစ်တပ် (တပ်မတော်)၊ ရဲတပ်ဖွဲ့ –** နိုင်ငံတော်တွင်း အကျုံးမဝင်သည့် လက်နက်ကိုင်အဖွဲ့များက နိုင်ငံတော်သည် ၎င်းတို့ကို ကိုယ်စားပြုနေခြင်း မရှိဟု ထောက်ပြထားကြသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံသားအားလုံးတို့၏ သဘောတူခွင့်ပြုမှုကို ပိုင်ဆိုင်ထားနိုင်ခြင်း မရှိသည့်အတွက်ကြောင့်လည်း နိုင်ငံတော်၏ အင်အားသုံးမှုသည် အစဉ်အမြဲ တရားဝင်ခြင်း မရှိဟု ဝေဖန်ထားကြပေသည်။

» **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် စစ်တပ်အဖွဲ့အစည်းများ –** ထိုသူတို့၏ အင်အားသုံးခြင်းသည် တရားမဝင်ချေ။ အကြောင်းမှာ ထိုအဖွဲ့များ ကိုယ်စားပြုလျက် ရှိနေသည်ဟု ဆိုထားသည့် နယ်မြေများမှာ

နိုင်ငံတော်၏ အစိတ်အပိုင်းသာလျှင်ဖြစ်သည်။ ထို့အပြင် လက်နက်ကိုင်အဖွဲ့များသည် သက်ဆိုင်ရာ နယ်မြေဒေသအတွင်း ပြည်သူတို့မှ ဒီမိုကရေစီစနစ် အရ ရွေးချယ်တင်မြှောက်ခံထားကြရသူများ မဟုတ်ကြ သည့်အတွက်လည်း ထိုအဖွဲ့များမှာ တရားမဝင်လှချေ။

» **ရာဇဝတ်ဂိုဏ်းများ၊ မူးယစ်ဂိုဏ်းများ –** ရာဇဝတ်ဂိုဏ်း များသည် ကိုယ်ကျိုးစီးပွားအတွက်သာ အင်အား သုံးခြင်းကို အသုံးပြုကြပေသည်။ ထို့အပြင် ထိုသူတို့သည် ၎င်းတို့ ကိုယ်စားပြုလျက်ရှိသည်ဟု ကြွေးကြော်ထားသည့် နိုင်ငံရေးဆိုင်ရာ အသိုင်းအဝိုင်း များ၏ သဘောတူခွင့်ပြုမှုကို ရရှိထားခြင်း မရှိကြချေ။

» **အကြမ်းဖက် အဖျက်သမားများ၊ အဓိကရုဏ်း လှုပ်ရှားသူများ –** ထိုလှုပ်ရှားသူများသည် ၎င်းတို့ ကိုယ်စားပြုထား၊ အကာအကွယ်ပေးထားသည့် နိုင်ငံရေးအသိုင်းအဝိုင်းတို့၏ သဘောတူခွင့်ပြုမှုကို ရရှိပိုင်ဆိုင်ထားနိုင်ခြင်း မရှိကြချေ။

၅။ ကျောင်းသားပေါ် မူတည်ပြီး ဖြေဆိုပုံကွဲလွဲနိုင်သည်။

## လေ့ကျင့်ခန်း

- သင်ခန်းစာပါ အကြောင်းအရာတို့ကို အခြေခံပြီး ဖော်ပြပါ နိုင်ငံရေးအဆောက်အအုံယန္တရားများကို ဇယား၏ သင့်လျော်သောနေရာတွင် ဖြည့်စွက်ပါစေ။ တစ်ဦးချင်း ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ လုပ်ဆောင်ပါစေ။

### အဖြေများ

- ထိုဇယားကို ဖြည့်စွက်ရာတွင် မြန်မာ့အတိတ်သမိုင်းပါ အဖြစ်အပျက်အချို့တို့ကို အခြေခံ၍ ဖြေဆိုသူများလည်း ရှိနိုင်သည်။ ထိုသို့ အခြေခံဖြေဆိုရာတွင် 'စစ်တပ်' ကို အချုပ်အခြာအာဏာဟူသည့် ဇယားကွက်တွင် ချထား သတ်မှတ်နိုင်မည်ဖြစ်သည်။

| နိုင်ငံတော်၏လက္ခဏာရပ်များ | သက်ဆိုင်ရာ အဖွဲ့အစည်းများ |
|---|---|
| အချုပ်အခြာအာဏာ<br>(ဆုံးဖြတ်ချက်ချမှတ်ခြင်းများ) | အစိုးရ<br>တရားရုံးများ |
| တရားဝင်အင်အားသုံးခြင်းကို တစ်ဦးတည်း ချုပ်ကိုင်ထားခြင်း<br>(monopoly of legitimate violence)<br>(အင်အားသုံးမှုများ) | ရဲ<br>စစ်တပ် |
| နိုင်ငံရေး အဆောက်အအုံယန္တရားများ<br>အပေါင်းအစု<br>(ဝန်ဆောင်မှုများ ပေးစွမ်းခြင်း) | ဆေးရုံများ၊<br>စာကြည့်တိုက်များ၊<br>ကျောင်းများနှင့် တက္ကသိုလ်များ။ |

## ၄.၁.၃ မင်းမဲ့ဝါဒ၊ နိုင်ငံတော်ဟူ၍ လိုအပ်သလော

### အကြိုသင်ခန်းစာ

- 'မင်းမဲ့ဝါဒ' ဟူသည့် ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို စဉ်းစားဖော်ထုတ်ပါစေ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၄.၁.၃) ပါ အကြောင်းအရာတို့ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေကြားပြောဆိုချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ပေးပါ။

### နီးစပ်သော အဖြေများ

မင်းမဲ့ဝါဒ (anarchism) ဟူသည် နိုင်ငံတော်ရှိခြင်းကို ဆန့်ကျင်သည့် ဝါဒတစ်ရပ်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ပြဿနာရပ်များ ဖြစ်ရခြင်းမှာ အစိုးရ အာဏာနှင့် အရင်းရှင်စနစ်တို့ကြောင့် ဖြစ်ရသည်ဟုလည်း ဝေဖန်ထားကြသည်။ ဆုံးဖြတ်ချက်တိုင်းကို ပြည်သူများက တိုက်ရိုက် ပြုလုပ်သင့်ကြောင်း မင်းမဲ့ဝါဒီတို့က ခံယူထားကြ ပေသည်။

## ဆွေးနွေးချက်

- အဖွဲ့များဖွဲ့ပြီး မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ထိုဆွေးနွေးဖြေဆိုချက်များကို အတန်းသို့ တင်ပြ ပြောဆိုပါစေ။


### နီးစပ်သော အဖြေများ

ကျောင်းသားများ၏ အဖြေပေါ်လိုက်၍ ကွဲလွဲနိုင်သည်။

## လုပ်ငန်းများ

- အဖွဲ့များဖွဲ့ပြီး စက်ဝိုင်းဇယား (venn diagram) တစ်ခု ပြုလုပ်ပါစေ။ ထိုစက်ဝိုင်းဇယား၏ စက်ဝိုင်း၏ ပြည်သူဘက်တွင် ပြည်သူတို့၏ လိုအပ်ချက်များ ဖြည့်စွက်ပြီး အခြားစက်ဝိုင်းတစ်ဖက်တွင် နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်စွက်ပါစေ။ ထို့နောက် ပြည်သူတို့နှင့် နိုင်ငံတော်တို့၏ ပန်းတိုင်များအတွက် နောက်ထပ် စက်ဝိုင်းဇယားတစ်ခု ထပ်မံ ပြုလုပ်ပါစေ။
- ထိုသို့ ပြုလုပ်ရာတွင် အခက်အခဲရှိပါက အောက်ပါ ဥပမာများအတိုင်း ရေးဆွဲပြသပေးနိုင်မည်။ ထို့အတူ အောက်ပါ အချက်များကိုပါ ရှင်းလင်းပါရှိပါစေ။
  - » နိုင်ငံတော်များ ရပ်တည်ရန် မည်သည်တို့ လိုအပ်မည်၊
  - » နိုင်ငံတော်များမှ မည်သည်တို့ကို အားသွန်ခွန်စိုက် ဖော်ဆောင်ပေးသင့်သည်၊
  - » ပြည်သူများ ရပ်တည်ရန် မည်သည်တို့ လိုအပ်မည်၊
  - » ပြည်သူများအနေဖြင့် မည်သည်တို့အတွက် အားထုတ်ကြိုးပမ်းသင့်သည်။

### နီးစပ်သော အဖြေများ



# ၄.၂ လူမျိုးနှင့် အမျိုးသားရေးဝါဒ

## ၄.၂.၁ အမျိုးသားအရပ်ရပ်

**အကြံပြုသင်ခန်းစာ**

- 'အမျိုးသားတစ်ရပ်' ဟူသည့် ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို စဉ်းစား ဖော်ထုတ်ပါစေ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၄.၂.၁) ပါ အကြောင်းအရာတို့ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေကြားပြောဆိုချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ပေးပါ။

**နီးစပ်သော အဖြေများ**

အမျိုးသား တစ်ရပ် (nation) သည် တူညီသည့် ယဉ်ကျေးမှု၊ ဘာသာစကား၊ သမိုင်းနောက်ခံတို့ မျှဝေ ကျင့်သုံးသော အသိုင်းအဝိုင်းကို ကိုယ်စားပြုပေသည်။ အမျိုးသားတစ်ရပ်သည် နယ်မြေဒေသတစ်ရပ်အတွင်း အတူတကွ ရပ်တည် ရှင်သန်လေ့ရှိကြပြီး နိုင်ငံရေး ပန်းတိုင်များနှင့် အကျိုးစီးပွားတို့လည်း ထပ်တူညီစွာ ပိုင်ဆိုင်ထားလေ့ ရှိကြသည်။

### လေ့ကျင့်ခန်း

- လူမျိုးစုများနှင့် အမျိုးသားတို့၏ လက္ခဏာရပ်များအရ ဖော်ပြပါ ဇယားကို ဖြည့်စွက်ပါစေ။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ လုပ်ဆောင်ပါစေ။
- ထိုဇယားတွင် 'အမြဲတမ်း' သို့မဟုတ် 'အမြဲတမ်းမဟုတ်' ဟူ၍ ပိုင်းခြားသတ်မှတ်ပါစေ။

### အဖြေများ

| | လူမျိုးစု (Ethnic Group) | အမျိုးသား (Nation) |
|---|---|---|
| ယဉ်ကျေးမှု၊ဘာသာစကားနှင့် သမိုင်းတို့ တူညီခြင်းရှိ/ မရှိ | အမြဲတမ်း | အမြဲတမ်းမဟုတ် |
| နိုင်ငံရေးဆိုင်ရာ ပန်းတိုင်များနှင့် အကျိုးတရားတို့ တူညီခြင်းရှိ/ မရှိ | အမြဲတမ်းမဟုတ် | အမြဲတမ်း |

### ဆွေးနွေးချက်

- နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။
- ထိုဖြေဆိုချက်များကို အဖွဲ့လိုက် တင်ပြ ပြောဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ ဖြေဆိုပုံ အမျိုးမျိုးရှိနိုင်သည်။

၂။ ကရင်၊ ကချင်၊ ပအိုဝ်တို့သည် အမျိုးသားရပ်များ ဖြစ်ကြသည်။ ထိုသူတို့သည် သက်ဆိုင်ရာ အမျိုးသား အရပ်ရပ်အလိုက်တူညီသည့်ယဉ်ကျေးမှု၊ဘာသာစကား၊ သမိုင်းနောက်ခံတို့ကို မျှဝေပိုင်ဆိုင်ထားကြပေသည်။ ထို့အတူ နယ်မြေဒေသတစ်ရပ်အတွင်း အတူတကွ ရပ်တည်ကြပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ အချုပ်အခြာ အာဏာစသည့် နိုင်ငံရေးပန်းတိုင်များကိုလည်း တူညီကြသည်ကို တွေ့ရပေသည်။

ကရင်၊ ကချင်၊ ပအိုဝ်တို့သည် လူမျိုးစုများ ဖြစ်ကြပေသည်။ အကြောင်းမှာ အမျိုးသားတစ်ရပ်၏ အစိတ်အပိုင်းများ ဖြစ်ကြ၍ဖြစ်သည်။ ထိုမျှသာမက ထိုလူမျိုးစုများ အတွင်းတွင် ပန်းတိုင်မတူ၊ အကျိုးစီးပွား မတူညီကြသည့် အုပ်စုငယ်အမျိုးမျိုး ကွဲပြားလျက် ရှိပေသည်။

## ၄.၂.၂ လူမျိုးစုဆိုင်ရာလက္ခဏာနှင့် နိုင်ငံသားဆိုင်ရာလက္ခဏာ

### အကြံပြုသင်ခန်းစာ

- 'နိုင်ငံသားဖြစ်ခြင်း' နှင့် 'လူမျိုးစုဖြစ်ခြင်း' တို့အနက် မည်သည်က ပိုမိုအရေးပါသည်၊ မည်သည့်ကြောင့် ဖြစ်သည်ကို ဆွေးနွေးပါစေ။ ၂ ဦးတွဲ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ပါစေ။
- ထို့နောက် တစ်တန်းလုံးအနေဖြင့် ဆွေးနွေးပေးပါ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၄.၂.၁) ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေကြားပြောဆိုချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ပေးပါ။

## လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ဖော်ပြပါ စကားစုတို့ကို ဇယားတွင် ဖြည့်စွက်ပါစေ။

**အဖြေများ**

| | လူမျိုးစုဆိုင်ရာလက္ခဏာ | နိုင်ငံသားဆိုင်ရာ လက္ခဏာ |
|---|---|---|
| အခြေခံ အကြောင်းရပ်များ | မွေးဖွားခဲ့သည့် လူမှု အသိုင်းအဝိုင်းအပေါ် အခြေခံသည် | နိုင်ငံသားဖြစ်ခြင်း ပေါ်တွင် အခြေခံသည်။ |
| တန်ဖိုးများ ရရှိပိုင်ဆိုင်ပုံ | ရိုးရာဓလေ့၊ယဉ်ကျေးမှု၊ ဘာသာတရား | နိုင်ငံသားဆိုင်ရာ တန်ဖိုးများ |

## ပြန်လည်သုံးသပ်ချက်

- ကျောင်းသားတို့၏ လူမျိုးစုနှင့် အမျိုးသားဆိုင်ရာ ကိုယ်ပိုင် လက္ခဏာရပ်များကို စဉ်းစားအခြေခံပြီး မေးခွန်းတို့ကို ဖြေဆိုပါစေ။
- အောက်ပါတို့မှ လုပ်ငန်းတစ်ခု ရွေးချယ်ဆောင်ရွက်ပါ။

  (က) အဖွဲ့များ ဖွဲ့ပေးပြီး ကျောင်းသားတို့၏ အမြင်များကို ဆွေးနွေးဖလှယ်ပါစေ။

  (သို့)

  (ခ) ကျောင်းသားတို့၏ကိုယ်ပိုင်အမြင်များကို မိမိတို့၏ မှတ်တမ်း စာအုပ်တွင် ရေးသားထားရှိပါစေ။

  (သို့)

  (ဂ) ထိုလက္ခဏာရပ်များအကြောင်း စာတမ်းတစ်ပုဒ် ရေးသားပြုစုပါစေ။
- ကျောင်းသားတို့၏ စာတမ်းများကို စစ်ဆေးအမှတ်ပေး ရာတွင် အောက်ပါအချက်များကို သေချာရှင်းလင်းစွာ နားလည်ထားမှုရှိ၊ မရှိ စိစစ်နိုင်မည်။
  - » မိမိတို့လူမျိုးစုဆိုင်ရာ လက္ခဏာ၏ စရိုက်သဘာဝ အချို့တို့မှာ မည်သည်တို့ဖြစ်သည်။
  - » မိမိတို့နိုင်ငံသားဆိုင်ရာ လက္ခဏာ၏ စရိုက်သဘာဝ အချို့တို့မှာ မည်သည်တို့ ဖြစ်ကြသည်။
  - » ထိုလက္ခဏာ (၂) ရပ်၏ စရိုက်သဘာဝတို့မှာ တူညီကြမှု ရှိသည် သို့မဟုတ် ကွဲပြားမှုရှိသည်။
  - » ထိုလက္ခဏာ (၂) ရပ် အနက် မည်သည်က ပိုမို အရေးပါ သည်ဟု လက်ခံထားသည်။
  - » ထိုလူမျိုးစု (သို့) နိုင်ငံသားဆိုင်ရာ လက္ခဏာရပ်များက မိမိတို့အတွက် အရေးပါသည်ဟု ခံယူထားရသည့် အကြောင်းရင်းများ၊ စသည်တို့ ဖြစ်ကြသည်။

## ၄.၂.၃ အမျိုးသားရေးဝါဒ

**အကြံပြုသင်ခန်းစာ**

- 'အမျိုးသားရေး' ဟူသည့် ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို စဉ်းစားဖော်ထုတ်ပါစေ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၄.၂.၃) ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေကြားပြောဆိုချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ပေးပါ။

**နီးစပ်သော အဖြေများ**

» မိမိတို့၏ သက်ဆိုင်ရာ အသိုင်းအဝိုင်းအပေါ် လေးစားတန်ဖိုးထားမှု၊ သစ္စာစောင့်ထိန်းမှုစသည့် စိတ်ဓာတ်တို့ကို ထင်ဟပ်လျက်ရှိသည့် ခံယူချက်များ၊ အယူအဆများနှင့် လုပ်ဆောင်ချက်များ။

## လုပ်ငန်းများ

- ဖော်ပြပါ လက္ခဏာရပ်များကို 'အမျိုးသားနိုင်ငံတော်' ဖြစ်သည်၊ 'နိုင်ငံတော်အသားပေး အမျိုးသားနိုင်ငံ' ဖြစ်သည်ကို အခြေခံပြီး ဇယား၏ သင့်လျော်သောနေရာတွင် ဖြည့်စွက်ပါစေ။

**အဖြေများ**

| | 'အမျိုးသားနိုင်ငံတော်' (nation - state) | 'နိုင်ငံတော်အသားပေး အမျိုးသားနိုင်ငံ' (state-nation) |
|---|---|---|
| နိုင်ငံတော်ဆိုင်ရာစရိုက်လက္ခဏာ | ၁ | ၆ |
| ယဉ်ကျေးမှု | ၉ | ၄ |
| ခွဲထွက်ရေးပါတီများ (secessionist parties) | ၃ | ၇ |
| နိုင်ငံသားဆိုင်ရာ စရိုက်လက္ခဏာ | ၈ | ၂ |
| သစ္စာစောင့်ထိန်းမှု | ၅ | ၁၀ |

## လုပ်ငန်းများ

- စာမျက်နှာ (၂၀၂ မှ ၂၀၅) တွင် ပါရှိသည့် ဖြစ်စဉ်ပြဇယားကို ကြည့်ရှုသုံးသပ်ပါစေ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မည်သည့် ဖြစ်ရပ်များက 'အမျိုးသားရေးဝါဒ' ၏ လှုံ့ဆော်မှုကြောင့် ဖြစ်ရသည်ကို သုံးသပ်ပါစေ။

**နီးစပ်သော အဖြေများ**

» ၁၈၈၅ တတိယ အင်္ဂလိပ် – ဗမာစစ်ပွဲ။

» ၁၉၂၀ တက္ကသိုလ်သပိတ်။

» ၁၉၃၀ တို့ဗမာအစည်းအရုံး ဖွဲ့စည်းခြင်း။

» ၁၉၃၀ – ၃၁ ဆရာစံ ပုန်ကန်မှု။

» ၁၉၃၆ ဒုတိယမြောက် တက္ကသိုလ်ကျောင်းသားများသပိတ်။

» ၁၉၃၈ (၁၃၀၀) ပြည့် အရေးတော်ပုံ။

» ၁၉၄၂ – ၄၅ ဂျပန်တို့ သိမ်းပိုက်ခြင်း။

» ၁၉၄၄ – ၄၅ ဖက်ဆစ်ဆန့်ကျင် တော်လှန်ရေး။

» ၁၉၄၆ ပြည်တွင်းစစ်။

» ၁၉၄၆ – ၄၇ ပင်လုံညီလာခံ။

» ၁၉၄၈ ဗမာပြည်လွတ်လပ်ရေး။

» ၁၉၄၈ တိုင်းရင်းသားလူနည်းစုများ မဟာမိတ်ဖွဲ့ခြင်း။


» ၁၉၉၄ – ၉၅ 'မနပလော' ၏ အတက်နှင့် အကျ။

» ၂၀၁၂ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်များအကြား အရေးအခင်း။

## လုပ်ငန်းများ

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ စာမျက်နှာ (၂၅ မှ ၂၇) တွင် ပါရှိသည့် ဖြစ်ရပ်လေ့လာချက်များကို ပြန်လည်သုံးသပ်ပါစေ။
- ထို့နောက် ဖော်ပြပါ ရောင်စဉ်မျဉ်းတွင် မည်သည့် တိုင်းပြည်ကို ချထားသတ်မှတ်မည်ကို ဆုံးဖြတ်ပါစေ။

**နီးစပ်သော အဖြေများ**



## ၄.၂.၄ အမျိုးသားရေးဝါဒ အမျိုးအစားများ

### အကြံပြုသင်ခန်းစာ

- မေးခွန်းများကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၄.၂.၄) ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေကြားပြောဆိုချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

» လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒ – လူမျိုးစုစရိုက်လက္ခဏာရပ်ကို အခြေခံသည့် အမျိုးသားရေးဝါဒ။

» အစွန်းရောက် အမျိုးသားရေးဝါဒ – မိမိတို့၏ အာဏာရှင်စိုးမှု နယ်ပယ်ကို ချဲ့ထွင်တတ်သည့် အမျိုးသားရေးဝါဒ။

» ရှေးရိုးစွဲ အမျိုးသားရေးဝါဒ – အခြားသော ယဉ်ကျေးမှုများက ပေါင်းစည်းခြင်း (integration) နှင့် ပူးပေါင်းပေးမှု မရှိလျှင် နိုပ်ကွပ်လိုသောဝါဒ။

» ဘာသာရေးအခြေပြု အမျိုးသားရေးဝါဒ – ဘာသာရေးလက္ခဏာရပ်ကို အခြေခံသည့် အမျိုးသားရေးဝါဒ။

» နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒ – နိုင်ငံသားလက္ခဏာရပ် (ဝါ) နိုင်ငံသားဖြစ်ခြင်းကို အခြေခံသည့် အမျိုးသားရေးဝါဒ။

### မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပြောပြပေးပါ။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ အတန်းအနေဖြင့်ဖြစ်စေ ဖော်ပြပါ မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

**အမျိုးသားရေးဝါဒ၏ အားသာချက်များ**

» စည်းလုံးမှုကို ပေးစွမ်းစေသည်။

» လွတ်မြောက်မှုအတွက် အားထုတ်ကြိုးပမ်းလာစေသည်။

» ဖိနှိပ်မှုအပေါင်းကို တွန်းလှန်တိုက်ထုတ်လာစေသည်။

**အမျိုးသားရေးဝါဒ၏ အားနည်းချက်များ**

» တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ပဋိပက္ခများကို ဖန်တီးပေါ်ပေါက်လာစေသည်။

» လူမျိုးရေးခွဲခြားမှုနှင့် လူမျိုးခြားတို့အပေါ် ကြောက်ရွံ့မုန်းတီးစိတ်များ မွေးဖွားပေးသည်။

» အကြမ်းဖက်မှုများ၊ စစ်ပွဲများအထိပင် ပေါ်ပေါက်လာစေနိုင်သည်။

(ဗိုလ်ချုပ်အောင်ဆန်း၏မူရင်းအင်္ဂလိပ်မိန့်ခွန်းပါကောက်နုတ်ချက်)

(Original Text)

I recognize both the virtues and limitations of pure nationalism, I love its virtues, I don't allow myself to be blinded by its limitations, though I knew that it is not easy for the great majority of any nation to get over these limitations. In so far as nationalism encourages us to love our people and love others, or at least encourages us not to hate others, there I am completel]

with nationalism. In so far as nationalism inculcates in us a sense of national and social justice which calls upon us to fight any system that is oppressive or tyrannical both in our country and the world, there I am completely with nationalism. I hate Imperialism whether British or Japanese or Burmese.

(ဘာသာပြန်ချက်)

စစ်မှန်တဲ့ အမျိုးသားရေးဝါဒမှာ အကျိုးတရားရော အပြစ်အနာအဆာတွေပါ ရှိတယ် ဆိုတာကို ကျွန်တော် လက်ခံတယ်။ အမျိုးသားရေးဝါဒရဲ့အကျိုးတရားတွေကို ကျွန်တော့်အနေနဲ့ မြတ်နိုးတန်ဖိုးထားပါတယ်။ ဒါပေမဲ့လည်း အမျိုးသားရေးဝါဒရဲ့ အပြစ်အနာအဆာတွေကို မျက်ကွယ်ပြု လက်ခံဖို့ဆိုတာကတော့ လုံးဝ မဖြစ်နိုင်ပါဘူး။ ဘယ်နိုင်ငံမှာရှိတဲ့ ဘယ်လူမျိုးကြီးမဆို ဒီဆိုးကျိုးတွေကို ကျော်လွှားဖို့ မလွယ်ဘူးဆိုတာကိုလည်း ကျွန်တော် နားလည်ထားပါတယ်။

အမျိုးသားရေးလို့ ဆိုတဲ့အခါ ကိုယ့်အမျိုးကို ချစ်ရုံသာမက အခြားသူတွေကိုလည်း မေတ္တာထားတဲ့၊ အနည်းဆုံး ဒေါသစိတ် မပွားစေတဲ့ အမျိုးသားရေးမျိုးကို ကျွန်တော် ထောက်ခံတယ်။ အမျိုးသားထုကြီးအတွင်း၊ လူ့အဖွဲ့အစည်းအတွင်း 'ဓမ္မ' ကို စောင့်ထိန်းစေပြီး 'အဓမ္မ' ကို ဆန့်ကျင်တွန်းလှန်စေတဲ့ အမျိုးသားရေးမျိုးကိုသာ လက်ခံနိုင်မယ်။ နယ်ချဲ့စိုးမိုးတာကိုတော့ ကျုပ် မျက်မုန်းကျိုးတယ်။ ဗြိတိသျှပဲဖြစ်ဖြစ်၊ ဂျပန်ပဲဖြစ်ဖြစ်၊ ဗမာပဲဖြစ်ဖြစ် နယ်ချဲ့စိုးမိုးတာကိုတော့ တွန်းလှန်ရမှာပဲ။

## ၄.၂.၅ လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒ

### အကြံပြုသင်ခန်းစာ

၁။ 'လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒ' ဟူသည့် ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို စဉ်းစားဖော်ထုတ်ပါစေ။

၂။ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၄.၂.၅) ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေကြားပြောဆိုချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ပေးပါ။

### နီးစပ်သည့် အဖြေများ

၁။ လူမျိုးစုစရိုက်လက္ခဏာရပ်ကို အခြေခံသည့် အမျိုးသားရေးဝါဒကို 'လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒ' ဟု ခေါ်ဆိုသည်။ ထိုအမျိုးသားရေးဝါဒီတို့သည် လူမျိုးစုတစ်စု၏ အမှတ်သင်္ကေတများ၊ သမိုင်းနောက်ခံနှင့် ရိုးရာယဉ်ကျေးမှုတို့ကို အသုံးပြုလျက် ထောက်ခံမှုရရှိအောင် ဆောင်ရွက်တတ်ကြပေသည်။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ အတန်းအနေဖြင့်ဖြစ်စေ ဖော်ပြပါ မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သည့် အဖြေများ

မထင်ပါ။ ထိုလုပ်ဆောင်ချက်က ဖိနှိပ်မှုများ၊ စော်ကားအနိုင်ကျင့်မှုများနှင့် ပဋိပက္ခများ ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

ထင်ပါသည်။ လွှမ်းမိုးကြီးစိုးလျက်ရှိသည့် ယဉ်ကျေးမှုတစ်ရပ်အောက်တွင် စည်းလုံးသော တိုင်းပြည်တစ်ရပ် ပေါ်ထွန်းလာစေမည် ဖြစ်သောကြောင့်ဖြစ်သည်။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ တစ်တန်းလုံးအနေဖြင့် ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ အစွန်းရောက်အမျိုးသားရေးဝါဒသည် မုန်းတီးမှုများ၊ လူမျိုးရေး ခွဲခြားမှုများကို ပေါ်ပေါက်လာစေနိုင်သည်။ ထို့အပြင် အကြမ်းဖက်မှုများကို ဖြစ်ပွားလာစေပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများအထိ ပေါ်ပေါက်လာစေနိုင်ပေသည်။ မိမိတို့၏ လူမျိုးစုအပေါ်တွင် အခြားသူတို့မှ ထိပါး နှောင့်ယှက်လျက် ရှိသည်ဟု သက်ဆိုင်ရာ အသိုင်းအဝိုင်း ခေါင်းဆောင်ဖြစ်သူတို့က ပြည်သူတို့ကို စည်းရုံးသိမ်းသွင်းသည့်အခါမျိုးနှင့်၊ မိမိတို့၏ နယ်မြေပိုင်စိုးမှုကို ချဲ့ထွင်ရန် မဖြစ်မနေလိုအပ်သည်ဟု နားသွင်းသည့် အခါမျိုးတို့တွင် ထိုချိုးဖောက်မှုများကို တွေ့မြင်ရနိုင်ပေသည်။

၂။ ထိုပဋိပက္ခများသည် အစိုးရများအပေါ်တွင် နည်းလမ်းမျိုးစုံဖြင့် မငြိမ်မသက်ဖြစ်စေနိုင်ပေသည်။ ထိုအချက်အရ အတိုက်အခံ အဖွဲ့များသည်လည်း ပြည်ထောင်စုအဆင့် နိုင်ငံရေးတွင် ပါဝင်ပတ်သက်နိုင်ကြခြင်း မရှိတော့ချေ။ အမျိုးသားရေးကြောင့် ပေါ်ပေါက်လာရသည့် သပိတ်မှောက်မှုများ၊ ဆန္ဒထုတ်ဖော်မှုများ၊ အဓိကရုဏ်းများက နိုင်ငံရေး မငြိမ်မသက်မှုများကို ပေါ်ပေါက်လာစေနိုင်ပေသည်။ အထူးသဖြင့် ရဲများက အကြမ်းဖက်နှိပ်ကွပ်သည့် အခါမျိုးတွင် ပိုမိုဆိုးရွားတတ်သည်။ ထိုထက်ဆိုးသည့် အခြေအနေမျိုးတွင် အစွန်းရောက်အမျိုးသားရေးဝါဒသည် ပြည်တွင်းစစ်များ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ လူမျိုးရေး ပဋိပက္ခများနှင့် လူမျိုးသုဉ်း သတ်ဖြတ်မှုများအထိပင် ဖြစ်ပွားပေါ်ပေါက်လာစေနိုင်ပေသည်။

## ၄.၂.၆ နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒ

### အကြံပြုသင်ခန်းစာ

- မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၄.၂.၆) ပါ အကြောင်းအရာတို့ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေကြားပြောဆိုချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ပေးပါ။

### နီးစပ်သည့် အဖြေများ

၁။ နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒသည် မျှဝေ ကျင့်သုံးလျက်ရှိသည့် နိုင်ငံသားဆိုင်ရာ တန်ဖိုးများတွင် အခြေခံနေပေသည်။ ထိုဝါဒီတို့သည် နိုင်ငံတော်တွင်း မျှဝေကျင့်သုံးရာ တန်ဖိုးများကို အသုံးချပြီး ထောက်ခံမှု ရရှိအောင် ကြိုးပမ်းကြပေသည်။

၂။ နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒသည် မိမိတို့ မွေးဖွားခဲ့သည့် အသိုင်းအဝိုင်းမှ ရရှိသော စရိုက်လက္ခဏာအပေါ်တွင် အခြေခံခြင်းမဟုတ်၊ ထို့အတူ လူမျိုးစုတစ်ရပ်တည်း၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှု သို့မဟုတ် ဘာသာစကားတို့အပေါ်တွင် အခြေခံမထားရှိချေ။ နိုင်ငံသားအခြေပြု အမျိုးသားရေး ဝါဒသည် နိုင်ငံတော်တွင်း မျှဝေကျင့်သုံးရာ တန်ဖိုးများ အပေါ်တွင်သာ အခြေခံနေပေသည်။

### ဆွေးနွေးချက်

- သင်ခန်းစာ (၄.၂.၆ – က) ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုပါစေ။
- အဖွဲ့လိုက်ဖြစ်စေ၊ အတန်းအနေဖြင့်ဖြစ်စေ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို စာရင်းပြုစုရေးသားပါစေ။

### နီးစပ်သော အဖြေများ

» မဲပေးခွင့်၊

» နိုင်ငံရေးဆိုင်ရာ ညီမျှမှုကို ခံစားပိုင်ခွင့်၊

» ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခွင့်၊

» လွတ်လပ်စွာ ပြောဆိုခွင့်၊

» စည်းရုံးသင်းဖွဲ့ခွင့်၊

» စာနယ်ဇင်း လွတ်လပ်ခွင့်၊

» ခွဲခြားမှုများမှ ကင်းဝေးခွင့်။

### ဆွေးနွေးချက်

- သင်ခန်းစာ (၄.၂.၆ – ခ) ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုပါစေ။
- အဖွဲ့လိုက်ဖြစ်စေ၊ အတန်းအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒသည် မျှဝေကျင့်သုံးလျက်ရှိသည့် နိုင်ငံသားဆိုင်ရာ တန်ဖိုးများတွင် အခြေခံနေသည်။ ထိုတန်ဖိုးများက မတူကွဲပြားသည့် နိုင်ငံရေးအသိုင်းအဝိုင်းများအတွင်း စည်းလုံးမှုနှင့် သဘောထားကြီးမှုဟူသော စိတ်ထားများကို မွေးဖွားပေါ်ပေါက်လာစေမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒက မည်သည့် လူမျိုးစုမှဖြစ်ပါစေ နိုင်ငံသားအားလုံးကို အခွင့်အရေးတူမျှစွာ ပေးစွမ်းထားပေသည်။ ထိုသို့ ပေးစွမ်းထားခြင်းဖြင့် ခွဲခြားမှုများ၊ နိုင်လိုမင်းထက် ပြုမူမှုများကြောင့် ပဋိပက္ခဖြစ်ပွားနိုင်ချေ နည်းပါးလာစေပေမည်။

ထိုအမျိုးသားရေးဝါဒသည် အတူတကွ မျှဝေ ပိုင်ဆိုင်ထားကြသည့် နိုင်ငံရေး အဆောက်အအုံယန္တရားများနှင့် နိုင်ငံရေး ကျင့်သုံးမှုတို့ အပေါ်တွင်လည်း အခြေခံနေပေသည်။ ထိုအချက်တို့က ပြည်သူတို့ကို စည်းလုံးစေသည်၊ ထို့အတူ မူမတူယှဉ်တွဲမှုနှင့် နိုင်ငံရေးအတွင်း ပါဝင်မှုတို့ကိုပါ ပေးစွမ်းနိုင်ကြသည်။ ထို့အပြင် ပဋိပက္ခများကို ဥပဒေဘောင်အတွင်းမှ မျှမျှတတ၊ အေးအေးချမ်းချမ်း ဖြေရှင်းစေမည်လည်း ဖြစ်ပေသည်။

### လုပ်ငန်းများ


၁။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ စာမျက်နှာ (၂၀၆ မှ ၂၁၃) တွင် ပါရှိသည့် လှုပ်ရှားဆောင်ရွက်သူများ စာရင်းပါ လုပ်ဆောင်သူ ၆ ဦးကို ရွေးချယ်စေပြီး ဖော်ပြပါ ရောင်စဉ်မျဉ်းတွင် ချထားသတ်မှတ်ပါစေ။

- ထိုသို့ သတ်မှတ်ရာတွင် လူပုဂ္ဂိုလ်များရော၊ အဖွဲ့အစည်းများကိုပါ ရွေးချယ်နိုင်ကြမည်။

### နီးစပ်သည့်အဖြေများ

ထိုသို့ သတ်မှတ်ရာတွင် လုံးဝဥသုံ မှန်ကန်သည့်အဖြေဟူ၍ မရှိ။ ဤနေရာတွင် ဥပမာအနေဖြင့်သာ ပြသထားခြင်းဖြစ်ပြီး အမြင်အယူအဆ ကွဲလွဲသည်လည်း ရှိနိုင်သည်။

ထိုသို့ လုပ်ဆောင်ရာတွင် ကျောင်းသားများကို ဆွေးနွေးငြင်းခုံပါစေ။ လုပ်ဆောင်ချက်၏ အဓိကဦးတည်ချက်မှာ မိမိတို့၏ ဖြေဆိုချက်များအတွက် အထောက်အထား၊ အချက်အလက် ခိုင်ခိုင်လုံလုံ ဖော်ပြ ဖြေဆိုတတ်စေရန်သာ ဖြစ်သည်။




၂။ ထိုစာရင်းတွင် မပါရှိသည့် အခြားသော နိုင်ငံရေးခေါင်းဆောင်များကိုလည်း ရွေးချယ်ပြီး ချထားသတ်မှတ်ပါစေ။

- ကျောင်းသားတို့ ပြုစုထားသည့်စာရင်းကို အခြားသောအဖွဲ့များနှင့် ဖလှယ်ဆွေးနွေးပါစေ။ ထိုပြုစုထားချက်များ တူညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။
- တစ်တန်းလုံးအနေဖြင့် သတ်မှတ်ရေးဆွဲထားသည့် ရောင်စဉ်မျဉ်းကို စာရွက်ကြီးတစ်ရွက်တွင် ဖော်ပြရေးသားပြီး စာသင်ခန်း နံရံတွင် ချိတ်ဆွဲထားရှိနိုင်မည်လည်းဖြစ်သည်။

ထိုပြုစုထားချက်များကို နောင်တွင် လိုအပ်သလို ထပ်မံဖြည့်စွက်နိုင်ကြမည်ဖြစ်သည်။

၃။ စာမျက်နှာ (၂၀၂ မှ ၂၀၅) တွင် ပါရှိသည့် ဖြစ်စဉ်ပြဇယားကို ကြည့်ရှုသုံးသပ်ပါစေ။

- ‘ရောင်စဉ်ပြမျဉ်း’ လေ့ကျင့်ခန်းပါ ဖြစ်ရပ်များနှင့် ချိန်ထိုးသုံးသပ်ပါစေ။ အဖွဲ့လိုက်၊ သို့မဟုတ် တစ်တန်းလုံးအနေဖြင့် လုပ်ဆောင်ပါစေ။
- ထိုဖြစ်ရပ်များသည် နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒနှင့် သက်ဆိုင်သည်၊ သို့မဟုတ် လူမျိုးစုအခြေပြု

အမျိုးသားရေးဝါဒနှင့် သက်ဆိုင်သည်ကို ပိုင်းခြား သတ်မှတ်ပါစေ။

**နီးစပ်သော အဖြေများ**

**နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒ** –

» ၁၉၄၆ – ၄၇ ပင်လုံညီလာခံ၊

» ၁၉၄၄ – ၄၅ ဖက်ဆစ်ဆန့်ကျင် တော်လှန်ရေး၊

» ၁၉၄၈ ဗမာပြည် လွတ်လပ်ရေး၊

» ၁၉၄၈ တိုင်းရင်းသားလူနည်းစုများ မဟာမိတ်ဖွဲ့ခြင်း၊

» ၁၉၉၄ – ၉၅ 'မနပလော' ၏ အတက်နှင့် အကျ၊

» ၁၉၅၈ ၊ ၁၉၆၃ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၊

» ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည် ရေးဆွဲခြင်း၊

» ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲပြီးစီး၊

» ၂၀၁၃ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ။

**လူမျိုးစု အခြေပြုအမျိုးသားရေးဝါဒ** –

» ၁၈၈၅ တတိယ အင်္ဂလိပ် – ဗမာစစ်ပွဲ၊

» ၁၉၂၀ တက္ကသိုလ်သပိတ်၊

» ၁၉၃၀ တို့ဗမာအစည်းအရုံးဖွဲ့စည်းခြင်း၊

» ၁၉၃၀ – ၃၁ ဆရာစံ ပုန်ကန်မှု၊

» ၁၉၃၆ ဒုတိယမြောက် တက္ကသိုလ်ကျောင်းသားများသပိတ်၊

» ၁၉၃၈ (၁၃၀၀) ပြည့်အရေးတော်ပုံ၊

» ၁၉၄၂ – ၄၅ ဂျပန်တို့ သိမ်းပိုက်ခြင်း၊

» ၁၉၄၆ ပြည်တွင်းစစ်၊

» ၂၀၁၂ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်များအကြား ပဋိပက္ခဖြစ်မှုများ။

## လုပ်ငန်းများ

- ဖော်ပြပါ အဆိုအမိန့်တို့ကို ဖတ်ရှုပါစေ။
- နားမလည်သည်တို့ ရှိပါက ရှင်းလင်း ပြသပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ မည်သည့် အဆိုအမိန့်များက လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒ ဖြစ်သည်၊ မည်သည်က နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒ ဖြစ်သည်ကို ခွဲခြားသတ်မှတ်ပါစေ။

**အဖြေများ**

**နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒ – ၂၊ ၃၊ ၅၊ ၇**

**လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒ – ၁၊ ၄၊ ၆၊ ၈**

## ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မြန်မာပြည်တွင်းရှိ အမျိုးသားရေးဝါဒအကြောင်း မေးခွန်းများကို ဆွေးနွေးဖြေဆိုပါစေ။
- ထိုသို့ ဖြေဆိုရာတွင် အောက်ပါ အချက်များပါအောင် ကူညီဆွေးနွေးပေးပါ။

» အတိတ်ကာလတွင် ဗြိတိသျှတို့နှင့် ဂျပန်တို့ကို တွန်းလှန်ခဲ့ကြသည့် လွတ်လပ်ရေးကြိုးပမ်းမှု အတောအတွင်း အမျိုးသားရေးဝါဒသည် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

» အမျိုးသားရေးဝါဒသည် မြန်မာ့နိုင်ငံရေးတွင် အရေးပါသော အခန်းကဏ္ဍများမှ တောက်လျှောက် ပါဝင်ခဲ့သည်ကို တွေ့ရှိရပေသည်။ (ဖဆပလ၊ ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ နအဖ/နဝတ)

» ထိုဝါဒသည် အစိုးရနှင့် တိုင်းရင်းသားအဖွဲ့များအကြား လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားရခြင်း၏ အကြောင်းရင်း တစ်ရပ်လည်း ဖြစ်ပေသည်။

## ပြန်လည်သုံးသပ်ခြင်း –

## ငြိမ်းချမ်းရေး ဖော်ဆောင်ရန် ဥပဒေများ

၁။ ဖော်ပြပါ ဥပဒေများတွင် မည်သည်က လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒ ဖြစ်သည်၊ မည်သည်က နိုင်ငံသားအခြေပြု အမျိုးသားဖြစ်သည်ကို ခွဲခြားသတ်မှတ်ပါစေ။ တစ်ဦးချင်း ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ လုပ်ဆောင်ပါစေ။

**နီးစပ်သော အဖြေများ**

**လူမျိုးစုအခြေပြုအမျိုးသားရေးဝါဒ – ၂၊ ၄၊ ၅၊ ၈၊ ၁၀၊ ၁၂။**

**နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒ – ၁၊ ၃၊ ၆၊ ၇၊ ၉၊ ၁၁။**

၂။ ထိုဥပဒေတို့ကို လူမျိုးရေး ပဋိပက္ခများ ကာကွယ်ရာနှင့် ဖြေရှင်းရာတွင် အသုံးတည့်မှုကို အခြေခံပြီး အဆင့် သတ်မှတ်ပါစေ။ အဖွဲ့များ ဖွဲ့ပြီး လုပ်ဆောင်ပါစေ။

- ထိုသို့ လုပ်ဆောင်ရာတွင် ကျောင်းသားများအတွက် အခက်အခဲ ရှိနေပါက ဥပဒေတစ်ရပ် (သို့မဟုတ်) နှစ်ရပ်ကို ဦးစွာ လေ့လာသုံးသပ်စေပြီး ထိုဥပဒေများ၏ ပဋိပက္ခတို့အပေါ် သက်ရောက်မှုကို ဆွေးနွေးပါစေ။

  ဥပမာ –

  ၁။ ကျောင်းများနှင့် တက္ကသိုလ်များအားလုံးတွင် လူများစု၏ ဘာသာစကားဖြင့်သာ အသုံးပြု သင်ကြားရမည်။

  » ထိုဥပဒေက ကျန်လူမျိုးစုများကို ထိခိုက်စေနိုင်သည်။ ထိုသူတို့ထဲတွင် လူများစု၏ ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် မပြောဆိုနိုင်သူများ အမြောက် အများ ရှိနိုင်သည်။ ထို့အပြင် ၎င်းတို့၏ဘာသာစကား ပျောက်ကွယ်သွားမည့် ဘေးကိုလည်း စိုးရွံ့လာကြ စေမည်။

  တစ်ဖက်တွင်လည်း ဘာသာစကားတစ်ခုတည်းကိုသာ လူတိုင်း အသုံးပြု ပြောဆိုလာနိုင်ကြပြီး ဆက်ဆံရေးကို ပိုမိုချောမွေ့လာစေမည်ဖြစ်သည်။

၃။ အဖွဲ့များ ဖွဲ့ပါစေ။ ထို့နောက် အမျိုးသားစည်းလုံးမှု ဆောင်ကြဉ်းပေးနိုင်မည့် ဥပဒေ (၃) ရပ်တို့ကို ရွေးချယ် စာရင်း ပြုစုပါစေ။

- ထိုဥပဒေများ အရေးပါရ၊ အသုံးဝင်ရသည့် အကြောင်းရင်း တို့ကို ဖော်ပြပါစေ။
- ထိုသို့ ပြုစုရာတွင် ပေးထားသည့် ဥပဒေများရော၊ မိမိတို့ ကိုယ်ပိုင်ဥပဒေများကိုပါ ပိုကောင်းမည်ထင်လျှင် အသုံးပြုနိုင်သည်။
- ထိုပြုစုထားသည့် ဥပဒေများကို အတန်းသို့ တင်ပြ ပြောဆိုပါစေ။
- တစ်တန်းလုံးအနေဖြင့် သဘောတူသတ်မှတ်ထားသည့် အမျိုးသားစည်းလုံးမှု ဆောင်ကြဉ်းပေးနိုင်သော ဥပဒေ (၃) ရပ် ကိုလည်း ရေးဆွဲပြုစုပြီး စာသင်ခန်းနံရံတွင် ချိတ်ဆွဲထားရှိနိုင်မည် ဖြစ်သည်။

## လုပ်ငန်းများ – ချာ့ချ်လမ်းမှ စေတီပုထိုး

- ဖော်ပြပါ စာပိုဒ်ကို လေ့လာဖတ်ရှုပါစေ။ နားမလည်သည်တို့ကို ရှင်းလင်းပြသပေးပါ။

၁။ တစ်ဦးချင်းအနေဖြင့် စာပိုဒ်တွင် တင်ပြထားသည့် အစီအစဉ်ကို လက်ခံသဘောတူခြင်းရှိ၊ မရှိကို ဆုံးဖြတ်ပါစေ။

- ထိုသို့ ဆုံးဖြတ်ရာတွင် အိုးတောင်မြို့ခံတစ်ဦး၏ နေရာမှ ဆုံးဖြတ်ပါစေ။
- ကျောင်းသားတို့၏ ထင်မြင်ချက်များ၊ အယူအဆများကို မှတ်သားထားပါစေ။

၂။ အောက်ပါ အဖွဲ့လေးဖွဲ့အနက်မှ ကျောင်းသားတို့၏ ကိုယ်ပိုင် ယုံကြည်ချက်များ၊ အယူအဆများအရ တစ်ဖွဲ့ဖွဲ့တွင် ပါဝင်ပေးပါ။

(ဂ) ဂါရဝတရား ပါတီ (ယဉ်ကျေးမှုပေါင်းစုဝါဒီ)

(ဃ) အင်္ဂလိပ်ကာကွယ်ရေး အင်အားစု (အစွန်းရောက် အမျိုးသားရေးဝါဒီ)

(င) အိုးလ်တောင်း လူမှုအသင်းအဖွဲ့ (နိုင်ငံသားအခြေပြု အမျိုးသားရေးဝါဒီ)

(စ) ရိုးရာဗြိတိသျှ (ရှေးရိုးစွဲ အမျိုးသားရေးဝါဒီ)

၃။ အဖွဲ့တစ်ဖွဲ့စီအနေဖြင့် ထိုအစီအစဉ်အပေါ် မည်သို့ တုံ့ပြန်မည်ကို ဆုံးဖြတ်ပါစေ။

- ထိုသို့ တုံ့ပြန်ရာတွင် –
  - » အဖွဲ့အနေဖြင့် ဖြစ်သင့်သည်ဟု ပုံဖော်လက်ခံထားသည့် အစီအစဉ်တစ်ရပ်၊
  - » ထိုအစီအစဉ်ကို အကောင်အထည်ဖော်ရန် နည်းဗျူဟာ တစ်ရပ်၊
  - » မည်သည့် အကြောင်းရင်းတို့ကြောင့် ထိုအစီအစဉ်ကို ကျင့်သုံးသင့်ကြောင်း၊
  - » အခြားသော ဥပမာဖြစ်ရပ်များနှင့် ပုံစံတူ အခြေအနေများ စသည်တို့ကို ထည့်သွင်းပါရှိပါစေ။

၄။ အဖွဲ့အချင်းချင်းကြား ဆွေးနွေးငြင်းခုံမှုတစ်ရပ် ပြုလုပ်ပါစေ။

- » ထိုသို့ လုပ်ဆောင်ကြရာတွင် မိမိတို့အဖွဲ့၏ ဖြေရှင်းမှုပုံစံက အသင့်လျော်ဆုံးဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် တင်ပြပါစေ။
- » ထို့အတူ အခြားသောအဖွဲ့များမှ မည်သို့ တင်ပြလာမည်ကိုလည်း ကြိုတင်စဉ်းစားထားစေပြီး တန်ပြန် ပြောဆိုနိုင်စေရန်အတွက် ပြင်ဆင်ထားရှိပါစေ။
- » ပါတီ တစ်ပါတီစီမှ ကိုယ်စားပြု ပြောဆိုဆွေးနွေးမည့်သူ သုံးဦးကို ရွေးချယ်ထားရှိပါစေ။
- » ဆွေးနွေးငြင်းခုံမှု စတင်သည့်အခါတွင် အဖွဲ့တစ်ဖွဲ့ပြီးမှ တစ်ဖွဲ့ ပြောဆိုရမည် ဖြစ်သည်။ အဖွဲ့ (က) မှ ပထမဦးဆုံး ကိုယ်စားပြု ပြောဆိုသူမှ (၂) မိနစ်ခန့် ဦးစွာ ပြောဆိုပါစေ။ ပြီးမှ အဖွဲ့(ခ)၊ (ဂ)၊ (ဃ) စသည်ဖြင့် တင်ပြ ပြောဆိုပါစေ။
- » ထိုကဲ့သို့ အဖွဲ့အားလုံး၏ ပထမဆုံး ကိုယ်စားပြု ပြောဆိုသူများ တင်ပြဆွေးနွေးပြီးပါက ဒုတိယမြောက် ပြောဆိုသူများမှ တစ်ဦးလျှင် (၂) မိနစ်ခန့်စီ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ဆက်လက် ပြောဆိုပါစေ။
- » ထိုပြောဆိုချက်များ ပြုလုပ်နေသည့် အချိန်အတွင်း အဖွဲ့တစ်ဖွဲ့စီမှ တတိယမြောက် ကိုယ်စားပြု ပြောဆိုသူများသည် အခြားသော အဖွဲ့များမှ ပြောဆိုချက်များကို သေချာပိုင်နိုင်စွာ နားထောင်ထားရမည် ဖြစ်သည်။ သို့မှလည်း ထိုအချက်များကို အခြေခံပြီး ချက်ကျလက်ကျ တုံ့ပြန်ပြောဆိုနိုင်ရမည် ဖြစ်သည်။
- » ထိုဆွေးနွေးပြောဆိုမှုများ အားလုံးပြီးဆုံးပါက အကောင်းဆုံး၊ အသင့်လျော်ဆုံးသော အစီအစဉ်တစ်ရပ်ကို မဲခွဲ ဆုံးဖြတ်ပါစေ။

## ပြန်လည်သုံးသပ်ချက်

၁။ အထက်ပါ ဆွေးနွေးငြင်းခုံမှုအပြီးတွင် ထိုအစီအစဉ်အပေါ် ထားရှိသည့် ကျောင်းသားတို့၏ မူလထင်မြင်ချက်များ ပြောင်းလဲမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။ မည်သည့် အကြောင်းကြောင့် ပြောင်းလဲရသည်ကိုလည်း မေးမြန်းပေးပါ။

၂။ အခန်း (၃) တွင် ပါရှိသည့် 'ကျွန်ုပ်တို့၏ ဝါဒ' ကို ပြန်လည်ကြည့်ရှုပါစေ။ (စာမျက်နှာ (၅၁ မှ ၆၇) တို့တွင် ပါရှိသည်။)

- အထက်ပါ ဆွေးနွေးငြင်းခုံမှုက ကျောင်းသားတို့၏ ယခင်ထားရှိခဲ့သည့် ဝါဒများကို ပြောင်းလဲစဉ်းစားသုံးသပ်မိစေခြင်း ရှိ၊ မရှိ မည်သို့ မည်ပုံ ပြောင်းလဲသွားစေခဲ့သည် စသည်တို့အတွက် မေးမြန်းဆွေးနွေးပေးပါ။
- အောက်ပါလုပ်ငန်းစဉ်တို့မှ တစ်ခုကို ရွေးချယ်လုပ်ဆောင်ပါစေ။

(က) အဖွဲ့များ ဖွဲ့၍ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့် ဖြစ်စေ ကျောင်းသားတို့၏ အမြင်များကို ဆွေးနွေးဖလှယ်ပါစေ။ (သို့မဟုတ်)

(ခ) ကျောင်းသားတို့၏ ကိုယ်ပိုင်အမြင်များကို မိမိတို့၏ မှတ်တမ်းစာအုပ်တွင် ရေးသားထားရှိပါစေ။

# ၄.၃ အခန်း(၄)ဖြစ်ရပ်လေ့လာချက်များ

## လေ့ကျင့်ခန်း

- ဖြစ်ရပ်လေ့လာချက်တို့ကို လေ့လာသုံးသပ်စေပြီး နားမလည်သည်တို့ကို ရှင်းလင်းပြောပြပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

## နီးစပ်သော အဖြေများ

၁။ **တောင်အာဖရိက –**

» ပါလီမန်အတွင်း ကိုယ်စားပြု ပါဝင်နိုင်ခွင့်အတွက် ပဋိပက္ခ ဖြစ်ပွားခြင်း၊

» အယူအဆများကြောင့် ပဋိပက္ခဖြစ်ပွားခြင်း၊ (အပ်ပါတိုက်စနစ်၊ ခွဲခြားဖိနှိပ်မှုများနှင့် လူမျိုးရေးအရ ညီမျှမှုများအကြား ပဋိပက္ခ)

» ငြိမ်းချမ်းရေး/တရားရှိ လူနေမှုတို့အတွက် ပူးပေါင်းလုပ်ဆောင်ခြင်း (အသားရောင်ရှိ နိုင်ငံသားများ၊ အိန္ဒိယလူမျိုးများနှင့် လူမည်းတို့ အကြားရှိ စည်းလုံးမှု)။

**သီရိလင်္ကာ –**

» အယူအဆများကြောင့် ပဋိပက္ခဖြစ်ပွားခြင်း၊ (နိုင်ငံသားအားလုံး၏ ရုံးသုံးဘာသာစကား သတ်မှတ်ခြင်းနှင့် လူနည်းစု တမီးလ်များ၏ ရိုးရာဘာသာစကားနှင့် ယဉ်ကျေးမှုများ၊ လူနည်းစု အခွင့်အရေးများ အကြားရှိ ပဋိပက္ခ)

» အခွင့်အလမ်းကြောင့် ပဋိပက္ခဖြစ်ပွားခြင်း၊ (ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ဘာသာစကားဆိုင်ရာ လူနည်းစု အခွင့်အရေးများနှင့် နိုင်ငံရေး လွှမ်းမိုးမှု၊ အုပ်ချုပ်မှုအာဏာ စသည်တို့အကြားရှိ ပဋိပက္ခ)

» ငြိမ်းချမ်းရေးနှင့် ဘာသာစကားဆိုင်ရာ လူနည်းစုတို့၏ အခွင့်အရေးများ/ကိုယ်ပိုင်အုပ်ချုပ်ခွင့် အထိုက်အလျောက် ရရှိစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ခြင်း (တမီးလ်လူမျိုးစုများ၊ ဖက်ဒရယ်လ်ပါတီ၊ Bandaranaike – ဘန်ဒရာနိုက်နှင့် Chelvanayakam – ချဲဗန်နရာကန်တို့အကြား ပူးပေါင်းမှု)

၂။ **တောင်အာဖရိက** – လူမျိုးစုအခြေပြုအမျိုးသားရေးဖြစ်သည်။ (လူမျိုးရေးကို အခြေခံသည့် နိုင်ငံရေး ကိစ္စရပ်များဖြစ်သည်။ မျှဝေကျင့်သုံးသည့် နိုင်ငံသားဆိုင်ရာ တန်ဖိုးများနှင့် လက္ခဏာရပ်များကို အခြေခံခြင်း မရှိချေ။)

» နိုင်ငံသားအခြေပြု အမျိုးသားရေး ဖြစ်သည်။ (အပ်ပါတိုက်အစိုးရကို တော်လှန်ရန်အတွက် အသားရောင်ရှိနိုင်ငံသားများ၊ အိန္ဒိယလူမျိုးများနှင့် လူမည်းတို့ အကြားရှိ စည်းလုံးမှု)

**သီရိလင်္ကာ** – လူမျိုးစုအခြေပြု အမျိုးသားရေး (ဆင်ဟာလီနှင့် တမီးလ်တို့အကြား ပဋိပက္ခများသည် နိုင်ငံသား လက္ခဏာရပ်ကြောင့်မဟုတ်၊ လူမျိုးစု လက္ခဏာရပ်ကြောင့်သာ ဖြစ်သည်။)

၃။ **တောင်အာဖရိက** – မထင်ပါ။ တောင်အာဖရိကရှိ အပ်ပါတိုက်အုပ်ချုပ်မှုသည် လူမျိုးရေးခွဲခြားမှုကို အခြေခံထားပြီး မမျှတမှုများ ကြီးစိုးလျက်ရှိသည်ဟု ရှုမြင်သုံးသပ်ထားကြသည်။ လူမည်း တောင်အာဖရိကသားတို့သည် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးတို့အရ ခွဲခြားမှုများ ခံစားခဲ့ကြရသည်။

**သီရိလင်္ကာ** – မထင်ပါ။ တမီးလ်တို့သည် မမျှတမှုများကို ခါးစည်းခံခဲ့ကြရပြီး ဘာသာစကားဆိုင်ရာ အခွင့်အရေးများကိုလည်း ခံစားရရှိခွင့် မရကြဟု ဆိုနိုင်သည်။ တမီးလ်တို့၏ ဘာသာစကားကို ရုံးသုံးအဖြစ် အသုံးပြုနိုင်ခြင်း မရှိက ထိုသူတို့၏ အခွင့်အရေးများကို ထိပါးသော မတရားမှုများ ပေါ်ထွန်းလာနိုင်ပေသည်။

၄။ **တောင်အာဖရိက – တူညီမှုများ**

» ၂၀၁၀ ခုနှစ်တွင် NLD ပါတီသည် လွတ်လပ်စွာ ပါဝင်ဆင်နွှဲခွင့်အတွက် ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သည်။

» လွှတ်တော်အတွင်းတွင် တိုင်းရင်းသားလူမျိုးစုများထံမှ ကိုယ်စားလှယ် အနည်းငယ်သာ ပိုင်ဆိုင်ထားသည်။

» ပြည်တွင်းစစ် မရပ်ခြင်းက အစိုးရစနစ်အပေါ် ကျေနပ်မှု မရှိကြောင်း ဖော်ညွှန်းနေသည်။

### ကွဲလွဲမှုများ

» တောင်အာဖရိက ဖြစ်ရပ်လေ့လာချက်သည် အတိတ်ကာလမှ ဥပမာသာ ဖြစ်သည်။ မြန်မာနိုင်ငံရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ လူမျိုးစုအရေးတို့မှာ ဆက်လက် ဖြစ်ပွားဆဲသာ ဖြစ်သည်။ (၂၀၁၄၊ မေလ တွင်)

» ၁၉၈၃ ခုနှစ် တောင်အာဖရိက ဖြစ်ရပ်တွင် လူများစု (လူမည်းများ) မှာ လွှတ်တော်တွင်း ပါဝင်ခွင့် မရခဲ့ချေ။ ထိုအခြေအနေမှာ မြန်မာပြည်နှင့် မကိုက်ညီချေ။

### သီရိလင်္ကာ – တူညီမှုများ

» မြန်မာပြည်တွင် ရုံးသုံးဘာသာစကား တစ်မျိုးထဲ ထားရှိသည်။

» လူမျိုးရေး အဓိကရုဏ်းများနှင့် ပြည်တွင်းစစ်တို့ မြန်မာပြည်တွင် ဖြစ်ပွားလျက်ရှိသည်။

» နိုင်ငံတွင်းရှိ မတူကွဲလွဲမှုများကို ငြိမ်သက်စေရေးအတွက် လုပ်ပိုင်ခွင့်ကို လျှော့ချပေးရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့။ (၂၀၁၄၊ မေလအထိတွင်)

» မျိုးနွယ်စုတူညီသူ အချင်းချင်းသာ မဲပေးခြင်း

**ကွဲလွဲမှုများ**

» ၁၉၆၀ တွင် ဖြစ်ပွားခဲ့သည့် အစိုးရအပေါ် အကြမ်းဖက်ပုန်ကန်မှုများသည် နိုင်ငံတော် ဘာသာရေး အက်ဥပဒေကြောင့်သာ ဖြစ်သည်၊ ရုံးသုံးဘာသာစကား အက်ဥပဒေကြောင့် မဟုတ်။

» သီရိလင်္ကာနိုင်ငံတွင် အဓိက အတိုက်အခံ တိုင်းရင်းသားလူနည်းစုအဖွဲ့ တစ်ဖွဲ့တည်းသာရှိသော်လည်း မြန်မာနိုင်ငံတွင် အများအပြားရှိသည်။

# အခန်း (၅) – အစိုးရ

## ၅.၁ အစိုးရ

### ၅.၁.၁ အစိုးရ

#### အကြိုသင်ခန်းစာ

- မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားပြောဆိုမှုများကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၅.၁.၁) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

#### နီးစပ်သော အဖြေများ

'အစိုးရ' ဟူသည့် ဝေါဟာရကို 'နိုင်ငံတော်၏ ခေါင်းဆောင်မှု' ဟူ၍ ဖွင့်ဆိုနိုင်သည်။ အစိုးရသည် 'ပြည်သူ့ရေးရာမူဝါဒများ' ကို ဆုံးဖြတ်ချက် ချမှတ်နိုင်၊ အကောင်အထည်ဖော်နိုင်သည့် လုပ်ပိုင်ခွင့် ရရှိထားသော နိုင်ငံရေးအဆောက်အအုံယန္တရားများ ဖြစ်ကြသည်။

#### လုပ်ငန်းများ

၁။ အဖွဲ့များ ဖွဲ့ပေးပါ။ အဖွဲ့တစ်ဖွဲ့စီအနေဖြင့် ဒေါ်လာသန်းပေါင်း ၁၀၀ (မြန်မာကျပ်ငွေ သန်း ၁၀၀၀၀ ခန့်) ဘတ်ဂျက်ရှိမည် ဆိုပါက ဖော်ပြပါ စာရင်းရှိ လုပ်ငန်းတစ်ရပ်စီအတွက် မည်သို့ သုံးစွဲမည်ကို ဆွေးနွေးပါစေ။

- မည်သည့် လုပ်ငန်းရပ်များကို ငွေကြေး ပိုမိုသုံးစွဲမည်၊ မည်သည်တို့အတွက် အနည်းငယ်သာသုံးမည်၊ မည်သည့် အကြောင်းရင်းကြောင့် ဖြစ်သည်ကို ဆွေးနွေးပါစေ။

၂။ အဖွဲ့အသီးသီး၏ ဘတ်ဂျက်အစီအစဉ်ကို အတန်းသို့ ရှင်းလင်းတင်ပြစေပြီး မည်ကဲ့သို့ ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်ကိုပါ ဖော်ပြပါရှိပါစေ။

၃။ တစ်တန်းလုံးအနေဖြင့် အားလုံးသဘောတူညီမည့် ဘတ်ဂျက်အစီအစဉ်တစ်ရပ်ကို ဆုံးဖြတ်ပါစေ။

# ၅.၁.၂ ပြည်သူ့ရေးရာ မူဝါဒများနှင့် ဥပဒေများ

## အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားပြောဆိုမှုများကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၅.၁.၂) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

## နီးစပ်သော အဖြေများ

၁။ ပြည်သူ့ရေးရာမူဝါဒဆိုသည်မှာ အစိုးရ၏ ရည်မှန်းချက်များ ပြည့်မီရန်အတွက် စီစဉ်ဆောင်ရွက်မှုတို့ပင် ဖြစ်သည်။ ထိုရည်မှန်းချက်များသည် ပြည်သူတို့၏ လိုအပ်ချက်များ ပြည့်မီရန်နှင့် လူ့အဖွဲ့အစည်း၏ ပြဿနာများကို ဖြေရှင်းပေးရန် ဦးတည်ထားရှိကြသည်။

၂။ ဥပဒေများသည် ပြည်သူတို့၏ အကျင့်စရိုက်များ၊ လူနေမှုအဆင့်အတန်း၊ အရင်းအမြစ်နှင့် အခွင့်အရေးတို့ကို ရယူသုံးစွဲနိုင်မှု အစရှိသည်တို့ကို ကိုင်တွယ် ထိန်းချုပ်ထားသည့် စည်းမျဉ်း စည်းကမ်းများ ဖြစ်ကြသည်။ ဥပဒေတို့ကို အစိုးရမှ ရေးဆွဲချမှတ်ရသည်၊ အကောင်အထည်ဖော်ပေးရသည်၊ ဥပဒေ တည်ရှိသက်ရောက်နေရန် ဆောင်ရွက်ရသည်။

၃။ ဥပဒေများသည် တိုင်းပြည်အတွင်း တည်ငြိမ်မှုနှင့် လုံခြုံမှုတို့ ထိန်းသိမ်းထားနိုင်ရန်၊ မူဝါဒ ရည်မှန်းချက်များ ပြည့်မီနိုင်ရန် စသည်တို့အတွက် အစိုးရများ အသုံးပြုသည့် ကိရိယာတန်ဆာပလာများပင် ဖြစ်ပေသည်။

## လုပ်ငန်းများ – လူဦးရေ တိုးပွားမှုဆိုင်ရာ မူဝါဒများ

- ဖော်ပြပါ ဖြစ်ရပ်ကို လေ့လာ ဖတ်ရှုစေပြီး နားမလည်သည် တို့ကို ရှင်းလင်းပြသပေးပါ။

၁။ နှစ်ဦးတစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖော်ပြပါ မူဝါဒ (၆) ရပ် အတွက် ပိရမစ်ပုံသတ်မှတ်ချက်တစ်ရပ် ဖန်တီးပါစေ။ (စာမျက်နှာ ၃၀ တွင် ပါရှိသည့် ပိရမစ်ကို နမူနာအဖြစ် တွေ့ရှိနိုင်သည်။)

- အထိရောက်ဆုံးဖြစ်မည့် မူဝါဒကို ပိရမစ်၏ ထိပ်ဆုံး နေရာတွင် လည်းကောင်း၊ ထိရောက်အသုံးဝင်မှု အနည်းဆုံး မူဝါဒ (၃) ရပ် ကို အောက်ခြေတွင်လည်းကောင်း ချထား သတ်မှတ်ပါစေ။

၂။ အခြားသော အဖွဲ့များနှင့် ပူးပေါင်းစေပြီး မိမိတို့ ရေးဆွဲထားသည့် ပိရမစ်ပုံတို့ကို နှိုင်းယှဉ်သုံးသပ်ပါစေ။

- တစ်တန်းလုံးသဘောတူ လက်ခံနိုင်သည့် ပိရမစ်ပုံ ရရှိသည် အထိ အဖွဲ့များအကြား ပူးပေါင်းဆွေးနွေးပါစေ။

၃။ ထိုမူဝါဒများအနက် မည်သည်တို့က လွတ်လပ်မှုဇဟိုပြု လစ်ဘရယ်လ် ပိုကျသည်၊ မည်သည်တို့က ရှေးရိုးစွဲ ကွန်ဆာဗေးတစ် ပိုဆန်သည်၊ မည်သည်က ဆိုရှယ်လစ် ပိုကျသည်နှင့် ၎င်းတို့၏ အကြောင်းရင်း တို့ကိုပါ ဆွေးနွေး သုံးသပ်ပါစေ။

### နီးစပ်သော အဖြေများ

#### လွတ်လပ်မှုဇဟိုပြု လစ်ဘရယ်လ်

» (က) အခွန်အခဆိုင်ရာမူဝါဒ (အခွန်လျှော့ချ သတ်မှတ်ခြင်းဖြင့် စီးပွားရေးလွတ်လပ်မှုကို ပေးစွမ်း စေမည်။)

» (ဃ) ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ (စီးပွားရေး လုပ်ငန်းများ ဖန်တီးပေးခြင်းက စီးပွားရေးလွတ်လပ်မှုကို ထင်ဟပ်စေသည်။)

#### ရှေးရိုးစွဲ ကွန်ဆာဗေးတစ်

» (စ) ရွှေ့ပြောင်းအခြေချမှု မူဝါဒ (ရွှေ့ပြောင်းအခြေချမှု များကို ကန့်သတ်ခြင်းက တရားဥပဒေစိုးမိုးမှု ခိုင်မာ အားကောင်းရန် လိုအပ်သည်။ ထို့အတူ ပြင်ပမှ ဝင်ရောက်လာနိုင်သည့် လွှမ်းမိုးမှုများမှလည်း တားဆီး ကာကွယ်ပေးနိုင်မည်။)

#### ဆိုရှယ်လစ်

» (ခ) အမျိုးသမီးစွမ်းဆောင်ရည် မြှင့်တင်ရေးမူဝါဒများ (အမျိုးသမီးစွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြင့် သာတူညီမျှမှုနှင့် စည်းလုံးမှုတို့ကို ပေးစွမ်းစေမည်။)

» (ဂ) နာမကျန်းသူများနှင့် ဘိုးဘွားတို့အား စောင့်ရှောက် ပေးရေး မူဝါဒ (ဘိုးဘွားများ၊ ဂိလာနများကို စောင့်ရှောက် ပေးခြင်းက လူမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရာ ရောက်သည်။)

» (င) ပညာရေး မူဝါဒ (ပညာသင်ကြားပေးခြင်းက သာတူညီမျှမှုကို ဖော်ဆောင်ပေးစေမည်။)

## ၅.၁.၃ အစိုးရ၏ မဏ္ဍိုင် (၃) ရပ်

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားပြောဆိုမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၅.၁.၃) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

၁။ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ ဖြစ်ကြသည်။

၂။ အုပ်ချုပ်ရေးမဏ္ဍိုင်သည် တိုင်းပြည်ကို စီမံခန့်ခွဲရပြီး ဥပဒေများ အကောင်အထည်ဖော်ပေးရသည်။

ဥပဒေပြုရေးမဏ္ဍိုင်သည် ဥပဒေများ ရေးဆွဲရသည်။

တရားစီရင်ရေးမဏ္ဍိုင်သည် ဥပဒေများကို ဖွင့်ဆိုပေးရသည်၊ တည်မြဲသက်ရောက်မှု ဖြစ်စေရသည်။

### လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သည့်အဖြေများ

၁။ အာဏာပိုင်းခြားမှုသည် နိုင်ငံရေး အဆောက်အအုံ ယန္တရားတစ်ခုမှ အခြားသော နိုင်ငံရေး အဆောက်အအုံ ယန္တရားများအပေါ် (နိုင်ငံတော်တစ်ရပ်လုံးအပေါ်) တရားမဲ့ စိုးမိုးအုပ်ချုပ်မှုမျိုးမှ ကာကွယ်တားဆီးစေပေသည်။

» ထို့အပြင် ခြစားမှုများနှင့် မတည်ငြိမ်မှုများကိုလည်း တားဆီးပေးသည်။

» ထိုမျှသာမက ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ကိုလည်း ပေးစွမ်းစေနိုင်ပေသည်။

၂။ ပြဿနာများကို ဖြေရှင်းရာတွင် အချိန်ကြာမြင့်ပြီး ပဋိပက္ခများ ပေါ်ပေါက်လာနိုင်သည်။

» ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ၊ အစိုးရအဖွဲ့ဖွဲ့စည်းသည့်အခါမျိုးတို့တွင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့သည် နှစ်ဖက်လုံးမှ မလျှော့နိုင်သော မတိုးမဆုတ်သာ အခြေအနေမျိုး ကြုံတွေ့ရနိုင်သည်။

» ထိုအခြေအနေမျိုးသည် အစိုးရ၏ လုပ်ဆောင်ရည်ကို ထိခိုက်စေပြီး အကျိုးဆက်အနေဖြင့် မြေစာပင် ပြည်သူတို့သာ ဒုက္ခကြုံကြရသည်။

## ၅.၁.၄ ဥပဒေပြုရေး

### အကြံပြုသင်ခန်းစာ

- မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားပြောဆိုမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၅.၁.၄) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

၁။ ဥပဒေပြုရေးဆိုသည်မှာ ဥပဒေများ ရေးဆွဲရန် တာဝန်ယူထားရသည့် အစိုးရ၏ မဏ္ဍိုင်တစ်ရပ်ဖြစ်သည်။

၂။ ဥပဒေပြုရေးတွင် မူကြမ်းတစ်ရပ်အပေါ် လွှတ်တော်အတွင်းရှိ အဖွဲ့ဝင်အများစု ထောက်ခံသည်အထိ ဆွေးနွေးရသည်၊ ပြောင်းလဲမှုများ ပြုလုပ်ရသည်။ ထိုမူကြမ်းကို အခြား မဏ္ဍိုင်များက အတည်ပြုပြီးပါက ဥပဒေတစ်ရပ်အဖြစ် အသက်ဝင်ပေမည်။

၃။ ကျောင်းသားပေါ် မူတည်ပြီး ဖြေဆိုပုံကွဲလွဲနိုင်သည်။

## လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

## နီးစပ်သည့်အဖြေများ

၁။ ဥပဒေပြုရေးသည် ဥပဒေများကို အဆိုပြုနိုင်သည့် အာဏာပိုင်ဆိုင်ထားပြီး၊ ထိုဥပဒေများကို လက်ခံအတည်ပြုနိုင်သည့် အာဏာကို အုပ်ချုပ်ရေးမှ ပိုင်ဆိုင်ထားသည်။

» အောက်လွှတ်တော်တို့သည် ပြည်သူတို့၏ လက်တလော ဆန္ဒများကို ကိုယ်စားပြုနေကြပေသည်။ ထိုအောက်လွှတ်တော်၏ ဆုံးဖြတ်ချက်များကို အထက်လွှတ်တော်မှ ဗီတိုအာဏာဖြင့် ပယ်ဖျက်နိုင်သည်၊ ပြင်ဆင်ပြောင်းလဲနိုင်ပေသည်။

» အောက်လွှတ်တော်သည် ဥပဒေများကို အဆိုပြုနိုင်သည့် အာဏာ ပိုင်ဆိုင်ထားကြသည်။ ထိုအဆိုပြုထားသည့် ဥပဒေများကို (အချို့သော အစိုးရများရှိ) အထက်လွှတ်တော်တို့မှ ဗီတိုအာဏာဖြင့် ပယ်ဖျက်နိုင်ကြသည်။

၂။ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့သည် ဥပဒေပြုရေးမှ ရေးဆွဲထားသည့် ဥပဒေတစ်ရပ် သက်ရောက်မှုရှိခြင်းမှ ကန့်သတ်တားဆီးထားနိုင်သည်။ ဤသည်ကို အချို့သော အစိုးရများတွင် တွေ့နိုင်သည်။

» အဆိုပြုထားသည့် ဥပဒေများသည် အန္တရာယ်မကြီးမား လွန်းစေရန် အထက်လွှတ်တော်က တာဝန်ယူရသည်။ ဆိုလိုသည်မှာ ထိုဥပဒေများကြောင့် အခွင့်အရေး ချိုးဖောက်မှုများ၊ အကြမ်းဖက် ပဋိပက္ခများ မပေါ်ပေါက်လာစေရန်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် အောက်လွှတ်တော်မှ အဆိုပြုထားသည့် ဥပဒေများကို အပြန်အလှန် ထိန်းကျောင်းပေးနိုင်ပေသည်။

» အထက်လွှတ်တော် အများစုသည် အရွေးကောက် တင်မြှောက်ခံထားရခြင်း မဟုတ်ကြ၊ ခန့်အပ်ထားရှိခံထားကြရခြင်းဖြစ်သည်။ ဤသည်မှာလည်း ပြည်သူအများစု၏ ဆန္ဒသဘောထားကို ကိုယ်စားပြုနေသည့် အောက်လွှတ်တော်အပေါ်တွင် အပြန်အလှန် ထိန်းကျောင်းနိုင်ရန်အတွက်ဖြစ်သည်။

» အောက်လွှတ်တော်များသည် လူမျိုးစုအရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ အစရှိသည့် တိုင်းပြည်၏ လူမှုတည်ဆောက်ပုံကို ထင်ဟပ်နေပေသည်။ ထို့ကြောင့်လည်း အောက်လွှတ်တော်များတွင် အဓိက လူမျိုးကြီး အဖွဲ့များမှ ကြီးစိုးထားတတ်သည်ကို တွေ့ရသည်။ သို့ဖြစ်၍ လူနည်းစုတို့ ကိုယ်စားပြုပါဝင်မှုကို မြှင့်တင်ပေးနိုင်ရန် အတွက် အထက်လွှတ်တော်ဖြင့် ဖွဲ့စည်းထားရှိခြင်းလည်း ဖြစ်သည်။ ထိုသို့ ဖွဲ့စည်းထားရှိခြင်းဖြင့် လူနည်းစုတို့၏ အခွင့်အရေးများနှင့် အကျိုးစီးပွားတို့ကို လျစ်လျူရှုထားမှုများမှ ကင်းဝေးစေပေမည်။ ပြည်ထောင်စုတိုင်းပြည်အချို့တို့တွင် အထက်လွှတ်တော်များသည် ဒေသအသီးသီး၊ တိုင်းရင်းသားလူမျိုးစု အသီးသီးတို့ကို ကိုယ်စားပြုလျက် ရှိကြပြီး၊ လူအများစုကို ကိုယ်စားပြုနေသည့် အောက်လွှတ်တော်အပေါ်တွင် အပြန်အလှန် ထိန်းကျောင်းနိုင်ကြပေသည်။

## ဆွေးနွေးချက်

၁။ အဖွဲ့လိုက်ဖြစ်စေ၊ အတန်းအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

## နီးစပ်သော အဖြေများ

၁။ **ဆိုးကျိုးများ**

» လွှတ်တော်ရုံးတစ်ရပ်ဖြင့် ဖွဲ့စည်းထားရှိသည့် စနစ်တွင် အာဏာကို အဆိုပါလွှတ်တော်ရုံး တစ်ခုတည်းတွင်သာ ထားရှိကျင့်သုံးသည်။ လွှတ်တော်ရုံး (၂) ရပ် ပါရှိသည့် ဥပဒေပြုရေးတွင်မူ အခန်းကဏ္ဍပိုင်းခြားရာ၌ ခက်ခဲနိုင်သည်။

» လွှတ်တော်ရုံး (၂) ရပ် ရှိခြင်းက ပြိုင်ဆိုင်မှုများ ပေါ်ပေါက်လာစေတတ်သည်၊ ထို့ပြင် နှစ်ဖက်လုံး မလျှော့နိုင်သည့် မတိုးမဆုတ်သာ အခြေအနေမျိုး ကြုံရနိုင်သည်။ ထိုအခြေအနေများက ဥပဒေပြုရေးကို နှောင့်နှေးကြန့်ကြာစေပြီး ဥပဒေပြုရေး ရပ်တန့်သွားစေသည် အထိပင် ဖြစ်ပေါ်လာနိုင်သည်။

» လွှတ်တော်ရုံး (၂) ရပ်ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုရေးသည် လွှတ်တော်ရုံးတစ်ရပ်ဖြင့် ဖွဲ့စည်းထားရှိသည့် ဥပဒေပြုရေးထက် အကုန်အကျ ပိုများသည်ကို တွေ့ရတတ်သည်။

### ကောင်းကျိုးများ

» လွှတ်တော်ရုံး (၂) ရပ် ထားရှိခြင်းက အပြန်အလှန် ထိန်းကျောင်းနိုင်မှု ပိုမို ကျင့်သုံးစေနိုင်ပြီး ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို ပိုမို ပေးစွမ်းလာစေမည်။

» ဒုတိယမြောက် လွှတ်တော်ရုံးထားရှိခြင်းဖြင့် မူလရှိပြီးသား လွှတ်တော်ရုံး၏ အလုပ်တာဝန်ကို နည်းပါးစေပေသည်။ ထိုဒုတိယမြောက် လွှတ်တော်ရုံးသည် ဥပဒေပြုရေးကို အသေးစိတ် ပိုင်းခြားအကဲဖြတ်နိုင်ပြီး၊ နဂိုမူလ လွှတ်တော်မှာ ကိစ္စရပ်ကြီးများကို စီမံနိုင်မည်လည်း ဖြစ်သည်။

» လွှတ်တော်ရုံး (၂) ရပ်ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုရေးသည် ပြည်ထောင်စုတိုင်းပြည်များတွင် လူနည်းစု

အခွင့်အရေးများကို အကာအကွယ်ပြုပေးနိုင်သည်။ ထိုသို့ ကာကွယ်ပေးထားခြင်းဖြင့် ဒေသအဆင့် ပဋိပက္ခများကို ဖြေရှင်းပေးနိုင်မည်၊ ကင်းဝေးစေနိုင်ပေမည်။

» အထက်လွှတ်တော်များသည် အောက်လွှတ်တော်မှ အဆိုပြုထားသည့် မျှတမှုမရှိသော၊ အန္တရာယ်ကျရောက်လာစေနိုင်သော ဥပဒေများမှ ထိန်းချုပ်ကန့်သတ်ထားနိုင်သည်။

၂။ **ဒီမိုကရက်တစ်ဆန်မှု လျော့နည်းသည့် အချက်များ။**

အောက်လွှတ်တော်များသည်လည်းကောင်း လွှတ်တော်ရုံး တစ်ရပ်ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုရေးတို့သည် လည်းကောင်း ပြည်သူတို့မှ တိုက်ရိုက်တင်မြှောက်ထားကြခြင်းဖြစ်သည်။ မဲဆန္ဒရှင်တို့အနေဖြင့် မိမိတို့က အာဏာပေးအပ်ထားလိုသူ ကိုယ်စားလှယ်လောင်း သို့မဟုတ် ပါတီတစ်ရပ်ကို မဲပေးရွေးချယ်ထားနိုင်မည်။ ထိုစနစ်က အထက်လွှတ်တော်များ ထားရှိပြီး ကိုယ်စားလှယ်လောင်းများကို ခန့်အပ်ထားရှိခြင်း၊ အဆင့်ဆင့်လက်လွှဲရယူခြင်း၊ ဒေသအလိုက် သတ်မှတ်ထားရှိခြင်း အစရှိသည်တို့ထက် ဒီမိုကရက်တစ်ပိုဆန်သည်ဟု ထောက်ပြထားကြသည်။

**ဒီမိုကရက်တစ် ပိုကျသည်။**

လွှတ်တော်ရုံး (၂) ရပ်ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုရေးတွင် လွှတ်တော် (၂) ရပ် ပါရှိသည့် အလျောက် အပြန်အလှန် ထိန်းကျောင်းမှုကို ပိုမိုပေးစွမ်းနိုင်ပေမည်။ ဤသည်က အစိုးရတွင်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို ဖော်ဆောင်ရာရောက်ပြီး ဒီမိုကရက်တစ်ကျသည့် တရားဝင်အသိအမှတ်ပြုမှုကို ပိုမို ပေးစွမ်းစေမည်လည်းဖြစ်သည်။

## မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာ ဖတ်ရှုပါစေ။ နားမလည်သည်တို့ကို ရှင်းလင်းပြသပေးပါ။

## လေ့ကျင့်ခန်း

- အဖွဲ့လိုက်ဖြစ်စေ၊ အတန်းအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပါဝင်သည်။

၂။ ဥပဒေများသည် သမ္မတခွင့်ပြုချက်အတွက် မပေးပို့မီ လွှတ်တော် (၂) ရပ်လုံးမှ ထောက်ခံရန် လိုအပ်သည်။

» လွှတ်တော် (၂) ရပ်လုံး၏ အဖွဲ့ဝင်အားလုံးသည် ၅ နှစ်တာကာလ ထမ်းဆောင်ရန် အရွေးချယ်ခံထားကြရခြင်း ဖြစ်သည်။

» တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်ခုမှ ရွေးကောက်ခံကိုယ်စားလှယ် ၁၂ ဦး အထိ အမျိုးသားလွှတ်တော်သို့ စေလွှတ်နိုင်သည်။

## လုပ်ငန်းများ –

## အနာဂတ်၏ ဥပဒေပြုသူများ – အပိုင်း(၁)

- ဖော်ပြပါ ဖြစ်ရပ်နှင့် အဆိုပြုထားသည့် ဥပဒေများကို ဖတ်ရှုပါစေ။ နားမလည်သည်တို့ရှိပါက ရှင်းလင်းပြသပေးပါ။
- အဖွဲ့ငယ် ၄ ဖွဲ့မှ ၆ ဖွဲ့အထိ ဖွဲ့ပါစေ။ ထိုအဖွဲ့များအတိုင်း 'အနာဂတ်၏ ဥပဒေပြုသူများ' လုပ်ဆောင်ချက်တိုင်းတွင် အတူတကွ ဆောင်ရွက်ပေးရမည် ဖြစ်သည်။

၁။ အဆိုပြုထားသည့် ဥပဒေတစ်ရပ် သို့မဟုတ် (၂) ရပ်စီကို အဖွဲ့လိုက် ရွေးချယ်ပါစေ၊ သို့မဟုတ် ဆရာဖြစ်သူက သတ်မှတ်ပေးပါ။ ထိုသို့ သတ်မှတ်ရာတွင် ဥပဒေအားလုံး ထည့်သွင်းပါရှိပါစေ။

- ထိုဥပဒေများအတွက် အပေါင်းလက္ခဏာဆောင်သည့် သက်ရောက်မှုများရော၊ အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများကိုပါ စဉ်းစားဖော်ထုတ်ပါစေ။

### နီးစပ်သော အဖြေများ

၁။ **အပေါင်းလက္ခဏာဆောင်သည့် သက်ရောက်မှု** – အလုပ်အကိုင်အတွက် ပြိုင်ဆိုင်မှု လျော့နည်းလာမည်။ အိမ်ရာတိုက်တာတို့အတွက် ယှဉ်ပြိုင်မှုများ လျော့ကျလာမည်။ ပြည်သူတို့၏ အကျိုးခံစားခွင့် (ဥပမာ – ကျောင်း၊ ဆေးရုံစသည်) တို့ မလုံလောက်မှုများ လျော့ကျလာမည်။

**အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှု** – တရားဝင်ရွှေ့ပြောင်းအခြေချမှုကို တားမြစ်ခြင်းက တရားမဝင်ရွှေ့ပြောင်းအခြေချမှုကို အားပေးရာရောက်သည်။ လွတ်လပ်စွာ ရွှေ့ပြောင်းနေထိုင်နိုင်ခွင့်ကို ကန့်သတ်ရာရောက်သည်။ ယဉ်ကျေးမှု အမျိုးစုံလင်ခြင်းကို လျော့ကျစေမည်။

၂။ **အပေါင်းလက္ခဏာဆောင်သည့် သက်ရောက်မှု** – ဆင်းရဲမှု လျော့ချနိုင်မည်၊ တန်းတူညီမျှမှုကို ပိုမိုပေးစွမ်းနိုင်မည်။ တရားရှိလူနေမှုကို ဖော်ဆောင်စေမည်။

**အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှု** – ချမ်းသာသူများကို ခွဲခြားဆက်ဆံရာရောက်သည်။ ငွေကြေးပိုမို တောင့်တင်းသူတို့၏ ငွေကြေးသုံးစွဲမှုဆိုင်ရာ လွတ်လပ်ခွင့်ကို ကန့်သတ်ရာ ရောက်စေမည်။ ချမ်းသာသူများက တိုင်းပြည်မှ ထွက်ခွာသွားခြင်းဖြင့်

တိုင်းပြည်စီးပွားရေးကို ထိခိုက်လာစေမည်။

၃။ **အပေါင်းလက္ခဏာဆောင်သည့် သက်ရောက်မှု –** သက်ကြီးဘိုးဘွားများအတွက် စောင့်ရှောက်ပေးနိုင်မှု၊ မိသားစုများအတွက် ဝန်ထုတ်ဝန်ပိုး လျော့နည်းသွားစေမည်။

**အနုတ် လက္ခဏာဆောင်သည့် သက်ရောက်မှု –** ကုန်ကျစရိတ် ကြီးမားသည်။

၄။ **အပေါင်းလက္ခဏာဆောင်သည့် သက်ရောက်မှု –** ပညာရည် မြင့်မားလာစေမည်။ ပြစ်မှု၊ ဆေးသုံးစွဲမှု စသည့် လူမှုပြဿနာများ လျော့နည်းလာနိုင်မည်။ အထက်တန်းအောင်မြင်ပြီးသူ တိုးပွားလာခြင်းက စီးပွားရေး ပိုမိုကောင်းမွန်လာစေမည်။

**အနုတ် လက္ခဏာဆောင်သည့် သက်ရောက်မှု –** သားသမီးတို့၏ ဝင်ငွေကို မှီခိုနေရသော ဆင်းရဲသား မိသားစုများအတွက် အခက်အခဲ ဖြစ်စေနိုင်သည်။ လွတ်လပ်စွာ သင်ယူခွင့် ရရှိလာခြင်းထက် လွတ်လပ်စွာ လုပ်ငန်းခွင် ဝင်ရောက်မှုဆုံးရှုံးခြင်းသာ ဖြစ်စေသည်၊ ကုန်ကျစရိတ် ကြီးမားသည်။

၅။ **အပေါင်းလက္ခဏာဆောင်သည့် သက်ရောက်မှု –** ကျန်းမာရေးအခြေအနေများ တိုးတက်ကောင်းမွန်လာစေမည်၊ ကူးစက်ပြန့်ပွားတတ်သည့် ရောဂါများကို ကာကွယ်နိုင်မည်၊ ကလေးယူမှု လျော့နည်းလာမည် (ကာကွယ်ကုသနိုင်သည့် ရောဂါများ ဖြစ်သော်လည်း သေဆုံးမှုကလေးများအကြား လျော့နည်းလာခြင်းကြောင့် ဖြစ်သည်)။

**အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှု –** ကုန်ကျစရိတ်ကြီးမားသည်။

၆။ **အပေါင်းလက္ခဏာဆောင်သည့် သက်ရောက်မှု –** ကျား၊ မ တန်းတူညီမျှမှုကို ဖော်ဆောင်ပေးရာရောက်သည်။

**အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှု –** အမျိုးသားများကို ခွဲခြားဆက်ဆံရာရောက်သည်၊ အရည်အသွေး မပြည့်မီသည့် လွှတ်တော်ကိုယ်စားလှယ်များ။

၇။ **အပေါင်းလက္ခဏာဆောင်သည့် သက်ရောက်မှု –** ကျေးလက်ဖွံ့ဖြိုးမှု တိုးမြင့်လာစေသည်၊ – မြို့ပြစရိတ်ကြီးထွားလာခြင်းကို လျှော့ချပစ်နိုင်မည်။

**အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှု –** မြို့ပြနေပြည်သူများကို ခွဲခြားဆက်ဆံရာရောက်သည်၊ လူနည်းစုအတွက် အကုန်အကျကြီးမားစွာဖြင့် ဆောက်လုပ်ပေးခြင်း။

၂။ မိမိတို့ရွေးချယ်ထားသည့် ဥပဒေများအတွက် အဖွဲ့လိုက် တင်ပြဆွေးနွေးပါစေ။ ထိုသို့ ဆွေးနွေးရာတွင် ကောင်းကျိုးများနှင့် ဆိုးကျိုးများကိုပါ ထည့်သွင်းရှင်းလင်းပါစေ။

- ထိုတင်ပြချက်များကို အခြားသောအဖွဲ့များမှ မှတ်သားထားရှိပါစေ။

၃။ အဖွဲ့တိုင်း၏ တင်ပြဆွေးနွေးမှု ပြီးဆုံးပါက မည်သည့် ဥပဒေပြဋ္ဌာန်းမည်ကို ရွေးချယ်ရန်အတွက် မဲခွဲဆုံးဖြတ်ပါစေ။

- အတည်ပြုလက်ခံလိုက်သည့် ဥပဒေများကို စာရွက်ကြီးတစ်ရွက်ပေါ်တွင် ရေးသားပြီး စာသင်ခန်းနံရံတွင် ထားရှိပါစေ။ ထိုဥပဒေများကို နောင်လေ့ကျင့်ခန်းများတွင် အသုံးပြုရန် လိုအပ်မည်ဖြစ်သည်။

၄။ ထိုအဆိုပြုထားသည့် ဥပဒေများတွင် မည်သည်က လစ်ဘရယ်လ်ကျသည်၊ မည်သည်က ကွန်ဆာဗေးတစ်ဆန်သည်၊ မည်သည်တို့က ဆိုရှယ်လစ်ဖြစ်သည်နှင့် မည်သည့် အကြောင်းကြောင့် ထိုသို့ ဆိုသည်ကိုပါ ဆွေးနွေးပါစေ။

**အဖြေများ**

### ရှေးရိုးစွဲ ကွန်ဆာဗေးတစ်

» ဥပဒေ(၁) ။ ။ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်တို့သည် လုံခြုံမှု၊ ရိုးရာဓလေ့ စသည်တို့ကို တန်ဖိုးထားကြသည့်အလျောက် နယ်နိမိတ် ပိတ်ဆို့လိုက်ခြင်းက ထိုတန်ဖိုးများကို ပံ့ပိုးပေးစေမည်ဖြစ်သည်။ (ရိုးရာဓလေ့နှင့် တရားဥပဒေစိုးမိုးမှု)

» ဥပဒေ(၄) ။ ။ ကျောင်းပညာ တက်ရောက်သင်ယူလိုခြင်း မရှိသည့်တိုင် မဖြစ်မနေ တက်ရောက်သင်ကြားကြရမည်။ (လုပ်ပိုင်ခွင့်)

### လူမှုဘဝညီမျှမှုဇဟိုပြုဆိုရှယ်လစ်

» ဥပဒေ(၂) ။ ။ နွမ်းပါးသူတို့ကို ထောက်ပံ့ရန် ချမ်းသာသူတို့ကို အခွန်ကောက်ခံခြင်းက သာတူညီမျှမှုကို ပေးစွမ်းစေမည်ဖြစ်သည်။ (သာတူညီမျှမှု၊ လူမှုလိုအပ်ချက်)

» ဥပဒေ(၃) ။ ။ နိုင်ငံတော်ဘဏ္ဍာငွေ အသုံးပြုပြီး ကူညီစောင့်ရှောက်ရေး လုပ်ငန်းများ လုပ်ဆောင်ခြင်းက မိမိကိုယ်ကို မထောက်တည်နိုင်သည့် သက်ကြီးဘိုးဘွားများ၏ လူမှုလိုအပ်ချက်နှင့် ကိုက်ညီမှုရှိသည်။ (လူမှုလိုအပ်ချက်)

» ဥပဒေ (၅) ။ ။ နိုင်ငံတော်ဘဏ္ဍာငွေ အသုံးပြုပြီး ကျန်းမာရေးလုပ်ငန်းများအတွက် ဖော်ဆောင်ပေးခြင်းက ကျန်းမာရေးအတွက် မတတ်နိုင်သော ဂိလာနပုဂ္ဂိုလ်များ၏ လူမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရာရောက်သည်။ (လူမှုလိုအပ်ချက်)

» ဥပဒေ (၆) ။ ။ အနိမ်ခံဘဝလွတ်မြောက်ရေး ပံ့ပိုးမှုဆိုင်ရာ မူဝါဒများသည် ပြည်သူတို့၏ အခွင့်အလမ်း

များကို ခွဲဝေချထားခြင်းဖြင့် သာတူညီမျှမှုကို ပေးစွမ်းစေပေမည်။ (သာတူညီမျှမှု၊ စည်းလုံးမှု)

» ဥပဒေ (၇) ။ ။ ပြည်သူတို့၏ အကျိုးခံစားခွင့်များ (ဆေးရုံများ၊ ကျောင်းများ) ကို လူမှုလိုအပ်ချက်အရ မျှဝေပေးအပ်ထားခြင်းက လူမှုရေးအရ တန်းတူညီမျှမှုကို ပေးစွမ်းနိုင်စေမည်ဖြစ်သည်။ (သာတူညီမျှမှု၊ လူမှုလိုအပ်ချက်)

## ၅.၁.၅ အုပ်ချုပ်ရေး

### အကြံပြုသင်ခန်းစာ

- မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားပြောဆိုမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၅.၁.၅) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

၁။ အုပ်ချုပ်ရေးသည် တိုင်းပြည်ကို စီမံခန့်ခွဲရပြီး ဥပဒေများ အကောင်အထည်ဖော်ပေးရသည့် အစိုးရမဏ္ဍိုင်တစ်ရပ်ဖြစ်သည်။

၂။ အုပ်ချုပ်ရေးသည် ဥပဒေများကို အကောင်အထည်ဖော်ရခြင်း၊ အခြားသော နိုင်ငံများနှင့် သံတမန်ဆက်ဆံရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလ အခြေအနေအတွင်း ဦးဆောင်မှု အစရှိသည်တို့ကို တာဝန်ယူရပေသည်။

## လုပ်ငန်းများ

- အုပ်ချုပ်ရေး၏ အရေးပါသော လုပ်ငန်းဆောင်တာ (၅) ရပ်ကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းပြသပေးပါ။

  » သံတမန်ဆက်ဆံရေး

  » အစိုးရဘတ်ဂျက် (လျာထားငွေ) ကို ရေးဆွဲသတ်မှတ်ခြင်း

  » စစ်တပ်အပေါ် ထိန်းချုပ်မှု

  » အစိုးရဝန်ထမ်းများအား စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု

  » အရေးပေါ်ကာလအခြေအနေ ဦးဆောင်မှု (ဥပမာ – သဘာဝ ဘေးအန္တရာယ် ကျရောက်ချိန်နှင့် အကြမ်းဖက်ပဋိပက္ခများ ဖြစ်ပွားချိန်)

၁။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ထိုလုပ်ငန်းဆောင်တာတို့ကို အောက်ပါတို့အလိုက် အဆင့်သတ်မှတ်ပါစေ။

(က) အရေးပါမှု

(ခ) ခက်ခဲမှု

(ဂ) စွန့်စားရမှု (ဆုံးဖြတ်ချက်အမှားများ ချမှတ်မိပါက မည်မျှအထိ အန္တရာယ် သက်ရောက်နိုင်မှု)။

၂။ ထိုပြုစုထားသည့် စာရင်း (၃) ရပ်နှင့် စပ်လျဉ်းပြီး မည်သည်တို့ကို သတိမူမိကြောင်း ဆွေးနွေးပါစေ။

### နီးစပ်သော အဖြေများ

» အရေးအပါဆုံးသော လုပ်ငန်းဆောင်တာများသည် အစွန့်စားရဆုံး ဖြစ်သည်ကို တွေ့ရှိရသည်။

» အရေးအပါဆုံးသော လုပ်ငန်းဆောင်တာများသည် အခက်ခဲဆုံး ဖြစ်သည်ကို တွေ့ရသည်။

» အချို့သော လုပ်ငန်းဆောင်တာများသည် စာရင်း (၃) ရပ်လုံး၏ အောက်ဆုံးတွင်သာ သတ်မှတ်ခံထားရသည်ကို တွေ့ရှိနိုင်သည်။

## လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ သမ္မတစနစ်အချို့တွင် သမ္မတများသည် ဥပဒေပြုရေးမှ ရေးဆွဲထားသည့် ဥပဒေများကို အကြံပေးခြင်း၊ လက်ခံခြင်း၊ ဗီတိုအာဏာကျင့်သုံးခြင်း (ပယ်ချခြင်း) တို့ကို ဆောင်ရွက်ခွင့်ရှိသည်။

» တိုင်းပြည်အချို့တို့တွင် သမ္မတ (သို့) ဧကရာဇ်သည် နိုင်ငံတော်၏ ဦးသျှောင်အကြီးအကဲဖြစ်ပြီး၊ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ အကြီးအကဲဖြစ်သည်။

၂။ အုပ်ချုပ်ရေးသည် ဥပဒေပြုရေးမှ ပြဋ္ဌာန်းထားသည့် ဥပဒေများကို အကောင်အထည်ဖော်ပေးရန် တာဝန်ရှိသည်။ အချို့သော စနစ်များတွင် အုပ်ချုပ်ရေးသည် ဥပဒေမူကြမ်းများကို ဗီတိုအာဏာဖြင့် ပယ်ချနိုင်သည်။ သို့ရာတွင်လည်း ဥပဒေများကို ဖန်တီးရေးဆွဲနိုင်သည့် အာဏာမျိုး၊ ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်လောက်သည့် အာဏာမျိုး မပိုင်ဆိုင်ထားချေ။

ပါလီမန် စနစ်များ

- ဥပဒေပြုရေး – လွှတ်တော်အတွက် ကိုယ်စားလှယ်များကို ပြည်သူတို့မှ ရွေးကောက် တင်မြှောက်သည်။
- အုပ်ချုပ်ရေးအာဏာသည် ဥပဒေပြုရေးမှ ဆင်းသက်သည်။ ထိုအာဏာအပေါ်တွင် ဥပဒေပြုရေးမှ အမှီအခိုပြုထားနိုင်ရန် အစိုးရမှ တာဝန်ယူရသည်။ ရော်ရည်နှင့်ချက်ရန် ဘိုလို ဗမာလို နှစ်ခုလုံးချက်ရန်။
- ပါလီမန်က အစိုးရ၏ အကြီးအကဲကို ရွေးချယ်ခန့်ထားသည်။ ထိုအစိုးရ အကြီးအကဲသည် လွှတ်တော်တွင်း နေရာအများစု ပိုင်ဆိုင်ထားသော ပါတီကြီး၏ ဦးဆောင်သူလည်း ဖြစ်တတ်သည်။ ထိုအကြီးအကဲ ဖြစ်သူသည် ဝန်ကြီးအဖွဲ့(ကက်ဘိနက်) ကို ရွေးချယ်ခန့်ထားရသည်။ သို့ရာတွင်လည်း အဆိုပါ ကက်ဘိနက် (အုပ်ချုပ်ရေး၊ အစိုးရ) ကို ဥပဒေပြုရေးက အတည်ပြုပေးရန် လိုအပ်ပေမည်။
- ဝန်ကြီးချုပ်နှင့် ကက်ဘိနက် အဖွဲ့ဝင်များသည် ဥပဒေပြုရေးအတွင်း ထောက်ခံမှု အများစု ပိုင်ဆိုင်ထားနိုင်သမျှ ကာလပတ်လုံး အာဏာတည်မြဲနိုင်ကြမည်။
- ထိုစနစ်မျိုးတွင် အာဏာရှင်းခြားမှု နည်းပါးပေသည်။
- ဥပမာ။ ။ ဗြိတိန်။

သမ္မတစနစ်

- ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့ကို ခွဲခြားထားပြီး ထို အာဏာ (၂)ရပ်ကြားတွင် အပြန်အလှန်မှီခိုပတ်သက်မှု မရှိပေ။
- နိုင်ငံတော်အကြီးအကဲမှာ သမ္မတဖြစ်ပြီး အုပ်ချုပ်ရေးမဏ္ဍိုင် (အစိုးရ) ကို ဦးစီးသည်။ သမ္မတကို တိုက်ရိုက် ရွေးကောက်တင်မြှောက်ခြင်းက ပြည်သူတို့ထံမှ တရားဝင်အသိအမှတ်ပြုမှုကို တိုက်ရိုက်ရရှိစေမည် ဖြစ်ပြီး အာဏာ ပိုမို ကြီးမားစေသည်။ ထိုစနစ်တွင် ဝန်ကြီးချုပ်ဟူ၍ ခန့်အပ်ထားရှိခြင်း မရှိချေ။ သမ္မတမှ ၎င်း၏ဝန်ကြီးအဖွဲ့(ကက်ဘိနက်) ကို ရွေးချယ်ခန့်ထားသည်။ ပါလီမန် ဒီမိုကရေစီစနစ်နှင့် ယှဉ်ပါက သမ္မတသည် အာဏာ ပိုမိုပိုင်ဆိုင်ထားနိုင်သည်ကို တွေ့ရှိရသည်။
- အာဏာရှင်ခြားမှု ခိုင်မာအားကောင်းသည်။ အပြန်အလှန် ထိန်းကျောင်းမှုမှာ ထိရောက်မှုရှိသည်။ ထိုစနစ်သည် မဏ္ဍိုင် အချင်းချင်းကြား ထိန်းကျောင်း၊စီစစ်နိုင်စေပြီး အလွဲသုံးစားပြုမှုမျိုးတို့မှ ကင်းဝေးစေပေမည်။
- သို့သော်လည်း သမ္မတနှင့် ပါလီမန်တို့အကြား အငြင်းပွားမှု ကြီးကြီးမားမား ပေါ်ပေါက်သည့်အခါမျိုးတို့တွင် ဆုံးဖြတ်ချက်ချမှတ်မှု ဖြစ်စဉ်မှာ နှေးကွေးမှုရှိနိုင်သည်။ (ဥပမာ – ဗီတိုအာဏာ ကျင့်သုံးမှုများ)
- ဥပမာ။ ။အမေရိကန်ပြည်ထောင်စု

သမ္မတစနစ် အထိုက်အလျောက်ကျင့်သုံးသည့် ဒီမိုကရေစီစနစ်(Semi presidential democracy)

- သမ္မတစနစ်နှင့် ပါလီမန်ဒီမိုကရေစီစနစ်တို့ ပေါင်းစပ်ထားသည့် အာဏာ ပိုင်းခြားမှုမျိုးကို တွေ့ရှိရသည်။
- ထိုစနစ်တွင် သမ္မတနှင့် အစိုးရ (ဝါ) ဝန်ကြီးချုပ်အကြား အုပ်ချုပ်ရေး အာဏာကို ပိုင်းခြားထားသည်။
- အုပ်ချုပ်ရေးအာဏာကိုရာထူးနေရာ (၂) နေရာတွင် ခွဲခြား ချထားသည်။ ဥပမာအားဖြင့် ဝန်ကြီးချုပ်နှင့် သမ္မတတို့သည် တစ်ဦးအပေါ်တစ်ဦး သက်ရောက်မှု မှီခိုမှု မရှိဘဲ သီးခြားစီ ရပ်တည်သည်။
- သမ္မတ (နိုင်ငံတော်အကြီးအကဲ) ကို ပြည်သူတို့မှ ရွေးကောက် တင်မြှောက်သည်။
- ဝန်ကြီးချုပ် (အစိုးရအဖွဲ့ အကြီးအကဲ) ကို ပါလီမန်စနစ်များတွင် တွေ့ရသည့် အတိုင်း ပါလီမန် (လွှတ်တော်) မှ တင်မြှောက်ခန့်ထားသည်။ ထိုဝန်ကြီးချုပ်သည် လွှတ်တော်တွင်း နေရာအများစု ပိုင်ဆိုင်ထားသော ပါတီကြီး၏ ဦးဆောင်သူလည်း ဖြစ်တတ်သည်။
- ဥပမာ။ ။ပြင်သစ်။

## မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှု စေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

## လေ့ကျင့်ခန်း

၁။ အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံး အနေဖြင့်ဖြစ်စေ မေးခွန်း တို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

၁။ အာဏာ ခွဲဝေကျင့်သုံးမှု

» ပြည်ထောင်စုလွှတ်တော်၏ အဖွဲ့ဝင်များသည် သမ္မတလောင်း ၃ ဦး၏အမည်ကို တင်သွင်းရသည်၊ ပြည်သူ့လွှတ်တော်မှ ရွေးချယ်ထားသူတစ်ဦး၊ အမျိုးသားလွှတ်တော်မှ ရွေးချယ်ထားသူတစ်ဦးနှင့် စစ်ဘက်ကိုယ်စားလှယ်များမှ တစ်ဦးတို့ ဖြစ်ကြသည်။

» သမ္မတသာလျှင် စစ်ကြေညာခွင့် (သို့မဟုတ်) စစ်ပြေငြိမ်းခွင့် ရှိသည်။

» သမ္မတသာလျှင် နိုင်ငံအချင်းချင်းကြား သဘောတူ စာချုပ်များကို ပြုလုပ်နိုင် (သို့) ဖျက်သိမ်းနိုင်သည်။

» သမ္မတသာလျှင် အရေးပေါ် အခြေအနေတစ်ရပ်အဖြစ် ကြေညာနိုင်သည်။

» သမ္မတအနေဖြင့် အစိုးရအဖွဲ့၏ ဝန်ကြီးအများစုကို ခန့်အပ်ထားရှိရန် တာဝန်ရှိသည်။ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးနေရာများအတွက် ကာကွယ်ရေးဦးစီးချုပ်မှ ခန့်အပ်ထားရှိသည်။

၂။ သမ္မတအနေဖြင့် ဥပဒေများကို လက်မှတ်ရေးထိုး အတည်ပြုရသည်။

၃။ အုပ်ချုပ်ရေးက အာဏာပိုမိုကြီးမားသည်။ အကြောင်းမှာ –

» ဆုံးဖြတ်ချက်ချမှတ်သည့်အခါတွင် ဆွေးနွေး ငြင်းခုံ နေစရာ မလိုသည့်အတွက် ဥပဒေပြုရေးထက် ပိုမို လွယ်ကူစွာ ချမှတ်နိုင်ကြသည်။

» ဥပဒေများ၊ မူဝါဒများကို ပြည်သူများအကြား ကျင့်သုံးရန် တာဝန်ယူထားရသူများ ဖြစ်သည်။ သို့ဖြစ်၍ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်လောက်မည့် ဆုံးဖြတ်ချက်များကိုသာ ချမှတ်ကြမည် ဖြစ်သည်။

» နိုင်ငံခြားရေးရာ မူဝါဒများကို တာဝန်ယူထားကြရသည်။ ထို့ကြောင့် အမျိုးသားလိုအပ်ချက်နှင့် နိုင်ငံတကာ လိုအပ်ချက်တို့အကြား ထိန်းညှိဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။

**ဥပဒေပြုရေးက အာဏာ ပိုမို ကြီးမားသည်။ အကြောင်းမှာ –**

» ဥပဒေပြုရေးသည် ပြည်သူတို့မှ တိုက်ရိုက် ရွေးကောက် တင်မြှောက်ခံထားရသည်များ ဖြစ်ကြသည့်အလျောက် ပြည်သူတို့၏ ဆန္ဒသဘောထားများကို ပိုမို ဖော်ထုတ် တင်ပြနိုင်ကြမည်ဖြစ်သည်။ ဤသည်မှာလည်း အုပ်ချုပ်ရေးနှင့် နှိုင်းယှဉ်ပါက 'တာဝန်ခံမှု'

(accountability) ပိုမို ပိုင်ဆိုင်ထားရှိခြင်းကြောင့် ဖြစ်သည်။

» ဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းရာတွင် ပူးပေါင်းဆောင်ရွက်ကြသည်၊ ညှိနှိုင်းလုပ်ဆောင်ကြရသည်။ သို့မှလည်း အဆိုပါ ဥပဒေများသည် ပိုမို စုံလင်သော ပြည်သူအသီးသီး၏ လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိနိုင်ပေမည်။

## လုပ်ငန်းများ –

## အနာဂတ်၏ ဥပဒေပြုသူများ – အပိုင်း(၂)

- ဖော်ပြပါ ဖြစ်စဉ်ကို ဖတ်ရှုပါစေ။ စာမျက်နှာ (၁၀၀) တွင် လုပ်ဆောင်ခဲ့သည့် 'အနာဂတ်၏ ဥပဒေပြုသူများ အပိုင်း(၁)'ကို ပြန်လည် သုံးသပ်ပါစေ။
- အပိုင်း (၁) တွင် ပြဋ္ဌာန်းသတ်မှတ်ခဲ့သည့် မူကြမ်းများကို ပြန်လည်သုံးသပ် အကဲဖြတ်ပါစေ။
- ဤလုပ်ဆောင်ချက်တွင် ကျောင်းသားတို့သည် 'အုပ်ချုပ်ရေး' အနေဖြင့် လုပ်ဆောင်ပေးရမည်ဖြစ်ပြီး အပိုင်း (၁) ရှိ ဥပဒေပြုရေးမှ ပြဋ္ဌာန်းခဲ့သည့် မူကြမ်းများကို ဆုံးဖြတ်ပေးရမည်ဖြစ်သည်။

၁။ အဖွဲ့များ ဖွဲ့ပြီး အပိုင်း (၁) တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေ တစ်ရပ်ရပ် သို့မဟုတ် ဥပဒေ (၂) ရပ်ကို ရွေးချယ်ပါစေ။

- ထိုပြဋ္ဌာန်းခဲ့သည့် ဥပဒေအားလုံးကို တစ်ခုမကျန် ရွေးချယ်အသုံးပြုပါစေ။
- အဖွဲ့အလိုက် အဆိုပါ မူကြမ်း (များ) ကို သုံးသပ်စေပြီး ဖော်ပြပါ ဇယားတွင် ဖြည့်စွက်ပါစေ။ ထိုဥပဒေ (များ) အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရနိုင်သည့် အခက်အခဲများ၊ ကုန်ကျစရိတ်များကို စဉ်းစားဖော်ထုတ်ပါစေ။
- ကုန်ကျစရိတ်ဆိုရာတွင် ငွေကြေးပမာဏ အတိအကျကို ဖြည့်စွက်ပေးရမည်မဟုတ်၊ ဥပဒေများကို အကောင်အထည်ဖော်ရာတွင် လိုအပ်မည့် ဝတ္ထုပစ္စည်းအားလုံးကို ဆိုလိုပေသည်။ (ငွေကြေးအပါအဝင်ဖြစ်သည်)

### နီးစပ်သော အဖြေများ

၁။ **အတားအဆီးများ –** ရွှေ့ပြောင်းလုပ်သားအင်အားအပေါ် တည်မှီနေရသည့် စီးပွားရေးလုပ်ငန်းများမှ ကန့်ကွက်လာနိုင်သည်။

» လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ကန့်ကွက်မှုဒဏ် ခံရနိုင်သည်။

**ကုန်ကျစရိတ်** – နယ်ခြားစောင့်တပ်များ ပိုမို လိုအပ်လာမည်။

၂။ **အတားအဆီးများ –** ငွေကြေးအင်အား တောင့်တင်းသူတို့ ထံမှ ကန့်ကွက်မှုများ၊

**ကုန်ကျစရိတ်** – အနည်းငယ်သာရှိမည်။

၃။ **အတားအဆီးများ –** ကူညီစောင့်ရှောက်ရေးလုပ်သားနှင့် လိုအပ်သော အထောက်အပံ့၊ အဆောက်အအုံများ ရှားပါးမှု။

**ကုန်ကျစရိတ်** – ကူညီစောင့်ရှောက်ရေး လုပ်သားအရေ အတွက်နှင့် အခြားအထောက်အပံ့၊ အဆောက်အအုံများ။

၄။ **အတားအဆီးများ –** ဆရာ၊ ဆရာမနှင့် စာသင်ကျောင်း မလောက်ငမှု။

» ဆင်းရဲနွမ်းပါးသူတို့၏ ကန့်ကွက်မှုများ။

**ကုန်ကျစရိတ်** – ဆရာ၊ ဆရာမနှင့် ကျောင်းများ ပိုမို လိုအပ်မည်။

၅။ **အတားအဆီးများ –** ကျန်းမာရေးစောင့်ရှောက်မှု လုပ်သားနှင့် အဆောက်အအုံ၊ ပရိဘောဂများ မလောက်ငမှု။

» ပညာရေး၊ စစ်ရေး အစရှိသည့် အခြားကဏ္ဍများမှ ကန့်ကွက်လာနိုင်သည်။

**ကုန်ကျစရိတ်** – ကျန်းမာရေးစောင့်ရှောက်မှု လုပ်သားနှင့် အဆောက်အအုံ၊ ပရိဘောဂများ ပိုမို လိုအပ်မည်ဖြစ်သည်။

၆။ **အတားအဆီးများ –** အမျိုးသားများ၏ ကန့်ကွက် ဝေဖန်မှု။

**ကုန်ကျစရိတ်** – အနည်းငယ်သာရှိသည်။

၇။ **အတားအဆီးများ** – မြို့ပြနေပြည်သူတို့၏ ကန့်ကွက် ဝေဖန်မှု။

**ကုန်ကျစရိတ်** – လူနည်းစုအတွက် အကုန်အကျကြီးမားစွာဖြင့် ဆောက်လုပ်ပေးရခြင်း။

၂။ အဖွဲ့အလိုက် ပြုစုရေးဆွဲထားသော ဇယားများကို တင်ပြဆွေးနွေးပါစေ။ ထိုသို့ တင်ပြဆွေးနွေးရာ၌ ထိုဥပဒေ (များ) အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရနိုင်သည့် အတားအဆီးများ၊ ကုန်ကျစရိတ်များကိုပါ ထည့်သွင်းထားပါစေ။

- ထိုတင်ပြပြောဆိုချက်များကို အခြားသော အဖွဲ့များမှ မှတ်သားထားရှိပါစေ။

၃။ တင်ပြဆွေးနွေးမှုအားလုံး ပြီးဆုံးသည့်အခါတွင် အပိုင်း (၁) တွင် ရေးဆွဲထားသည့်အတိုင်း အဆိုပါ ဥပဒေကို လက်ခံမည်၊ သို့မဟုတ် ပြင်ဆင်ရေးဆွဲရန်အတွက် ဥပဒေပြုရေး မဏ္ဍိုင်သို့ ပြန်လည်ပေးပို့မည်ကို ဆုံးဖြတ်ရမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရန်အတွက် တစ်တန်းလုံးက မဲခွဲ ဆုံးဖြတ်ရမည်ဖြစ်သည်။

- ထို့နောက် မည်သည့် ဥပဒေများကို လက်ခံမည်၊ မည်သည်တို့ကို ပြင်ဆင်ပြောင်းလဲရန် လိုအပ်သည် စသည်ဖြင့် စာရွက်ကြီး တစ်ရွက်ပေါ်တွင် ပြုစုရေးသားထားပြီး နံရံတွင် ကပ်ထားပါစေ။ ထိုပြုစုထားချက်များကို နောင်လေ့ကျင့်ခန်းများတွင် အသုံးပြုရန်အတွက် လိုအပ်မည်ဖြစ်သည်။

## ၅.၁.၆ တရားစီရင်ရေး

### အကြံပြုသင်ခန်းစာ

- မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားပြောဆိုမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၅.၁.၆) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### အဖြေများ

၁။ တရားစီရင်ရေးသည် ဥပဒေသက်ရောက်စေရန် တာဝန်ရှိသည့် အစိုးရ၏ အစိတ်အပိုင်းတစ်ရပ်ပင်ဖြစ်သည်။ တရားစီရင်ရေးသည် တရားဥပဒေဆိုင်ရာ ပဋိပက္ခများ ဖြေရှင်းခြင်း၊ ဥပဒေဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် ပြစ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းတို့ကို ကိုင်တွယ်စီမံရပေသည်။

၂။ အဖြေအမျိုးမျိုး ကွဲပြားမည်ဖြစ်သည်။ အောက်ပါတို့ကို ဥပမာများအဖြစ် ပေးနိုင်ပါသည်။

» မြို့နယ်အဆင့် တရားရုံး

» အထက်အဆင့်တရားလွှတ်တော်များ

» ပြည်ထောင်စု တရားလွှတ်တော်ချုပ်

» စစ်ဘက်ဆိုင်ရာ တရားရုံးများ

### ဆွေးနွေးချက်

- မြန်မာနိုင်ငံရှိ တရားရုံး၊ ခုံရုံးများသည် တရားဥပဒေစိုးမိုးမှုကို အကာအကွယ်ပြုပေးခြင်းရှိ၊ မရှိ အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ ဆွေးနွေးပါစေ။
- ထိုသို့ ဆွေးနွေးရန် အောက်ပါ မေးမြန်းချက်များဖြင့် အစပြုပေးနိုင်သည်။

» ဥပဒေများသည် အစိုးရဝန်ထမ်းအရာရှိများနှင့် သာမာန်ပြည်သူအားလုံးတို့ကို တစ်သားတည်း သက်ရောက်စေရန် ကြိုးပမ်းမှု ရှိ၊ မရှိ၊

» ပြစ်မှုမှ လွတ်ကင်းစေရန်အလို့ငှာ တာဝန်ရှိသူများကို လာဘ်ပေးလာဘ်ယူခြင်း မပြုရန် စီမံမှု ရှိ၊ မရှိ၊

» အာဏာရှိသူများ၏ မတရားစွပ်စွဲခြင်းကို ခံရပါက ထိုသို့ခံရသူ အပြစ်လွတ်စေရန် ဆောင်ရွက်ခြင်းရှိ၊ မရှိ။

» ကျူးလွန်သည့် ပြစ်မှုနှင့် ထိုက်တန်သော အပြစ်ဒဏ်ကို ခံရမှုရှိ၊ မရှိ။

» အခြေခံဥပဒေတွင် အစိုးရ၏အာဏာများအပေါ် ကန့်သတ်ထားနိုင်စေမည့် ဥပဒေများ တည်ရှိသက်ရောက်အောင် စွမ်းဆောင်ခြင်းရှိ၊ မရှိ။

» အစိုးရဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲများ၏ လုပ်ဆောင်ချက်တို့သည် ဥပဒေခွင့်ပြုထားသည့် အလျောက်သာ ကျင့်သုံးစေရန် စီမံခြင်းရှိ၊ မရှိ။

» ဥပဒေကို လေးစားလိုက်နာပါက အစိုးရမှ နှောင့်ယှက်စွက်ဖက်နိုင်ခြင်းမရှိဟု ပြည်သူများ ယုံကြည်လာအောင် စွမ်းဆောင်ခြင်းရှိ၊ မရှိ။

## ၅.၁.၇ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ

### အကြံပြုသင်ခန်းစာ

- မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားပြောဆိုမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၅.၁.၇) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် အစိုးရပြဋ္ဌာန်းထားသည့် ဥပဒေများက ဖွဲ့စည်းပုံပါ အခြေခံဥပဒေများနှင့် ကိုက်ညီမှုရှိအောင် စစ်ဆေးပေးရသည်။ ထို့အပြင် –

» ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖွင့်ဆိုရှင်းလင်းပေးရန်။

» တရားစီရင်ရေးဆိုင်ရာ ဆန်းစစ်သုံးသပ်မှု အာဏာကို ကျင့်သုံးရန်ဖြစ်သည်။ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်တို့၏ ဥပဒေများ၊ လုပ်ဆောင်ချက်များက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ငြိစွန်းပါက တရားမဝင်ကြောင်း ကြေညာရန်။

» အစိုးရ၏မဏ္ဍိုင်အချင်းချင်းကြား ပဋိပက္ခများကို ဖြေလျှော့ပေးရန်။

» အာဏာအလွဲသုံးစားပြုမှုများကို စစ်ဆေးပေးရန်။

» နိုင်ငံသားများက မိမိတို့၏ အခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများ ဖောက်ဖျက်ခံရသည်ဟု အရေးဆိုလာသည့် ဖြစ်ရပ်များအတွက် ဆုံးဖြတ်ပေးရန်၊ အစရှိသည့် အခန်းကဏ္ဍများကို ထမ်းဆောင်ကြရပေသည်။

### လေ့ကျင့်ခန်း

• တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ သင်ခန်းစာ (၅.၁.၆) နှင့် (၅.၁.၇) ပါ အပြန်အလှန် ထိန်းကျောင်းမှုများကို ဆွေးနွေးဖော်ထုတ်ပါစေ။

### အဖြေများ

» တရားစီရင်ရေးသည် အငြင်းပွားဖွယ်ရာများ ပေါ်ပေါက်ပါက ကြားဝင်ဖျန်ဖြေပေးရသည့် အလွတ်တရားသူကြီးတာဝန်ကို ထမ်းဆောင်ရသည်။

» အောက်ခြေအဆင့် တရားရုံးများသည် နိုင်ငံရေးဖိအားများနှင့် ခြစားမှုများ၏ ဒဏ်ကို ပိုမိုကြုံတွေ့ခံစားရနိုင်သည်။

» သို့ဖြစ်၍လည်း အယူခံဝင်ခွင့်သည် တရားဥပဒေစိုးမိုးရေး၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

» ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးများသည် အစိုးရ၏မည်သည့် မဏ္ဍိုင်ကမျှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့် ဆုံးဖြတ်ချက်များ မချမှတ်စေရန် ထိန်းကွပ်ပေးရသည်။

» ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးများသည် အာဏာအလွဲသုံးစားပြုမှုများကို စစ်ဆေးပေးရသည်။

### ဆွေးနွေးချက်

၃။ အဖွဲ့လိုက်ဖြစ်စေ၊ အတန်းအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ **မတည်ရှိနိုင်ပါ။ အကြောင်းမှာ –**

» တရားစီရင်ရေးသည် နိုင်ငံရေးပဋိပက္ခများ၏ 'အထက်' တွင်သာ ရှိအပ်သည်။ တရားစီရင်ရေးသာ မရှိပါက ဖြေရှင်းပေးနိုင်မည့် ကြားနေ အဖွဲ့အစည်းဟူ၍ပင် မရှိနိုင်တော့ချေ။

» တရားစီရင်ရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကောင်းစွာ ကြေညက်ရန် လိုအပ်သည်။ ထိုသို့ ကောင်းစွာ နားလည်ထားခြင်းဖြင့် ဆုံးဖြတ်ချက်များကို မှန်ကန်ဖြောင့်မတ်စွာ ချမှတ်နိုင်မည်။ တရားစီရင်ရေးသာ မရှိပါက ရှုပ်ထွေးသည့် ကိစ္စရပ်များကို နားလည်ကိုင်တွယ်နိုင်မည့်သူ မရှိတော့ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း နိုင်ငံရေးသမားများ လိုက်နာရန် မစွမ်းဆောင်နိုင်တော့ချေ။

» တရားစီရင်ရေးသာမရှိပါက အုပ်ချုပ်ရေး၊ ဥပဒေပြုရေးတို့ အာဏာကြီးထွားလာသည့် အခါမျိုးတွင် အာဏာပိုင်းခြားမှုများ ထားရှိကျင့်သုံးနိုင်ရန်မှာ လွန်စွာခက်ခဲမည်ဖြစ်သည်။

» ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် သက်ဆိုင်သည့် ဥပဒေကိစ္စရပ်များသည် ရှုပ်ထွေးလွန်းလှသည့်အတွက်ကြောင့် နိုင်ငံရေးသမားများပင်လျှင် ဆုံးဖြတ်ချက်ကောင်းစွာ မပေးနိုင်ကြချေ။

**တည်ရှိနိုင်သည်။ အကြောင်းမှာ –**

» တရားစီရင်ရေး မပါဝင်ဘဲ အဖွဲ့အစည်းကြီးများကို ဦးဆောင်လည်ပတ်နိုင်သည်ကို တွေ့ရှိနိုင်သည်။

» အာဏာရှင်စနစ် ကျင့်သုံးသော တိုင်းပြည်များတွင် ထိရောက်သည့် တရားစီရင်ရေး မပါရှိဘဲ တိုင်းပြည်ကို စီမံကိုင်တွယ်ခဲ့ကြသည်ကို တွေ့ရသည်။

၂။ **မဆိုနိုင်ပါ။ အကြောင်းမှာ –**

» တရားစီရင်ရေးသည် တရားဥပဒေစိုးမိုးမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို ထောက်ပံ့ပေးသည်။ ထိုအရာတို့က ဒီမိုကရက်တစ်ဆန်သည့် တရားဝင်အသိအမှတ်ပြုမှုကို ပေးစွမ်းလျက်ရှိသည်။ ထို့ပြင် သာမက အုပ်ချုပ်ရေး၊ ဥပဒေပြုရေးတို့ အာဏာအလွဲသုံးစားမှု မပြုနိုင်အောင်လည်း တရားစီရင်ရေးက ထိန်းကွပ်ပေးသည်။ ဤသည်ပင်လျှင် ဒီမိုကရေစီဆန်သည့် အပြန်အလှန် ထိန်းကျောင်းမှုတစ်ရပ်လည်း ဖြစ်ပေသည်။

» **ဆိုနိုင်သည်။ အကြောင်းမှာ –**

» တရားသူကြီးများသည် ဒီမိုကရေစီနည်းလမ်းများအရ ရွေးချယ်ခံထားရခြင်း မဟုတ်ကြ။ ရွေးကောက်ပြီး တင်မြှောက်ခံထားကြရခြင်းလည်း မဟုတ်ကြချေ။ အရွေးချယ်ခံရ ပြီးပါကလည်း ရာထူးမှ ဖြုတ်ချနိုင်သည့်နည်းလမ်း မရှိချေ။

### မြန်မာ့ရေးရာ

• 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

### လေ့ကျင့်ခန်း

• အဖွဲ့လိုက်ဖြစ်စေ၊ အတန်းအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

## နီးစပ်သော အဖြေများ

၁။ မြန်မာ့တရားစီရင်ရေးတွင် မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တရားရုံးများနှင့် တရားလွှတ်တော်ချုပ် ဟူ၍ အာဏာပိုင်းခြားထားရှိသည်။

» မြို့နယ်အဆင့် တရားရုံးများသည် ဥပဒေချိုးဖောက်သည်ဟု စွပ်စွဲခံရသည့် ကိစ္စရပ်အများစုအတွက် ဖြစ်သည်။

» ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တရားရုံးများတွင် မြို့နယ်အဆင့်မှ မဆုံးဖြတ်နိုင်သော အမှုကိစ္စရပ်များကို ဖြေရှင်းပေးရသည်။

» ပြည်ထောင်စုတရား လွှတ်တော်ချုပ်သည် မြန်မာနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများအကြား ချုပ်ဆိုသော စာချုပ်များ၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး (သို့) ပြည်နယ်တို့အကြား ဖြစ်ပွားသည့် ဥပဒေကိစ္စရပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအကြား အစရှိသည်တို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် စီရင်ပိုင်ခွင့်ရှိသည်။

၂။ မြန်မာနိုင်ငံတရားစီရင်ရေးရှိ အပြန်အလှန် ထိန်းကျောင်းမှုများတွင် –

» သမ္မတအနေဖြင့် တရားသူကြီးချုပ်ခန့်အပ်ရန် အမည်တင်သွင်းရသည်။

» တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ နေရာအတွက် အမည်စာရင်းကို ပြည်ထောင်စု လွှတ်တော်မှ အတည်ပြုပေးရသည်။

» ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆုံးဖြတ်ရန်အတွက် 'နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး' ထားရှိသည်။

## လေ့ကျင့်ခန်း

၂။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ စာမျက်နှာ (၂၀၂ မှ ၂၀၅) တွင် ပါရှိသည့် ဖြစ်စဉ်ပြဇယားကို လေ့လာသုံးသပ်ပါစေ။ ထိုဇယားပါ ဖြစ်ရပ်များထဲမှ အစိုးရအတွင်း အပြောင်းအလဲ ဖြစ်ပွားပေါ်ပေါက်စေခဲ့သည်တို့ကို ဆွေးနွေးဖော်ထုတ်ပါစေ။

### အဖြေများ

» ၁၉၄၈ ဗမာပြည် လွတ်လပ်ရေး

» ၁၉၆၂ စစ်တပ်မှ အာဏာသိမ်းခြင်း

» ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ရေးဆွဲခြင်း

» ၁၉၈၈ ဆန္ဒပြပွဲများ (၈၈၈၈ အရေးအခင်း)၊ ၁၉၈၈ နဝတ

» ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲပြီးစီး။

၃။ ဇယားရှိ ခေတ်ကာလအပိုင်းအခြား (၄) ရပ် အနက် မည်သို့သော အာဏာပိုင်းခြားမှုမျိုး တွေ့မြင်ရသည်ကို ဆွေးနွေးအကဲဖြတ်ပါစေ။

### အဖြေများ

**ပြည်ထောင်စု ဗမာနိုင်ငံ (၁၉၄၈ – ၁၉၆၂)**

» လွှတ်တော် (၂) ရပ်ရှိသည်။

» နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲဟူ၍ ခွဲခြားထားရှိသည်။

» လွတ်လပ်သည့် တရားစီရင်ရေးရှိသည်။

**၁၉၆၂ – ၁၉၇၄ ။ ။ မရှိ**

**ပြည်ထောင်စုဆိုရှယ်လစ် ဗမာနိုင်ငံ ။ ။ မရှိ**

**မြန်မာ ၁၉၈၈ – ၂၀၀၈။ ။ မရှိ**

၄။ ဖော်ပြပါ ခေတ်ကာလအပိုင်းအခြား (၄) ရပ် အနက် မည်သို့သော ထိန်းကျောင်းမှုမျိုး တွေ့မြင်နိုင်သည်ကို သုံးသပ်ပါစေ။

### အဖြေများ

**ပြည်ထောင်စု ဗမာနိုင်ငံ (၁၉၄၈ – ၁၉၆၂)**

» လွှတ်တော်နှစ်ရပ်ရှိသည်။

» ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးထားရှိသည်။

၁၉၆၂ – ၁၉၇၄ ။ ။ မရှိ

ပြည်ထောင်စုဆိုရှယ်လစ် ဗမာနိုင်ငံ ။ ။ မရှိ

မြန်မာ ၁၉၈၈ – ၂၀၀၈။ မရှိ

၅။ ထိုခေတ်ကာလ (၄) ရပ် တွင် တည်ရှိခဲ့သည့် အစိုးရစနစ်များနှင့် စပ်လျဉ်းပြီး မည်သည်က ဒီမိုကရက်တစ်ပိုဆန်သည်၊ မည်သည်က အာဏာရှင်စနစ် ဖြစ်သည်ကို ပိုင်းခြားဆုံးဖြတ်ပါစေ။

### အဖြေများ

ပြည်ထောင်စု ဗမာနိုင်ငံ (၁၉၄၈ – ၁၉၆၂) ။ ။ ဒီမိုကရက်တစ်

၁၉၆၂ – ၁၉၇၄ ။ ။ အာဏာရှင်စနစ်

ပြည်ထောင်စု ဆိုရှယ်လစ် ဗမာနိုင်ငံ ။ ။ အာဏာရှင်စနစ်

မြန်မာ ၁၉၈၈–၂၀၀၈။ ။ အာဏာရှင်စနစ်

၆။ သင်ခန်းစာပါ အကြောင်းအရာများကို အခြေခံလျက် ဇယားပါ နောက်ဆုံးအတန်းကို ကြိုးစားဖြည့်စွက်ပါစေ။

## နီးစပ်သော အဖြေများ

### ဥပဒေပြုရေး

» ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုလွှတ်တော်ဟုခေါ်တွင်သည့် လွှတ်တော် (၂) ရပ်ပါရှိသည့် ဥပဒေပြုရေး ကို ဖော်ညွှန်းထားသည်။

» ထိုလွှတ်တော် (၂) ရပ်မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ဖြစ်ကြသည်။

အုပ်ချုပ်ရေး – သမ္မတသည် နိုင်ငံတော်နှင့် အစိုးရအဖွဲ့၏ အကြီးအကဲဖြစ်သည်။

တရားစီရင်ရေး – လည်းပါရှိသည်။

## လုပ်ငန်းများ –

## အနာဂတ်၏ ဥပဒေပြုသူများ – အပိုင်း(၃)

၁။ ဖော်ပြပါ ဖြစ်စဉ်ကို ဖတ်ရှုစေပြီး စာမျက်နှာ (၁၆၊ ၁၇) ပါ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများစာရင်းကို ပြန်လည်ကြည့်ရှုသုံးသပ်ပါစေ။

- ထို့နောက် စာမျက်နှာ (၁၀၄) တွင် ပါရှိသည့် 'အနာဂတ်၏ ဥပဒေပြုသူများ – အပိုင်း (၂)' ကို ပြန်လည်ကြည့်ရှုပါစေ။
- အပိုင်း (၁) နှင့် အပိုင်း (၂) တို့တွင် ပြဋ္ဌာန်းသတ်မှတ်ခဲ့သည့် မူကြမ်းများကို ပြန်လည်သုံးသပ်အကဲဖြတ်ပါစေ။
- ဤလုပ်ဆောင်ချက်တွင် ကျောင်းသားတို့သည် 'တရားစီရင်ရေး' အနေဖြင့် လုပ်ဆောင်ပေးရမည်ဖြစ်ပြီး အပိုင်း (၂) ရှိ အုပ်ချုပ်ရေးမှ ပြဋ္ဌာန်းခဲ့သည့် မူကြမ်းများကို ဆွေးနွေးဆုံးဖြတ်ပေးရမည်ဖြစ်သည်။

၂။ ထိုဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် ငြိစွန်းမှုရှိ၊ မရှိ ဆန်းစစ်ပါစေ။

## နီးစပ်သော အဖြေများ

၁။ အခွင့်အရေး (၁) – နိုင်ငံခြားသားနှင့် လက်ထပ်ထိမ်းမြားထားသည့်၊ နိုင်ငံခြားသား မိသားစုဝင်ပါရှိသည့် နိုင်ငံသားများအပေါ် ခွဲခြားဆက်ဆံမှုဖြစ်ပေါ်နိုင်သည်။

**အခွင့်အရေး (၆) – ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ထိပါးနိုင်သည်။**

**အခွင့်အရေး(၁၀) – တရားမဝင်ရွှေ့ပြောင်းအခြေချမှုများ ပေါ်ပေါက်လာခြင်းနှင့် သက်ဆိုင်ပါက ငြိစွန်းမှုရှိသည်။**

၂။ အခွင့်အရေး (၁) – ချမ်းသာသူများအပေါ် ခွဲခြားဆက်ဆံရာရောက်သည်။

အခွင့်အရေး (၆) – ငွေကြေးကို မိမိအလိုရှိသလို သုံးစွဲနိုင်သည့် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ထိပါးစေမည်။

၃။ အခွင့်အရေး (၁) – လူငယ်များအပေါ် ခွဲခြားဆက်ဆံရာရောက်သည်။

အခွင့်အရေး(၆) – ပညာမသင်ကြားလိုက မသင်ကြားဘဲနေနိုင်ခြင်းဟူသည့် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ထိပါးရာရောက်သည်။

၄။ အခွင့်အရေး (၁) – သားသမီးတို့၏ လုပ်အား/ဝင်ငွေကို မှီခိုနေရသော ဆင်းရဲနွမ်းပါးသူ မိသားစုဝင်များအပေါ် ခွဲခြားဆက်ဆံရာ ရောက်သည်။

အခွင့်အရေး (၁၆) – စီးပွားရေးလုပ်ငန်းကို အသက် (၁၇) နှစ် အရွယ်တွင် စတင်လုပ်ကိုင်လိုသူတို့အတွက် အခက်အခဲရှိနိုင်သည်။

၅။ –

၆။ အခွင့်အရေး (၁) နှင့် (၅) – အမျိုးသားများအပေါ် ခွဲခြားဆက်ဆံရာရောက်သည်။

၇။ အခွင့်အရေး (၁) – မြို့ပြနေ အသိုင်းအဝိုင်းများအပေါ် ခွဲခြားဆက်ဆံရာရောက်သည်။

အခွင့်အရေး (၁၃) နှင့် (၁၄) – မြို့ပြနေ အသိုင်းအဝိုင်းများတွင် ကျောင်း၊ ဆေးရုံများ အလုံအလောက် မရှိက ငြိစွန်းနိုင်သည်။

၃။ ထိုဥပဒေတို့က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်နေမှုရှိ၊ မရှိကို အဖွဲ့အလိုက် တင်ပြဆွေးနွေးပါစေ။

**လေ့ကျင့်ခန်း**

- 'ဥပဒေများ ရေးဆွဲချမှတ်ပုံ' ဇယားကို ဖြည့်စွက်ပါစေ။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက် ဖြစ်စေ လုပ်ဆောင်ပါစေ။

**နိုးစပ်သော အဖြေများ**

(က) ၁၁

(ခ) ၂

(ဂ) ၈

(ဃ) ၁၂

(င) ၄

(စ) ၃

(ဆ) ၅

(ဇ) ၆

(ဈ) ၇

(ည) ၁

(ဋ) ၉

(ဌ) ၁၀

# ၅.၂ တစ်ပြည်ထောင်အစိုးရနှင့် ပြည်ထောင်စုအစိုးရများ

## ၅.၂.၁ ဗဟိုချုပ်ကိုင်မှုနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း

### အကြိုသင်ခန်းစာ

- 'ဗဟိုချုပ်ကိုင်မှုနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း' ဟူသည့် ဝေါဟာရတို့၏ အဓိပ္ပာယ်ကို ဆွေးနွေးပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၅.၂.၁) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

ဗဟိုချုပ်ကိုင်မှု – ဒေသခံအစိုးရများထက် ဗဟိုအစိုးရကို အာဏာ ပိုမိုပေးအပ်ထားခြင်း။

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း – ဗဟိုအစိုးရထံမှ အာဏာကို လျှော့ချပြီး ဒေသခံအစိုးရများကို အာဏာပိုမို ပိုင်ဆိုင်ခွင့်ပေးထားနိုင်ခြင်း။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ ဗဟိုချုပ်ကိုင်မှုနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းတို့၏ ဘေးအန္တရာယ်များကို ဆွေးနွေးဖော်ထုတ်ပါစေ။

### နီးစပ်သော အဖြေများ

#### ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၏ အန္တရာယ်များ

» အားပျော့သည့် ဗဟိုတစ်ရပ်ကို ပိုင်ဆိုင်ထားခြင်းက စည်းလုံးမှုကို လျော့ရဲစေပြီး ပဋိပက္ခများပင် ပေါ်ပေါက်စေနိုင်မည်။

» ဒေသအသီးသီးတွင် အခွန်ကောက်ခံမှု သတ်မှတ်ချက်များ၊ ဥပဒေ၊ နိုင်ငံရေးနှင့် လူမှုရေးစနစ်များ အမျိုးမျိုးကျင့်သုံးခြင်းက နားလည်မှုလွဲခြင်းနှင့် လေလွင့်မှုများ ပေါ်ပေါက်လာစေနိုင်သည်။

» ဗဟိုချုပ်ကိုင်မှုစနစ်ကျင့်သုံးသည့် အစိုးရများသည် တစ်တိုင်းပြည်လုံး၏ လိုအပ်ချက်များကို ထောင့်စေ့အောင် ဖြည့်ဆည်းပေးနိုင်သည့်အတွက်ကြောင့် တန်းတူဖွံ့ဖြိုးမှုကို ပိုမိုဖော်ဆောင်ပေးနိုင်သည်။ လိုအပ်ချက်အများဆုံး ဒေသများသည် အရင်းအနှီး အနည်းဆုံး ပိုင်ဆိုင်ထားတတ်ကြသည့်အလျောက် ဗဟိုချုပ်ကိုင်မှု လျော့နည်းသော အစိုးရများမှ ပံ့ပိုးပေးနိုင်ခြင်း မရှိသည်ကို တွေ့မြင်ရသည်။

» ဒေသအစိုးရများသည် ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတွင် တစ်တိုင်းပြည်လုံးကို ထည့်သွင်း စဉ်းစားလေ့မရှိချေ။ ခိုင်မာအားကောင်းသည့် ဗဟိုအစိုးရတစ်ရပ်သည် ဒေသတစ်ခုစီ၊ ဘာသာရေး၊ လူမျိုးစု အဖွဲ့တစ်ဖွဲ့စီ၏ အကျိုးစီးပွားထက် တစ်တိုင်းပြည်လုံး၏ ဘုံအကျိုးစီးပွားကို ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

#### ဗဟိုချုပ်ကိုင်ခြင်း၏ အန္တရာယ်များ

» ဗဟိုချုပ်ကိုင်ခြင်းသည် နိုင်ငံရေးအရ ပါဝင်မှုကို လျော့ကျစေမည်။ နိုင်ငံသားများ မိမိတို့၏ အသိုင်းအဝိုင်းအတွင်း နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်စေရန် ဒေသအစိုးရတို့က ဗဟိုအစိုးရများထက် အခွင့်အလမ်း ပိုမိုပေးစွမ်းနိုင်ကြမည်ဖြစ်သည်။

» ဗဟိုအစိုးရများသည် ဒေသအသီးသီး၏ လိုအပ်ချက်များကို တုံ့ပြန်မှုနည်းတတ်ကြသည်။ ပြည်သူတို့၏ အခြေအနေများနှင့် လိုအပ်ချက်များကို ဒေသအဆင့် နိုင်ငံရေး အဆောက်အအုံယန္တရားများက ပိုမိုနားလည်ထားကြသည်။

» ဒေသအစိုးရများသည် မိမိတို့၏သက်ဆိုင်ရာ အသိုင်းအဝိုင်းများအတွက် တိုက်ရိုက်တာဝန်ခံမှု ပိုမိုထားရှိသည်ကို တွေ့ရလေ့ရှိသည်။

» ဗဟိုချုပ်ကိုင်ခြင်းဖြင့် ဗဟိုအစိုးရများသည် လူနည်းစု အသိုင်းအဝိုင်းငယ်လေးများအပေါ် ပိုမို ဖိနှိပ်အုပ်ချုပ်စေမည်ဖြစ်သည်။

» ဒေသအစိုးရများ အင်အားကောင်းခြင်းသည် ဗဟိုအစိုးရ၏ အာဏာအတွက် အပြန်အလှန် ထိန်းကျောင်းမှု တစ်မျိုး ထားနိုင်ခြင်းပင်ဖြစ်သည်။

» ဗဟိုချုပ်ကိုင်ခြင်းတွင် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ ထိုဆုံးဖြတ်ချက်တို့ကို အကောင်အထည်ဖော်ရသည့် ဝန်ထမ်းများနှင့် အလုပ်မဲ့ဝေးသူတို့မှ ချမှတ်ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ထိုစနစ်သည် ထိရောက်မှု၊ အကျိုးသက်ရောက်မှု မရှိနိုင်ချေ။

## ၅.၂.၂ ပြည်ထောင်စုစနစ် ကျင့်သုံးသည့် နိုင်ငံများနှင့် တစ်ပြည်ထောင်စနစ် ကျင့်သုံးသည့် နိုင်ငံများ

### အကြံပြုသင်ခန်းစာ

- 'ပြည်ထောင်စုစနစ် ကျင့်သုံးသည့် နိုင်ငံနှင့် တစ်ပြည်ထောင်စနစ် ကျင့်သုံးသည့် နိုင်ငံများ' ဟူသည့် ဝေါဟာရတို့၏ အဓိပ္ပာယ်ကို ဆွေးနွေးပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၅.၂.၂) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နှီးစပ်သော အဖြေများ

၁။ ပြည်ထောင်စုစနစ်ကျင့်သုံးသည့် နိုင်ငံဆိုသည်မှာ ဗဟိုအစိုးရနှင့် ဒေသအစိုးရများအကြား အစိုးရပိုင်းဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များ ခွဲဝေထားသည့် နိုင်ငံရေးစနစ် ဖြစ်ပေသည်။

၂။ တစ်ပြည်ထောင်စနစ် ကျင့်သုံးသည့် နိုင်ငံများသည် ပြည်ထောင်စုစနစ်များထက် ဗဟိုမှ ပိုမိုချုပ်ကိုင်ထားသည်။ တစ်ပြည်ထောင်စနစ် တစ်ရပ်တွင် ဒေသအစိုးရများသည် ဗဟိုအစိုးရထက် အာဏာပိုမို နည်းပါးကြပေသည်။

## ၅.၂.၃ ပြည်ထောင်စုစနစ်များ

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားပြောဆိုမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၅.၂.၃) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နှီးစပ်သော အဖြေများ

ပြည်ထောင်စုစနစ်သည် ဗဟိုအစိုးရ (ဖက်ဒရယ်အစိုးရ) နှင့် တိုင်းဒေသ၊ ပြည်နယ်၊ ဒေသအစိုးရများအကြား ထိန်းချုပ်မှုအာဏာ ပိုင်းခြားထားရှိသော နိုင်ငံရေးစနစ်ဖြစ်သည်။ ထိုအစိုးရအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များကို အခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားရှိပြီး ပြောင်းလဲပြင်ဆင်ရန် ခက်ခဲပေမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဗဟိုအစိုးရမှ စွက်ဖက်ပိုင်ခွင့်မရှိသော အခန်းကဏ္ဍများကို ဖော်ပြပါရှိပေသည်။ (ဥပမာ – ပညာရေး၊ အိုးအိမ်နေရာ ချထားသတ်မှတ်ရေး စသည်တို့ ပါဝင်နိုင်သည်)။ ပြည်ထောင်စုအစိုးရများသည် သံတမန်ဆက်ဆံရေး၊ စာတိုက်နှင့် ကြေးနန်း၊ စစ်ရေး အစရှိသော နိုင်ငံတော်အဆင့် ကိစ္စရပ်များကို ကိုင်တွယ်စီမံရပေသည်။

## လုပ်ငန်းများ

၁။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ပေးထားသည့် စက်ဝိုင်းဇယားကို သင့်လျော်သည့်အမည်ဖြင့် တွဲစပ်ပါစေ။

**အဖြေများ**

၁။ က

၂။ ဂ

၃။ ခ

၂။ ပေးထားသော လုပ်ငန်းဆောင်တာတို့ကို စက်ဝိုင်းဇယား၏ သင့်လျော်သည့် နေရာတွင် ချထားသတ်မှတ်ပါစေ။

**အဖြေများ**

၄။ ခ

၅။ ဂ

၆။ က

## ၅.၂.၄ တစ်ပြည်ထောင် စနစ်များ

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားပြောဆိုမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၅.၂.၄) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

တစ်ပြည်ထောင်စနစ်ဆိုသည်မှာ ဗဟိုအစိုးရတစ်ရပ်ထားရှိပြီး ပြည်ထောင်စု အစိုးရများထက် ဗဟိုချုပ်ကိုင်မှုအာဏာပိုမိုပိုင်ဆိုင်ထားခြင်းဖြစ်သည်။ဒေသအဆင့်အစိုးရများသည် အကန့်အသတ်ဖြင့်သာ ရပ်တည်ကြရသည်။ ဉပမာ။ ။ ဥပဒေများ ရေးဆွဲဖန်တီးနိုင်မှု မရှိခြင်း၊ ဒေသအတွက် ကိုယ်ပိုင်ပညာရေး မူဝါဒများအတွက် ဆုံးဖြတ်နိုင်မှုမရှိခြင်း။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ အတန်းအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ သဘောတူပါသည်။ – နိုင်ငံတွင်းရှိ ပြည်သူများသည် အမှတ်သင်္ကေတအရ၊ မူဝါဒအရ၊ ကျင့်သုံးပုံ စနစ်များအရ တစ်ခုတည်း၊ တစ်စုံတည်း၊ တစ်မျိုးတည်း ထားရှိကျင့်သုံးခြင်းဖြင့် စည်းလုံးလာကြမည်ဖြစ်သည်။

သဘောမတူပါ။ အကြောင်းမှာ ဗဟိုချုပ်ကိုင်မှုကြောင့် မကျေနပ်မှုများ ပေါ်ပေါက်လာမည် ဖြစ်သောကြောင့် ဖြစ်သည်။ ဒေသအသိုင်းအဝိုင်းများအနေဖြင့် မိမိတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်များကို မချမှတ်နိုင်ခြင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် အုပ်ချုပ်ခွင့်တို့ကို မခံစားနိုင်ခြင်းတို့က ပဋိပက္ခများ ပေါ်ပေါက်လာစေမည်ဖြစ်သည်။

၂။ သဘောတူပါသည်။ – တစ်ပြည်ထောင်စနစ်ကျင့်သုံးသည့် နိုင်ငံများသည် နိုင်ငံတွင်းရှိ ဒေသအားလုံး၏ လူမှုရေး၊ စီးပွားရေး အခြေအနေအလုံးစုံကို ခြုံငုံနားလည်ပြီး ကောင်းစွာ ထိန်းချုပ်ထားနိုင်သည်။ ထိုအစိုးရများသည် တစ်တိုင်းပြည်လုံး၏ လိုအပ်ချက်များကို ထောင့်စေ့အောင် ကြည့်ရှုဖြည့်ဆည်းပေးနိုင်သည့် အတွက်ကြောင့် ဒေသတစ်ကွက်ရှိ နိုင်ငံသားများထက် နိုင်ငံတွင်းနေ ပြည်သူအားလုံး၏ အကျိုးကို ဖော်ဆောင်ပေးနိုင်ပေမည်။

သဘောမတူပါ။ – တစ်ပြည်ထောင်စနစ်ကျင့်သုံးသော နိုင်ငံများသည် ဒေသဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ဒေသခံအသိုင်းအဝိုင်းတို့၏ လိုအပ်ချက်များအကြောင်း ဂဃနဏ နားလည်ထားရှိခြင်း မရှိချေ။ ဤသည်က မထိရောက်မှုများ၊ လေလွင့်မှုများကို ဖြစ်ပေါ်စေနိုင်ပြီး ဖွံ့ဖြိုးမှုကို ပိတ်ပင်ရာရောက်သည်။ ထို့အပြင် အဆိုပါ အစိုးရများသည် နိုင်ငံတော်တစ်ရပ်လုံးကို ခြုံငုံနားလည်ပြီး ထိန်းချုပ်ထားနိုင်သည်မှန်သော်လည်း ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲတို့ဖြင့် ဒေသတစ်ရပ်၊ အဖွဲ့တစ်ဖွဲ့၏ အကျိုးစီးပွားကို အခြားသူများထက် ပိုမိုအလေးပေးထားသည်လည်း ဖြစ်နိုင်ပေသည်။

### မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာ ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

### လေ့ကျင့်ခန်း

၁။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ အစိုးရ၏ လုပ်ငန်းဆောင်တာများကို သက်ဆိုင်ရာ ဆောင်ရွက်သည့် အဆင့်အသီးသီးအရ ခွဲခြားသတ်မှတ်ပြီး ဖော်ပြပါ ဇယားတွင် ဖြည့်စွက်ပါစေ။

### နီးစပ်သော အဖြေများ

ဖြေဆိုပုံ အမျိုးမျိုး ကွဲလွဲနိုင်သည်။ ရပ်ရွာအဆင့်နှင့် အသိုင်းအဝိုင်းအဆင့် အစိုးရများ၏ လုပ်ငန်းတာဝန်များသည် ဒေသအပေါ် မူတည်ပြီး ကွဲပြားမှုရှိနိုင်သည်။ ပြည်ထောင်စုအဆင့်နှင့် ဒေသအဆင့်ဆိုင်ရာအဖြေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံထားသည်။

| အစိုးရအဆင့် | အစိုးရ၏လုပ်ငန်းဆောင်တာများ |
|---|---|
| ပြည်ထောင်စုအဆင့် (နိုင်ငံတော်) | စာကြည့်တိုက်များ၊ နိုင်ငံတကာဆက်ဆံရေး၊ ပတ်ဝန်းကျင် ညစ်ညမ်းရေးထိန်းချုပ်မှု၊ ပညာရေး၊ ရဲ၊ စီးပွားရေး ဖွံ့ ဖြိုးတိုးတက်မှု၊ သယ်ယူပို့ဆောင်ရေး။ |
| တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | စာကြည့် တိုက်များ၊ ပတ်ဝန်းကျင် ညစ်ညမ်းရေး ထိန်းချုပ်မှု၊ ပန်းခြံများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အိုးအိမ်နေရာ၊ သယ်ယူပို့ဆောင်ရေး။ |
| ဒေသအဆင့် | စာကြည့်တိုက်များ၊ ပန်းခြံများ၊ အိုးအိမ်နေရာ။ |
| ရပ်ကျေးအဆင့် | စာကြည့်တိုက်များ၊ ပန်းခြံများ၊ အိုးအိမ်နေရာ။ |

၂။ အခြားသော လုပ်ငန်းဆောင်တာများကိုလည်း စဉ်းစားဖော်ထုတ်ပြီး ဇယားတွင် ဖြည့်စွက်ပါစေ။

ဥပမာ ။ ။

- » စာတိုက်နှင့် ကြေးနန်း (ပြည်ထောင်စုအဆင့်)
- » သန်းခေါင်စာရင်း (ပြည်ထောင်စုအဆင့်)
- » နိုင်ငံတကာ ကုန်သွယ်မှု စာချုပ်များ (ပြည်ထောင်စုအဆင့်)
- » နိုင်ငံခြားရေး မူဝါဒများ (ပြည်ထောင်စုအဆင့်)
- » နိုင်ငံသားအဖြစ် သတ်မှတ်ခြင်း (အမျိုးသားအဆင့်)
- » အမျိုးသား ကာကွယ်ရေး (ပြည်ထောင်စုအဆင့်)
- » တရားဥပဒေစိုးမိုးမှု ထိန်းသိမ်းရေး (အမျိုးသား/ ဒေသအဆင့်)
- » အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး (အမျိုးသားအဆင့်)
- » ရဲအင်အား (အမျိုးသားအဆင့်)
- » ဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း (ပြည်ထောင်စုအဆင့်/ဒေသ အဆင့်)
- » သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင် (အမျိုးသားအဆင့်/ ဒေသအဆင့်)
- » ကျန်းမာရေး ဝန်ဆောင်မှုများ (ပြည်ထောင်စုအဆင့်/ ဒေသအဆင့်)
- » လူမှုစောင့်ရှောက်ရေး (ပြည်ထောင်စုအဆင့်/ဒေသအဆင့်)

၃။ တစ်တန်းလုံးအနေဖြင့် အဆိုပါ လေ့ကျင့်ခန်းတွင် မည်သည်တို့ လေ့လာမှတ်သားခဲ့ရသည်ကို ဆွေးနွေးပါစေ။

### နီးစပ်သော အဖြေများ

- » အစိုးရအဆင့်အသီးသီးတွင် လုပ်ငန်းဆောင်တာ အမြောက်အမြားကို တစ်ပြိုင်တည်း လုပ်ဆောင်နိုင်သည်ကို တွေ့ရသည်။
- » လုပ်ဆောင်ရသည့် လုပ်ငန်းဆောင်တာ အရေအတွက်သည် အစိုးရအဆင့်အလိုက် ကျဆင်းသွားသည်ကို တွေ့နိုင်သည်။
- » ဗဟိုအစိုးရ၊ ဒေသအဆင့်အစိုးရနှင့် ဒေသခံအစိုးရများတွင် လုပ်ဆောင်သည့် လုပ်ငန်းဆောင်တာ အရေအတွက်က ဗဟိုချုပ်ကိုင်မှု မည်မျှ ရှိသည်/ မည်မျှ လျှော့ချထားသည်ကို ဖော်ပြနေသည်။

## ၅.၂.၅ ပြည်ထောင်စုစနစ်နှင့် တစ်ပြည်ထောင်စနစ်

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဖြေကြားပြောဆိုမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၅.၂.၅) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

တစ်ပြည်ထောင်စနစ်က ပိုမိုကောင်းမွန်သည်။ အကြောင်းမှာ ထိုစနစ်က ဆုံးဖြတ်ချက်များ ပြတ်သားမှုရှိပြီး၊ စည်းလုံးမှုကို ပိုမိုပေးစွမ်းနိုင်၍ဖြစ်သည်။

ပြည်ထောင်စုစနစ်က သာလွန်သည်။ အကြောင်းမှာ ဒီမိုကရက်တစ် ပိုကျပြီး လူနည်းစုတို့၏ အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်ခြင်းကြောင့် ဖြစ်သည်။

### လုပ်ငန်းများ

- နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ပါစေ။ ကျောင်းသားများအား တိုင်းပြည်ကို စီမံခန့်ခွဲနေရသူများနေရာမှ ကိုယ်စားပြုလုပ်ဆောင်ပါစေ။
- ဖော်ပြပါ လုပ်ငန်းဆောင်တာများအတွက် မည်သည့် အစိုးရအဆင့်က တာဝန်ယူသင့်သည်ကို ဆွေးနွေး ဆုံးဖြတ်စေပြီး ဇယားတွင် ဖြည့်စွက်ပါစေ။

### နီးစပ်သော အဖြေများ

| တာဝန်များ | ပြည်ထောင်စု (သို့) ဒေသ အစိုးရ | အကြောင်းရင်း |
|---|---|---|
| စာသင်ကျောင်းများအား ငွေကြေးထောက်ပံ့ပေးခြင်း | ဒေသ အဆင့် | ဒေသဆိုင်ရာ အသိုင်းအဝိုင်းများအနေဖြင့် ဒေသတွင်း စာသင်ကျောင်းများ၏ လိုအပ်ချက်ကို ပိုမို နားလည်၍ဖြစ်သည်။ |
| လျှပ်စစ်ဓာတ်အားနှင့် ရေဖြန့်ဝေခြင်း | ပြည်ထောင်စုအဆင့် | ရေနှင့် ဓာတ်အားတို့ကို ဒေသတိုင်းသို့ မျှမျှတတ၊ ထိထိရောက်ရောက် မျှဝေပေးရန် လိုအပ်ခြင်းကြောင့် ဖြစ်သည်။ |
| ခွဲခြားမှုကို တိုက်ဖျက်ပေးသည့် ဥပဒေများ | ပြည်ထောင်စုအဆင့် | နိုင်ငံတော်အဆင့် စံသတ်မှတ်ချက်တစ်ရပ် ထားရှိခြင်းဖြင့် ဒေသဆိုင်ရာ အာဏာရှင်များမှ ခွဲခြားဆက်ဆံမှုများ မပြုကျင့်စေနိုင်သောကြောင့် ဖြစ်သည်။ |
| ကျောင်းသုံးဘာသာစကား | ဒေသ အဆင့် | စာသင်ကျောင်းများတွင် ဒေသသုံးဘာသာစကားဖြင့်သာ သင်ကြားသင့်ခြင်းကြောင့် ဖြစ်သည်။ |
| ရဲများအပေါ်ဝေဖန် ပြောဆိုမှုများ | ပြည်ထောင်စုအဆင့် | ဒေသ အစိုးရများသည် အကျင့်ပျက်ရဲများကို အကာအကွယ်ပြု ထားနိုင်ခြင်းကြောင့် ဖြစ်သည်။ |
| မြေယာပိုင်ဆိုင်မှု | ဒေသ အဆင့် | ဒေသအစိုးရများ အနေဖြင့် ဒေသတွင်း လိုအပ်ချက် အခြေအနေများ အကြောင်း ပိုမို သိရှိထား၍ ဖြစ်သည်။ |
| သဘာဝအရင်းအမြစ်များ အသုံးပြုခြင်း | ဒေသ အဆင့် | သဘာဝ အရင်းအမြစ်မှ ရရှိသည့် အကျိုးအမြတ်များကို ဒေသဆိုင်ရာ အသိုင်းအဝိုင်းများ ခံစားရရှိအပ်သောကြောင့် ဖြစ်သည်။ |
| စစ်မှုထမ်းခြင်း | ပြည်ထောင်စုအဆင့် | တိုင်းပြည်ကို ကာကွယ်ရန် လိုအပ်ပါက စစ်ရေးစစ်ရာအတွက် ပူးပေါင်း ချိန်ညှိလုပ်ဆောင်ရမည် ဖြစ်ခြင်းကြောင့် ဖြစ်သည်။ |
| ပြည်ပနိုင်ငံများနှင့် ချုပ်ဆိုသည့် သဘောတူစာချုပ်များ | ပြည်ထောင်စုအဆင့် | ထိုပြည်ပနှင့် ချုပ်ဆိုသော စာချုပ်များသည် ပြည်ထောင်စုရေး ကိစ္စရပ်ဖြစ်သည့်အလျောက် ဒေသ အားလုံးအပေါ် သက်ရောက်မှု ရှိနိုင်သည်။ |
| အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး | ပြည်ထောင်စုအဆင့် | ဒေသအစိုးရများ ကိုယ်တိုင်ကပင်လျှင် အကျင့်ပျက် ခြစားမှုများ ရှိတတ်သောကြောင့် ဖြစ်သည်။ |
| အလုပ်သမား ဥပဒေများ | ပြည်ထောင်စုအဆင့် | နိုင်ငံတော်အဆင့် စံနှုန်းသတ်မှတ်ခြင်းဖြင့် ဒေသအာဏာရှင်များ၏ ခေါင်းပုံဖြတ်မှုများကို ဖော်ထုတ်လာနိုင်မည်။ |

### ဆွေးနွေးချက်

- ဤအခန်း၏ ရှေ့ပိုင်း စာမျက်နှာ (၉၆) တွင် လုပ်ဆောင်ခဲ့သည့် လူဦးရေတိုးပွားမှုဆိုင်ရာ ဥပဒေများကို ပြန်လည်ဆန်းစစ်ပါစေ။
- ထိုဥပဒေတစ်ရပ်ချင်းစီအတွက် ပြည်ထောင်စုအဆင့်နှင့် ဒေသအဆင့်တို့အနက်မည်သည့်အဆင့်တွင် အကောင်အထည်ဖော်သင့်သည်ကို ဆွေးနွေးပါစေ။ တစ်တန်းလုံးအနေဖြင့် ဆွေးနွေးလုပ်ဆောင်ပါစေ။
- အဆိုပါ ဥပဒေတစ်ရပ်ချင်းစီအတွက် အောက်ပါ မေးခွန်းတို့ဖြင့် မေးမြန်း ဆန်းစစ်ပါစေ။

  » မည်သို့သော ပြည်ထောင်စုအဆင့် ရှုမြင်သုံးသပ်ချက်များကို ထည့်သွင်းစဉ်းစားသင့်သနည်း။ (အခြားသောတိုင်းပြည်များနှင့် နှိုင်းယှဉ်သုံးသပ်ကြည့်ခြင်း၊ နိုင်ငံတော်အဆင့် ညှိနှိုင်းဆောင်ရွက်မှုများ၊ စံနှုန်းသတ်မှတ်မှု)

  » ဒေသအစိုးရများမှ မကြုံတွေ့နိုင်သည့် မည်သည့်အခက်အခဲများကို အဆင့် အစိုးရများ ကြုံတွေ့နိုင်သနည်း။ (ဒေသအခြေအနေများအကြောင်း ကောင်းစွာနားမလည်ထားခြင်း၊ ဒေသခံအသိုင်းအဝိုင်းများ၏ ပူးပေါင်းမှု မရရှိခြင်း)

  » မည်သို့သော ဒေသဆိုင်ရာ ဗဟုသုတများကို သိရှိထားအပ်သနည်း။ (ဒေသခံအသိုင်းအဝိုင်းတို့၏ ယဉ်ကျေးမှုများ၊ လိုအပ်ချက်နှင့် အကျိုးစီးပွားတို့ကို သိနားလည်ထားခြင်း၊ ဒေသသုံးဘာသာစကား ပြောဆိုနိုင်ခြင်း)

  » ပြည်ထောင်စုအဆင့်အစိုးရများတွင် မရှိနိုင်သည့် မည်သည့် အခက်အခဲများကို ဒေသအဆင့် အစိုးရများသာ ကြုံတွေ့နိုင်သနည်း။ (အရင်းအမြစ်နှင့် အတွေ့အကြုံ လုံလောက်မှု မရှိခြင်း၊ အရည်အသွေးပြည့် ဝန်ထမ်းများ မရှိခြင်း၊ စသည်)

### မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာ ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

### လုပ်ငန်းများ

- တစ်ပြည်ထောင်နှင့် ပြည်ထောင်စုနိုင်ငံများ၏ ကောင်းကျိုးတို့ကို စာရင်းပြုစုပြီး ဇယားတစ်ရပ် ဖန်တီးပါစေ။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ လုပ်ဆောင်ပါစေ။

### နီးစပ်သည့်အဖြေများ

| တစ်ပြည်ထောင် | ပြည်ထောင်စု |
|---|---|
| • ဗဟိုအစိုးရသည် တာဝန်ခံမှုပိုမိုမြင့်မားသည်။ အကြောင်းမှာ လုပ်ဆောင်ရမည့် တာဝန်များ၊ အခန်းကဏ္ဍနှင့် စပ်လျဉ်းပြီး နားလည်မှုလွဲမှားခြင်း နည်းပါးသောကြောင့်ဖြစ်သည်။<br>• စည်းစနစ်ပိုကျပြီး၊ ဆုံးဖြတ်ချက်ပြတ်သားမှုပိုရှိသည်။<br>• မတူကွဲပြားသည့် အဖွဲ့အသီးသီးကို အမျိုးသားရေးကိစ္စရပ်များအတွက် အတူတကွ ထမ်းရွက် စေခြင်းဖြင့် တိုင်းပြည်စည်းလုံးမှုကို ဖော်ဆောင်ပေးစေမည်။<br>• ဒေသဆိုင်ရာ အရင်းအမြစ်များကို ညီညီမျှမျှ မျှဝေအသုံးပြုနိုင်သည်။ (ဥပမာ – နိုင်ငံတော်အဆင့် အခွန်ကောက်ခံမှုစနစ်များမှ တစ်ဆင့်)<br>• နိုင်ငံသားအားလုံးတို့အတွက် တူမျှသည့် အခွင့်အရေးနှင့် တာဝန်များကို ထားရှိကျင့်သုံးနိုင်မည်ဖြစ်သည်။ | • အပြန်အလှန် ထိန်းကျောင်းမှုပိုများသည်။<br>• ပြည်ထောင်စုနှင့် အစိုးရအာဏာရှင်များအကြား ညှိနှိုင်းမှုနှင့် အများသဘောတူလက်ခံမှုတို့ကို အားပေးသည်။<br>• လူနည်းစု အခွင့်အရေးများကို အကာအကွယ်ပြုနိုင်သည်။<br>• ဒေသများ ပိုင်းခြားထားရှိခြင်း၊ ပဋိပက္ခများ ရှောင်ရှားနိုင်ခြင်း စသည်တို့ဖြင့် တိုင်းပြည်စည်းလုံးမှုကို ထိန်းသိမ်းထားနိုင်သည်။<br>• ဒေသအသီးသီးရှိ လိုအပ်ချက်အမျိုးမျိုး၊ လိုလားချက်အမျိုးမျိုးတို့ကို ထိရောက်စွာ တုံ့ပြန်ဖြည့်ဆည်းပေးနိုင်ရန် အခွင့်အလမ်း ပိုမိုများပြားသည်။ |

**ဆွေးနွေးချက်**

- ပြည်ထောင်စုစနစ်နှင့် တစ်ပြည်ထောင်စနစ်တို့အနက် မည်သည်က မြန်မာနိုင်ငံအတွက် အကောင်းဆုံးဖြစ်သည်၊ မည်သည်ကြောင့် ဖြစ်သည်ကို ဝေဖန်သုံးသပ်ပါစေ။

၁။ ထိုအကြောင်းအရာအတွက် ဆွေးနွေးငြင်းခုံမှုတစ်ရပ် ပြုလုပ်ပေးပါ။ ၃ ဦးမှ ၅ ဦးပါသော အဖွဲ့များဖွဲ့ပြီး အဖွဲ့တိုင်းတွင် ကျောင်းသားအရေအတွက် တူမျှစွာ ခွဲခြားထားရှိပါ။

(က) မည်သည့်ဘက်မှ ခုခံချေပမည်ကို ကျောင်းသားများ ကိုယ်တိုင် အဖွဲ့ခွဲပါစေ။

သို့မဟုတ်

(ခ) ဆရာကိုယ်တိုင်မှ ကျောင်းသားရပ်တည်ရမည့်ဘက်များ သတ်မှတ်ပေးပါ။၏

- ကျောင်းသားတို့ တင်ပြပြောဆိုမည့် ဆွေးနွေးချက်များ၊ ချေပချက်များအတွက် ကြိုတင်ပြင်ဆင်ပါစေ။ အဖွဲ့တစ်ဖွဲ့စီမှ အဖွဲ့ဝင်အားလုံး တစ်လှည့်စီ ဆွေးနွေး ပြောဆိုပေးရမည် ဖြစ်သည်။
- ပြည်ထောင်စုစနစ်ကို ကိုယ်စားပြုသည့် အဖွဲ့တစ်ဖွဲ့စီကို တစ်ပြည်ထောင်စနစ် ကိုယ်စားပြုသည့် အဖွဲ့တစ်ဖွဲ့စီနှင့် တွဲဖက်ပေးပါ။
- ဤလေ့ကျင့်ခန်းကို လုပ်ဆောင်ရာတွင် ကျောင်းသား အနည်းငယ်သာရှိသည့် အတန်းငယ်အတွင်း လုပ်ဆောင်စေမည် ဆိုပါက တစ်တန်းလုံးရှေ့တွင် ဆွေးနွေးငြင်းခုံစေပြီး ကျောင်းသားများစွာပါရှိသည့် စာသင်ခန်းတွင်း ဖြစ်ပါက အထက်ပါအတိုင်း ပြည်ထောင်စုအဖွဲ့နှင့် တစ်ပြည်ထောင် အဖွဲ့များဟူ၍ အဖွဲ့လိုက် ဆွေးနွေးငြင်းခုံစေနိုင်မည် ဖြစ်သည်။
- ထိုသို့ ဆွေးနွေးရာတွင် ပြည်ထောင်စုအဖွဲ့မှ ကိုယ်စားပြု ပြောဆိုသူ တစ်ဦးမှ ဦးစွာ ပြောဆိုပါစေ။ ပြီးနောက် တစ်ပြည်ထောင်အသင်းမှ ပြောဆိုရမည်ဖြစ်သည်။ ထိုပုံစံအတိုင်းပြည်ထောင်စုအဖွဲ့မှ ဒုတိယမြောက်ပြောဆိုသူ၊ တစ်ပြည်ထောင်မှ ဒုတိယမြောက်ပြောဆိုသူ စသည်ဖြင့် တစ်လှည့်စီ ပြောဆိုစေနိုင်မည်ဖြစ်သည်။
- ထိုဆွေးနွေးပြောဆိုမှုများ အားလုံးပြီးဆုံးပါက မည်သည့် အဖွဲ့မှ အချက်အလက်အထောက်အထား အခိုင်လုံဆုံး တင်ပြပြောဆိုခဲ့သည်ကို ဆွေးနွေးပါစေ သို့မဟုတ် မဲခွဲ ဆုံးဖြတ်ပါစေ။

# အခန်း(၆) – ဖွဲ့စည်းပုံအခြေခံ ဥပဒေများ

## ၆.၁ ဖွဲ့စည်းပုံအခြေခံဥပဒေများကို နားလည်သဘောပေါက်ခြင်း

### ၆.၁.၁ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ အဘယ်နည်း

**အကြိုသင်ခန်းစာ**

၁။ 'ဖွဲ့စည်းပုံအခြေခံဥပဒေ' ဟူသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကို ဆွေးနွေးပါစေ။

- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်း ပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၆.၁.၁) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသား တို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ် ပါစေ။

**နီးစပ်သော အဖြေများ**

» 'ဖွဲ့စည်းပုံအခြေခံဥပဒေ' ဆိုသည်မှာ အစိုးရ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အာဏာတို့အကြောင်း စီစဉ် ရေးဆွဲထားချက်များပင် ဖြစ်သည်။ ၎င်းတို့တွင် –

» နိုင်ငံတော်၏ အခြေခံတန်ဖိုးများ။

» အစိုးရအင်စတီကျူးရှင်းတစ်ရပ်စီ၏ အခွင့်အရေး၊ တာဝန်နှင့် အာဏာများ။

» ဥပဒေတို့ကို ရေးဆွဲချမှတ်ပုံ၊ အကောင်အထည်ဖော်ပုံနှင့် သက်ရောက်စေပုံ နည်းစဉ်များ။

» နိုင်ငံသားတို့၏ အခြေခံအခွင့်အရေးများ၊ အစရှိသည်တို့ ထည့်သွင်းပါရှိပေသည်။

၂။ ပေးထားသော မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။

## လုပ်ငန်းများ

- ဆုံးဖြတ်ချက်ချမှတ်မှုပုံစံ တစ်ခုချင်းစီ၏ အကျိုးအပြစ်တို့ကို အဖွဲ့လိုက် ဆွေးနွေးပါစေ။
- မည်သည့် ဆုံးဖြတ်ချက်ချမှတ်မှုပုံစံအား ရွေးချယ်ကျင့်သုံးမည်ကို ဆွေးနွေး ဆုံးဖြတ်စေပြီး ကျောင်းသားတို့၏ လက်ခံယူဆထားချက်များကို တစ်တန်းလုံးအနေဖြင့် မေးမြန်းဆွေးနွေးပေးပါ။

## နီးစပ်သော အဖြေများ

### အများသဘောတူ မဲခွဲဆုံးဖြတ်ခြင်း။

**အကျိုး**

» ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် အချိန်ကုန်သက်သာစေမည်။

**အပြစ်**

» ဆုံးဖြတ်ချက်များအပေါ်တွင် လူနည်းစုတို့ထံမှ မကျေနပ်မှုများ၊ လက်သင့်မခံမှုများ ကြုံတွေ့ရနိုင်သည်။
» အကျေအလည် ဆွေးနွေးမှု၊ ငြင်းခုံမှုများ နည်းပါးသည်။
» အယူအဆ၊ အတွေ့အကြုံနှင့် အရည်အချင်းပိုင်းအရ အမျိုးစုံလင်မှု လျော့နည်းမည်။
» လူနည်းစုတို့အနေဖြင့် ဆုံးဖြတ်ချက်များ အပေါ်တွင် ထောက်ခံပါဝင်မှု နည်းပါးနိုင်သည်။

### ကိုယ်စားပြုစနစ်။

**အကျိုး**

» ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် အချိန်ကုန်သက်သာမည်။
» ကိုယ်စားလှယ်များကို ၎င်းတို့၏ အသိပညာ၊ အရည်အချင်းနှင့် အတွေ့အကြုံတို့အရ ရွေးချယ် ခန့်ထားနိုင်ကြမည်။
» ဆုံးဖြတ်ချက်ချမှတ်သူ ပုံသေတစ်ဦးတည်း ထားရှိခြင်းထက် အပြန်အလှန် ထိန်းကျောင်းမှု ပိုမို ရရှိနိုင်မည်။
» ဆုံးဖြတ်ချက် ချမှတ်သူများကို ပြောင်းလဲ ခန့်အပ်ထားနိုင်မည်။

**အပြစ်**

» အကျေအလည် ဆွေးနွေးမှု၊ ငြင်းခုံမှုများ နည်းပါးသည်။
» အယူအဆ၊ အတွေ့အကြုံနှင့် အရည်အချင်းပိုင်းအရ အမျိုးစုံလင်မှု လျော့နည်းမည်။
» ဆုံးဖြတ်ချက်များအပေါ်တွင် မထောက်ခံ၊ မပါဝင်သူတို့လည်း ရှိနိုင်သည်။
» ဆုံးဖြတ်ချက်များကို သဘောတူလက်ခံခြင်း မရှိသူများလည်း ပေါ်ပေါက်လာနိုင်သည်။

### အမြဲတမ်းဆုံးဖြတ်ချက် ချမှတ်သူများ ထားရှိခြင်း။

**အကျိုး**

» ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် အချိန်ကုန်သက်သာမည်။

**အပြစ်**

» ဆုံးဖြတ်ချက်အားလုံးကို လူပုဂ္ဂိုလ်တစ်ဦးတည်းက အကောင်းဆုံး ချမှတ်ဖြေရှင်းပေးရန် မစွမ်းဆောင်နိုင်ချေ။
» အကျေအလည် ဆွေးနွေးမှု၊ ငြင်းခုံမှုများ နည်းပါးသည်။
» အယူအဆ၊ အတွေ့အကြုံနှင့် အရည်အချင်းပိုင်းအရ အမျိုးစုံလင်မှု လျော့နည်းမည်။
» ဆုံးဖြတ်ချက်များအပေါ်တွင် မထောက်ခံ၊ မပါဝင်သူတို့လည်း ရှိနိုင်သည်။
» ဆုံးဖြတ်ချက်များကို သဘောတူလက်ခံခြင်း မရှိသူများလည်း ပေါ်ပေါက်လာနိုင်သည်။

### သဘောတူညီမှုရယူခြင်း

**အကျိုး**

» အယူအဆအမြောက်အများ ရယူနိုင်ခြင်းက ဆန်းသစ်ပြီး အရည်အသွေးမြင့် ဆုံးဖြတ်ချက်များကို ပေါ်ပေါက်စေနိုင်သည်။
» ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်အားလုံး၏ ထောက်ခံပါဝင်မှုကို ရရှိနိုင်မည်။
» ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်တွင် အဖွဲ့ဝင်အားလုံး၏ အသိပညာ၊ အရည်အသွေးနှင့် အတွေ့အကြုံတို့ကို အသုံးချနိုင်မည်။
» အဖွဲ့ဝင်အားလုံး ပါဝင်လှုပ်ရှားနိုင်ကြသည့်အတွက်ကြောင့် ဆုံးဖြတ်ချက်အပေါ် မကျေနပ်မှုများ၊ အငြင်းပွားမှုများ နည်းပါးနိုင်သည်။
» အဖွဲ့ဝင်အားလုံးတို့၏ လိုအပ်ချက် အလုံးစုံကို ထည့်သွင်းစဉ်းစားနိုင်မည်။

**အပြစ်**

» အချိန်ကုန် ငွေကုန်မှုကြီးမားသည်။
» ဆွေးနွေးဆုံးဖြတ်သည့်အခါများတွင် စကားကြောရှည်သူများ၊ ခေါင်းမာသူများက အချိန်ပြုန်းတီးစေမည်။
» ဆုံးဖြတ်ချက် လျင်လျင်မြန်မြန်ချမှတ်ရန် လိုအပ်သည့်အခါတွင် ထိရောက်မှုမရှိတတ်ချေ။ (ဥပမာ။ ။ အရေးပေါ်ကာလ အခြေအနေမျိုး)
» သဘောတူညီမှု အမြဲရရှိရန် မဖြစ်နိုင်ချေ။

## ၆.၁.၂ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်၏ အစိတ်အပိုင်းများ

### အကြံပြုသင်ခန်းစာ

- 'ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အစိတ်အပိုင်း' များကို ဆွေးနွေး ဖော်ထုတ်ပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်း ပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၆.၁.၂) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသား တို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ် ပါစေ။

**နီးစပ်သော အဖြေများ**

**ဖွဲ့စည်းပုံအခြေခံဥပဒေအများစုတွင် အဓိကအစိတ်အပိုင်း (၄) ရပ် ပါဝင်သည်။ ၎င်းတို့မှာ –**

» အဖွင့်နိဒါန်း၊

» အခြေခံအခွင့်အရေးများ၊

» အစိုးရ၏ နိုင်ငံရေး အဆောက်အအုံယန္တရားများနှင့် ရုံးဌာနများ၊

» ပြင်ဆင်ချက်များ (သို့မဟုတ်) ပြင်ဆင်ချက်များ မည်သို့ ပြုနိုင်သည်တို့ ဖြစ်ကြသည်။

## ၆.၁.၃ ဖွဲ့စည်းပုံအဖွင့်နိဒါန်း

### အကြံပြုသင်ခန်းစာ

- 'ဖွဲ့စည်းပုံအဖွင့်နိဒါန်း' ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို ဆွေးနွေး ဖော်ထုတ်ပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်း ပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၆.၁.၃) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသား တို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ် ပါစေ။

**နီးစပ်သော အဖြေများ**

'အဖွင့်နိဒါန်း'(preamble)သည် စာရွက်စာတမ်းတစ်ရပ်၏ အစတွင် ပါရှိကြပြီး ထိုစာတမ်း၏ အရေးပါပုံကို ဖွင့်ဆို ရှင်းလင်းထားသည့် ဖော်ပြချက်တစ်ရပ် ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အဖွင့်နိဒါန်းအနေဖြင့် တိုင်းပြည်နေ ပြည်သူအများ၏ နိုင်ငံရေးဆိုင်ရာ တန်ဖိုးများနှင့် ရည်မှန်းချက်တို့ကို ရှင်းလင်းထားသည်။

## ပြန်လည်သုံးသပ်ချက်

- အဖွဲ့ (၄) ဖွဲ့ ဖွဲ့ပေးပါ။

၁။ ပေးထားသည့် စာရင်းတွင် ပါရှိသည့် တန်ဖိုးများအနက်မှ အရေးပါဆုံးသော တန်ဖိုး (၆) ရပ်ကို ရွေးချယ်ပါစေ။ ထိုတန်ဖိုးများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အစိတ်အပိုင်း ရပ်များ ဖြစ်ရမည်ဖြစ်သည်။

- ထို့နောက် အဆိုပါ တန်ဖိုးများကို အသုံးပြုပြီး 'တန်ဖိုး ပိရမစ်' တစ်ရပ် ပြုလုပ်ပါစေ။ အရေးပါဆုံးသော တန်ဖိုးကို ပိရမစ်၏ ထိပ်ဆုံးတွင် ချထားသတ်မှတ်ပါစေ။
- ထိုသို့ သတ်မှတ်ရာ၌ ရှေ့လေ့ကျင့်ခန်းတွင် ပါရှိသည့် 'ဆုံးဖြတ်ချက်ချမှတ်မှုပုံစံ' များအနက်မှ တစ်ရပ်ကို အသုံးပြု ပါစေ။

၂။ ကျောင်းသားတို့ အဖွဲ့လိုက်ပြုစုထားသည့် 'တန်ဖိုးပိရမစ်' များကို စာသင်ခန်းနံရံတွင် ထားရှိဖော်ပြပါစေ။

- အခြားသော အဖွဲ့များ ပြုစုထားသည့် 'ပိရမစ်' တို့ကိုလည်း လှည့်လည်ကြည့်ရှု သုံးသပ်စေရမည်။
- အခြားအဖွဲ့များ၏ 'တန်ဖိုးပိရမစ်' က မိမိ၏ တစ်ဦးချင်း ကိုယ်ပိုင်တန်ဖိုးများနှင့် တိုက်ဆိုင်နေပါက မိမိနဂိုအဖွဲ့မှ နှုတ်ထွက်စေပြီး အခြားအဖွဲ့များသို့ ပြောင်းလဲဝင်ရောက်ခွင့် ပြုပေးပါ။

၃။ အဖွဲ့အချင်းချင်း ပူးပေါင်းစေပြီး အဖွဲ့ (၂) ဖွဲ့စလုံး လက်ခံ သဘောတူသည့် 'တန်ဖိုးပိရမစ်' တစ်ရပ်ကို ဆုံးဖြတ်ပါစေ။

- ထိုသို့ ဆုံးဖြတ်ရာတွင် အခက်အခဲရှိပါက စာမျက်နှာ (၁၁၉) တွင် ပါရှိသည့် ဆုံးဖြတ်ချက်ချမှတ်မှုပုံစံ တစ်ရပ်ရပ်ကို ပြောင်းလဲအသုံးပြုပါစေ။
- ထိုဆုံးဖြတ်မှုပုံစံတစ်ရပ်စီ၏ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို လည်း ဆွေးနွေးဖော်ထုတ်ပါစေ။
- အထက်ပါအတိုင်း တစ်တန်းလုံး အဖွဲ့ (၄) ဖွဲ့လုံး လက်ခံ သဘောတူသည့် တန်ဖိုးပိရမစ်တစ်ရပ် ထပ်မံဖန်တီးပါစေ။
- ထိုပိရမစ်ကို စာသင်ခန်းနံရံတွင် ချိတ်ဆွဲထားရှိပါ။ နောင် လေ့ကျင့်ခန်းများတွင် ဆက်လက်အသုံးပြုစေနိုင်မည် ဖြစ်သည်။

### ဆွေးနွေးချက်

၁။ တစ်တန်းလုံး လက်ခံသဘောတူသည့် တန်ဖိုး (၆) ရပ်ကို ရွေးချယ် ဆုံးဖြတ်ပါစေ။

- ထိုတန်ဖိုးများကို မိမိတို့နိုင်ငံ/ အသိုင်းအဝိုင်းရှိ လူအများစု အနေဖြင့်လည်း လက်ခံကျင့်သုံးမှုရှိနိုင်၊ မရှိနိုင်ကို ဆွေးနွေး သုံးသပ်ပါစေ။

၂။ မည်သည့် 'ဆုံးဖြတ်ချက်ချမှတ်မှုပုံစံ' က အထိရောက်ဆုံး ဖြစ်သည်၊ မည်သည်ကြောင့် ဖြစ်သည်ကို ဆွေးနွေး ဆုံးဖြတ် ပါစေ။

### မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာ ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

### လေ့ကျင့်ခန်း

၁။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ မြန်မာ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အဖွင့်နိဒါန်းတွင် မည်သည့် တန်ဖိုးများ ပါကြောင်း ဆွေးနွေးဖော်ထုတ်ပါစေ။

**အဖြေများ**

စည်းလုံးမှု၊ တည်ငြိမ်မှု၊ အချုပ်အခြာအာဏာ၊ တရားမျှတမှု၊ ညီမျှမှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ ကြွယ်ဝမှု၊ ယဉ်ကျေးမှု အမျိုးစုံလင်မှု၊ ခွဲခြားဆက်ဆံခြင်း ကင်းမဲ့မှု၊ မျိုးချစ်စိတ်၊ သံတမန်ရေး။

- ထိုတန်ဖိုးများသည် ကျောင်းသားတို့ ရေးဆွဲခဲ့ကြသည့် 'တန်ဖိုးပိရမစ်' နှင့် တူညီမှုရှိ၊ မရှိကို နှိုင်းယှဉ်ဆွေးနွေး ဆုံးဖြတ်ပါစေ။
- ထိုနှိုင်းယှဉ်မှုမှ တူညီမှုများ၊ ကွဲပြားချက်များကို ဆွေးနွေး ဖော်ထုတ်ပါစေ။

၂။ မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေ အဖွင့်နိဒါန်းပါ ဦးတည်ချက် ပန်းတိုင်များကို စဉ်းစားဖော်ထုတ်ပါစေ။

**အဖြေများ**

» ပြည်ထောင်စုမပြိုကွဲရေး

» တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး

» အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

» ငြိမ်းချမ်းသာယာဝပြောရေး

» လူမျိုးရေး တန်းတူညီမျှမှု

» ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်မပျက် ပေါင်းသင်း ဆက်ဆံရေးကို ရှေးရှုလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး

၃။ အထက်ပါတန်ဖိုးနှင့် ဦးတည်ချက်များ ပြည့်မီစေရေးအတွက် မည်သည့် လုပ်ဆောင်ချက်များဖြင့် မြန်မာပြည်တွင် ဖော်ဆောင်လျက်ရှိသည်ကို တစ်တန်းလုံးအနေဖြင့် ဆွေးနွေးဖော်ထုတ်ပါစေ။

**နီးစပ်သော အဖြေများ**

» လက်နက်ချ ငြိမ်းချမ်းရေးဆွေးနွေးမှုများ။

» တပ်မတော်အင်အားကို တောင့်တင်းစေခြင်း။

» လူနည်းစုတို့၏ ယဉ်ကျေးမှုနှင့် အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပြုထားခြင်း။

» စီးပွားရေး ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများ။

» နိုင်ငံတကာကုန်သွယ်မှု တိုးမြှင့်ခြင်း။

» နိုင်ငံတကာဆက်ဆံရေးတွင် ငြိမ်းချမ်းစွာ ကြားနေ ရပ်တည်လျက်ရှိခြင်း။

» လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ခွင့်အပေါ် ပိတ်ပင်မှုများ လျော့နည်းလာခြင်း။

## လုပ်ငန်းများ

- တိုင်းပြည်အသီးသီး၏ အဖွင့်နိဒါန်းများကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အဖွင့်နိဒါန်းတစ်ရပ်စီအတွက် မေးခွန်းများကို ဆွေးနွေးဖြေဆိုပါစေ။
- အချိန်အခက်အခဲရှိပါက အဖွင့်နိဒါန်း (၂) ရပ် သို့မဟုတ် (၄) ရပ်စီကို တစ်ပြိုင်တည်း ဆွေးနွေးဖြေဆိုစေနိုင်ပါသည်။

### အဖြေများ

#### ရုရှားပြည်ထောင်စု

၁။ လွတ်လပ်ရေး/အမျိုးသားရေး ('ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' ဟု ဖော်ပြထားသည်။)

၂။ နိုင်ငံသားအခြေပြု အမျိုးသားရေးကို ဖော်ဆောင်သွားရန် ('တိုင်းရင်းသားမျိုး စုံလင်စွာပါဝင်သော' ဟု သုံးနှုန်းထားသည်။) ဗဟိုချုပ်ကိုင်မှု/ အမျိုးသားရေး ('စည်းလုံးမှုကို ထိန်းသိမ်းသွားမည်' ဟု ဖော်ပြထားသည်)၊

၃။ ပြည်ထောင်စု၊ ကွန်ဆာဗေးတစ် ('ဘိုးဘွားဘီဘင်တို့၏ အမှတ်လက္ခဏာ အထိမ်းအမှတ်များကို ထိန်းသိမ်းသွားမည်' ဟု ဖော်ပြထားသည်။)

#### အင်ဒိုနီးရှား

၁။ လွတ်လပ်မှု၊ တရားရှိ လူနေမှု။

၂။ ပြည်သူ့ဖူလုံရေးကို မြှင့်တင်ရန်၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုနှင့် လွတ်လပ်မှုတို့ကို အခြေခံသည့် ကမ္ဘာကြီး တည်ဆောက်သွားကြရန်။

၃။ ဆိုရှယ်လစ် ('အများပြည်သူဖူလုံရေးကို တိုးတက်စေပြီး ပြည်သူတို့ကို ပညာမျှဝေသွားကြမည် ဖြစ်သည်' ဟု ဖော်ပြထားသည်) လစ်ဘရယ်လ် ('လွတ်လပ်မှု' ဟု သုံးနှုန်းထားသည်။)

#### တရုတ်

၁။ ညီမျှမှု၊ စည်းလုံးမှုနှင့် အပြန်အလှန် ဖေးမကူညီမှု။

၂။ (အနာဂတ် ဦးတည်ချက်များအကြောင်း ဖော်ပြထားခြင်း မရှိ။)

၃။ တိုင်းရင်းသားအမျိုးစုံလင်ပြီး တစ်ပြည်ထောင်စနစ်ကျင့်သုံးသည့် နိုင်ငံတော်စနစ်၊ နိုင်ငံသားအခြေပြု အမျိုးသားရေး ('တိုင်းရင်းသားမျိုးနွယ်စုံလင်စွာ ပါဝင်သည်' ဟု သုံးနှုန်းထားသည်။) ဆိုရှယ်လစ် ('ညီမျှမှုနှင့် ဆက်စပ်သော' ဟု ဖော်ပြထားသည်။)၊

#### ဂျပန်

၁။ ငြိမ်းချမ်းစွာ ပူးပေါင်းပါဝင်မှု၊ လွတ်လပ်မှု။

၂။ ငြိမ်းချမ်းရေး ('ကြောက်မက်ဖွယ် စစ်ဘေးအန္တရာယ်တို့ ရင်ဆိုင်ကြုံတွေ့ရခြင်းတို့မှလည်း ရှောင်ရှားသွားကြမည်ဖြစ်သည်' ဟု ဖော်ပြထားသည်။)

၃။ လစ်ဘရယ်လ်ဝါဒ ('လွတ်လပ်မှု' ဟု ဖော်ပြထားသည်။)

#### ဗီယက်နမ်

၁။ စည်းလုံးညီညွတ်မှု ('သန်းနှင့်ချီရှိသည့် ပြည်သူအပေါင်းတို့မှာ တစ်သွေးတည်း တစ်သားတည်း စည်းလုံးကြလျက်' ဟု ဖော်ပြထားသည်။) မျိုးချစ်စိတ်နှင့် လွတ်လပ်ရေး ('ကိုယ့်အားကိုယ်ကိုးမှုနှင့် ကိုယ့်ကိုယ်ကို မြှင့်တင်မှုဟူသည့် စိတ်ဓာတ်')

၂။ တိုင်းပြည် တည်ဆောက်ရေး။

၃။ ဆိုရှယ်လစ်ဝါဒ။

#### နီပေါ

၁။ ညီမျှမှု ('အဆင့်အတန်း၊ လူမျိုး၊ ဒေသ၊ ကျား/မ' ဟု ဖော်ပြထားသည်။)

၂။ တိုင်းပြည်ကိုပြန်လည်ပုံဖော်တည်ဆောက်ရန်၊ အဆင့်အတန်း၊ လူမျိုး၊ ဒေသ၊ ကျား/မ တို့နှင့် သက်ဆိုင်လျက်ရှိသည့် တိုင်းပြည်တွင်းရှိ ပြဿနာအပေါင်းတို့ကို ဖြေရှင်းသွားရန်။

၃။ ဆိုရှယ်လစ် ('အဆင့်အတန်း' ဟု ဖော်ပြထားသည်။) ပြည်ထောင်စု ('ဒေသ' ဟု သုံးနှုန်းထားသည်။) နိုင်ငံသားအခြေပြု အမျိုးသားရေး ("လူမျိုး" ဟု သုံးနှုန်းထားသည်။)

#### ထိုင်းနိုင်ငံ

၁။ ပါဝင်မှု ('တိုင်းပြည်စီမံခန့်ခွဲမှုတွင် ပြည်သူတို့၏ပါဝင်မှု' ဟု ဖော်ပြထားသည်) တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု ('နိုင်ငံတော်အာဏာ အသုံးပြုမှုကို စနစ်တကျ စစ်ဆေးရန်နှင့် အပြန်အလှန် စစ်ဆေးသွားရန်' ဟု ဖော်ပြထားသည်)။

၂။ တိုင်းပြည်စီမံခန့်ခွဲမှုတွင် ပြည်သူတို့၏အခန်းကဏ္ဍနှင့် ပါဝင်မှုကို ဆောင်ကြဉ်းပေးရန်။

၃။ ဒီမိုကရက်တစ် (တိုင်းပြည်စီမံခန့်ခွဲမှုတွင် ပါဝင်မှု) လွတ်လပ်မှုဗဟိုပြုလစ်ဘရယ်လ် ('ပြည်သူတို့၏ အခွင့်အရေးနှင့် လွတ်လပ်မှု'၊ 'နိုင်ငံတော်အာဏာ အသုံးပြုမှုကို အပြန်အလှန် စစ်ဆေးသွားရန်' ဟု ဖော်ပြထားသည်)

#### အရှေ့တီမော

၁။ လွတ်လပ်ရေး။

၂။ (အနာဂတ်ဦးတည်ချက်များအကြောင်း ဖော်ပြထားခြင်း မရှိ။)

၃။ လစ်ဘရယ်လ်/ ဆိုရှယ်လစ် ('နိုင်လိုမင်းထက်ပြုမှု၊ ဖိနှိပ်မှု၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ လွှမ်းမိုးမှုနှင့် ခွဲခြားမှု' ဟု ဖော်ပြထားသည်။) နိုင်ငံသားအခြေပြု အမျိုးသားရေး ('လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ခွဲခြားမှု' ဟု ဖော်ပြထားသည်။)

## ၆.၁.၄ အခြေခံကျသည့် အခွင့်အရေးများ

### အကြံပြုသင်ခန်းစာ

၁။ 'အခြေခံကျသည့် အခွင့်အရေးများ' ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆို ရှင်းလင်းပါစေ။

- ကျောင်းသားတို့၏ ဖွင့်ဆိုရှင်းလင်းချက်များကို သင်ပုန်း ပေါ်တွင် ရေးသားဖော်ပြပေးပါ။

၂။ မည်သည့် အခွင့်အရေးများက အခြေခံကျသည်ဟု ကျောင်းသားများ လက်ခံယုံကြည်ထားကြောင်း ဆွေးနွေး ဖော်ထုတ်ပါစေ။

- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်း ပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၆.၁.၄ – က) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

၁။ အခြေခံအခွင့်အရေးများသည် အခြားသော အခွင့်အရေး များထက် ပိုမိုအရေးပါမှုရှိပြီး နိုင်ငံသားတို့၏ ဘဝများ၊ နိုင်ငံသားတို့၏ လွတ်လပ်မှုနှင့် နိုင်ငံရေးအရ ပါဝင်မှု တို့ကို အကာအကွယ်ပြုထားနိုင်မည် ဖြစ်သည်။ ထိုအခွင့်အရေးများသည် ယေဘုယျအားဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အကာအကွယ် ပြုထားခြင်းလည်း ဖြစ်သည်။

၂။ အခြေခံအခွင့်အရေးများတွင် လွတ်လပ်စွာ ထုတ်ဖော် ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်မှု၊ လွတ်လပ်စွာ စည်းရုံးခွင့် နှင့် လွတ်လပ်စွာ လှုပ်ရှားမှု အစရှိသည်တို့ ပါဝင်ကြ ပေသည်။

### လုပ်ငန်းများ

၁။ ရှေ့သင်ခန်းစာတွင် လုပ်ဆောင်ခဲ့ကြသည့် 'တန်ဖိုးပိရမစ်' နှင့် စာမျက်နှာ (၁၆၊ ၁၇) ရှိ ၂၀၀၈ – မြန်မာ့ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အခွင့်အရေးများ စာရင်းကို လေ့လာကြည့်ရှုပါစေ။

၂။ အဖွဲ့များ ဖွဲ့ပေးပြီး ပိရမစ်တွင် ပါရှိသည့် တန်ဖိုးတစ်ခုစီ အတွက် သက်ဆိုင်ရာ အခွင့်အရေး (၂) ရပ်ကို ရွေးချယ် သတ်မှတ်ပါစေ။

၃။ ထိုအခွင့်အရေးများကို စာရွက်တစ်ရွက်ပေါ်တွင် ချရေးပြီး ကျောင်းသားတို့၏ 'တန်ဖိုးပိရမစ်' နံဘေးတွင် ချိတ်ဆွဲ ထားရှိပါစေ။

၄။ အခြားသော အဖွဲ့များ ပြုစုထားသည်တို့ကို လှည့်လည် ကြည့်ရှုစေပြီး မည်သို့သော တူညီမှုများ၊ ကွဲပြားမှုများ ရှိသည်ကို နှိုင်းယှဉ်သုံးသပ်ပါစေ။


### နီးစပ်သော အဖြေများ

၃။ အောက်ပါ ဥပမာအတိုင်း တွဲစပ်နိုင်မည် ဖြစ်သည်။

၄။ အချို့သော အခွင့်အရေးများသည် တန်ဖိုးအမျိုးမျိုးကို ထောက်ပံ့လျက်ရှိသည်ကို တွေ့ရသည်။

» အချို့သော တန်ဖိုးများအတွက် သင့်လျော်သည့် အခွင့်အရေး ရှာဖွေရန် ခက်ခဲသည်ကို တွေ့ရှိရသည်။

» အရေးပါမှုရှိသော တန်ဖိုးများအတွက် သက်ဆိုင်ရာ အခွင့်အရေးကို ရှာဖွေရန် ပိုမိုလွယ်ကူမှုရှိသည်။



**ဆွေးနွေးချက်**

- သင်ခန်းစာ (၆.၁.၄ – က နှင့် ခ) တို့ကို လေ့လာဖတ်ရှုပါစေ။
- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

၁။ လက်ခံသဘောတူပါသည်။ ထိုသို့ လုပ်ဆောင်ထားခြင်းဖြင့် လူမျိုးရေးခွဲခြားသော၊ အကြမ်းဖက်သော၊ အစွန်းရောက်ပါတီများ နိုင်ငံရေးအာဏာ ရရှိခြင်းမှ ကန့်သတ်ပိတ်ပင်ထားနိုင်ခြင်းကြောင့်ဖြစ်သည်။

၂။ သဘောမတူပါ။ နိုင်ငံရေးပါတီများကို ပိတ်ပင်ခြင်းသည် ဆင်ဆာ ဖြတ်တောက်မှု တစ်မျိုးသာဖြစ်ပြီး ဒီမိုကရေစီနှင့် သွေဖယ်လျက်ရှိသည်။

၃။ လက်ခံသဘောတူပါသည်။ လူမျိုးရေးခွဲခြားသော၊ အကြမ်းဖက်သော၊ အစွန်းရောက် အဖွဲ့များမှ ၎င်းတို့၏ ကိုယ်ပိုင်ဒီမိုကရက်တစ် အခွင့်အရေးများကို အသုံးချပြီး အကြမ်းဖက်မှု၊ မုန်းတီးမှုများ ပေါ်ပေါက်လာစေခြင်းမှ တားဆီးထားနိုင်မည်ဖြစ်သည်။

၄။ သဘောတူခြင်းမရှိပါ။ အယူအဆ၊ အတွေးအမြင်များကို ပိတ်ပင်ခြင်းသည် ဆင်ဆာဖြတ်တောက်မှုသာဖြစ်ပြီး ဒီမိုကရေစီနှင့် မကိုက်ညီချေ။

**ဆွေးနွေးချက်**

- သင်ခန်းစာ (၆.၁.၄ – ဂ နှင့် ဃ) တို့ကို လေ့လာ ဖတ်ရှုပါစေ။
- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

၁။ လက်ခံသဘောတူပါသည်။ လူမျိုးရေးခွဲခြားမှုများ၊ အကြမ်းဖက်မှုများနှင့် အစွန်းရောက် အယူဝါဒများသည် မတည်ငြိမ်မှုနှင့် ပဋိပက္ခတို့ကိုသာ ပေါ်ပေါက်လာစေနိုင်သည်။ သို့ဖြစ်၍ ထိုအယူဝါဒများကို လျှော့ချကျင့်သုံးသည့် ဥပဒေများသည် နိုင်ငံတိုင်းအတွက် အကျိုးရှိစေမည်ဖြစ်သည်။

သဘောမတူပါ။ နိုင်ငံတိုင်းတွင် တရားဥပဒေစိုးမိုးရေးသည် သက်ရောက်မှုမရှိလှ။ သို့ဖြစ်၍ အဆိုပါဥပဒေမျိုးမှလည်း လျစ်လျူရှုခံရမည်သာဖြစ်သည်။

၂။ ထင်ပါသည်။ ထိုအာဏာသည် အာဏာရှင်စနစ်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပေါ်ပေါက်လာစေနိုင်မည်ဖြစ်သည်။

မထင်ပါ။ ထိုအခြေအနေမျိုးတွင် နိုင်ငံသားတို့၏ အခွင့်အရေးများကို ဘေးချိတ်ခံထားရသည် မှန်သော်လည်း အစိုးရအနေဖြင့် ပြည်သူတို့ အန္တရာယ်ကျရောက်ခြင်းမှ အကာအကွယ် ပြုပေးနိုင်ရန် ဆုံးဖြတ်ချက် လျင်မြန်စွာ ချမှတ်ရန် လိုအပ်သောကြောင့် ဖြစ်ပေသည်။

## မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ'ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

## ဆွေးနွေးချက်

၁။ အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

**၁။ အဖြေများ ကွဲပြားမည်ဖြစ်သည်။ အောက်ပါ အချက်များကို ဥပမာ ပေးနိုင်ပါသည်။**

» မုန်းတီးရေး လှုံ့ဆော်ပြောဆိုမှုများ (ဥပမာ – အကြမ်းဖက်မှုများကို ပေါ်ပေါက်စေနိုင်သည့် လူမျိုးရေး ခွဲခြားမှုများနှင့် အစွန်းရောက် လူမျိုးရေးအခြေပြု အမျိုးသားရေး)

» တိုင်းပြည်လုံခြုံရေး (ဥပမာ – စစ်ရေးဆိုင်ရာ လျှို့ဝှက်ချက်များ)

» အရေးပေါ်အခြေအနေ ဖြစ်ပွားသည့်အချိန် (ဥပမာ – မီဒီယာပါ ကောလဟာလများက ထိတ်လန့်စေခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများ ပေါ်ပေါက်စေနိုင်သည်။)

**၂။ အဖြေများ ကွဲပြားမည်ဖြစ်သည်။ အောက်ပါအချက်များကို ဥပမာပေးနိုင်ပါသည်။**

» အစွန်းရောက် အဖွဲ့များ (ဥပမာ – အကြမ်းဖက်မှုများကို ပေါ်ပေါက်စေနိုင်သည့် လူမျိုးရေးခွဲခြားမှုများနှင့် အစွန်းရောက် လူမျိုးရေးအခြေပြု အမျိုးသားရေး)

» တိုင်းပြည်လုံခြုံရေး (ဥပမာ – အကြမ်းဖက် လက်နက်ကိုင် အဖွဲ့များ၊ သို့မဟုတ် လက်နက်ကိုင် တော်လှန်ပုန်ကန်မှုများ)

» အရေးပေါ်အခြေအနေ ဖြစ်ပွားသည့်အချိန် (ဥပမာ – အဓိကရုဏ်းများ၊ ဗုံးပေါက်ကွဲမှုများနှင့် ငလျင်လှုပ်မှုများစသည့် အခြေအနေမျိုးတွင် လူအစုလိုက် အပြုံလိုက် သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပွားခြင်း)

**၃။ အဖြေများ ကွဲပြားမည်ဖြစ်သည်။ အောက်ပါအချက်များကို ဥပမာပေးနိုင်ပါသည်။**

» မုန်းတီးရေး လှုံ့ဆော်ပြောဆိုမှုများ (ဥပမာ – အကြမ်းဖက်မှုများကို ပေါ်ပေါက်စေနိုင်သည့် လူမျိုးရေး ခွဲခြားမှုများနှင့် အစွန်းရောက် လူမျိုးရေးအခြေပြု အမျိုးသားရေး)

» တိုင်းပြည်လုံခြုံရေး (ဥပမာ – လူမျိုးတစ်မျိုးမှ အခြား လူမျိုးအပေါ် အကြမ်းဖက်ထိပါးမှုများ)

## ၆.၁.၅ နိုင်ငံရေး အခြောက်အအုံယန္တရားများနှင့် အစိုးရရုံးဌာနများ

## အကြံပြုသင်ခန်းစာ

- ပေးထားသော မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်း ပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၆.၁.၅) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသား တို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ် ပါစေ။

**နီးစပ်သော အဖြေများ**

ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် အစိုးရအင်စတီကျူးရှင်း အချင်းချင်းနှင့် ပြည်သူများအကြား မည်သို့ မည်ပုံ ဆက်နွယ်နေသည်ကို ဖော်ပြနေသည့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားရှိသည်။ ထိုသို့ သတ်မှတ်ရာတွင် အစိုးရ အင်စတီကျူးရှင်းအမျိုးမျိုးတို့၏ အခွင့်အရေးများ၊ တာဝန်များ၊ ဆုံးဖြတ်ချက်ချမှတ်မှုပုံစံများ အစရှိသည်တို့ဖြင့် ထည့်သွင်းပါရှိပေသည်။

## လုပ်ငန်းများ

၁။ 'အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အပြန်အလှန် ထိန်းကျောင်းမှုစနစ်' ပြပုံကို လေ့လာသုံးသပ်ပါစေ။

၂။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ သက်ဆိုင်ရာ အာဏာများကို ဖော်ပြပါပုံတွင် ဖြည့်စွက်ပါစေ။

### အဖြေများ

၁။ က

၂။ ဂ

၃။ ဃ

၄။ ခ

၅။ င

၆။ စ

## ၆.၁.၆ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း

### အကြံပြုသင်ခန်းစာ

- ပေးထားသည့် မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၆.၁.၆) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

၁။ 'ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း'(Amendment) ဟူသည့် ဖြစ်စဉ်ဖြင့် ပြင်ဆင်နိုင်ပါသည်။

၂။ လူမှုရေးနှင့် နိုင်ငံရေးအခြေအနေ ပြောင်းလဲမှုများ ပေါ်ပေါက်လာသည့်အခါတွင် ထိုအပြောင်းအလဲများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အစိတ်အပိုင်းအချို့ကို ပြောင်းလဲရန် လိုအပ်မည်ဖြစ်သည်။ ဥပမာဆိုရသော် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံတွင် လူတိုင်း လက်နက်ကိုင်ဆောင်ခွင့် အပ်နှင်းထားသည်ကို တွေ့ရသည်။ ထိုသို့ အပ်နှင်းထားခြင်း အကြောင်းရင်းမှာ ဗြိတိသျှစစ်တပ်၏ တိုက်ခိုက်မှုများကို အကာအကွယ်ပြုနိုင်ရန်အတွက် ဖြစ်ခဲ့သည်။ ထိုအချက်မှာ ယခုလက်ရှိအချိန်တွင် အရေးပါမှု မရှိတော့သည့်အလျောက် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် မထည့်သွင်းသင့်တော့ကြောင်း ထောက်ပြထားကြပေသည်။

### ဆွေးနွေးချက်

- မည်သို့သော ကိစ္စရပ်များကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲပြင်ဆင်ရေး တောင်းဆိုလိုလားနိုင်သည်ကို ဆွေးနွေးစာရင်းပြုစုပါစေ။ အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံး အနေဖြင့်ဖြစ်စေ လုပ်ဆောင်ပါစေ။

### နီးစပ်သော အဖြေများ

- » တိုင်းပြည်ပြန်လည် ပေါင်းစည်းရေး။
- » ပိုမိုကောင်းမွန်သည့် ဒီမိုကရေစီစနစ် ထူထောင်ရေး။
- » ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှု။
- » တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်စားပြုပါဝင်နိုင်ခြင်း။
- » လူနည်းစု အခွင့်အရေးများ အကာအကွယ်ပြုပေးရေး။
- » အခြေခံအခွင့်အရေးများ အကာအကွယ်ပြုပေးရေး။
- » တရားရှိလူနေမှုတစ်ရပ် ဖော်ဆောင်နိုင်ရေး။

### ဆွေးနွေးချက်

- သင်ခန်းစာ (၆.၁.၆ – ခ) ကို လေ့လာဖတ်ရှုပါစေ။
- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ 'ပြည်လုံးကျွတ် ဆန္ဒခံယူမှု' အကြောင်း ဆွေးနွေးပါစေ။ ထိုဆန္ဒခံယူမှုများသည် နိုင်ငံရေးအပြောင်းအလဲများ ပုံဖော်ရာတွင် ဆုံးဖြတ်ချက်ချမှတ်ပုံ နည်းလမ်းကောင်း တစ်ရပ်ဖြစ်၊ မဖြစ် ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

ထင်ပါသည်။ ထိုဆန္ဒခံယူမှုများသည် ဒီမိုကရက်တစ်နည်းလမ်းကျသည့် ဆုံးဖြတ်ချက်ချမှတ်မှုပုံစံ တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံရေးသမားများသာ မဟုတ်ဘဲ ပြည်သူတိုင်း မဲပေးဆုံးဖြတ်နိုင်ခွင့် ရှိခြင်းဖြင့် ပြည်သူတို့၏ ဆန္ဒသဘောထားကို ပိုမိုထင်ဟပ်စေမည် ဖြစ်သည်။

မထင်ပါ။ အကြောင်းမှာ မဲပေးမှုနှင့် စပ်လျဉ်းပြီး ပြဿနာပေါ်ပေါက်လာနိုင်သောကြောင့် ဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိတို့မဲပေးဆုံးဖြတ်ရမည့် ကိစ္စရပ်အပေါ်တွင် ဂဃနဏ သိနားလည်ထားခြင်း မရှိပါက တိုင်းပြည်အတွက် ဆိုးကျိုးဖြစ်စေမည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အများက ရွေးချယ်ဆုံးဖြတ်မိခြင်း ဖြစ်နိုင်သည်။

» 'ပြည်လုံးကျွတ် ဆန္ဒခံယူမှု' များသည် တစ်တိုင်းပြည်လုံးနှင့် သက်ဆိုင်အကြုံးဝင်သည့် အလျောက် ပြည်သူတစ်ဦး မဲမထည့်ခြင်းက 'ကန့်ကွက်မဲ' တစ်မဲနှင့် အတူတူပင် ဖြစ်လိမ့်မည်။ သို့ဖြစ်၍ ထိုဆန္ဒခံယူမှုများသည် ပြည်သူတို့၏ သဘောထားကို တိတိကျကျ ဆန်းစစ်ဖော်ထုတ်နိုင်တော့မည် မဟုတ်ချေ။

» ထို့အပြင် ပြည်သူတို့အနေဖြင့် မည်သို့ မည်ပုံ မဲပေးရမည်ကို မသိခြင်း၊ မဲပေးမှုများ လွတ်လပ်မျှတမှု မရှိခြင်း အစရှိသည်တို့က ပြည်သူတို့၏ ဆန္ဒသဘောထားကို ထင်ဟပ်နေသည့် မဲရလဒ်ရရန် ခက်ခဲစေပေလိမ့်မည်။

### မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

၁။ စွမ်းဆောင်ရည် မြှင့်တင်မှု – ပြည်သူတို့အပေါ် သက်ရောက်လျက်ရှိသည့် ဆုံးဖြတ်ချက် ချမှတ်မှုဖြစ်စဉ်တွင် ပြည်သူတို့ကိုယ်တိုင် ပါဝင်နိုင်စေသော အခွင့်အလမ်းများကို မြှင့်တင်ပေးမည့် ဥပဒေများ။

» ပူးပေါင်းမှု – ပြည်သူများအနေဖြင့် အတူတကွ လက်တွဲလုပ်ဆောင်နိုင်၊ ဆက်ဆံပြောဆိုစေနိုင်မည့် ဥပဒေများ။

» ညီမျှမှု – ကျန်းမာရေးစနစ်၊ ပညာရေးစနစ် အစရှိသည့် ပြည်သူတိုင်း ရယူခံစားနိုင်စေသော အခြေခံ အခွင့်အရေးများကို အာမခံပေးမည့် ဥပဒေများ။

» ရေရှည်အကျိုးတရား ခံစားနိုင်မှု – လက်ရှိပြည်သူများ၏ လိုအပ်ချက်အဖုံဖုံကြောင့် အနာဂတ်မျိုးဆက်သစ်များအတွက် အရင်းအမြစ် မလုံလောက်မှုများ မဖြစ်ပွားရအောင် စီမံပေးထားစေမည့် ဥပဒေများ။

» လုံခြုံမှု – ရောဂါဘယများ၊ ဆင်းရဲမှု၊ အကြမ်းဖက်မှု အစရှိသည့် အန္တရာယ်တို့မှ ပြည်သူတို့ကို အကာအကွယ် ပြုပေးမည့် ဥပဒေများ။

၂။ အခွင့်အရေးများကို အကာအကွယ်ပြုပေးခြင်း – လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကာကွယ်တားဆီးပေးစေမည့် ဥပဒေများ၊

» တွေ့ဆုံဆွေးနွေးမှုများ – တိုင်းရင်းသားအချင်းချင်းကြား တွေ့ဆုံဆွေးနွေးမှုများ၊ အများသဘောတူ ဆုံးဖြတ်ချက် ချမှတ်မှုနှင့် ပူးပေါင်းမှုတို့ကို ဖန်တီးပေါ်ပေါက်စေမည့် ဥပဒေများ၊

» ကိုယ်ပိုင်အုပ်ချုပ်ခွင့် – တိုင်းရင်းသားဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်မှု ပိုမိုခံစားရရှိစေမည့် ဥပဒေများ။

» တရားမျှတမှု – လူသားချင်းစာနာထောက်ထားမှုအတွက် တောင်းဆိုသူများကို ရရှိခံစားနိုင်စေပြီး၊ အကြမ်းဖက် ပဋိပက္ခများအတွင်း လူ့အခွင့်အရေး ချိုးဖောက်သူများကို အပြစ်ပေးစေမည့် ဥပဒေများ၊

» ငြိမ်းချမ်းမှု တည်ဆောက်ခြင်း – တိုင်းရင်းသား အသိုင်းအဝိုင်းများအကြား ဖေးမမှု၊ လက်တွဲမှုနှင့် အတူ ယှဉ်တွဲနေထိုင်မှု စသည်တို့ကို ပေးစွမ်းစေမည့် ဥပဒေများ။

၃။ ပါဝင်မှု – ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတွင် အမျိုးသား အမျိုးသမီး တူညီစွာ ထုတ်ဖော်ပြောဆိုနိုင်စေမည့် ဥပဒေများ။ လူနည်းစုအကျိုးစီးပွားများကို ကိုယ်စားပြု ထင်ဟပ်လျက်ရှိသော နိုင်ငံရေး အဆောက်အအုံယန္တရားများ ရှင်သန်ပေါ်ထွန်းလာစေနိုင်မည့် ဥပဒေများ။ လွတ်လပ်စွာ စည်းရုံးမှု၊ လွတ်လပ်စွာ ပြောဆိုမှုနှင့် နိုင်ငံရေး ပါဝင်မှုတို့ကို ပေးစွမ်းစေနိုင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များ။

» တရားဥပဒေစိုးမိုးမှု – မျှတမှုရှိပြီး ဘက်မလိုက်သော၊ ထိရောက်မှုရှိသော ဥပဒေမူဘောင်တစ်ရပ် ဖန်တီးပေးစွမ်းစေနိုင်မည့် ဥပဒေများ။ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကို အားဖြည့်ပံ့ပိုးပေးမှုများ။

» ပွင့်လင်းမြင်သာမှု – အများပြည်သူတို့ တိုက်ရိုက်သိရှိနိုင်သော သတင်းအချက်အလက်များ ခံစားရရှိလာစေမည့် ဥပဒေများ။

» ထိရောက်မှုနှင့် အကျိုးသက်ရောက်မှု – ပြည်သူတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိပြီး၊ တစ်ဖက်တွင်လည်း အရင်းအမြစ်များကို အကောင်းဆုံး အသုံးချစေနိုင်သော နိုင်ငံရေး အဆောက်အအုံယန္တရားများနှင့် လုပ်ထုံးလုပ်နည်းများကို ဖွံ့ဖြိုးလာစေမည့် ဥပဒေများ။

» တာဝန်ခံမှု – အစိုးရ၊ ပုဂ္ဂလိက လုပ်ငန်းများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများအတွင်းရှိ ဆုံးဖြတ်ချက် ချမှတ်သူများမှ အများပြည်သူတို့ထံ တာဝန်ခံမှု ပေးစွမ်းလာစေမည့် ဥပဒေများ။

၄။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။

# ၆.၂ ဖွဲ့စည်းပုံအခြေခံဥပဒေများက အဘယ်အကြောင်းကြောင့် အရေးပါရသနည်း

## ၆.၂.၁ ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ အရေးပါပုံ

### အကြံပြုသင်ခန်းစာ

- ပေးထားသည့် မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၆.၂.၁ – က) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

» ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းပြည်တစ်ပြည်ရှိ အစိုးရနှင့် နိုင်ငံရေး မည်သို့ မည်ပုံ ရပ်တည်လည်ပတ်ရမည်ကို သတ်မှတ်ပေးသည့် အခြေခံစည်းမျဉ်းစည်းကမ်းများ ထားရှိခြင်းဖြင့် တည်ငြိမ်မှုကို ပေးစွမ်းစေနိုင်သည်။

» ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံရေး အဆောက်အအုံယန္တရားများ၏ အခွင့်အရေး၊ တာဝန်နှင့် အာဏာတို့အတွက် စည်းမျဉ်းများ ပိုင်းခြားသတ်မှတ်ထားခြင်းဖြင့် အပြန်အလှန် ထိန်းကျောင်းမှုကို ပံ့ပိုးပေးသည်။

» ဖွဲ့စည်းပုံအခြေခံဥပဒေသည် အစိုးရမှ ကန့်ကွက်စွက်ဖက်ပိုင်ခွင့် မရှိသည့် နယ်ပယ်ကဏ္ဍများကို သတ်မှတ်ထားရှိခြင်းဖြင့် နိုင်ငံသားအခွင့်အရေးများကို အကာအကွယ်ပြုပေးသည်။

» ဖွဲ့စည်းပုံအခြေခံဥပဒေသည် အစိုးရဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုပုံစံကို ရေးဆွဲတည်ဆောက်ထားခြင်းဖြင့် လေလွင့်မှုနှင့် နားလည်မှု လွဲမှားခြင်းများကို ကင်းဝေးစေပြီး ထိရောက်မှုရှိသော နိုင်ငံတော်တစ်ရပ်ဖြစ်အောင် ပံ့ပိုးပေးသည်။

## လုပ်ငန်းများ

- တောင်အာဖရိကနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အဖွင့်နိဒါန်းကို လေ့လာသုံးသပ်စေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။
- တောင်အာဖရိကအကြောင်း ဖော်ပြထားချက်များကို စာမျက်နှာ (၂၇) ရှိ သင်ခန်းစာ (၁.၃) နှင့် စာမျက်နှာ (၉၂) ရှိ သင်ခန်းစာ (၄.၃) တွင် ပြန်လည်လေ့လာနိုင်မည်ဖြစ်သည်။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

## နီးစပ်သော အဖြေများ

၁။ ဖွဲ့စည်းပုံအဖွင့်နိဒါန်းတွင် တောင်အာဖရိကနိုင်ငံ အတိတ်သမိုင်းရှိ မမျှတမှုများအကြောင်း၊ အချင်းချင်းကြား ခွင့်လွှတ်သည်းခံပြီး နားလည်မှုတည်ဆောက်ရန် အတူတကွ လုပ်ဆောင်အပ်ကြောင်း အစရှိသည်တို့ကို ထင်ဟပ်လျက် ရှိပေသည်။

၂။ တောင်အာဖရိက ပြည်သူအချင်းချင်းအကြား ခွင့်လွှတ်သည်းခံပြီး နားလည်မှုတည်ဆောက်ခြင်းသည် တောင်အာဖရိကနိုင်ငံ အနာဂတ်၏ အရေးပါသော မျှော်လင့်ချက်တစ်ရပ်ဖြစ်ကြောင်း အဖွင့်နိဒါန်းပါ အသုံးအနှုန်းများအရ သိမြင်နိုင်ပေသည်။

## ၆.၂.၂ လူများစုသဘောအရ အုပ်ချုပ်ဆုံးဖြတ်မှုနှင့် လူနည်းစုတို့၏ အခွင့်အရေးများ

### အကြံပြုသင်ခန်းစာ

- 'လူများစုသဘောအရ အုပ်ချုပ်ဆုံးဖြတ်မှုနှင့် လူနည်းစုတို့၏ အခွင့်အရေးများ' ဟူသည့် ဝေါဟာရတို့၏ အနက်အဓိပ္ပာယ်ကို ဆွေးနွေးပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၆.၂.၂) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

လူများစုသဘောအရ အုပ်ချုပ်ဆုံးဖြတ်မှုဆိုသည်မှာ ဆုံးဖြတ်ချက်ချမှတ်သူ (၅၀) ရာခိုင်နှုန်းအထက်က မဲပေးထောက်ခံလျှင် အတည်ဖြစ်သည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းကို ဆိုလိုပေသည်။

'လူနည်းစုအခွင့်အရေးများ' သည် နိုင်ငံတစ်နိုင်ငံရှိ လူများစုက လူနည်းစုတစ်ရပ်၏ အခွင့်အရေးများကို ချိုးဖောက်မှုများ မပြုလုပ်နိုင်ကြစေရန်အတွက် ကာကွယ်ပေးထားပေသည်။

### လုပ်ငန်းများ

- 'မြန်မာ့ဖွဲ့စည်းပုံ အခြေခံဥပဒေ' မှ ကောက်နုတ်ထားချက်ကို လေ့လာ ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ ထိုအပိုဒ်သည် ဘာသာရေးအရ၊ လူမျိုးရေးအရ လူနည်းစုတို့အပေါ် (လူများစုက) ခွဲခြားဆက်ဆံခြင်းတို့မှ အကာအကွယ်ပြု ပေးထားခြင်းနှင့် ပတ်သက်နိုင်ပါသည်။

၂။ **မထင်ပါ ။ အဘယ့်ကြောင့်ဆိုသော်** –

» လူနည်းစု ဘာသာရေးအဖွဲ့အချို့တို့သည် ဘာသာရေးအဆောက်အအုံများကို ပြန်လည်ပြင်ဆင်ရန်၊ အသစ်တည်ဆောက်ရန် စသည်တို့အတွက် ခွင့်ပြုချက်များ မရရှိနိုင်ကြ၍ဖြစ်သည်။

» ခွဲခြားဆက်ဆံမှုများ၊

» မုန်းတီးရေး ပြောဆိုလှုံ့ဆော်မှုများ၊

» လူစုလိုက် အကြမ်းဖက်မှုများ။

**ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော်** –

» ယဉ်ကျေးမှု အမျိုးအစား စုံလင်စွာဖြင့် ရပ်တည် ရှင်သန်လျက် ရှိခြင်းကြောင့် ဖြစ်သည်။

» တိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်အချို့တို့ကို နိုင်ငံတော် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးထားရှိသည်။

## ၆.၂.၃ လူများစုသဘောအရ အုပ်ချုပ်ဆုံးဖြတ်မှု

### အကြံပြုသင်ခန်းစာ

- ပေးထားသည့် မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၆.၂.၃) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

'လူများစုသဘောအရအုပ်ချုပ်ဆုံးဖြတ်မှု'သည် နိုင်ငံရေးတွင် အရေးပါလှပေသည်။ အကြောင်းမှာ လူများစုအရ မဲခွဲဆုံးဖြတ်ခြင်းက နိုင်ငံရေးတွင် အတွေ့ရအများဆုံးနှင့် အထိရောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်မှုပုံစံဖြစ်၍ ဖြစ်သည်။

### ပြန်လည်သုံးသပ်ချက်

- သင်ခန်းစာ (၆.၁.၁) တွင် ဆုံးဖြတ်ရွေးချယ်ခဲ့ကြသည့် 'ဆုံးဖြတ်ချက် ချမှတ်မှုပုံစံ' ကို ပြန်လည်အကဲဖြတ်စေပြီး မေးခွန်းတို့ကို ဖြေဆိုပါစေ။
- အောက်ပါတို့မှ တစ်ခုကို ရွေးချယ်ဆောင်ရွက်ပါစေ။

  (က) အဖွဲ့များဖွဲ့၍ ကျောင်းသားတို့၏ အမြင်များကို ဆွေးနွေးဖလှယ်ပါစေ။

  (သို့)

  (ခ) ကျောင်းသားတို့၏ ကိုယ်ပိုင်အမြင်များကို မိမိတို့၏ မှတ်တမ်းစာအုပ်တွင် ရေးသားထားရှိပါစေ။

# ၆.၂.၄ လူနည်းစုအခွင့်အရေးများ

## အကြံပြုသင်ခန်းစာ

- ပေးထားသည့် မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်း ပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၆.၂.၄) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသား တို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ် ပါစေ။

### နီးစပ်သော အဖြေများ

ဥပဒေများ၊ ခေါင်းဆောင်များ၊ မူဝါဒများမှ တစ်ဆင့် အများစုက အာဏာသုံးကာ လူနည်းစု၏ အခွင့်အရေးများကို ချိုးဖောက်ခြင်း မဖြစ်အောင် လူနည်းစုအခွင့်အရေးများက ကာကွယ်ပေးသည်။

## ပြန်လည်သုံးသပ်ချက်

- သင်ခန်းစာ (၆.၁.၁) တွင် ဆုံးဖြတ်ရွေးချယ်ခဲ့ကြသည့် 'ဆုံးဖြတ်ချက်ချမှတ်မှုပုံစံ' ကို ပြန်လည်အကဲဖြတ်စေပြီး မေးခွန်းတို့ကို ဖြေဆိုပါစေ။
- အောက်ပါတို့မှ တစ်ခုကို ရွေးချယ်ဆောင်ရွက်ပါစေ။

  (က) အဖွဲ့များဖွဲ့၍ ကျောင်းသားတို့၏ အမြင်များကို ဆွေးနွေးဖလှယ်ပါစေ။

  (သို့)

  (ခ) ကျောင်းသားတို့၏ ကိုယ်ပိုင်အမြင်များကို မိမိတို့၏ မှတ်တမ်းစာအုပ်တွင် ရေးသားထားရှိပါစေ။

## လုပ်ငန်းများ – အားကစားကလပ်

- ပေးထားသည့် ဖြစ်ရပ်ကို လေ့လာ ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။
- နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

**၁။ အဖြေများ ကွဲလွဲလိမ့်မည်။ အောက်ပါအဖြေများကို အကြံပြုပေးနိုင်ပါသည်။**

» အဖွဲ့အရွယ်အစားကို အခြေခံ စဉ်းစားပြီး အဖွဲ့ ၂ ဖွဲ့ စလုံးအတွက် မျှဝေချထားပေးသင့်သည်။

» အဖွဲ့ ၂ ဖွဲ့စလုံးကို ညီညီမျှမျှ ခွဲဝေချထားနိုင်သည်။

» အဖွဲ့ ၂ ဖွဲ့ကို နှိုင်းယှဉ်ကြည့်ပြီး အဖွဲ့ဝင်အများဆုံး ပါသည့် အဖွဲ့ကို ပိုမိုပေးအပ်နိုင်မည်။

**၂။ အဖြေများ ကွဲလွဲလိမ့်မည်။ အောက်ပါ အဖြေများကို အကြံပြုပေးနိုင်ပါသည်။**

» မဲခွဲဆုံးဖြတ်ခြင်း၊

» အများသဘောတူညီမှု ရယူခြင်း၊

» ကိုယ်စားပြုခြင်း၊

» အမြဲတမ်းဆုံးဖြတ်ချက်ချမှတ်သူ/ ခေါင်းဆောင်တစ်ဦး ခန့်ထားသတ်မှတ်ခြင်း။

၃။ အပ်နှင်းထားသင့်သည်။ အဖွဲ့အစည်းအတွင်း တန်းတူဆက်ဆံမှုများ မခံစား မရရှိနိုင်ပါက အဖွဲ့လိုအပ်ချက်များ ပြည့်မီစေရန်အတွက် အဖွဲ့သစ်ဖန်တီးနိုင်ခွင့် ရရှိသင့်သည်။မအပ်နှင်းသင့်ချေ။ မူလအသင်းမှ အဖွဲ့ငယ်များ ခွဲထွက်ခြင်းက စည်းလုံးမှုကို ပြိုကွဲစေနိုင်သည်။

၄။ 'မဲခွဲဆုံးဖြတ်မှု' များသည် 'အများသဘောတူညီမှု ရယူခြင်း' နည်းလမ်းဖြင့် ဦးစွာကြိုးပမ်းပြီးမှသာ ကျင့်သုံးသင့်သည်။

» မဲခွဲဆုံးဖြတ်မှုတစ်ရပ် မပြုလုပ်ခင်တွင် အယူအဆများ၊ ထင်မြင်ချက်များ ထုတ်ဖော်တင်ပြလိုသူ မည်သူမဆိုကို ခွင့်ပြုသင့်သည်။

» အဆိုတစ်ရပ်ရပ်အတွက် မဲရာနှုန်း (၆၀) ရာခိုင်နှုန်းထက် လျော့နည်းပါက ထိုအဆိုအကြောင်း အဖွဲ့ ၂ဖွဲ့လုံးမှ ထပ်မံတင်ပြ ပြောဆိုစေသင့်သည်။

» လူများစုအနေဖြင့် လူနည်းစုအပေါ်တွင် ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်မှ ဘေးထုတ်ဖယ်ရှားထားမှုများကို ခွင့်မပြုသင့်ချေ။

» လူများစုအနေဖြင့် မဲခွဲဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများကို မိမိအလိုကျ ပြောင်းလဲပြင်ဆင်ခြင်းများ ပြုလုပ်ခွင့် မရှိချေ။

## ပြန်လည်သုံးသပ်ချက်

- ရှေ့တွင်လုပ်ဆောင်ခဲ့သည့် လေ့ကျင့်ခန်းကို ပြန်လည်သုံးသပ်စေပြီး မေးခွန်းတို့ကို ဖြေဆိုပါစေ။
- အောက်ပါတို့မှ တစ်ခုကို ရွေးချယ်ဆောင်ရွက်ပါစေ။

(က) အဖွဲ့များဖွဲ့၍ ကျောင်းသားတို့၏ အမြင်များကို ဆွေးနွေးဖလှယ်ပါစေ။

(သို့)

(ခ) ကျောင်းသားတို့၏ ကိုယ်ပိုင်အမြင်များကို မိမိတို့၏ မှတ်တမ်းစာအုပ်တွင် ရေးသားထားရှိပါစေ။

(သို့)

(ဂ) ထိုအဆိုများအနက်မှ တစ်ခုကို ရွေးချယ်ပြီး စာတမ်းတစ်ပုဒ် ရေးသားပြုစုပါစေ။ မြန်မာ့နိုင်ငံရေးတွင် တွေ့ရှိရသည့် လူများစုသဘောအရ အုပ်ချုပ်ဆုံးဖြတ်မှုနှင့် လူနည်းစုအခွင့်အရေးများဆိုင်ရာ ဖြစ်ရပ်များတွင် အောက်ပါတို့ အကျုံးဝင်သည်။

» ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ဆွေးနွေးပြောဆိုမှုများ (ဥပမာ ။ ။ လွှတ်တော်အတွင်း နေရာချထားသတ်မှတ်မှုဆိုင်ရာ စည်းမျဉ်းများ၊ အစိုးရအဖွဲ့အတွင်း ရာထူးနေရာခန့်အပ်ထားမှုဆိုင်ရာ စည်းကမ်းချက်များအကြောင်း)

» ပြည်ထောင်စုစနစ်ဆိုင်ရာ ဆွေးနွေးပြောဆိုမှုများ (ဥပမာ ။ ။ လူနည်းစုတိုင်းရင်းသား ပြည်နယ်များအတွက် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်မှုများအကြောင်း)

» ပြည်ထောင်စုမှ ခွဲထွက်ရေးအကြောင်း ဆွေးနွေးပြောဆိုမှုများ (ဥပမာ ။ ။ ပြည်ထောင်စုမှ ခွဲထွက်လိုက ခွဲထွက်နိုင်မည့် လူနည်းစုဆိုင်ရာ အခွင့်အရေးများနှင့် စည်းလုံးမှုကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် လူများစုတို့၏ သဘောထားတို့အကြား တင်းမာမှုများ)

» ဘာသာရေးအရ လူနည်းစုတို့အကြောင်း ဆွေးနွေးပြောဆိုမှုများ (ဗုဒ္ဓဘာသာ ကြီးစိုးမှုနှင့် တန်းတူညီမျှမှု မတူကွဲပြားမှုများအကြား လွန်ဆွဲမှု)

» အခြားသော လူနည်းစုတို့၏ အခွင့်အရေးများအကြောင်း ဆွေးနွေးပြောဆိုမှုများ (LGBT၊ မသန်စွမ်းသူများ၊ နိုင်ငံမဲ့များ၊ စသည်ဖြင့်)

## ၆.၂.၅ ရွေးကောက်ပုံ စနစ်များ

**အကြံပြုသင်ခန်းစာ**

- မြန်မာ့ရွေးကောက်ပွဲစနစ်နှင့် ပတ်သက်ပြီး မည်သည်တို့လေ့လာ သိရှိထားသည်ကို ဆွေးနွေးဖော်ထုတ်ပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

**နီးစပ်သော အဖြေများ**

ဗြိတိသျှ ရွေးကောက်ပွဲစနစ်နှင့် အလားတူ မြန်မာနိုင်ငံတွင် မဲအများဆုံးရသည့် ကိုယ်စားလှယ်လောင်းသည် ကိုယ်စားလှယ်ဖြစ်သည့် စနစ်ကို ကျင့်သုံးသည်။ (မဲအများဆုံးလူ လွှတ်တော်တက်ခွင့်ရသည့်စနစ်)

- သင်ခန်းစာ (၆.၂.၅) ကို လေ့လာဖတ်ရှုပါစေ။

## မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

## လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ SMD စနစ်သည် လူများစုသဘောအရ အုပ်ချုပ်ဆုံးဖြတ်မှုပုံစံဖြစ်သည်။ မဲဆန္ဒနယ်တစ်နယ်စီတွင် အနိုင်ရရှိသူ တစ်ဦးသာ ရှိနိုင်သည်။ ထိုစနစ်က လူကြိုက်များ မှုရှိသည့် ပါတီကြီး တစ်ပါတီ သို့မဟုတ် နှစ်ပါတီက အစိုးရကို ကြီးစိုးထားသည့် အခြေအနေမျိုး ပေါ်ပေါက်လာစေနိုင်ပေသည်။

၂။ PR စနစ်သည် လူနည်းစုအခွင့်အရေးများကို အခြေခံထားခြင်းဖြစ်သည်။ ထိုစနစ်တွင် ပါတီတစ်ပါတီစီ၏ ထောက်ခံမဲရရှိမှု ရာခိုင်နှုန်းကို တွက်ချက်စိစစ်ပြီး ဥပဒေပြုရေးတွင် အချိုးကျကိုယ်စားပြု ပါဝင်စေသည်။ ဥပမာအားဖြင့် လူနည်းစုအဖွဲ့တစ်ဖွဲ့ကို ကိုယ်စားပြုလျက်ရှိသည့် ပါတီငယ် တစ်ပါတီသည် မဲဆန္ဒ၏ (၅) ရာခိုင်နှုန်းကိုသာ ရရှိသော်လည်း လွှတ်တော်တွင်းတွင် ထိုအဖွဲ့ကို ကိုယ်စားပြုလျက် ပါဝင်နိုင်မည်ဖြစ်သည်။

## ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

#### ၁။ SMD စနစ်၏ ကောင်းကျိုးများ

» မဲဆန္ဒရှင်များအနေဖြင့် မဲစနစ်အကြောင်း ရှင်းလင်းလွယ်ကူစွာ သိရှိထားနိုင်မည်။

» မဲရေတွက်ရန်နှင့် မဲအရေအတွက်ကို ကြေညာရာတွင် မြန်ဆန်မှု ရှိနိုင်သည်။

» တည်ငြိမ်သောအစိုးရတစ်ရပ် ပေါ်ထွန်းလာစေနိုင်သည်။

#### SMD စနစ်၏ ဆိုးကျိုးများ

» အချို့သော မဲဆန္ဒရှင်များ၊ အထူးသဖြင့် ပါတီငယ်များကို ထောက်ခံသူများမှာ မဲပေးရန် အကျိုးမရှိဟု ရှုမြင်ခံစားလာနိုင်သည်။

#### PR စနစ်၏ ကောင်းကျိုးများ

» 'အလဟဿ' ဖြစ်ရသည့် မဲဆန္ဒ ပမာဏကို လျှော့ချစေနိုင်မည်။

» ဥပဒေပြုရေးတွင် ပါတီငယ်လေးများ ပိုမို ပါဝင်စေခြင်းဖြင့် လူနည်းစုအဖွဲ့များ၏ နိုင်ငံရေးပါဝင်မှုကို မြှင့်တင်နိုင်မည်။

» အစိုးရအတွင်း စေ့စပ်ညှိနှိုင်းမှုများ၊ လက်တွဲပူးပေါင်းမှုများ ပိုမိုဖော်ဆောင်ပေးမည်။

#### PR စနစ်၏ ဆိုးကျိုးများ

» အယူဝါဒရေးရာအရ အမျိုးအစားစုံလင်ခြင်းက အစိုးရအတွင်း ပဋိပက္ခများကို ပိုမို ပေါ်ပေါက်လာစေနိုင်မည်။

» ပါတီအများအပြား ရှိခြင်းက ဆုံးဖြတ်ချက်ချမှတ်ရန် ခက်ခဲလာစေနိုင်သည်။

» ဥပဒေပြုရေးအတွင်းတွင် ပါတီအချင်းချင်းကြား သဘောထား ကွဲလွဲခြင်းက ရှေ့မတိုးနောက်မဆုတ်သာ အခြေအနေမျိုး ဦးတည်စေလိမ့်မည်။

၂။ ဖြေဆိုပုံ အမျိုးမျိုး ကွဲလွဲနိုင်သည်။

## လုပ်ငန်းများ –

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အတိုင်ပင်ခံများ

- ပေးထားသည့်ဖြစ်ရပ်ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

၁။ အဖွဲ့ (၄) ဖွဲ့မှ (၆) ဖွဲ့အထိ ဖွဲ့စေပြီး မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

၂။ ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားချက်များကို အတန်းသို့ တင်ပြပြောဆိုပါစေ။

- ဤလေ့ကျင့်ခန်းသည် အချိန်ကြာမြင့်နိုင်သောကြောင့် စာသင်ချိန် တစ်ချိန်လုံးစာ လုပ်ဆောင်ရန် လိုအပ်နိုင်သည်။
- ထိုသို့ လုပ်ဆောင်စေရာတွင် အဖွဲ့ဝင်တစ်ဦးလျှင် မေးခွန်းတစ်ခု၊ နှစ်ခုကျစီ ခွဲဝေသတ်မှတ်၍ လုပ်ဆောင်ရန် တိုက်တွန်းပါ။

# ၆.၃ အခန်း(၆) ဖြစ်ရပ်လေ့လာချက်

**လေ့ကျင့်ခန်း**

- သီရိလင်္ကာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကောက်နုတ်ချက်ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

**၁။ အဖြေများ ကွဲလွဲလိမ့်မည်။ အောက်ပါအဖြေများကို အကြံပြုပေးနိုင်ပါသည်။**

» လူနည်းစုဘာသာရေး အခွင့်အရေးများသည် ခိုင်မာအားကောင်းမှု မရှိသည်ကို တွေ့ရသည်။

» ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူများစု၏ ဘာသာရေးကို အလေးပေးထားသည်။

» လူနည်းစုတို့၏ ဘာသာရေးကို တန်းတူအလေးပေးမှု မရှိသည်ကို တွေ့ရှိရသည်။

**၂။ အဖြေများ ကွဲလွဲလိမ့်မည်။ အောက်ပါ အဖြေများကို အကြံပြုပေးနိုင်ပါသည်။**

» လူနည်းစု ဘာသာစကား အခွင့်အရေးများသည် ခိုင်မာအားကောင်းမှု မရှိသည်ကို တွေ့ရသည်။

» လူများစု၏ ဘာသာစကားကို ရုံးသုံး ဘာသာစကားအဖြစ် သတ်မှတ်ထားရှိသည်။

» ဒုတိယ ရုံးသုံး ဘာသာစကားအဖြစ် အသိအမှတ်ပြုထားရှိသော်လည်း အရေးကြီး စာရွက်စာတမ်းများကို ရုံးသုံးဘာသာစကား တစ်မျိုးတည်းဖြင့်သာ ပြန်ဆိုထားရှိသည်။

## လေ့ကျင့်ခန်း

- တောင်အာဖရိကနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကောက်နှုတ်ချက်ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

## နီးစပ်သော အဖြေများ

၁။ ပစ္စည်းဥစ္စာ ပိုင်ဆိုင်နိုင်မှုနှင့် အတိတ်ကာလမှ ခွဲခြားဆက်ဆံမှုများအတွက် လျော်ကြေးခံစားနိုင်ခွင့် တို့အကြား ပဋိပက္ခ ဖြစ်ပွားလျက်ရှိသည်။ (ပုဂ္ဂလိကပိုင်ဆိုင်မှုအခွင့်အရေးများသည် လူဖြူအများစုတို့နှင့် သက်ဆိုင်ပြီး၊ လျော်ကြေးခံစားနိုင်ခွင့်သည် မြေယာများ အသိမ်းခံခဲ့ကြရသည့် လူမည်းတို့နှင့် သက်ဆိုင်မှုရှိသည်)။ ထိုအခြေအနေကို ပဋိပက္ခများ မဖြစ်ပွား မပေါ်ပေါက်စေဘဲ တရားမျှတစွာ ဖြေရှင်းပေးရန်မှာ အစိုးရအတွက် လွန်စွာခက်ခဲသော အနေအထားတွင် ရှိနေသည်ကို တွေ့ရှိရသည်။

၂။ တောင်အာဖရိကနိုင်ငံတွင် လူနည်းစုအခွင့်အရေးများသည် အရေးပါမှု ရှိသည်ကို တွေ့ရသည်။ အကြောင်းမှာ တောင်အာဖရိကနိုင်ငံသည် လူမျိုးစုံ နေထိုင်လျက်ရှိပြီး အတိတ်သမိုင်းမှ ခွဲခြားဆက်ဆံမှုများကိုလည်း ခံစားခဲ့ကြရသည့် ရာဇဝင်ရှိခြင်းကြောင့် ဖြစ်သည်။ တောင်အာရိကနိုင်ငံ၏ လူနည်းစုအခွင့်အရေးများသည် အငြင်းပွားဖွယ် အနေအထားတစ်ရပ်တွင် ရှိနေသည်။ ဤသည်မှာ လူနည်းစုဖြစ်သူ လူဖြူတို့က အာဏာအလုံးစုံကို ချုပ်ကိုင်ထားရှိခဲ့ဖူးသောကြောင့် ဖြစ်သည်။ ထိုသူတို့က လူများစုဖြစ်သော လူမည်းတို့၏ အခွင့်အရေးများကို ဖောက်ဖျက်မှုများ ကျူးလွန်ခဲ့သည်ကိုလည်း 'အပ်ပါတိုက်' ကာလအတောအတွင်း တွေ့မြင်နိုင်သည်။ သို့ဖြစ်၍ လူနည်းစုအခွင့်အရေးများကို ကလဲ့စားချေမှုများ၊ ခွဲခြားဆက်ဆံမှုများမှ အကာအကွယ်ပြုနိုင်ရန်အတွက် လူဖြူအသိုင်းအဝိုင်းတို့က အသုံးပြုကြပေသည်။ ထိုအခြေအနေတို့ကို ကြည့်ခြင်းဖြင့် တရားမျှတမှု၊ ညီမျှမှု၊ လူများစုသဘောအရ အုပ်ချုပ်ဆုံးဖြတ်မှုနှင့် လူနည်းစုအခွင့်အရေးများအကြား ပဋိပက္ခများကို တွေ့မြင်သုံးသပ်နိုင်ပေသည်။

## လေ့ကျင့်ခန်း

- မလေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကောက်နုတ်ချက်ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

၁။ မလေးလူမျိုး လူများစု၏ အထူးအနေအထားကို အကာအကွယ်ပြုပေးရမည့် ယန်ဒီပါတရန်အဂုန် (နိုင်ငံတော်အကြီးအကဲ) ၏ အခန်းကဏ္ဍနှင့် အထက်လွှတ်တော်အဖွဲ့ဝင် ရွေးချယ်ပေးရမည့် အခန်းကဏ္ဍတို့အကြား ပဋိပက္ခဖြစ်ပွားလျက် ရှိသည်ကို တွေ့ရသည်။ ဤသည်က မလေးလူမျိုးများ ဘက်ကသာ ရပ်တည်ပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုသာ ရွေးချယ်ခန့်ထားခြင်းနှင့် လူနည်းစုတို့အကျိုးစီးပွားကို ထိပါးစေမည့် အခွင့်အရေးများ ပေါ်ပေါက်လာစေနိုင်မည် ဖြစ်သည်။

**၁။ အဖြေများ ကွဲလွဲလိမ့်မည်။ အောက်ပါအဖြေများကို အကြံပြုပေးနိုင်ပါသည်။**

- » လူနည်းစုအခွင့်အရေးများသည် ခိုင်မာအားကောင်းမှု မရှိသည်ကို တွေ့ရသည်။
- » လူနည်းစု ပြည်သူများအနေဖြင့် လူများစုဖြစ်သူ မလေးလူမျိုးများကဲ့သို့ နိုင်ငံရေးအရ ပါဝင်မှုနှင့် ကိုယ်စားပြုနိုင်မှုတို့ မရရှိ မခံစားနိုင်သည်ကို တွေ့မြင်နိုင်သည်။
- » ဥပဒေပြုရေးသည် လူများစုအလိုကျ ဖွဲ့စည်းခန့်ထားသည်ကို တွေ့မြင်နိုင်သည်။

## ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ ဖြစ်ရပ်လေ့လာချက်ပါ အခြေအနေရပ်များကို မိမိတို့ တိုင်းပြည်ရှိ အခြေအနေများနှင့် နှိုင်းယှဉ်သုံးသပ်ပါစေ။

**နီးစပ်သော အဖြေများ**

**သီရိလင်္ကာ – တူညီမှုများ**

**၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဘာသာရေးနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ပြပါရှိသည်။**

**(ဖွဲ့စည်းပုံအခြေခံဥပဒေပါ မူရင်းအတိုင်း)**

- » နိုင်ငံတော်သည် ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် သာသာသာသနာ ဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။
- » နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာ တည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်။
- » နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

**၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဘာသာစကားနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ပြပါရှိသည်။**

**(ဖွဲ့စည်းပုံအခြေခံဥပဒေပါ မူရင်းအတိုင်း)**

- » မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။
- » နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။
- » နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှု မရှိစေရန် ရှောင်ကြဉ်ရမည်။

**တောင်အာဖရိက – တူညီမှုများ**

- » မြေယာချထားသတ်မှတ်ရာတွင် အင်အားသုံးမှုများသည် လူမှုရေးပြဿနာရပ် တစ်ရပ်အဖြစ် တည်ရှိနေသည်ကို နှစ်နိုင်ငံလုံးတွင် တွေ့ရှိနိုင်သည်။
- » တိုင်းရင်းသားပဋိပက္ခများကို ကြုံတွေ့ခံစားခဲ့ကြရပြီး စည်းလုံးမှုတည်ဆောက်ရေးဖြစ်စဉ်တွင် အခက်အခဲများ ရင်ဆိုင်နေရသည်ကို တွေ့မြင်နိုင်သည်။

**မလေးရှား – တူညီမှုများ**

- » ဥပဒေပြုရေး၏ အဖွဲ့ဝင်အချို့သည် အရွေးကောက်ခံထားရခြင်း မဟုတ်ကြ၊ ရွေးချယ်ခန့်အပ်ခံထားရခြင်း ဖြစ်သည်။

# အပိုင်း(၂) – ပြန်လည်သုံးသပ်ခြင်း

## နားလည်မှု စစ်ဆေးခြင်း

- မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

**၁။ အဖြေများ ကွဲလွဲလိမ့်မည်။ အောက်ပါ အဖြေများကို အကြံပြုပေးနိုင်ပါသည်။**

» နိုင်ငံတော်တိုင်းတွင် အစိတ်အပိုင်း (၃) ရပ် ပါဝင်သည်။ (ပြည်သူလူထု၊ နိုင်ငံတော်၏ နယ်နမိတ်၊ နိုင်ငံရေး အဆောက်အအုံယန္တရားများ)

» နိုင်ငံတော်သည် အချုပ်အခြာအာဏာ ပိုင်စိုးသည်။

» နိုင်ငံတော်တို့သည် တရားဝင် အင်အားသုံးခြင်းကို တစ်ဦးတည်း ချုပ်ကိုင်ထားနိုင်သည်။

» နိုင်ငံတော်ကို နိုင်ငံရေး အဆောက်အအုံယန္တရားများဖြင့် ဖွဲ့စည်းထားရှိသည်။

၂။ အမျိုးသားတစ်ရပ် (လူမျိုးစုတစ်စု) သည် တူညီသည့် ယဉ်ကျေးမှု၊ ဘာသာစကား၊ သမိုင်းနောက်ခံတို့ မျှဝေ ကျင့်သုံးသော အသိုင်းအဝိုင်းကို ကိုယ်စားပြုသည်။ သို့ရာတွင် အမျိုးသားတစ်ရပ်သည် အတူတကွ ရပ်တည် ရှင်သန်လျက်ရှိသည့် လူမှုအသိုင်းအဝိုင်းကိုသာ ရည်ညွှန်းပြီး လူမျိုးစုတို့မှာမူ ကမ္ဘာအနှံ့ ပြန့်နှံ့နေနိုင်သည်။ ထို့အပြင် 'အမျိုးသား' (nations) တို့သည် နိုင်ငံရေး ပန်းတိုင်များနှင့် အကျိုးတရားတို့လည်း တူညီစွာ ရှိနိုင်ကြပြီး လူမျိုးစုတို့မှာမူ ထိုသို့ တူညီခြင်း မရှိနိုင်ကြ။ အမျိုးသားတစ်ရပ်တွင် လူမျိုးစုအမြောက်အများ သက်ဆိုင် ပါဝင်လျက်ရှိနိုင်သည်။

၃။ လူမျိုးစုဆိုင်ရာ လက္ခဏာရပ်သည် လူမျိုးစုတစ်စုနှင့် သက်ဆိုင်ပါဝင်မှုရှိခြင်းဟူသည့် ခံစားချက်ကိုအခြေခံသည်။ နိုင်ငံသားဆိုင်ရာ လက္ခဏာရပ်မှာ နိုင်ငံတော်တစ်ရပ်၏ နိုင်ငံသားဖြစ်ခြင်းနှင့် ဆက်နွှယ်နေသည်။

၄။ လူမျိုးစုစရိုက်လက္ခဏာရပ်ကို အခြေခံသည့် အမျိုးသားရေး ဝါဒကို 'လူမျိုးစုအခြေပြု အမျိုးသားရေးဝါဒ' ဟု ခေါ်ဆို သည်။ ထိုအမျိုးသားရေးဝါဒီတို့သည် လူမျိုးစုတစ်စု၏ အမှတ်သင်္ကေတများ၊ သမိုင်းနောက်ခံနှင့် ရိုးရာယဉ်ကျေးမှု တို့ကို အသုံးပြုလျက် ထောက်ခံမှုရရှိအောင် ဆောင်ရွက် တတ်ကြပေသည်။

၅။ နိုင်ငံသားအခြေပြုအမျိုးသားရေးဝါဒသည် နိုင်ငံသား ဆိုင်ရာ စရိုက်လက္ခဏာရပ်များအပေါ်တွင် အခြေခံနေကြပေ သည်။ ထိုအမျိုးသားရေးဝါဒီတို့သည် နိုင်ငံသားဆိုင်ရာ အမှတ်သင်္ကေတများ၊ တန်ဖိုးများကို အသုံးချပြီး လက်တွဲ လုပ်ဆောင်မှု၊ စေ့စပ်ညှိနှိုင်းမှုနှင့် စည်းလုံးမှုတို့ကို ပေးစွမ်း ကြပေသည်။

၆။ ဥပဒေတစ်ခုချမှတ်လိုက်သည့်အခါတွင် နိုင်ငံသားတိုင်း အပေါ် သက်ရောက်မှုရှိသည်။ မူဝါဒတို့မှာမူ ရေးဆွဲသူ အစိုးရတို့နှင့်သာ သက်ဆိုင်သည်။ ထိုမူဝါဒ တို့အပေါ်တွင် ကန့်ကွက်သူလည်း ရှိနိုင်သည်၊ မျက်ကွယ်ပြုထားသည် လည်း ရှိနိုင်သည်။ ဥပဒေများသည် ရေရှည်တည်တံ့သည်။ ဥပဒေတစ်ရပ်ကို ပြင်ဆင်ရန်၊ ဖြုတ်ပယ်ရန်အတွက် လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ရသည်။ မူဝါဒများမှာမူ အစိုးရ အသစ်တက်သည့်အခါတိုင်း ကွဲပြားနိုင်သည်။

၇။ အပြန်အလှန်ထိန်းကျောင်းမှု စနစ်သည် အစိုးရမဏ္ဍိုင် အချင်းချင်းအကြား အာဏာကန့်သတ်စေပြီး မဏ္ဍိုင် (၃) ရပ် စလုံး၏ အာဏာကို ညီမျှစေသည်၊ တူညီလာစေမည်။ ထို့အပြင် မတူညီသည့် မဏ္ဍိုင်အသီးသီးမှာ အချင်းချင်း အမှီသဟဲပြုနေကြရသည့်အလျောက် အတူတကွ လုပ်ဆောင် လာစေမည်လည်းဖြစ်သည်။

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အစိုးရ ပြဋ္ဌာန်း ထားသည့် ဥပဒေများက ဖွဲ့စည်းပုံပါ အခြေခံဥပဒေများနှင့် ကိုက်ညီမှုရှိအောင် စစ်ဆေးပေးရသည်။

၉။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဆိုသည်မှာ ဗဟိုအစိုးရထံမှ အာဏာကို ဒေသအစိုးရများက ပိုင်ဆိုင်ထားနိုင်ခြင်းပင် ဖြစ်သည်။

၁၀။ ပြည်ထောင်စုစနစ်သည် ဗဟိုအစိုးရနှင့် ဒေသဆိုင်ရာ အစိုးရအသီးသီးအကြား အစိုးရပိုင်းဆိုင်ရာ အခွင့်အရေး၊ တာဝန်များ ပိုင်းခြားထားရှိသော နိုင်ငံရေးစနစ်ဖြစ်သည်။ တစ်ပြည်ထောင်စနစ်တွင် ဗဟိုအစိုးရသည် ဒေသအစိုးရများ နှင့် နိုင်းယှဉ်ပါက အာဏာရှင်ဆိုင်မှု ပိုမိုများပြားပေသည်။

၁၁။ 'ဖွဲ့စည်းပုံအခြေခံဥပဒေ' ဆိုသည်မှာ အစိုးရ၏ ဖွဲ့စည်း တည်ဆောက်ပုံနှင့် အာဏာတို့အကြောင်း စီစဉ်ရေးဆွဲ ထားချက်များပင်ဖြစ်သည်။ ၎င်းတို့တွင် –

» နိုင်ငံတော်၏ အခြေခံတန်ဖိုးများ။

» အစိုးရအင်စတီကျူးရှင်းတစ်ရပ်စီ၏ အခွင့်အရေး၊ တာဝန်နှင့် အာဏာများ။

» ဥပဒေတို့ကို ရေးဆွဲချမှတ်ပုံ၊ အကောင်အထည်ဖော်ပုံနှင့် သက်ရောက်စေပုံ နည်းစနစ်များ။

» နိုင်ငံသားတို့၏ အခြေခံအခွင့်အရေးများ၊ အစရှိသည်တို့ ထည့်သွင်းပါရှိပေသည်။

၁၂။ အရေးပေါ်အာဏာ ဆိုသည်မှာ –

» ဆုံးဖြတ်ချက်ချမှတ်မှုနှင့် သက်ဆိုင်သည့် အာဏာတိုင်းကို အုပ်ချုပ်ရေးသို့ ပေးအပ်ထားခြင်းဖြစ်သည်။

» အခြေခံကျသည့် အခွင့်အရေးများအား ယာယီ

ကန့်သတ်ထားခြင်း၊ ရပ်ဆိုင်းထားခြင်းဖြစ်သည်။

- » အရေးပေါ်အာဏာသည် အမျိုးသားရေးအကျပ်အတည်း ဖြစ်ပွားနေချိန်မျိုးတွင်သာ အသုံးပြုသည်။

၁၃။ 'လူနည်းစုအခွင့်အရေးများ' သည် နိုင်ငံသားတို့၏ အခြေခံအခွင့်အရေးများကို မချိုးဖောက်စေဘဲ အစိုးရများ ဒီမိုကရက်တစ်ဆန်စေရန် ပံ့ပိုးပေးပေသည်။ ထို့အပြင် 'လူနည်းစုအခွင့်အရေးများ' သည် လူဦးရေအနည်းငယ်မျှဖြင့် အသာစီးရရှိထားသူ လူများစုတို့က အောက်ပါ ဆုံးဖြတ်ချက်များ မချမှတ်စေရေးအတွက်လည်း ကာကွယ်ပေးထားသည်။

- » ပြင်ဆင်ပြောင်းလဲရန် မလွယ်ကူသည့် ဥပဒေများ (ဥပမာ – အာဏာရှင်စနစ် ထူထောင်ခြင်း)။
- » ဆုံးဖြတ်ချက်ချမှတ်မှုများတွင် လူနည်းစုတို့ကို မပါဝင်စေခြင်း။
- » လူနည်းစုအခွင့်အရေးများအပေါ် ချိုးဖောက်စေနိုင်၊ ခွဲခြားဖိနှိပ်လာစေနိုင်သည့် ဆုံးဖြတ်မှုများ၊ အစရှိသည်တို့ ပါဝင်ကြပေသည်။

၁၄။ SMD စနစ်တွင် မဲဆန္ဒနယ်တစ်နယ်စီမှ ဥပဒေပြုရေး 'နေရာ' တစ်နေရာသာ ရရှိမည်ဖြစ်သည်။ မဲဆန္ဒရှင်များ အနေဖြင့် ပါတီကို မဲပေးကြရခြင်းမဟုတ်၊ ကိုယ်စားလှယ်လောင်းကိုသာ မဲပေးရသည်။ ကိုယ်စားလှယ်လောင်း အားလုံးတို့အနက်မှ ထောက်ခံမဲအများဆုံး ရရှိထားသူသာလျှင် ဥပဒေပြုရေးတွင် ပါဝင်နိုင်ပေမည်။

၁၅။ PR စနစ်သည် အဖွဲ့ဝင်အများကိုယ်စားပြုသည့် နယ်မြေစနစ် (Multi-members districts – MMDs) ကို အခြေခံထားသည်။ ထိုစနစ်တွင် မဲဆန္ဒနယ်တစ်ရပ်အတွက် နေရာတစ်နေရာထက် ပိုမို ပေးအပ်ထားသည်။ မဲဆန္ဒရှင်များသည် မဲဆန္ဒနယ်အတွင်းမှ ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကို ထောက်ခံမဲ မပေးရ၊ ပါတီတစ်ရပ်ကိုသာပေးရ၏။ ပါတီအနေဖြင့် ကိုယ်စားပြုမည့် ကိုယ်စားလှယ်လောင်းကို ပါတီဝင်များထဲမှ ရွေးချယ်ခန့်ထားပေးရပေသည်။

# အခန်း (၇) သတင်းမီဒီယာ

## ၇.၁ သတင်းမီဒီယာနှင့် နိုင်ငံရေး

### ၇.၁.၁ ပြည်သူ့အမြင်သဘောထား

**အကြိုသင်ခန်းစာ**

၁။ 'ပြည်သူ့အမြင်သဘောထား' ဟူသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကို ဆွေးနွေးပါစေ။

၂။ 'ပြည်သူ့အမြင်သဘောထား' တို့သည် နိုင်ငံရေးတွင် အဘယ့်ကြောင့် အရေးပါရသည်ကို ဆွေးနွေးဖော်ထုတ်ပါစေ။

- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၇.၁.၁) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

**နီးစပ်သော အဖြေများ**

၁။ ပြည်သူ့အမြင်သဘောထားဆိုသည်မှာ ပြဿနာတစ်ရပ်ရပ်၊ ဖြစ်ရပ်တစ်ခုခု အပေါ်တွင်လည်းကောင်း၊ ဆုံးဖြတ်ချက်တစ်ရပ် သို့မဟုတ် နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူတစ်ဦး (ဥပမာ – နိုင်ငံရေးသမားများ၊ ပါတီများ၊ အစိုးရ) အပေါ်တွင်လည်းကောင်း ထားရှိသည့် ပြည်သူလူထုအများစု၏ ယေဘုယျ ရှုမြင်ခံစားချက်များကို ဆိုလိုပေသည်။

၂။ နိုင်ငံရေးသမားတစ်ဦးဦး၊ အစိုးရတစ်ရပ်၊ မူဝါဒတစ်ရပ်မည်မျှ လူကြိုက်များ ထောက်ခံမှု ရရှိသည်ကို ပြည်သူ့သဘောထားများက ထင်ဟပ်လျက်ရှိသည်။ ဒီမိုကရေစီစနစ်တစ်ရပ်တွင် လူထုအကြား လူကြိုက်နည်းခြင်းသည် အာဏာရပါတီကို ရွေးကောက်ပွဲ၌ ရှုံးနိမ့်စေမည်ဖြစ်ပြီး အာဏာလက်လွှတ် ဖြစ်စေနိုင်ပေသည်။

**လေ့ကျင့်ခန်း**

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

၁။ ပြည်သူ့အမြင်သဘောထားစစ်တမ်းဆိုသည်မှာ ပြဿနာကိစ္စရပ်တစ်ခုနှင့် စပ်လျဉ်းပြီး လူအများ မည်သို့ ရှုမြင်သည်ကို မေးခွန်းလွှာများ အသုံးပြု၍ အကဲခတ်ခြင်း ဖြစ်ပေသည်။

၂။ ပြည်သူ့အမြင်သဘောထားစစ်တမ်းသည် ပြည်သူ့အမြင်သဘောထားများကို တိုင်းတာစစ်ဆေးရာတွင် အသုံးပြုသည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။ ထိုသို့ စစ်တမ်းကောက်ယူခြင်းဖြင့် မည်သည့် မူဝါဒများ၊ အယူဝါဒများ လူထုအကြား လူကြိုက်များမှု ရှိသည်ကို သိရှိနိုင်စေမည်ဖြစ်သည်။ ထိုအကြောင်းအရာတို့ကို နိုင်ငံရေးသမားများ သိရှိထားခြင်းဖြင့် အဆိုပါအများကြိုက် မူဝါဒများ၊ အယူအဆများကို ထောက်ခံပံ့ပိုးနိုင်စေပြီး ၎င်းတို့၏ သြဇာကို တိုးမြှင့်စေနိုင်မည်ဖြစ်သည်။

**လုပ်ငန်းများ**

၁။ စာမျက်နှာ (၂၀၂ မှ ၂၀၅) တွင် ပါရှိသည့် ဖြစ်စဉ်ပြဇယားကို လေ့လာသုံးသပ်ပါစေ။

- ထိုဖြစ်စဉ်ပြဇယားပါ ဖြစ်ရပ်များအနက်မှ ပြည်သူ့အမြင်သဘောထားတို့က အစိုးရဆုံးဖြတ်ချက်များအပေါ် သက်ရောက်မှု ရှိခဲ့သည့် ဖြစ်ရပ်များကို ဆွေးနွေး ဖော်ထုတ်ပါစေ။ နှစ်ယောက် တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ပါစေ။

**နီးစပ်သော အဖြေများ**

- » ၁၉၇၄ ဦးသန့်အရေးအခင်း၊
- » ၁၉၈၈ ဆန္ဒပြပွဲများ (၈၈၈၈ အရေးအခင်း)၊
- » ၁၉၉၀ ရွေးကောက်ပွဲများ၊
- » ၂၀၀၇ ရွှေဝါရောင်အရေးအခင်း၊
- » ၂၀၁၁ မြစ်ဆုံဆည်၊
- » ၂၀၁၂ လက်ပတောင်းတောင်အရေးအခင်း၊
- » ၂၀၁၂ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်များအကြား အရေးအခင်း၊
- » ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ။

၂။ အစိုးရဆုံးဖြတ်ချက်များက ပြည်သူ့သဘောထားအပေါ် သက်ရောက်ခဲ့သည့် ဖြစ်ရပ်များကိုလည်း ဆွေးနွေးဖော်ထုတ်ပါစေ။

**နီးစပ်သော အဖြေများ**

- » ၁၉၂၀ တက္ကသိုလ်သပိတ်၊
- » ၁၉၃၀ တို့ဗမာအစည်းအရုံးဖွဲ့စည်းခြင်း၊
- » ၁၉၃၀ – ၃၁ ဆရာစံ ပုန်ကန်မှု၊
- » ၁၉၄၆ – ၄၇ ပင်လုံညီလာခံ၊
- » ၁၉၆၁ နိုင်ငံတော်ဘာသာရေး အတ်ဥပဒေ၊
- » ၁၉၆၂ စစ်တပ်မှ အာဏာသိမ်းခြင်း၊
- » ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ရေးဆွဲခြင်း၊
- » ၁၉၇၄ ဦးသန့် အရေးအခင်း၊
- » ၁၉၈၈ ဆန္ဒပြပွဲများ။

## လုပ်ငန်းများ – သဘောထားစစ်တမ်းကောက်ယူခြင်း

- စာမျက်နှာ (၆၉) ပါ မေးခွန်းလွှာများကို ပြန်လည်ကြည့်ရှုသုံးသပ်စေပြီး ဖော်ပြပါရှိသည့် ဥပမာ မေးခွန်းတို့ကိုလည်း လေ့လာ ဖတ်ရှုပါစေ။
  - » ထိုမေးခွန်းလွှာများသည် ကျောင်းသားတို့၏ ထင်မြင်ချက်များကို မေးမြန်းဆန်းစစ်ရမည် ဖြစ်ပြီး 'ထင်မြင်သည်' နှင့် 'မထင်မြင်' ဟူသော အဖြေ ၂ ခုကိုသာ ဖြေဆိုကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောပြထားပါ။
  - » 'ထင်မြင်သည်' ဆိုသည့် အဖြေများသည် ရပ်တည်ချက်တစ်ရပ်ကို ထောက်ခံမည်ဖြစ်သည်။
  - » ထို့အတူ 'မထင်မြင်' ဟူသည့် အဖြေများက ဆန့်ကျင်ဘက် ရပ်တည်ချက်ကို ကိုယ်စားပြုမည်ဖြစ်သည်။

၁။ အဖွဲ့များ ဖွဲ့ပေးပါ။ ဤစာအုပ်တွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာ တစ်ရပ်အပေါ်တွင် အခြေခံပြီး ကျောင်းသားတို့၏ ရှုမြင်ခံစားမှုများကို စစ်တမ်းကောက် သုံးသပ်ပေးရမည် ဖြစ်သည်။ ထိုအကြောင်းအရာများသည် –

  - » ဝါဒရေးရာ (ဥပမာ။ ။ ဆိုရှယ်လစ်ပိုကျသည်၊ သို့မဟုတ် လစ်ဘရယ်လ်ပိုကျသည်ကို ဆန်းစစ်ရန်)။
  - » စရိုက်လက္ခဏာ (ဥပမာ – အမျိုးသားနိုင်ငံနှင့် နိုင်ငံတော်အသားပေး အမျိုးသားနိုင်ငံတို့အနက် မည်သည်ကို ပိုမို လက်ခံသည်)။
  - » နိုင်ငံရေးအဆောက်အအုံယန္တရားဆိုင်ရာ အကြောင်းအရာများ (ဥပမာ – ဒေသအဆင့်အရ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် အမျိုးသားအဆင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အနက် မည်သည်ကို သဘောကျထောက်ခံသည်)၊ အစရှိသည်တို့အကြောင်း မေးမြန်းဆန်းစစ်နိုင်ကြမည်ဖြစ်သည်။

- ကျောင်းသားတို့ ရွေးချယ်ထားသည့် အကြောင်းအရာအတွက် မေးခွန်းလွှာတစ်ရပ် ပြုစုဖန်တီးပါစေ။ ထိုမေးခွန်းလွှာတွင် မေးခွန်း (၅) ခုမှ (၁၀) ခုအထိ ပါရှိရမည်ဖြစ်သည်။
- ထိုသို့ ပြုစုရာတွင်လည်း ဥပမာပြထားသည့် မေးခွန်းများနှင့် အကြောင်းအရာတို့ကို အသုံးမပြုရချေ၊ မေးခွန်းလွှာ အသစ်တစ်ရပ် ဖန်တီးစေရမည်ဖြစ်သည်။ (သို့ရာတွင် ဥပမာပြထားသည့် အကြောင်းအရာအပေါ်တွင်သာ စစ်တမ်းကောက်လိုပါက အသုံးပြုနိုင်မည်။)

၂။ ထိုမေးခွန်းများကို အခြေခံပြီး အတန်းသားတို့၏ လက်ခံယုံကြည်ချက်များကို ဆန်းစစ်ပါစေ။ ထိုသို့ မေးမြန်းဆန်းစစ်ရာတွင် အဖွဲ့တစ်ဖွဲ့စီမှ အဖွဲ့ဝင်တစ်ဦးစီကို ရွေးချယ်သတ်မှတ်ထားပြီး အတန်းသားများကို လှည့်လည် မေးမြန်းစေနိုင်မည်၊ အတန်းသားတို့၏ ဖြေကြားချက် များကိုလည်း မှတ်သားထားရှိပါစေ။

- အတန်းသားအားလုံးကို မေးမြန်းပြီးပါက ကျောင်းသား မည်မျှက ထင်မြင်ကြောင်းဖြေဆိုသည်၊ မထင်မြင်ဟု ကျောင်းသား မည်မျှက ဖြေဆိုသည်စသည်ဖြင့် ရလဒ်များကို ရေတွက်စေနိုင်မည်။
- ထိုရလဒ်များကို အခြေခံပြီး မိမိတို့ ရွေးချယ်ထားသည့် အကြောင်းအရာအပေါ် အတန်းသားတို့၏ သဘောထားခံယူချက် မည်သို့ မည်ပုံရှိကြောင်း ဆန်းစစ်စေနိုင်မည် ဖြစ်သည်။

၃။ ကောက်ယူရရှိသည့် ရလဒ်များနှင့် ဆန်းစစ်ချက်များကို အဖွဲ့လိုက် တင်ပြပြောဆိုစေနိုင်မည်။ ထိုသို့ ပြောဆိုစေရာတွင် အောက်ပါ အချက်များ ပါရှိပါစေ။

- ရည်ရွယ်ချက် (မည်သည့် အကြောင်းအရာကို ဆန်းစစ်ခြင်း ဖြစ်သည်)။
- မေးခွန်းလွှာ၏ ဖြေဆိုမှုရလဒ်။
- ဆန်းစစ်ချက်/ နိဂုံးချုပ် (အတန်းသားတို့၏ အယူဝါဒ/ စရိုက်လက္ခဏာရပ်/ ခံယူချက်များနှင့် စပ်လျဉ်းပြီး မည်သည်တို့ကို ဖော်ထုတ် တွေ့ရှိမိကြောင်း)။

## ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ ပြီးခဲ့သည့် လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်စေပြီး မေးခွန်းတို့ကို ဆွေးနွေးပါစေ။

## နိုးစပ်သော အဖြေများ

၁။ အဖြေများ ကွဲလွဲလိမ့်မည် ဖြစ်သည်။ အောက်ပါအဖြေများကိုလည်း အကြံပြုပေးနိုင်ပါသည်။

  - » အတန်းသားများသည် လစ်ဘရယ်လ်ထက် ဆိုရှယ်လစ်ပိုဆန်သည်။
  - » အတန်းသားများသည် နိုင်ငံသားအခြေပြု အမျိုးသားရေးထက် လူမျိုးစုအခြေပြုအမျိုးသားကို ပိုမိုထောက်ခံသည်။
  - » အတန်းသားများသည် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကို ပိုမိုထောက်ခံမှုရှိသည်။

၁။ အဖြေများ ကွဲလွဲလိမ့်မည် ဖြစ်သည်။ အောက်ပါအဖြေများကိုလည်း အကြံပြုပေးနိုင်ပါသည်။

  - » မိသားစုအသိုင်းအဝိုင်း၊
  - » ပညာရေး၊
  - » သတင်းစာ၊ ရုပ်မြင်သံကြားများကို ဖတ်ရှုလေ့ရှိခြင်း၊
  - » နိုင်ငံရေးအကြောင်း ဆွေးနွေးပြောဆိုမှုရှိခြင်း၊
  - » မိမိကိုယ်ကို သုံးသပ်မှုနှင့် စဉ်းစားတွေးခေါ်မှုရှိခြင်း။

၂။ **အဖြေများ ကွဲလွဲလိမ့်မည် ဖြစ်သည်။ အောက်ပါ အဖြေများကိုလည်း အကြံပြုပေးနိုင်ပါသည်။**

» ကျား/မ ဖြစ်မှု၊

» အသက်အရွယ်၊

» လူမျိုး/ မျိုးနွယ်၊

» ကိုးကွယ်ယုံကြည်မှု၊

» အဆင့်အတန်း၊

» ဥစ္စာပိုင်ဆိုင်မှု၊

» ပညာရေး။

## ၇.၁.၂ ပြည်သူ့သဘောထားတို့၏ အကျိုးအပြစ်

### အကြံပြုသင်ခန်းစာ

- ပေးထားသော မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၇.၁.၂) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

**နိုးစပ်သော အဖြေများ**

၁။ **အဖြေများ ကွဲလွဲလိမ့်မည် ဖြစ်သည်။ အောက်ပါအဖြေများကိုလည်း အကြံပြုပေးနိုင်ပါသည်။**

» ပြည်သူ့သဘောထားတို့ကို တိုင်းတာဆန်းစစ်ခြင်းဖြင့် အစိုးရများမှာ ပြည်သူ့လိုအင်များကို သိရှိလာစေမည်ဖြစ်သည်။ သို့မှလည်း ပြည်သူတို့၏ လိုအင်များနှင့် အညီ မူဝါဒများကို ချမှတ်ရေးဆွဲနိုင်မည်။

» ပြည်သူ့သဘောထားတို့ကို တိုင်းတာခြင်းဖြင့် အစိုးရများမှာ မိမိတို့၏လုပ်ဆောင်ချက်များ မည်မျှလူကြိုက်များမှု ရှိသည်ကို သိရှိစေနိုင်ပေမည်။

» ထိုသို့ အစိုးရများမှ သိရှိထားခြင်းဖြင့် မူဝါဒအမျိုးမျိုးတို့ကို ရွေးချယ်ဖော်ဆောင်ပေးနိုင်ပြီး ခက်ခဲသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်လည်းဖြစ်သည်။

၂။ **အဖြေများ ကွဲလွဲလိမ့်မည် ဖြစ်သည်။ အောက်ပါ အဖြေများကိုလည်း အကြံပြုပေးနိုင်ပါသည်။**

» ပြည့်သူ့သဘောထားတို့ကို တိုင်းတာဆန်းစစ်သည့် နည်းလမ်း အချို့တို့မှာ တိကျမှုမရှိနိုင်၊ ဘက်လိုက်မှုများ ရှိနိုင်သည်။

» ပြည်သူများမှာ ကိစ္စရပ်များအပေါ် ဂဃနဏ သိရှိထားမည် မဟုတ်ကြ။

» ပြည်သူ့သဘောထားတို့သည် လွယ်လွယ်ကူကူ ပြောင်းလဲသွားနိုင်သည်။ ထိုသဘောထားများသည် ဝါဒဖြန့်မှုများနှင့် ဆင်ဆာဖြတ်တောက်မှုများ၏ စိုးမိုးသက်ရောက်မှု ခံရနိုင်သည်။

### လုပ်ငန်းများ

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ပြည်သူ့သဘောထားတို့၏ အကျိုး၊ အပြစ်များကို ဆွေးနွေး ဖြေဆိုပါစေ။

**အဖြေများ**

**အကျိုး – ၁၊ ၃၊ ၅။**

**အပြစ် – ၂၊ ၄၊ ၆၊ ၇၊ ၈၊ ၉။**

**ဆွေးနွေးချက်**

- အစိုးရဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြည်သူ့သဘောထားတို့ကို မည်မျှထည့်သွင်း စဉ်းစားသင့်ကြောင်း ဆွေးနွေးပါစေ။ အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ လုပ်ဆောင်ပါစေ။

## ၇.၁.၃ လူထုမီဒီယာ

**အကြံပြုသင်ခန်းစာ**

- မည်သည့် မီဒီယာအမျိုးအစားကို ဖတ်ရှု/ ကြည့်ရှုလေ့ရှိသည်၊ နားထောင်လေ့ရှိသည်ကို ဆွေးနွေး မေးမြန်းပါစေ။
- သင်ပုန်းပေါ်တွင် မီဒီယာအမျိုးအစား အမျိုးမျိုးကို ရေးသားဖော်ပြပေးပါ။ (ဥပမာ ။ ။ ဝက်ဘ်ဆိုက်များ၊ သတင်းစာများ၊ ရေဒီယိုများ၊ စသည်)
- ထိုအမျိုးအစားတစ်ရပ်စီ၏ အောက်တွင် သတင်းအချက်အလက် ရယူနိုင်သည့် အရင်းအမြစ်များကို အမည်တပ်ပြုစုပါစေ။ ဥပမာ။ ။

**သတင်းစာများ**

» Eleven သတင်းစာ၊

» မြန်မာတိုင်းမ်၊

» ဘန်ကောက်ပို့စ်၊

» The Voice အပတ်စဉ် ဂျာနယ်၊

» မြန်မာ့အလင်းသတင်းစာ။

**ရေဒီယို**

» Shwe FM

» Mandalay FM

**ရုပ်မြင်သံကြား**

» MRTV 4

» မြဝတီ ရုပ်မြင်သံကြား

**အင်တာနက်**

» Facebook

» သစ်ထူးလွင်

- သင်ခန်းစာ (၇.၁.၃) ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုပါစေ။

## ၇.၁.၄ လူထုမီဒီယာ၏ အဓိကအခန်းကဏ္ဍများ

### အကြံပြုသင်ခန်းစာ

- ပေးထားသော မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၇.၁.၄) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

» ဖျော်ဖြေပေးရန်၊

» သတင်းအချက်အလက်များ ပေးစွမ်းနိုင်ရန်၊

» သတင်းများ တင်ပြအစီရင်ခံရန်၊

» လက်တလောဖြစ်ရပ်များအကြောင်း ဆန်းစစ်သုံးသပ်ရန်။

### လုပ်ငန်းများ

- မီဒီယာ၏ အခန်းကဏ္ဍအမျိုးမျိုး (ရုပ်ပုံ က မှ စ အထိ) ကို လေ့လာ ကြည့်ရှုပါစေ။ နားမလည်သည်တို့ကို ရှင်းလင်းပြသပေးပါ။

၁။ တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖော်ပြပါ ကဏ္ဍများကို အရေးပါမှုအလိုက် စီစဉ်သတ်မှတ်ပါစေ။ ထိုသို့ သတ်မှတ်ရာတွင် ကျောင်းသားတို့၏ ထင်မြင်ချက်များအရ (ကျောင်းသားတို့အနေဖြင့် မီဒီယာမှ မည်သည်တို့ကို ရရှိခံစားလိုသည်ကို မူတည်ပြီး) ဆုံးဖြတ်သတ်မှတ်ပါစေ။

၂။ ထိုကဏ္ဍတို့ကို သာမန်သတင်းစာဖတ်သူတစ်ဦးနေရာမှ နေပြီး အရေးပါမှုအလိုက် စီစဉ်သတ်မှတ်ပါစေ။

### နီးစပ်သော အဖြေများ

၁။ ဖျော်ဖြေပေးရန် (က)

၂။ သတင်းများ တင်ပြအစီအရင်ခံရန် (ခ)

၃။ သတင်းများအား ဆန်းစစ်သုံးသပ်ရန် (ဃ)

၄။ ပြဿနာရပ်များကို ရှာဖွေစိစစ်ရန် (ဂ)

၅။ သတင်းတန်ဖိုး/ သင့်လျော်မှု ပိုင်းဖြတ်ရန် (င)

၆။ အကျိုးအမြတ်ရရှိရန် (စ)

၃။ ထိုကဏ္ဍတို့ကို သတင်းစာတစ်စောင်၏ အမြင်ကိုယူ၍ အရေးပါမှုအလိုက် စီစဉ်သတ်မှတ်ပါစေ။

### နီးစပ်သော အဖြေများ

၁။ အကျိုးအမြတ်ရရှိရန် (စ)

၂။ သတင်းတန်ဖိုး/ သင့်လျော်မှု ပိုင်းဖြတ်ရန် (င)

၃။ ဖျော်ဖြေပေးရန် (က)

၄။ သတင်းများ တင်ပြအစီအရင်ခံရန် (ခ)

၅။ သတင်းများအား ဆန်းစစ်သုံးသပ်ရန် (ဃ)

၆။ ပြဿနာရပ်များကို ရှာဖွေစိစစ်ရန် (ဂ)

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ ဖော်ပြပါ လုပ်ဆောင်ချက်ကို အတူတကွ ပြန်လည်ဆန်းစစ်ကြရမည်။
- အောက်ပါ မေးခွန်းများကို အသုံးပြုပြီး ဆန်းစစ်သုံးသပ်ပါစေ။

» မည်သည်က အရေးပါဆုံး ဖြစ်သနည်း။

» အဘယ့်ကြောင့်နည်း။

» မည်သည်က အရေးပါမှု အနည်းဆုံးနည်း။

» အဘယ့်ကြောင့်နည်း။

### နီးစပ်သော အဖြေများ

» သတင်းစာများသည် အကျိုးအမြတ်ကိုသာ ကြည့်တတ်ကြသည်။ 'အကျိုးအမြတ်ရရှိရန်' ဟူသည့်အချက်က သတင်းစာများအတွက် အရေးပါမှုအရှိဆုံးဖြစ်သည်။ အကြောင်းမှာ ပုဂ္ဂလိက သတင်းစာများသည် စီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည့် အတွက်ကြောင့်ပင် ဖြစ်သည်။

» သတင်းစာ ဖတ်သူများသည် 'ဖျော်ဖြေမှု ရရှိရန်' ကို အလေးအထားဆုံး ဖြစ်သည်။ ထို့ကြောင့်လည်း အားကစား၊ လူသိများ ထင်ရှားသူများအကြောင်းကိုသာ စိတ်ဝင်စားကြပြီး အခြားသော ကိစ္စရပ်များကို အလေးပေးခြင်း မရှိတတ်ကြချေ။

» သတင်းစာဖတ်သူ အချို့သည် 'သတင်းများ ဆန်းစစ်ခြင်း' ကို အလေးထားကြသည်ကို တွေ့ရသည်။ ယနေ့အချိန်တွင် မီဒီယာလွတ်လပ်ခွင့် ပိုမိုရရှိလာကြသည့်အလျောက် နိုင်ငံရေးအရ မည်သို့ ဖြစ်ပျက်နေသည်ကို ပိုမိုသိရှိလိုလာကြသည်။

» 'သတင်းတန်ဖိုး ပိုင်းဖြတ်မှု' နှင့် 'အကျိုးအမြတ်ရရှိမှု' တို့သည် သတင်းစာများအတွက် အရေးအပါဆုံး ဖြစ်နိုင်သည်။ လူထုသတင်းမီဒီယာ အဖွဲ့အစည်းများသည် အာဏာကြီးစိုးနိုင်ရန် ကြိုးပမ်းလာကြသည့်အတွက် ကြောင့်ပင် ဖြစ်သည်။

» သတင်းများအား ဆန်းစစ်ခြင်းသည် အရေးပါလှပေသည်။ လူမှုရေး၊ နိုင်ငံရေးအခြေအနေများကို နားလည်သိရှိထားခြင်းက နိုင်ငံသားအဖြစ် တက်တက်ကြွကြွ လှုပ်ရှားပါဝင်ရေးတွင် လိုအပ်ခြင်းကြောင့်ပင် ဖြစ်သည်။ သို့ရာတွင် သတင်းစာ အများစုသည် ထိုအချက်ကို ပေးစွမ်းရမည့်အစား အားကစားနှင့် အငြင်းပွားမှု နည်းသည့် အကြောင်းအရာများကိုသာ အလေးပေး ဖော်ပြတတ်ကြသည်ကို တွေ့ရသည်။

## ၇.၁.၅ လွတ်လပ်သောမီဒီယာတစ်ရပ်၏ အရေးပါမှု

### အကြံပြုသင်ခန်းစာ

- ပေးထားသော မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၇.၁.၅) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

စာနယ်ဇင်းလွတ်လပ်ခွင့်သည် နိုင်ငံရေးအရ မြင်သာမှုနှင့် တာဝန်ခံမှုတို့ကို ပေးစွမ်းနိုင်သည့်အတွက်ကြောင့် အရေးပါမှု ရှိပေသည်။ စာနယ်ဇင်းလွတ်လပ်ခွင့်ကြောင့် အစိုးရအကြောင်း မီဒီယာတို့တွင် ထုတ်ဝေဖြန့်ချိနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ အစိုးရတို့မှာ ပြည်သူအပေါ် တာဝန်ခံမှု ပိုမို ပေးစွမ်းလာစေမည်။ စာနယ်ဇင်းလွတ်လပ်ခွင့်သာ မရရှိနိုင်ပါက အစိုးရများမှာ ထင်ရာစိုးသည်ကို ပြည်သူတို့ သိရှိနိုင်မည် မဟုတ်တော့ချေ။ ထိုစာနယ်ဇင်း လွတ်လပ်ခွင့်ကြောင့် မီဒီယာများသည် အရေးပါသည့် သတင်းအချက်အလက်များကို ရွေးကောက်ပွဲကဲ့သို့သော ကာလအတောအတွင်း အများပြည်သူတို့ထံ ပေးစွမ်းနိုင်ကြမည် ဖြစ်သည်။ ထို့အတူ အစိုးရများထံ ပြည်သူတို့၏ သဘောထားများကို ထုတ်ဖော်တင်ပြနိုင်ကြမည် ဖြစ်သည်။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ အဖြေများ ကွဲလွဲလိမ့်မည် ဖြစ်သည်။ အောက်ပါ အဖြေများကိုလည်း အကြံပြုပေးနိုင်ပါသည်။

» သတင်းမီဒီယာများသည် ဥပဒေပြုရေးဆိုင်ရာ ဖြစ်ရပ်အခြေအနေများကို တင်ပြအစီရင်ခံခြင်းဖြင့် အများပြည်သူတို့ လွယ်လင့်တကူ သိရှိလာစေနိုင်မည်။

» အုပ်ချုပ်ရေးဆိုင်ရာ မူဝါဒများ၊ ကျင့်ထုံးများကို ပြည်သူများ သိနားလည်ထားစေရန် တင်ပြအစီရင်ခံကြသည်၊

» တရားရုံး ဆုံးဖြတ်မှုများနှင့် အခြားသော ဥပဒေရေးရာ လုပ်ဆောင်ချက်များအား အများပြည်သူတို့ အကျွမ်းတဝင် သိရှိထားစေရေး တင်ပြပေးပေသည်။

» ရဲဌာနများ၊ စစ်တပ်နှင့် အုပ်ချုပ်ရေးယန္တရားတို့တွင် ခြစားမှုများ၊ အခွင့်အရေးချိုးဖောက်မှုများ တွေ့မြင်သိရှိရပါကလည်း တင်ပြအစီရင်ခံပေးပေမည်၊

၁။ အဖြေများ ကွဲလွဲလိမ့်မည် ဖြစ်သည်။ အောက်ပါ အဖြေများကိုလည်း အကြံပြုပေးနိုင်ပါသည်။

» ပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦးစီ၏ မူဝါဒများအကြောင်း ဖော်ပြပေးနိုင်သည်။

» လက်ရှိအစိုးရ၏ အရည်အသွေး စွမ်းဆောင်ချက်များ အကြောင်း ဖော်ပြနိုင်မည်။

၁။ အဖြေများ ကွဲလွဲလိမ့်မည် ဖြစ်သည်။ အောက်ပါ အဖြေများကိုလည်း အကြံပြုပေးနိုင်ပါသည်။

» (အစိုးရတစ်ရပ်၊ ပါတီတစ်ရပ်အနေဖြင့်) မည်မျှ ထောက်ခံလူကြိုက်များမှုရှိကြောင်း၊

» ၎င်းတို့၏ မူဝါဒများ မည်မျှ ထောက်ခံမှုရှိနေကြောင်း၊ မည်မျှ ထောက်ခံမှု ရရှိခဲ့ကြောင်း၊

» အစိုးရ၏ စီမံကိုင်တွယ်မှု ညံ့ဖျင်းခြင်းများ၊ ခြစားမှုများနှင့် လေလွင့်မှုများအကြောင်း မီဒီယာများမှတစ်ဆင့် အများပြည်သူတို့ မည်မျှ နားလည်သိမြင်ထားရှိကြောင်း၊

» အတိုက်အခံများ မည်မျှအထိ ထောက်ခံမှု ရရှိနေကြောင်း၊

» မည်သို့သော မူဝါဒများကို အတိုက်အခံများက ဖော်ဆောင်ရန် တင်ပြထားရှိကြောင်း၊ အစရှိသည်ဖြင့် သိရှိထားနိုင်ကြမည် ဖြစ်ပေသည်။

## ၇.၁.၆ စာနယ်ဇင်းလွတ်လပ်ခွင့်

### အကြံပြုသင်ခန်းစာ

- ပေးထားသော မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၇.၁.၆) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

- » အစိုးရအနေဖြင့် မီဒီယာပါ အကြောင်းအရာများကို ထိန်းချုပ် မထားသင့်ချေ။
- » ဂျာနယ်လစ်များအပေါ် အစိုးရမှ ထိန်းချုပ်ခြင်း၊ စော်ကားခြင်း၊ အပြစ်ပေးခြင်းများ မပြုမူရန် လိုအပ်မည်။
- » စာနယ်ဇင်းလွတ်လပ်ခွင့်ကို အကာအကွယ်ပြုပေးမည့် ဥပဒေများကို အကောင်အထည်ဖော်ပေးရမည်။
- » မီဒီယာကို အစိုးရမှ ဆင်ဆာဖြတ်တောက်ခြင်း မပြုသင့်။

### လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ စာနယ်ဇင်းလွတ်လပ်ခွင့်အပေါ် ထိပါးစေမည့် အတားအဆီး ခြိမ်းခြောက်မှုများကို ဖော်ထုတ်ပါစေ။

### နီးစပ်သော အဖြေများ

- » မီဒီယာအများစုကို အစိုးရမှ ပိုင်ဆိုင်ချယ်လှယ်ထားရှိခြင်း (ပုဂ္ဂလိကပိုင်မီဒီယာ အနည်းငယ်သာရှိခြင်း)
- » ဂျာနယ်လစ်များအပေါ် ဖိနှိပ်အနိုင်ကျင့်မှုများ၊ စော်ကားမှုများ၊
- » ဆင်ဆာဖြတ်တောက်ခြင်းဆိုင်ရာ ဥပဒေများ။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ဒီမိုကရေစီအကြား ဆက်နွယ်မှုများကို ဆွေးနွေးဖော်ထုတ်ပါစေ။

### နီးစပ်သော အဖြေများ

- » လူထုမီဒီယာများ၏ အဓိကလုပ်ငန်းရပ်များတွင် အဖြစ်အပျက်များကို စုဆောင်းခြင်း၊ သတင်းအချက်အလက်များကို မျှဝေပေးခြင်းနှင့် အစိုးရလုပ်ဆောင်ချက်များကို တင်ပြအစီရင်ခံခြင်းတို့ ပါဝင်ကြပေသည်။ ထို့ကြောင့် ပွင့်လင်းမြင်သာမှုကို တိုးတက်ပါစေသည်။
- » ပြည်သူတို့အနေဖြင့် မီဒီယာတို့မှ ရရှိသည့် အစိုးရဆိုင်ရာ သတင်းအချက်အလက်များကို အခြေခံပြီး အစိုးရ၏ စွမ်းဆောင်ရည်အပေါ် ပိုင်းဖြတ်နိုင်ကြမည်။ အစိုးရစွမ်းဆောင်ရည် ညံ့ဖျင်းနေသည်ဟု အများပြည်သူတို့ ရှုမြင်လာပါက အစိုးရကို တာဝန်ခံစေနိုင်မည်လည်း ဖြစ်သည်။ (ဥပမာ ။ ။ ရွေးကောက်ပွဲများတွင် မဲပေးဆုံးဖြတ်ခြင်းဖြင့် တာဝန်ခံစေမည်။)
- » မီဒီယာများသည် ပြည်သူတို့၏ အတွေးအမြင်၊ ခံယူချက်များကို ထုတ်ဖော်တင်ပြစေနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးထားခြင်းဖြင့် 'နိုင်ငံရေးအတွင်း ပါဝင်မှု' ကို ပေးစွမ်းနိုင်ပေမည်။ ထို့အပြင် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ၏ အကျင့်ပျက်ခြစားမှုများ၊ လေလွင့်မှုများကိုလည်း စောင့်ကြည့်အကဲဖြတ်နိုင်မည်။ (ဤသည်က တရားဥပဒေ စိုးမိုးမှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တို့ကို ဖော်ဆောင်ပေးမည်)

## ၇.၁.၇ ဆင်ဆာဖြတ်တောက်မှု

### အကြံပြုသင်ခန်းစာ

- ပေးထားသော မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၇.၁.၇) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

မဖြစ်သင့်ချေ။ ဤသည်မှာ ဆင်ဆာဖြတ်တောက်မှုသာ ဖြစ်သည်။ ဆင်ဆာဖြတ်တောက်ခြင်းက ဒီမိုကရေစီကို အားပျော့စေမည်ဖြစ်ပြီး အာဏာရှင်စနစ်ကို ဦးတည်စေလိမ့်မည်။

ဖြစ်သင့်သည်။ သို့ရာတွင် အချို့သော အခြေအနေမျိုးတွင်သာ ကျင့်သုံးသင့်သည်။ ထိုအခြေအနေများတွင် –

» အမျိုးသားလုံခြုံရေး သို့မဟုတ် အများပြည်သူတို့၏ လုံခြုံရေးနှင့် သက်ဆိုင်ပတ်သက်နေသည့် ကိစ္စရပ်များ၊

» မငြိမ်သက်မှုများ၊ ပြစ်မှုများကို ရှောင်ရှားနိုင်ရေး၊

» အများပြည်သူတို့၏ ကျန်းမာရေးနှင့် ကျင့်ဝတ်ကို စောင့်ထိန်းကာကွယ်ရေး၊

» ပုဂ္ဂိုလ်ရေးဆိုင်ရာ ဂုဏ်သတင်းနှင့် အခွင့်အရေးများကို အကာအကွယ်ပြုပေးရေး၊ စသည်တို့ ပါဝင်ကြပေသည်။

### မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

**လုပ်ငန်းများ –**

## ဆင်ဆာဖြတ်တောက်ခြင်း၏ အကျိုးအပြစ်များ

- ဆင်ဆာဖြတ်တောက်မှုအကြောင်း အဆိုများကို လေ့လာသုံးသပ်ပါစေ။ နားမလည်သည်တို့ကို ရှင်းလင်းပြောပြပေးပါ။
- ထိုအဆိုများအနက်မှ မည်သည်က ဆင်ဆာဖြတ်တောက်မှုအပေါ် ထောက်ခံသည်၊ ကန့်ကွက်သည်ကို ခွဲခြား သတ်မှတ်ပါစေ။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ လုပ်ဆောင်ပါစေ။

**အဖြေများ**

**ထောက်ခံ – ၂၊ ၃၊ ၅၊ ၇၊ ၉၊ ၁၀၊ ၁၁၊ ၁၅။**
**ကန့်ကွက် – ၁၊ ၄၊ ၆၊ ၈၊ ၁၂၊ ၁၃၊ ၁၄၊ ၁၆။**

# ၇.၂ မီဒီယာနှင့် အစိုးရ

## ၇.၂.၁ ပုဂ္ဂလိကပိုင် မီဒီယာနှင့် နိုင်ငံပိုင် မီဒီယာများ

### အကြံပြုသင်ခန်းစာ

- မီဒီယာကို မည်သူတို့က ချုပ်ကိုင်ထားသင့်ကြောင်း ဆွေးနွေးပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

### နီးစပ်သော အဖြေများ

» အစိုးရက ထိန်းချုပ်သင့်သည်။ အကြောင်းမှာ မီဒီယာ (အထူးသဖြင့် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ မီဒီယာများ) သည် အရေးပါမှုရှိသည့်အလျောက် အစိုးရသာလျှင် ထိထိရောက်ရောက် လုံလုံလောက်လောက် ပံ့ပိုး ထိန်းချုပ်ထားနိုင်မည်ဖြစ်သည်။

» ပုဂ္ဂလိကအနေဖြင့်သာ ထားရှိသင့်သည်။ ထိုသို့ ထားရှိခြင်းဖြင့် အစိုးရ၏ ဆင်ဆာဖြတ်တောက်မှုများ၊ မီဒီယာအပေါ် ထိန်းချုပ်မှုများမှ ကင်းဝေးစေနိုင်မည် ဖြစ်သည်။

» အစိုးရပိုင်အနေဖြင့်ရော၊ ပုဂ္ဂလိကပိုင် အနေဖြင့်ပါ ကျင့်သုံးသင့်သည်။ ထိုသို့ ထားရှိခြင်းဖြင့် အစိုးရ မီဒီယာနှင့် ပုဂ္ဂလိကပိုင် မီဒီယာ တစ်ရပ်စီတို့၏ ဆိုးကျိုးများကို ရှောင်ရှားစေနိုင်မည်ဖြစ်သည်။

- သင်ခန်းစာ (၇.၂.၁) ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုပါစေ။

### မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

## ၇.၂.၂ နိုင်ငံပိုင် မီဒီယာများ

### အကြံပြုသင်ခန်းစာ

၁။ 'နိုင်ငံပိုင်မီဒီယာ'အကြောင်း ဆွေးနွေးပါစေ။ ကျောင်းသားတို့ ဖတ်ရှုလေ့ရှိသော၊ ကြည့်ရှုနားထောင်လေ့ရှိသော နိုင်ငံပိုင် မီဒီယာများကို စာရင်းပြုစုပါစေ။

- နိုင်ငံပိုင်မီဒီယာဆိုင်ရာ ဥပမာများတွင် အောက်ပါတို့ ပါဝင်ကြသည်။
  - » ကြေးမုံ၊
  - » မြန်မာ့အလင်း၊
  - » မြန်မာ့ရုပ်မြင်သံကြား။

၂။ မည်သည့် အကြောင်းတို့ကြောင့် အဆိုပါ မီဒီယာများကို ဖတ်/ကြည့်ရှုရသည်၊ နားထောင်လေ့ရှိသည်ကို ဆွေးနွေး ပါစေ။

### နီးစပ်သော အဖြေများ

- » လွယ်လင့်တကူ ရရှိ ဖတ်ရှု၊ ကြည့်ရှုနိုင်သည်။
- » အားကစားသတင်း အစုံအလင် ဖတ်နိုင်သည်။
- » စျေးသက်သာမှု ရှိသည်။

- သင်ခန်းစာ (၇.၂.၂) ပါ အကြောင်းအရာတို့ကို လေ့လာ ဖတ်ရှုပါစေ။

### လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ နိုင်ငံပိုင် မီဒီယာတို့၏ အကျိုးအပြစ်များကို ဆွေးနွေးဖော်ထုတ်ပြီး စာရင်းပြုစုပါစေ။

### နီးစပ်သော အဖြေများ

၁။ သတင်းအမှားများ၊ ကောလာဟလများကို အစိုးရက ထိန်းသိမ်းတားဆီးထားနိုင်မည်။

- » အစိုးရ တာဝန်ယူထားသည့် မီဒီယာထားရှိခြင်းဖြင့် အန္တရာယ်ကျရောက်စေနိုင်မည့် သတင်းအမှားများ ပျံ့နှံ့ခြင်းမှ ကာကွယ်စေနိုင်မည်။
- » နိုင်ငံပိုင်မီဒီယာများသည် အရေးပါသည့် လူမှုပြဿနာ များ၊ အများပြည်သူအရေး ဆွေးနွေး ပြောဆိုမှုများကို ဦးစားပေးဖော်ပြနိုင်မည်ဖြစ်သည်။ ပုဂ္ဂလိကပိုင် မီဒီယာများကဲ့သို့ အများကြိုက် အကြောင်းအရာများ (ဖျော်ဖြေရေးများ) ကိုချည်း ဦးစားပေး ဖော်ပြနေမည် မဟုတ်ချေ။

၂။ နိုင်ငံပိုင်မီဒီယာများတွင် အစိုးရအနေဖြင့် လွယ်လင့်တကူ ဆင်ဆာဖြတ်တောက်နိုင်ပြီး၊ ဝါဒဖြန့်မှုများ လုပ်ဆောင်နိုင်မည်။

- » နိုင်ငံပိုင်မီဒီယာများသည် ပုဂ္ဂလိကပိုင် မီဒီယာများ ကဲ့သို့ နိုင်ငံရေးအရ ပွင့်လင်းမြင်သာမှုကို မပေးစွမ်း နိုင်ချေ။
- » အစိုးရမှ မီဒီယာများအပေါ် ထိန်းချုပ်ထားခြင်းဖြင့် အစိုးရ၏ ခြစားမှုများ၊ လေလွင့်ဖြုန်းတီးမှုများ၊ စွမ်းဆောင်ရည် ညံ့ဖျင်းမှုများကို ဂျာနယ်လစ်များမှ လွယ်လင့်တကူ ထုတ်ဖော်ရေးသားနိုင်ခြင်း မရှိတော့ချေ။

## ၇.၂.၃ ပုဂ္ဂလိကမီဒီယာများ

### အကြံပြုသင်ခန်းစာ

၁။ 'ပုဂ္ဂလိကမီဒီယာများ' အကြောင်း ဆွေးနွေးပါစေ။ ကျောင်းသားတို့ ဖတ်ရှုသော၊ ကြည့်ရှု နားထောင်လေ့ရှိသော 'ပုဂ္ဂလိကမီဒီယာများ' ကို စာရင်းပြုစုပါစေ။

- ပုဂ္ဂလိကမီဒီယာဆိုင်ရာ ဥပမာများတွင် အောက်ပါတို့ ပါဝင်ကြသည်။
  - » မီဒီယာ၊
  - » The Irrawaddy
  - » Mizzima

၂။ မည်သည့် အကြောင်းတို့ကြောင့် အဆိုပါမီဒီယာများကို ဖတ်ရှုရသည်၊ ကြည့်ရှုနားထောင်ရသည် ဆွေးနွေးပါစေ။

### နီးစပ်သော အဖြေများ

- » အစိုးရအပေါ် ဝေဖန် ရေးသားလေ့ရှိသည်။
- » လူမှုပြဿနာရပ်များကို ဦးစားပေး ဖော်ပြလေ့ရှိသည်။
- » စိတ်ဝင်စားဖွယ်ပိုကောင်းသည်။

- သင်ခန်းစာ (၇.၂.၃) ပါ အကြောင်းအရာတို့ကို လေ့လာ ဖတ်ရှုပါစေ။

### လေ့ကျင့်ခန်း

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ပုဂ္ဂလိက မီဒီယာတို့၏ အကျိုးအပြစ်များကို ဆွေးနွေးဖော်ထုတ်ပြီး စာရင်းပြုစုပါစေ။

### နီးစပ်သော အဖြေများ

၁။ ပုဂ္ဂလိကမီဒီယာများသည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို အကာအကွယ်ပြုပေးနိုင်သည်။

- » လွတ်လပ်မှုရှိသည့် စာနယ်ဇင်းမီဒီယာတစ်ရပ်သည် အစိုးရ၏ ခြစားမှုများနှင့် စွမ်းဆောင်ရည် လျော့ရဲမှုများကို ကန့်သတ်ရာတွင် အထောက်အကူပြုသည်။
- » စောင်ရေအမြောက်အမြား ရောင်းချလိုသည့် ပုဂ္ဂလိက သတင်းစာများသည် လူများစု၏ လက်ခံယူဆချက်များကို ထင်ဟပ်လျက် ရေးသားဖော်ပြတတ်ကြသည်။ ထို့ကြောင့် သတင်းစာပါ အကြောင်းအရာတို့ကို စိစစ်သတ်မှတ်သူမှာ အစိုးရမဟုတ်ဘဲ ပြည်သူများ ကိုယ်တိုင်ဖြစ်သည်။

၂။ မီဒီယာများတွင် ဖော်ပြရာ၌ လူမှုရေးအရ အရေးပါမှုရှိသည့် အကြောင်းအရာများထက် အများကြိုက် သတင်းဇာတ်လမ်းများကိုသာ ဦးစားပေးဖော်ပြတတ်သည်။

- » မီဒီယာအများစုကို စီးပွားရေးလုပ်ငန်းစုကြီးများမှ လက်ဝါးကြီး အုပ်ထားနိုင်သည်။ ထိုသို့ ထိန်းချုပ်ထားခြင်းဖြင့် သတင်းစာ၊ တီဗွီ ရုပ်သံလိုင်းများ အပါအဝင် မီဒီယာအရင်းအမြစ် အားလုံးတို့တွင် အယူဝါဒတစ်မျိုးတည်း၊ အမြင်တစ်ရပ်တည်းကိုသာ ကိုယ်စားပြု တင်ဆက်စေမည်ဖြစ်ပြီး 'မူမတူယှဉ်တွဲမှု' ကို လျော့နည်းသွားစေမည်။
- » လွတ်လပ်သည့် ပုဂ္ဂလိကမီဒီယာတစ်ရပ်တွင် သတင်းအချက်အလက်အမှားများ၊ အကျိုးမဲ့သတင်းများ၊ အန္တရာယ်သက်ရောက်စေနိုင်မည့် အကြောင်းအရာတို့ကို ဖြန့်ဝေပျံ့နှံ့စေနိုင်မည်။
- » အများပြည်သူတို့၏ အကောင်းဆုံး အကျိုးစီးပွားအတွက် တာဝန်ယူမှု မရှိချေ။
- » အစိုးရပိုင်မီဒီယာများနှင့် ယှဉ်ပါက တာဝန်ယူမှု လျော့နည်းပေမည်။

## လုပ်ငန်းများ – မည်သည်က 'သတင်း' နည်း။ မည်သည်က 'သတင်း' မဟုတ်သနည်း။

၁။ သတင်းစာအမျိုးမျိုးကို စုဆောင်းပြီး အတန်းသို့ ယူဆောင်လာပါစေ။

- ထိုသို့ စုဆောင်းရာတွင် နိုင်ငံပိုင်မီဒီယာများရော၊ ပုဂ္ဂလိကမီဒီယာများပါ ပါရှိပါစေ။

၂။ အဖွဲ့များ ဖွဲ့ပေးပါ။ အနည်းဆုံး သတင်းစာ ၃ စောင်ကို ဖတ်ရှု သုံးသပ်စေပြီး သတင်းစာပါအကြောင်းအရာတို့ကို ပြုစု ရေးသားပါစေ။

- နိုင်ငံပိုင် သတင်းစာနှင့် ပုဂ္ဂလိက သတင်းစာများတွင် ပါရှိသည့် အကြောင်းအရာ အမျိုးအစားများနှင့် စပ်လျဉ်းပြီး မည်သည့် ကွဲပြားချက်များ တွေ့ရှိရသည်ကို လေ့လာသုံးသပ်ပါစေ။
- ပေးထားသည့် ဇယားကို ဖြည့်စွက်ပါစေ။

**နီးစပ်သော အဖြေများ**

| သတင်းစာအမည် (ဥပမာ။ ။) | သတင်းစာခေါင်းစီး | ခေါင်းစီးပါ အကြောင်းအရာ | အစိုးရနှင့် နီးစပ်သော သတင်းစာဖြစ်သည် (သို့မဟုတ်) လွတ်လပ်မှုပိုရှိသည့်သတင်းစာဖြစ်သည် |
|---|---|---|---|
| The State's Right | ဝန်ကြီးတစ်ဦး မိဘမဲ့ဂေဟာဖွင့်လှစ် | ဖွံ့ဖြိုးတိုးတက်ရေး | အစိုးရနှင့် ဆက်နွယ်လျက်ရှိ။ |
| The Critical Voice | ဝန်ကြီးတစ်ဦး၏ခြစားမှု အရှုပ်တော်ပုံ | ခြစားမှု | လွတ်လပ်သည့် မီဒီယာ |
| Mingalaba! | ဘောလုံးအားကစားသမားတစ်ဦး ပေါ့ပ်အဆိုတော်နှင့် လက်ထပ်ထိမ်းမြားခြင်း | အောင်မြင်ကျော်ကြားသူများ အကြောင်း အတင်းအဖျင်း | ပုဂ္ဂလိကဖြစ်သော်လည်း အစိုးရနှင့် နီးစပ်မှုရှိ။ |

## ပြန်လည်သုံးသပ်ခြင်း

- နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ နိုင်ငံပိုင်မီဒီယာနှင့် ပုဂ္ဂလိကမီဒီယာတို့၏ ကောင်းကျိုး၊ ဆိုးကျိုးများအကြောင်းကို ဆွေးနွေးပါစေ။

  (သို့မဟုတ်)

- နိုင်ငံပိုင်မီဒီယာနှင့် ပုဂ္ဂလိကမီဒီယာတို့အပေါ် မည်သို့ လက်ခံရှုမြင်ထားကြောင်း စာတမ်းတစ်ပုဒ် ရေးသားပြုစုပါစေ။

# ၇.၂.၄ မီဒီယာ စီမံခန့်ခွဲမှု

## အကြိုသင်ခန်းစာ

- ပေးထားသော မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

**နီးစပ်သော အဖြေများ**

» နိုင်ငံရေးသမားများအား လူကြိုက်များခြင်း၊ မများခြင်းသည် မီဒီယာများအပေါ်များစွာ မူတည်နေပါသည်။

» မီဒီယာတွင် မဲဆန္ဒရှင်တို့၏ သဘောထားအမြင်များကို ဖော်ပြထားသည့်အတွက်ကြောင့် နိုင်ငံရေးသမားများအနေဖြင့် ပြည်သူတို့၏ လိုလားချက်များနှင့် လိုအပ်မှုအဖုံဖုံတို့ကို နားလည်သိမြင်ထားနိုင်မည် ဖြစ်သည်။ ထိုသို့ သိမြင်ထားခြင်းဖြင့် လူအများ နှစ်ခြိုက်ထောက်ခံမည့် မူဝါဒများကို အဆိုပြုနိုင်ကြမည်ဖြစ်သည်။

» နိုင်ငံရေးသမားများအနေဖြင့် ၎င်းတို့၏ မူဝါဒများအကြောင်း၊ တန်ဖိုးထားချက်များ အစရှိသည့် သတင်းအချက်အလက်များကို မီဒီယာမှတစ်ဆင့် အများပြည်သူတို့ထံ ပျံ့နှံ့သိရှိစေနိုင်မည်လည်းဖြစ်သည်။

» နိုင်ငံရေးသမားများ၊ ဂျာနယ်လစ်များနှင့် ပြည်သူတို့အကြား နိုင်ငံရေးဆိုင်ရာ ဆွေးနွေး ပြောဆိုမှုများကို ပြုလုပ်နိုင်မည့် နေရာတစ်ရပ်အဖြစ် မီဒီယာတို့က ထမ်းရွက်ပေးနိုင်မည်ဖြစ်သည်။

• သင်ခန်းစာ (၇.၂.၄) ကို လေ့လာဖတ်ရှုပါစေ။

**လေ့ကျင့်ခန်း**

• တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ပေးထားသည့် မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

မီဒီယာစီမံခန့်ခွဲမှုသည် နိုင်ငံရေးသမားများအတွက် အရေးပါလှပေသည်။ ထိုစီမံမှုမှတစ်ဆင့် မဲဆန္ဒရှင်တို့၏ ထောက်ခံအားပေးမှုကို တိုးမြှင့်နိုင်ကြမည်။ ထို့အပြင် ၎င်းတို့၏ ပုံရိပ်ဆိုးရွားစေနိုင်သော သတင်းအချက်အလက်များကို ထိန်ချန်ထားစေပြီး၊ ထောက်ခံမှုတိုးပွားစေမည့် အချက်အလက်များကို ပြသနိုင်ကြမည် ဖြစ်သည်။ ဒီမိုကရေစီစနစ်များတွင် ရွေးကောက်ပွဲကာလများအတွင်း မဲပေးထောက်ခံမှု အမြောက်အများ ရရှိရန် မီဒီယာ စီမံခန့်ခွဲမှုကို နိုင်ငံရေးသမားများ အသုံးချကြကြောင်း တွေ့မြင်နိုင်ပေသည်။

## ၇.၂.၅ လူထုအမြင်လှည့်စားခြင်း

**အကြံပြုသင်ခန်းစာ**

• 'လူထုအမြင်လှည့်စားခြင်း' ဟူသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကို ဆွေးနွေးဖော်ထုတ်ပါစေ။

• ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

• သင်ခန်းစာ (၇.၂.၅) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

**နီးစပ်သော အဖြေများ**

'လူထုအမြင်လှည့်စားခြင်း' ဆိုသည်မှာ အစိုးရမှ သတင်းများအား ကျွမ်းကျွမ်းကျင်ကျင် ချယ်လှယ်ကိုင်တွယ်ပြီး အစိုးရပုံရိပ် ကောင်းမွန်အောင် လုပ်ဆောင်ခြင်းဖြစ်သည်။

**ဆွေးနွေးချက်**

• အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မီဒီယာစီမံခန့်ခွဲမှု၏ ဆိုးကျိုးများကို ပြုစုရေးသားပါစေ။

**နီးစပ်သော အဖြေများ**

» ဆင်ဆာဖြတ်တောက်မှုများ ပေါ်ပေါက်လာနိုင်သည်၊

» အစိုးရက လူနည်းစုများအပေါ် စွပ်စွဲအပြစ်တင်မှုများ ပေါ်ပေါက်လာစေမည်။

» နိုင်ငံရေးပါတီအသီးသီးအကြား ပူးပေါင်းမှု၊ ယုံကြည်မှုများ လျော့ကျလာနိုင်သည်။

» ပြည်သူ့သဘောထားများအပေါ် ထိန်းချုပ်လွှမ်းမိုးမှုများ မြင်တွေ့ရနိုင်သည်။

» အစိုးရအတွင်း မရိုးဖြောင့်မှုများ၊ ခြစားမှုများကို ဖုံးကွယ်ထားစေနိုင်မည်။

» လွတ်လပ်သည့် မီဒီယာမှ အစိုးရအပေါ်တွင် သက်ရောက်စေနိုင်မည့် 'အပြန်အလှန်ထိန်းကျောင်းမှု' ကို အားပျော့သွားစေနိုင်သည်။

## လုပ်ငန်းများ

- ပေးထားသော ဆောင်းပါး ၂ စောင်ကို ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပြသပေးပါ။
- နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

## နီးစပ်သော အဖြေများ

၁။ ပထမဆောင်းပါးက ရဲများဘက်က ရပ်တည် ရေးသားထားပြီး၊ ဒုတိယဆောင်းပါးသည် ဆန္ဒပြသူများကို ကရုဏာသက် ရေးသားထားသည်ကို တွေ့ရှိရသည်။

၂။ ရဲများကို ကရုဏာသက်မိပြီး ဆန္ဒပြသူများကို ဒေါသထွက်မိသည်။

၃။ ဆန္ဒပြသူများကို ကရုဏာသက်မိပြီး ရဲများကို ဒေါသထွက်မိသည်။

၄။ **ခံစားမှုကို အခြေခံပြီး ရသပေါ်အောင် ရေးသားထားသည်ကို တွေ့ရသည်။**

» ဆောင်းပါး (၁) တွင် 'အကြမ်းဖက် အဓိကရုဏ်းများ' ဟု သုံးနှုန်းထားပြီး

» ဆောင်းပါး (၂) တွင် '(၁၃) နှစ် အရွယ် ကလေးငယ် တစ်ဦးအပေါ် ရိုက်ပုတ်ဖိနှိပ်မှု' ဟု ဖော်ပြထားသည်။ အချို့သော အချက်များကို ချန်လှပ်ထားကြောင်း တွေ့ရသည်။

» ဆောင်းပါး (၁) ။ ။ အဆောက်အအုံများနှင့် ယာဉ်များကို မီးရှို့မည်ဟုပင် ခြိမ်းခြောက် ....

» ဆောင်းပါး (၂) ။ ။ လူကြီးနှစ်ဦးက သူ့ကိုဖါးပြ တိုက်ရန် ကြိုးပမ်းသည့်အတွက် ထွက်ပြေး....

အောက်ပါအတိုင်း ပါဝင်ပတ်သက်သူများကို သရုပ်ဖော်ထားသည်။

» ဆောင်းပါး (၁) ။ ။ 'ရဲများက အခြေအနေကို ထိန်းသိမ်းခဲ့ရသည်။'၊ 'ပဋိပက္ခဖြစ်ပွားစေရန် ဖန်တီးခဲ့သည်ဟု ယူဆရသော ....'

» ဆောင်းပါး (၂) ။ ။ 'နံပါတ်တုတ်များဖြင့် ဆန္ဒပြသူများကို တိုက်ခိုက်လာခဲ့သည်။'၊ '(၁၃) နှစ် အရွယ် ကလေးငယ်တစ်ဦးအား မတရားဖမ်းဆီး ဆက်ဆံမှုကြောင့် ဖြစ်ရကြောင်း ....'

**ခေါင်းစီးစာသား**

» ဆောင်းပါး (၁) ။ ။ အကြမ်းဖက်လူငယ်များမှ ....

» ဆောင်းပါး (၂) ။ ။ ရဲတို့၏ ရက်စက်မှုများ ....

၅။ အဖြေများ ကွဲလွဲလိမ့်မည် ဖြစ်သည်။ အောက်ပါ အဖြေများကိုလည်း အကြံပြုပေးနိုင်ပါသည်။

» အစိုးရ / ရဲများ၏ လုပ်ဆောင်ချက်အပေါ် အများပြည်သူတို့၏ ထောက်ခံမှု ရရှိစေရန်၊

» ရဲများ/ အစိုးရအပေါ် စာနာနားလည်နိုင်ရန်။

၆။ အစိုးရနှင့် ရဲများအပေါ် ပြည်သူတို့က အပြစ်ပုံချလာစေရန်၊

» အစိုးရနှင့်ရဲတို့အပေါ် ပြည်သူတို့၏ ထောက်ခံမှုများ လျော့နည်းလာစေရန်။

၇။ မည်သည်ကမျှ တိကျမှုမရှိပါ။ သက်သေတို့၏ ပြောဆိုချက်များ၊ ရဲမှတ်တမ်းများ၊ ပါဝင်လှုပ်ရှားခဲ့သူတို့နှင့် အင်တာဗျူး မေးမြန်းခြင်းများ၊ လွတ်လပ်သည့် ဂျာနယ်လစ်များ၏ ရေးသားတုံ့ပြန်ချက်များ အစရှိသည်တို့ကို အခြေခံပြီး မည်သည့် ဆောင်းပါးက ပိုမိုမှန်ကန်မှု ရှိသည်ကို ဆုံးဖြတ်နိုင်ပေလိမ့်မည်။

၈။ **ရှိပါသည်။ ဥပမာအားဖြင့် –**

» ရဲများရော၊ လူငယ်များကိုပါ အပြစ်တင်ရေးသားခြင်း၊

» မည်သူ့ကိုမျှ အပြစ်မတင်ဘဲ ရေးသားဖော်ပြခြင်း၊

» အခြားသူတစ်ဦးဦးအပေါ် အပြစ်လွှဲချခြင်း (ဥပမာ – နိုင်ငံခြားသားများကြောင့် ဖြစ်ရသည်၊ ကွန်မြူနစ်တို့ကြောင့် ဖြစ်ရသည် စသည်ဖြင့်) ဖော်ပြ ရေးသားနိုင်ပေမည်။

# အခန်း (၈) အရပ်ဘက်လူ့အဖွဲ့အစည်း

## ၈.၁ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် လူမှုရေးလှုပ်ရှားမှုများ

### ၈.၁.၁ အရပ်ဘက်လူ့အဖွဲ့အစည်း

**အကြံပြုသင်ခန်းစာ**

- 'အရပ်ဘက်လူ့အဖွဲ့အစည်း' ဟူသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကို ဆွေးနွေးပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်း ပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၈.၁.၁) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသား တို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ် ပါစေ။


**နီးစပ်သော အဖြေများ**

အရပ်ဘက်လူ့အဖွဲ့အစည်း ဆိုသည်မှာ အစိုးရမဟုတ်သည့် လှုပ်ရှားဆောင်ရွက်သူများ ဖြစ်ကြပြီး နိုင်ငံရေး၊ လူမှုရေး လုပ်ဆောင်ချက်များကို ဖော်ဆောင်ပေးကြသည်။

### လုပ်ငန်းများ

- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ပေးထားသည့် လုပ်ငန်းတို့ကို စက်ဝိုင်းဇယား၏ သင့်လျော်သောနေရာတွင် ဖြည့်စွက်ပါစေ။

### အဖြေများ




### ဆွေးနွေးချက်

- သင်ခန်းစာ (၈.၁.၁– ခ) ကို လေ့လာဖတ်ရှုပါစေ။

၁။ ကျောင်းသားတို့၏ အသိုင်းအဝိုင်းအတွင်း တွေ့ရှိရသည့် လူမှုအဖွဲ့အစည်းများ CSOs များကို စာရင်း ပြုစုပါစေ။ အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ လုပ်ဆောင်ပါစေ။

၂။ ထိုအဖွဲ့အစည်း တစ်ဖွဲ့စီအနေဖြင့် မည်သည့် ပြဿနာရပ်များ၊ ကိစ္စရပ်များကို အဓိကထား ဆောင်ရွက်လျက်ရှိသည်ကို ဖော်ထုတ်ရေးသားပါစေ။

## လုပ်ငန်းများ – ကျွန်ုပ်တို့၏ အဖွဲ့အစည်း၊ အပိုင်း (၁)

၁။ ကျောင်းသားတစ်ဦးချင်းအနေဖြင့် အရေးပါဆုံးဟု လက်ခံယူဆထားသည့် လူမှုကိစ္စရပ်တစ်ရပ်ကို ဆုံးဖြတ် ရွေးချယ်ပါစေ။

၂။ ရွေးချယ်ထားမှု တူညီသူအချင်းချင်း အဖွဲ့များ ဖွဲ့ပါစေ။

- ကျောင်းသားတို့ ရွေးချယ်ထားခဲ့သည့် ပြဿနာကိစ္စရပ်နယ်ပယ်အတွင်းမှ သီးခြားကိစ္စရပ်တစ်ရပ်ကို ရွေးချယ်ဆုံးဖြတ်ပါစေ။
  - » ထိုသို့ ဆုံးဖြတ်ရာတွင် လက်တွေ့ဆန်ရန် လိုအပ်မည်။ ဥပမာ ကမ္ဘာကြီး ပူနွေးမှုကို လျှော့ချရန်ဟူသော ပြဿနာရပ်ထက် 'မိမိတို့အသိုင်းအဝိုင်းအတွင်း ပလတ်စတစ် မီးရှို့မှုကို လျှော့ချပစ်ရန်' က လက်တွေ့ပိုဆန်မည်ဖြစ်သည်။

၃။ အဖွဲ့တိုင်းအနေဖြင့် ဦးတည်ချက်တစ်ရပ် သတ်မှတ်ထားရှိပါစေ။ ဥပမာ –

- » ကျန်းမာရေး – မိမိတို့၏ အသိုင်းအဝိုင်းအတွင်း စရိတ်သက်သာပြီး အရည်အသွေးမီ ကျန်းမာရေးစောင့်ရှောက်မှုများ ခံစားရရှိနိုင်ရေး၊
- » ပညာရေး – အဆင့်အတန်းမြင့် စရိတ်နည်းပညာရေးကို လူတိုင်းရရှိနိုင်စေမည့် အသိုင်းအဝိုင်းတစ်ရပ် ဖန်တီးထူထောင်ပေးရေး၊
- » လူ့အခွင့်အရေးများ – နေအိမ်၊ ကျောင်းနှင့် လုပ်ငန်းခွင်အားလုံးတို့တွင် စိတ်ချလုံခြုံမှု ခံစားနိုင်မည့် အသိုင်းအဝိုင်းတစ်ရပ် ပေါ်ပေါက်လာစေရေး၊
- » ရပ်ရွာဖွံ့ဖြိုးရေး – မိမိတို့အသိုင်းအဝိုင်းအတွင်းရှိ အဖွဲ့ဝင်အားလုံး ကိုယ်စွမ်းကိုယ်စ၊ လူမှုစွမ်းရည်နှင့် လုပ်ငန်းအရည်အသွေးများ တိုးတက်စေနိုင်မည့် အခွင့်အလမ်းကောင်းများ တန်းတူခံစားစေရေး၊
- » သဘာဝပတ်ဝန်းကျင် – သဘာဝပတ်ဝန်းကျင်ကို လေးစားတန်ဖိုးထားပြီး ကာကွယ်စောင့်ရှောက်တတ်သည့် ရေရှည်အမျှော်အမြင်ရှိသော အသိုင်းအဝိုင်းတစ်ရပ် ဖန်တီးပေါ်ပေါက်လာစေရေး၊
- » ကျား၊ မ ညီမျှမှု – အမျိုးသမီးတိုင်း ကြီးငယ်မဟူ ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ကြပြီး ခိုင်မာစိတ်ချရသည့် ဘဝများ ရရှိနိုင်သည့် အသိုင်းအဝိုင်းတစ်ရပ် ပေါ်ထွန်းလာစေရေး။

၄။ ကျောင်းသားများကို အဖွဲ့၏ အရွယ်အစားကို တွက်ထုတ်ပါစေ။ အဖွဲ့ဝင်တစ်ဦးစီသည် အဖွဲ့ဝင်တစ်ရာကို ကိုယ်စားပြုမည် ဖြစ်သည်။

- ထို့အတူ အဖွဲ့၏ ဘတ်ဂျက်ကိုလည်း တွက်ချက်ပါစေ။ အဖွဲ့ဝင်တစ်ဦးစီကို ဘတ်ဂျက်ငွေ (၁) သန်းကျပ် (သို့) ဒေါ်လာ ၁၀၀၀၊ (သို့) ဘတ် ၃၀၀၀၀ ခန့် သတ်မှတ်ပေးပါ။
  - » (ဥပမာ – အဖွဲ့ဝင် ၇ ဦး ပါသော အဖွဲ့တစ်ဖွဲ့တွင် အဖွဲ့ဝင် (၇၀၀)နှင့် ဘတ်ဂျက်ငွေ ၇ သန်းကျပ်ခန့် ပိုင်ဆိုင်ထားမည် ဖြစ်သည်)
- အဖွဲ့အသီးသီးအနေဖြင့် ၎င်းတို့၏ အဖွဲ့ဦးတည်ချက် ရေးသားထားချက်၊ အရွယ်အစားနှင့် ဘတ်ဂျက်များကို နောင်လေ့ကျင့်ခန်းများတွင် အသုံးပြုရန်အတွက် မှတ်သားထားရှိရမည်ဖြစ်သည်။

## ၈.၁.၂ အရပ်ဘက် လူ့အဖွဲ့အစည်း၏ အရေးပါပုံ

### အကြံပြုသင်ခန်းစာ

- အရပ်ဘက်လူ့အဖွဲ့အစည်းများ မည်သည့်ကြောင့် အရေးပါရသည်ကို ဆွေးနွေးပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၈.၁.၂) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

- » အရပ်ဘက်လူမှုအဖွဲ့များ (CSO များ) သည် လူမှုအုပ်စုအသီးသီးတို့၏ လိုအပ်ချက်များနှင့် အကျိုးဆန္ဒတို့ကို အစိုးရထံ ဖော်ထုတ် တင်ပြရာနေရာဖြစ်သည်။
- » CSO များသည် ပြည်သူတို့၏ နိုင်ငံရေး၊ လူမှုရေး အသိတို့ကို မြင့်တင်ပေးသည့်အတွက်ကြောင့် အစိုးရတို့မှာ ပြည်သူတို့ကို မျက်ကွယ်ပြု မနေနိုင်ကြတော့ချေ။
- » နိုင်ငံတစ်နိုင်ငံတွင် ခိုင်မာအားကောင်းသည့် အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ရပ်ရှိနေခြင်းက ထိုနိုင်ငံရှိ နိုင်ငံသားများ နိုင်ငံရေးတွင် တက်ကြွစွာ ပါဝင်သည်ကို ဖော်ပြနေပေသည်။
- » လွတ်လပ်သည့် CSO များသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို ပေးစွမ်းကြပြီး အစိုးရအာဏာအပေါ် အပြန်အလှန် ထိန်းကျောင်းမှု ပေးနိုင်ကြပေသည်။
- » အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းသည့် အခါမျိုးတွင် အရပ်ဘက်လူ့အဖွဲ့အစည်းက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်တတ်ကြပေသည်။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ **ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။**

၂။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။ အောက်ပါအဖြေများကိုလည်း အကြံပြုပေးနိုင်သည်။

» ဆင်းရဲနွမ်းပါးသည့် အပယ်ခံ အသိုင်းအဝိုင်းများအပေါ် ဝန်ဆောင်မှုများ လျော့နည်းလာမည်။

» ကျန်းမာရေး၊ ပညာရေးနှင့် ဖွံ့ဖြိုးရေး အခြေအနေများ ယိုယွင်းလာမည်ဖြစ်သည်။

» နိုင်ငံတော်၏ ထိန်းချုပ်မှု ပိုမိုလာလိမ့်မည်။

» တရားရှိလူနေမှုနှင့် လူ့အခွင့်အရေးတို့အတွက် ရပ်တည်လှုံ့ဆော်အရေးဆိုမှုများ လျော့ကျလာမည်။

၃။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။ အောက်ပါ အဖြေများကိုလည်း အကြံပြုပေးနိုင်သည်။

» အစိုးရအာဏာအပေါ် အပြန်အလှန် ထိန်းကျောင်းမှု လျော့နည်းလာမည်။

» အစိုးရအာဏာ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ လျော့နည်းသွားမည်။

» နိုင်ငံရေးအရ ပါဝင်လှုပ်ရှားမှုများ လျော့နည်းသွားမည်။

## ၈.၁.၃ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ

### အကြံပြုသင်ခန်းစာ

- 'ရပ်ရွာအခြေပြု အဖွဲ့အစည်းများ' ဟူသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကို ဆွေးနွေးပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၈.၁.၃) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

ရပ်ရွာအခြေပြု အဖွဲ့အစည်းများ (CBO) သည် အောက်ခြေအဆင့် အရပ်ဘက်လူမှုအဖွဲ့များ ဖြစ်ကြသည်။ CBO များသည် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးစသော နယ်ပယ်များအတွက် ဝန်ဆောင်မှုများကို ပေးနိုင်ရန် ရပ်ရွာမှ စုစည်းဖွဲ့တည်ကြခြင်းဖြစ်သည်။

### လေ့ကျင့်ခန်း

- နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၏ အားသာချက်၊ အားနည်းချက်တို့ကို ရေးသားစာရင်းပြုစုပါစေ။

### နီးစပ်သော အဖြေများ

**အားသာချက်များ**

» ထိုအဖွဲ့အစည်းများသည် သက်ဆိုင်ရာ ရပ်ရွာအသိုင်းအဝိုင်း၏ ထောက်ပံ့မှုရရှိထားကြသည့်အတွက်ကြောင့် လွတ်လွတ်လပ်လပ် ရပ်တည်နိုင်ကြသည်။

» သက်ဆိုင်ရာ ရပ်ရွာအသိုင်းအဝိုင်းအနေဖြင့် အဖွဲ့၏ လုပ်ငန်းပရောဂျက်များတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နိုင်ကြမည့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်နိုင်ကြမည်ဖြစ်သည်။

» ထိုကဲ့သို့ ရပ်ရွာအသိုင်းအဝိုင်းအကြောင်း ဂဃနဏ သိရှိထားခြင်းက အသိုင်းအဝိုင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် ထိရောက်မှုရှိစေမည်။

**အားနည်းချက်များ**

» ရပ်ရွာအသိုင်းအဝိုင်း၏ ပံ့ပိုးမှုကို မှီခိုနေရသည့်အတွက် ရံပုံငွေ ပမာဏမှာ နည်းပါးမှု ရှိနိုင်သည်။

» အဖွဲ့အစည်းကြီးများနှင့် နှိုင်းယှဉ်ပါက လုံလောက်သည့် အရင်းအမြစ်နှင့် ကျွမ်းကျင်မှုတို့ ပိုင်ဆိုင်ထားနိုင်ခြင်း မရှိကြချေ။

» ထိုအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များသည် သက်ဆိုင်ရာ ရပ်ရွာအသိုင်းအဝိုင်းများမှသာ ဖြစ်ကြသည့် အတွက်ကြောင့် အခြားသော အလုပ်သဘော တည်ထောင်ထားသည့် အရပ်ဘက်လူမှုအဖွဲ့များကဲ့သို့ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာပိုင်း စသည်တို့အတွက် ကျွမ်းကျွမ်းကျင်ကျင် ပေးစွမ်းနိုင်မှု မရှိကြချေ။

» CBO များမှာ ရပ်ရွာအသိုင်းအဝိုင်းတစ်ရပ်လုံး၏ တန်ဖိုးများ၊ လိုအပ်ချက်များနှင့် ပန်းတိုင်များကို အမြဲကိုယ်စားပြု ဆောင်ရွက်နေသည်တော့ မဟုတ်ချေ။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

## ၈.၁.၄ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ

### အကြံပြုသင်ခန်းစာ

- 'အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ' ဟူသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကို ဆွေးနွေးပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၈.၁.၄) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (NGOs) သည် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများ ဖြစ်ကြပြီး အစိုးရများထံမှ လွတ်လွတ်ကင်းကင်း ရပ်တည်လည်ပတ်ကြသည်။ ထိုအဖွဲ့အစည်းများအနေဖြင့် ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်ဟူ၍ လုပ်ဆောင်တတ်ကြသည်။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

၁။ ကျောင်းသားတို့၏ ရပ်ရွာပတ်ဝန်းကျင်တွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် NGO များကို တစ်တန်းလုံးအနေဖြင့် စာရင်းပြုစုပါစေ။

၂။ ထို NGO တစ်ဖွဲ့စီအနေဖြင့် မည်သို့သော ဝန်ဆောင်မှုများ ပေးကြသည်ကို ဆွေးနွေး ပြုစုပါစေ။

- ကျောင်းသားတို့ ပြုစုထားသည့် စာရင်းတွင် NGO အများအပြား ပါဝင်နေပါက NGO (၆) ဖွဲ့မှ (၈) ဖွဲ့အထိ ရွေးချယ် လုပ်ဆောင်ပါစေ။

၃။ ထို NGO များ အနေဖြင့် မည်သို့သော အခက်အခဲများ ရင်ဆိုင်ကြုံတွေ့လျက် ရှိသည်ကို ဆွေးနွေးဖော်ထုတ်ပါစေ။

၄။ ထို NGO များ၏ အဖွဲ့အစည်း ရည်မှန်းချက်များကို ဖော်ထုတ်ဆွေးနွေးစေပြီး ထိုရည်မှန်းချက်များ မည်မျှ ပြည့်မီမှုရှိ၊ မရှိကို သုံးသပ်ပါစေ။

## လေ့ကျင့်ခန်း

- သင်ခန်းစာ (၈.၁.၄ – ခ) ကို လေ့လာဖတ်ရှုပါစေ။
- တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

## နီးစပ်သော အဖြေများ

၁။ NGO များသည် ပြည်သူ့ကျန်းမာရေး၊ သဘာဝ ပတ်ဝန်းကျင်၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေး အစရှိသည့် အများပြည်သူတို့နှင့် သက်ဆိုင်သော ကိစ္စရပ်များကို လုပ်ဆောင်ကြပေသည်။ ထိုကဏ္ဍများအတွက် အစိုးရ၏ စွမ်းဆောင်ရည် ညံ့ဖျင်းနေပါက NGO များက ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းတတ်ကြပေသည်။

» NGO များသည် အစိုးရ မဖြည့်စွမ်းပေးနိုင်သည့် လုပ်ငန်းနယ်ပယ်များကို အဓိကထား လုပ်ဆောင်တတ်ကြပြီး အစိုးရ၏မူဝါဒများအပေါ်တွင်လည်း ဝေဖန်ပြောဆိုတတ်ကြသည်။ ထို့ကြောင့်လည်း NGO များ၏ လုပ်ဆောင်ချက်များသည် နိုင်ငံရေးဆန်နိုင်ပေသည်။

» အရေးဆို လှုံ့ဆော်ပေးသည့် NGO များ (Advocacy NGO) သည် လူမှုအပြောင်းအလဲများ ဖော်ဆောင်ရေး အတွက် မီဒီယာများ၊ ပညာမျှဝေရေး အစီအစဉ်များ၊ နိုင်ငံရေး လှုပ်ရှားဆောင်ရွက်သူတို့နှင့် ပူးပေါင်း လုပ်ဆောင်ပြီး ဆော်ဩတတ်ကြသည်။ ထိုလုပ်ငန်းများ တွင် လူ့အခွင့်အရေး၊ တရားရှိလူနေမှု၊ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များ အစရှိ သည်တို့ ပါဝင်ကြပေသည်။

» NGO များသည် အစိုးရတာဝန်ရှိသူများထက်ပင်လျှင် ရပ်ရွာအကြောင်း ပိုမို သိရှိထားကြပြီး အဆက်အသွယ် ကောင်းများလည်း ပိုင်ဆိုင်ထားကြသည်။ ထို့ကြောင့် လည်း NGO များသည် နိုင်ငံတော်မှ ပံ့ပိုးပေးနိုင်ခြင်း မရှိသည့် ဒေသများအတွက် အထောက်အပံ့နှင့် ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ကြသည်။

၂။ NGO များသည် ပြည်သူ့ကျန်းမာရေး၊ သဘာဝ ပတ်ဝန်းကျင်၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေး အစရှိသည့် အများပြည်သူတို့နှင့် သက်ဆိုင်သော ကိစ္စရပ်များကို လုပ်ဆောင်ကြပေသည်။ အဆိုပါကဏ္ဍများတွင် အစိုးရ အတွက် အကူအညီဖြစ်စေပေသည်။

» လုပ်ငန်းအသားပေး (သို့) ဝန်ဆောင်မှု NGO များ (Operational or Service NGOs) သည် မိမိတို့ လုပ်ကိုင်လျက်ရှိသည့် အသိုင်းအဝိုင်းများ၊ အကျိုးခံစား ရရှိသူများနှင့် တိုက်ရိုက်ထိတွေ့လုပ်ကိုင်ကြသည်။ ထို NGO များအနေဖြင့် အရေးပေါ် ကူညီကယ်ဆယ်ရေး၊ ဖွံ့ဖြိုးရေး အကူအညီ၊ ကျန်းမာရေးနှင့် အစာအာဟာရ ထောက်ပံ့မှုများ စသည်တို့ကို ဝန်ဆောင်မှုပေးကြသည်။

» NGO များသည် အစိုးရက လုံလောက်စွာ ပံ့ပိုး ပေးနိုင်ခြင်း မရှိသည့် ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ကြ ပေသည်။

» NGO များသည် အစိုးရဝန်ထမ်းများပင်လျှင် သွားရောက်ရန် ခက်ခဲသည့် အရောက်အပေါက် နည်းပါးပြီး စစ်ဒဏ်ခံထားရသော ဒေသများသို့ ကူညီ ပံ့ပိုးပေးနိုင်ကြပေသည်။

၃။ **အားနည်းချက်များ**

» NGO များ၏ အထောက်အပံ့သည် အစိုးရ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများအပေါ် မှီခိုနေရပါက လွတ်လပ်မှု လျော့နည်းနိုင်သည်။

» NGO တို့၏ ပရောဂျက်များတွင် ဒေသခံ အသိုင်းအဝိုင်းများအနေဖြင့် အစဉ်အမြဲ ပါဝင် ဆောင်ရွက်နိုင်၊ ဆုံးဖြတ်ချက် ချမှတ်နိုင်ခြင်း မရှိကြချေ။ ထို့ကြောင့် NGO များသည် အသိုင်းအဝိုင်း၏ လိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ခြင်းမျိုးလည်း ရှိနိုင်သည်။

» NGO အများစုသည် CBO များကဲ့သို့ ရပ်ရွာ အသိုင်းအဝိုင်းအကြောင်း ကျွမ်းကျွမ်းကျင်ကျင် သိရှိ ထားနိုင်ခြင်း မရှိကြချေ။ ဤသည်က အသိုင်းအဝိုင်း၏ လိုအပ်ချက်များကို NGO များက မဖြည့်ဆည်းလိုက် နိုင်ခြင်းမျိုးလည်း ရှိနိုင်သည်။

**အားသာချက်များ**

» NGO များသည် CBO များထက် အရင်းအနှီးနှင့် ငွေကြေးပိုမို တောင့်တင်းကြသည်။ သို့ဖြစ်၍ ဝန်ဆောင်မှုများကိုလည်း ပမာဏ ပိုမိုကြီးမား ကျယ်ပြန့်စွာ ပေးစွမ်းနိုင်ကြပေသည်။

» CBO များ ပေးစွမ်းနိုင်ခြင်း မရှိကြသည့် ပညာရှင် အဆင့် ကျန်းမာရေး၊ ပညာရေး၊ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို NGO များက ဖော်ဆောင်ပေးနိုင် ကြသည်။

» NGO များအနေဖြင့် အပယ်ခံအသိုင်းအဝိုင်းတို့၏ အကျိုးစီးပွားအတွက် နိုင်ငံတကာအဆင့်၊ နိုင်ငံအဆင့် ဟူ၍ ဖော်ဆောင်ပေးနိုင်ကြသည်။ CBO များ အနေဖြင့်မူ ထိုပမာဏအထိ လုပ်နိုင်စွမ်း မရှိကြချေ။

» ဒေသတွင်း ပဋိပက္ခများတွင် ဘက်လိုက်ရပ်တည်ခြင်း၊ အသိုင်းအဝိုင်းတစ်ရပ်လုံးထဲမှ လူမှုအစိတ်အပိုင်း တစ်ရပ်အတွက်သာ ကွက်၍ အလေးပေးမှုမျိုး ပြုလေ့ မရှိကြ။

## မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

## လေ့ကျင့်ခန်း

၁။ အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**အဖြေများ**

၁။ ၈၈ မျိုးဆက်ကျောင်းသားများ အဖွဲ့

၂။ နာရေးကူညီမှု အသင်း၊ ဖွံ့ဖြိုးရေး မဏ္ဍိုင်အဖွဲ့

၃။ KESAN

## ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ အဖြေအမျိုးမျိုး ကွဲလွဲနိုင်သည်။ အောက်ပါအချက်တို့ကို စဉ်းစားမိအောင် လမ်းကြောင်းပေးပါ။

» လှုံ့ဆော်အရေးဆိုသည့် NGO များက ပိုမို အရေးပါသည်။ ထို NGO များအနေဖြင့် လူမှုရေး၊ တရားရေးနှင့် နိုင်ငံရေးအခြေအနေများကို ရှုထောင့်ကျယ်ကျယ်ဖြင့် အရေးဆို ဖော်ဆောင်ပေးလျက် ရှိခြင်းကြောင့် ဖြစ်သည်။

» ဝန်ဆောင်မှုပေးအပ်သည့် NGO များက ပိုမို အရေးပါသည်။ ထို NGO များသည် အသိုင်းအဝိုင်းတို့၏ လိုအပ်ချက်များနှင့်အညီ ဝန်ဆောင်မှုများ ပေးစွမ်းနိုင်ကြခြင်းကြောင့် ဖြစ်သည်။

၂။ အဖြေအမျိုးမျိုး ကွဲလွဲနိုင်သည်။ အောက်ပါအချက်တို့ကို စဉ်းစားမိအောင် လမ်းကြောင်းပေးပါ။

» လှုံ့ဆော်အရေးဆိုသည့် NGO များသည် အစိုးရအပေါ် ပိုမို ထိပ်တိုက်ရင်ဆိုင်တတ်ကြသည်ကို တွေ့ရသည်။ အထူးသဖြင့် လူ့အခွင့်အရေး၊ ကျား/မ ညီမျှမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကဲ့သို့သော ကိစ္စရပ်များအတွက်ဖြစ်သည်။

» ဝန်ဆောင်မှုပေးအပ်သည့် NGO များသည် အစိုးရမှ ဝန်ဆောင်မှု မဖြည့်စွမ်းပေးနိုင်သည့် အခြေအနေအပေါ် ဝေဖန်ခြင်းဖြင့် အစိုးရအပေါ် ထိပ်တိုက်ရင်ဆိုင်တတ်ကြပေသည်။

» ဝန်ဆောင်မှုပေးအပ်သည့် NGO များသည် အစိုးရအပေါ် ထိပ်တိုက်ရင်ဆိုင်ရန် အခွင့်အလမ်း ပိုနည်းသည်။ အကြောင်းမှာ အစိုးရမှ ပြည်သူတို့ကို ဖြည့်စွမ်းပေးအပ်နိုင်ခြင်း မရှိသည့် ဝန်ဆောင်မှုများအတွက် အဆိုပါ NGO များက ကြားဝင်ဖြည့်စွမ်းပေးနိုင်သည့်အတွက်ဖြစ်သည်။

## ၈.၁.၅ လူမှုလှုပ်ရှားမှုများ

### အကြိုသင်ခန်းစာ

၁။ 'လူမှုလှုပ်ရှားမှု' ဟူသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကို ဆွေးနွေးပါစေ။

- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

၂။ ကျောင်းသားတို့ သိရှိထားသည့် လူမှုလှုပ်ရှားမှုများကို ရေးသား ပြုစုပါစေ။ ထိုသို့ ရေးသားရာတွင် ဒေသအဆင့်၊ နိုင်ငံတော်အဆင့်၊ နိုင်ငံတကာအဆင့် လှုပ်ရှားမှုများကို ရွေးချယ်နိုင်မည်ဖြစ်သည်။

- သင်ခန်းစာ (၈.၁.၅) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

၁။ 'လူမှုလှုပ်ရှားမှု' များသည် လူမှုရေးပြဿနာရပ်ကြီးများကို အဖြေရှာဆောင်ရွက်ပေးရန်အတွက် စုပေါင်းလုပ်ဆောင်ကြခြင်းဖြစ်သည်။ 'လူမှုလှုပ်ရှားမှု' များသည် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ အမျိုးသမီးအခွင့်အရေး၊ လူ့အဖွဲ့အစည်းကို ကြီးကြီးမားမားအကျိုးသက်ရောက်စေသည့် လူမှုကိစ္စရပ်ကြီးများကို အလေးပေးဆောင်ရွက်ကြသည်။

၂။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။

## လေ့ကျင့်ခန်း

- တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လူမှုလှုပ်ရှားမှုများ၏ အားသာချက်၊ အားနည်းချက်တို့ကို ဖော်ထုတ်ပါစေ။

### နီးစပ်သော အဖြေများ

#### အားသာချက်များ

» 'လူမှုလှုပ်ရှားမှုများ' သည် CBO အဖွဲ့အစည်းတစ်ဖွဲ့စီ၊ NGO တစ်ဖွဲ့စီထက် ပိုမိုကျယ်ပြန့်သည်၊ ပိုမိုအာဏာသက်ရောက်သည်။

» 'လူမှုလှုပ်ရှားမှုများ' သည် လူ့အဖွဲ့အစည်းနှင့်ချီ၍ သက်ရောက်မှုရှိသည့် ကိစ္စရပ်များကို ရေးရှုကြိုးပမ်းကြသည်။ သို့ဖြစ်၍ အဆိုပါ လှုပ်ရှားမှုများသည် အဖွဲ့အစည်းအမျိုးမျိုးတို့အကြား စည်းလုံးမှုကို ပေးစွမ်းနိုင်ကြပေသည်။

» 'လူမှုလှုပ်ရှားမှု' များသည် အောက်ခြေအဆင့်မှ ထောက်ခံမှုများနှင့် 'အောက်မှ အထက်' စီးဆင်းသည့် အာဏာတို့အပေါ် မှီခိုနေကြသည်။ ၎င်းတို့အနေဖြင့် အစိုးရအပေါ် လွှမ်းမိုးရန်သက်သက် လှုပ်ရှားလုပ်ဆောင်နေကြခြင်း မဟုတ်ဘဲ လူမှုအပြောင်းအလဲများ ဖော်ဆောင်ရန် ကြိုးပမ်းနေကြခြင်းဖြစ်သည်။

#### အားနည်းချက်များ

» 'လူမှုလှုပ်ရှားမှုများ' သည် အခြားသော CSO များထက် တည်ဆောက်ပုံ လျော့ရဲတတ်ကြသည်။

» လူမှုလှုပ်ရှားမှုများတွင် ရှင်းလင်းစွာ သတ်မှတ်ထားသော ခေါင်းဆောင်မှု၊ ရုံးချုပ်ဌာနများနှင့် အခြားသော NGO ဆိုင်ရာ လက္ခဏာရပ်များလည်း မပိုင်ဆိုင်ထားကြချေ။

## ၈.၁.၆ လူမှုလုပ်ရှားမှုအမျိုးမျိုး

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၈.၁.၆ – က) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

**နိုးစပ်သော အဖြေများ**

မြေယာအခွင့်အရေးများ၊ လူ့အခွင့်အရေးများ၊ ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် ရင်ကြားစေ့ရေး၊ ဖွံ့ဖြိုးတိုးတက်မှု။

### လေ့ကျင့်ခန်း

- မြန်မာနိုင်ငံအတွင်း မည်သည့် ကိစ္စရပ်အထူးပြု လူမှုလှုပ်ရှားမှုတို့ ဖော်ဆောင်ခဲ့ကြသည်၊ ဖော်ဆောင်လျက်ရှိသည်ကို ဆွေးနွေးပါစေ။ တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ပါစေ။

**နိုးစပ်သော အဖြေများ**

» မြစ်ဆုံဆည် စီမံကိန်းအပေါ် ဆန့်ကျင်လှုပ်ရှားမှုများ၊
» ထားဝယ်ရေနက်စီမံကိန်းအပေါ် ဆန့်ကျင်လှုပ်ရှားမှုများ၊
» လက်ပတောင်းကြေးနီစီမံကိန်းအပေါ် ဆန့်ကျင်လှုပ်ရှားမှုများ၊
» ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းအပေါ် ဆန့်ကျင်လှုပ်ရှားမှုများ။

## မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

## လေ့ကျင့်ခန်း

- သင်ခန်းစာ (၈.၁.၆ – ခ) ကို လေ့လာဖတ်ရှုပါစေ။
- မြန်မာနိုင်ငံတွင် ဖြစ်ပျက်ခဲ့သော၊ ဖြစ်ပွားနေဆဲဖြစ်သော လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့်ဆိုင်သည့် လှုပ်ရှားမှုများ စာရင်းကို ပြုစုပါ။ တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ပါစေ။

**နီးစပ်သော အဖြေများ**

» ဒီမိုကရေစီအရေး လှုပ်ရှားမှုများ၊

» အမျိုးသမီးအခွင့်အရေး လှုပ်ရှားမှုများ၊

» သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားမှုများ၊

» အလုပ်သမား အခွင့်အရေး လှုပ်ရှားမှုများ၊

» LGBT အရေး လှုပ်ရှားမှုများ။

**လေ့ကျင့်ခန်း**

- မြန်မာ CSO များ ဇယားပါ အဖွဲ့အစည်းများနှင့် လုပ်ငန်းများကို ဖတ်ရှုပါစေ။ နားမလည်သည်တို့ကို ရှင်းလင်းပြသပေးပါ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ဖော်ပြပါ အဖွဲ့အစည်းများကို သက်ဆိုင်ရာ လုပ်ငန်းများနှင့် တွဲစပ်ပါစေ။
- မှတ်ချက်။ ။ဤလုပ်ဆောင်ချက်ပါ အဖွဲ့အစည်းများသည် အမှန်တကယ် တည်ရှိသည့် အဖွဲ့အစည်းအစစ်များ မဟုတ်ကြချေ။

**အဖြေများ**

၁။ က

၂။ ဂ

၃။ စ

၄။ ဇ

၅။ င

၆။ ဆ

၇။ ခ

၈။ ဃ

## ၈.၂ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) တို့၏ လုပ်ငန်းဆောင်တာများ

### ၈.၂.၁ အတွင်းအုပ်စုများနှင့် ပြင်ပအုပ်စုများ

**အကြိုသင်ခန်းစာ**

- 'အတွင်းအုပ်စု' နှင့် 'ပြင်ပအုပ်စု' ဟူသည့် ဝေါဟာရတို့၏ အဓိပ္ပာယ်ကို ဆွေးနွေးပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၈.၂.၁ – က) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

**နီးစပ်သော အဖြေများ**

၁။ အတွင်းအုပ်စုများသည် အစိုးရနှင့် နီးကပ်သည့် ဆက်နွယ်ပတ်သက်မှုများ ပိုင်ဆိုင်ထားကြသည်။ ထိုအုပ်စုများသည် အာဏာကြီးမားကြပြီး နိုင်ငံရေးသမားများနှင့်ပင် ပုံမှန် ဆက်ဆံ ပြောဆိုနိုင်ကြသည်။

၂။ ပြင်ပအုပ်စုများသည် နိုင်ငံရေးအာဏာ အနည်းငယ်သာ ပိုင်ဆိုင်ထားသူတို့ကို ကိုယ်စားပြုသည်။ ပြင်ပအုပ်စုများသည် အစိုးရတို့နှင့် တိုက်ရိုက်ထိတွေ့ မပြောဆိုနိုင်ကြ။ ထို့ကြောင့်လည်း သွယ်ဝိုက်သည့် နည်းဗျူဟာများကို အသုံးချပြီး အစိုးရအပေါ် တွန်းအားပေးရသည်။

**လေ့ကျင့်ခန်း**

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

၁။ ဥစ္စာဓန (ဥပမာ ။ ။ စီးပွားရေးလုပ်ငန်းကြီးများ)

» အဆင့်အတန်း (ဥပမာ ။ ။ အစိုးရနှင့် နီးစပ်မှု)

» အသိပညာ (ဥပမာ ။ ။ လုပ်ငန်းကဏ္ဍများအကြောင်း အရေးပါသည့် သတင်းအချက်အလက်များကို သိရှိထားခြင်း)

၂။ အတွင်းအုပ်စုများသည် မူဝါဒချမှတ်သူများကို တိုက်ရိုက်တွန်းအားပေးနိုင်ကြသည်။ အစိုးရနှင့် နီးစပ်မှုမရှိသည့် အဖွဲ့များမှာမူ ထိုအခွင့်အရေးမျိုး မရနိုင်။ ထိုသို့ တွန်းအားပေးနိုင်ခြင်းဖြင့် အတွင်းအုပ်စုများမှာ မိမိတို့၏ ရည်မှန်းချက်များနှင့် အကျိုးစီးပွားများအတွက် လွယ်လွယ်ကူကူပင် ဖော်ဆောင်နိုင်ကြပေသည်။

အစိုးရအပေါ် လွှမ်းမိုးနိုင်ရန် အတွင်းအုပ်စုများ အသုံးပြုလေ့ရှိသည့် နည်းလမ်းများအနက်မှ အချို့တို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

» အစိုးရအရာရှိများနှင့် တိုက်ရိုက်ညှိနှိုင်းပြောဆိုမှုများ၊

» ဥပဒေပြုရေး လုပ်ငန်းစဉ်တွင် ကူညီဆောင်ရွက်ပေးခြင်း၊

» အတွင်းအုပ်စုများ ကိုယ်စားပြုလျက်ရှိသည့် အသိုင်းအဝိုင်းအပေါ် ဥပဒေမူကြမ်းများ၏ သက်ရောက်မှုကို ထိန်းကွပ်သတိပေးခြင်း၊

» သက်ဆိုင်ရာ မဲဆန္ဒနယ်များမှတစ်ဆင့် ဥပဒေပြုသူများကို ချဉ်းကပ်ခြင်း၊

» ငွေကြေး ထောက်ပံ့ခြင်း၊

» ကိုယ်စားလှယ်လောင်းများကို ထောက်ပံ့ပေးခြင်း၊ စသည်တို့ ပါဝင်ကြပေသည်။

**ဆွေးနွေးချက်**

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

ထင်မြင်ပါသည်။ အတွင်းအုပ်စုများသည် သာမန်ပြည်သူများထက် အချို့သော အဖွဲ့များကို နိုင်ငံရေးအာဏာ ပိုမိုအပ်နှင်းထားစေ၍ဖြစ်သည်။ အစိုးရများသည်လည်း ပြည်သူတို့၏ လိုအပ်ချက်ထက် အာဏာကြီး အဖွဲ့များ၏ လွှမ်းမိုးမှုကို ခံရလျက်ရှိပေသည်။

မထင်မြင်ပါ။ ထိုအုပ်စုများသည် မူမတူယှဉ်တွဲမှုကို ပေးစွမ်းကြသည်။ ထို့အပြင် အဆိုပါ အုပ်စုများ တည်ရှိရခြင်းမှာလည်း လွတ်လပ်စွာ စည်းရုံးသင်းဖွဲ့ခွင့်ကြောင့် ဖြစ်သည်။ သို့ဖြစ်၍ အတွင်းအုပ်စုများ တည်ရှိခြင်းက ပြည်သူတို့၏ လိုအပ်ချက်များနှင့် တောင်းဆိုမှုများကို အစိုးရမှ ဖြည့်စွမ်းပေးနိုင်ရန် ပိုမိုတွန်းအားပေးနိုင်မည် ဖြစ်ပေသည်။

## လေ့ကျင့်ခန်း

- သင်ခန်းစာ (၈.၂.၁ – ခ) ကို လေ့လာဖတ်ရှုပါစေ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

## နိုးစပ်သော အဖြေများ

၁။ အင်အား ။ ။ အဖွဲ့ဝင်များ။

» အခြေအနေ ။ ။ အောက်ခြေအဆင့် ပြည်သူများ၏ ထောက်ပံ့မှုများ၊ ပြည်သူ့သဘောထား၊ မီဒီယာ လွှမ်းမိုးမှု။

» အသိပညာ ။ ။ အဖွဲ့ဝင်များ၏ အရည်အချင်းနှင့် စွမ်းဆောင်မှုများ။

၂။ အသိပညာပေး လှုံ့ဆော်မှုများ၊ ဆန္ဒထုတ်ဖော်မှုများ၊ လူထုက ဝိုင်းဝန်း လက်မှတ်ထိုး ထောက်ခံဆန္ဒပြုခြင်းများ စသည်တို့မှာ ပြင်ပအုပ်စုများ အသုံးပြုလေ့ရှိသည့် နည်းလမ်းများလည်းဖြစ်သည်။ ထိုနည်းလမ်းများဖြင့် ပြင်ပအုပ်စုတို့၏ ရည်မှန်းချက်များ၊ လုပ်ငန်းများအပေါ် လူထုက စာနာသနားစိတ်ဖြင့် ထောက်ခံလာကြရန် ကြိုးပမ်းကြသည်။ လူထုမီဒီယာတို့အပေါ် လွှမ်းမိုးခြင်းဖြင့်လည်း မိမိတို့လှုပ်ရှားဆောင်ရွက်နေသည့် ပြဿနာကိစ္စရပ်များအပေါ် အများ၏ အာရုံစိုက်မှု ရရှိလာအောင် လုပ်ဆောင်တတ်ကြသည်။

## လုပ်ငန်းများ

- တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ဖော်ပြပါ အဆိုတို့ကို ဇယား၏ သင့်လျော်ရာနေရာတွင် ဖြည့်စွက်ပါစေ။

## အဖြေများ

| | အတွင်းအုပ်စုများ | ပြင်ပအုပ်စုများ |
|---|---|---|
| အစိုးရနှင့် နီးစပ်မှု | မူဝါဒချမှတ်သူများနှင့် ဆက်ဆံပြောဆိုနိုင်ကြသည်။ | မူဝါဒချမှတ်သူများနှင့် ဆက်ဆံပြောဆိုနိုင်ခြင်း မရှိကြ/ အနည်းအကျဉ်းသာ ဆက်ဆံနိုင်ကြသည်။ |
| မီဒီယာအသုံးပြုမှု | နည်းပါးလေ့ရှိ | မြင့်မား |
| ရည်မှန်းချက်များ | အလယ်အလတ်လမ်းစဉ် အလယ်အလတ်လမ်းစဉ် မော်ဒရိတ်ဆန်သည့် ရည်မှန်းချက်များ | ပြုပြင်ပြောင်းလဲရေး ရယ်ဒီကယ်လ် ဆန်သည့် ရည်မှန်းချက်များ |
| အထောက်အပံ့ ရရှိသည့် ရင်းမြစ် | ငွေကြေးတောင့်တင်း သူများ | အောက်ခြေလူမှု အသိုင်းအဝိုင်းများ |

### ဆွေးနွေးချက်

၁။ အဖွဲ့များ ဖွဲ့ပေးပါ။ CSO များ မည်သည့် အကြောင်းရပ်များကြောင့် အာဏာကြီးထွားရသည်၊ အောင်မြင်ရသည်၊ အကျိုးတရားဆောင်ကြဉ်း ပေးစေနိုင်သည်ကို ဖော်ထုတ်ဆွေးနွေးပါစေ။

- ထိုအကြောင်းရပ်များကို တစ်တန်းလုံးအနေဖြင့် ပြုစုရေးသားပါစေ။

### နီးစပ်သော အဖြေများ

» ဘဏ္ဍာရေးအခြေအနေ၊

» အရွယ်အစား (အဖွဲ့ဝင်အင်အား၊ အရင်းအနှီး၊ အဆက်အသွယ်)

» အဖွဲ့အစည်း၏ ဟန်နှင့် ခေါင်းဆောင်မှု၊

» ဝါဒ၊

» အောက်ခြေလူထုတို့၏ ပံ့ပိုးထောက်ခံမှု၊

» အစိုးရနှင့် နီးစပ်မှု၊

» အဖွဲ့ဝင်များ၏ အရည်အချင်းနှင့် စွမ်းဆောင်မှု။

၂။ မြန်မာနိုင်ငံအတွင်းရှိ CBO ၊ NGO (သို့မဟုတ်) လူမှုရေးလုပ်ရှားမှုများအနက်မှ ကျောင်းသားတို့ သိကြားဖူးသည့်အဖွဲ့အစည်းများ၊ လှုပ်ရှားမှုများကို ဆွေးနွေးဖော်ထုတ်ပါစေ။

- ထိုအဖွဲ့အစည်း၏ အာဏာအပေါ် သက်ရောက်လျက်ရှိသည့် အကြောင်းတရား (၃) ရပ်ကို ဆွေးနွေးဖော်ထုတ်ပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးချက်များကို အတန်းသို့ အဖွဲ့လိုက် တင်ပြပါစေ။

## ပြန်လည်သုံးသပ်ချက်

- ဖော်ပြပါ အကြောင်းရပ်များသည် CSO တို့၏ အောင်မြင်ရေးအတွက် မည်မျှ အရေးပါသည်ကို အခြေခံပြီး အဆင့်သတ်မှတ်ပါစေ။ တစ်ဦးချင်း အနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ လုပ်ဆောင်ပါစေ။
- ကျောင်းသားတို့သတ်မှတ်ထားရှိသည့် စာရင်းနှင့် စပ်လျဉ်းပြီး မည်သည်တို့ သတိမူမိသည်ကို ဆွေးနွေးပါစေ။

### နီးစပ်သော အဖြေများ

» ဖြေဆိုပုံအမျိုးမျိုး ကွဲလဲနိုင်သည်။

## ၈.၂.၂ CSO တို့၏ နည်းဗျူဟာများ

### အကြိုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၈.၂.၂ – က) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သော အဖြေများ

**CSO များသည် ပြည်သူ့လိုအပ်ချက်များနှင့် ကိုက်ညီသည့် မူဝါဒများ ချမှတ်ရေးဆွဲနိုင်ရေး၊ ပြောင်းလဲစေရေးတို့အတွက် အစိုးရအပေါ်တွင် လွှမ်းမိုးနိုင်ရန် ကြိုးပမ်းကြပေသည်။ ထိုကဲ့သို့ လွှမ်းမိုးအောင် ကြိုးပမ်းရာတွင် အောက်ပါ နည်းဗျူဟာများကို အသုံးပြုကြသည်။**

» အရေးဆိုလှုံ့ဆော်မှုများ၊

» သပိတ်မှောက်မှုများ၊

» အသိပညာပေးရေး လှုပ်ရှားမှုများ၊

» ကွန်ရက် တည်ဆောက်ချိတ်ဆက် ခြင်းများ၊

» အစိုးရအကျိုးစီးပွားအတွက် စည်းရုံးလှုံ့ဆော်မှုများ (လော်ဘီလုပ်ပေးမှုများ)၊

» အကြံပြုစာ လက်မှတ်ထိုးပွဲများ စီစဉ်ခြင်း၊

» ဆန္ဒပြမှုများ၊

» မီဒီယာမှတစ်ဆင့် ပြည်သူ့သဘောထားအပေါ် လွှမ်းမိုးရန် ကြိုးပမ်းမှုများ၊ ပါဝင်ကြပေသည်။

### ဆွေးနွေးချက်

၁။ အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ ဖော်ပြပါ မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

ထင်မြင်ပါသည်။ စည်းရုံးဆွဲဆောင်သူများသည် အခြားသူများထက် အစိုးရအပေါ် လွှမ်းမိုးနိုင်သည့် အာဏာ ပိုမို ပိုင်ဆိုင်ထားကြပြီး ပွင့်လင်းမြင်သာမှု မရှိကြချေ။ ထို့အပြင် ဒီမိုကရက်တစ်မကျသည့် အစုအဖွဲ့များဘက်ကလည်း ရပ်တည်တတ်ကြသေးသည်။ သို့ဖြစ်၍ စည်းရုံးဆွဲဆောင်မှုကို ဥစ္စာဓနအရင်းတည်သည့် လွှမ်းမိုးမှုဟု အမည်တပ်နိုင်ပေသည်။

မထင်မြင်ပါ။ စည်းရုံးဆွဲဆောင်ခြင်းသည် ဒီမိုကရက်တစ်မှုမတူယှဉ်တွဲမှု၏ တရားဝင်အစိတ်အပိုင်းတစ်ရပ်ပင်ဖြစ်သည်။ ထို့အပြင် အဆိုပါလုပ်ဆောင်ချက်များသည် လွတ်လပ်စွာ စည်းရုံးသင်းဖွဲ့ခွင့်၏ အကာအကွယ်အောက်တွင် ရှိသည်။ စည်းရုံးဆွဲဆောင်ခြင်းမှတစ်ဆင့် အစိုးရများသည် သက်ဆိုင်ရာ အတွေးအမြင်များကို ကြားသိရနိုင်ပေသည်။

## မြန်မာ့ရေးရာ

- 'မြန်မာ့ရေးရာ' ပါ အကြောင်းအရာတို့ကို လေ့လာ ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

## ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

၁။ Burma Rivers Network (BRN) သည် တရုတ်အစိုးရထံ စာလွှာပေးပို့ပြီး မြန်မာပြည်ရှိ တရုတ်ကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ 'သက်ရောက်မှု ဆန်းစစ်ခြင်း' (Impact Assessment) ကို ပြုလုပ်ရန် တောင်းဆိုထားသည်။

» ရေကာတာဆောက်လုပ်ရေးကို ရပ်တန့်ပစ်လိုက်ပါက ဥပဒေအရ ဆောင်ရွက်မည်ဖြစ်ကြောင်း CPI ဥက္ကဋ္ဌက သတိပေးထားပြီး အဆိုပါစီမံကိန်း ပြန်လည်စတင်နိုင်ရေးအတွက်လည်း မြန်မာအစိုးရအပေါ် ဖိအားပေးလျက် ရှိသည်။

၂။

» Burma Rivers Network – အောင်မြင်မှုရှိသည် (စီမံကိန်းကို ဆိုင်းငံ့နိုင်ခဲ့သည်)။ အောင်မြင်မှုမရှိချေ (သက်ရောက်မှု ဆန်းစစ်ခြင်း – Impact Assessment များကို ထုတ်ပြန်ခဲ့ခြင်း မရှိချေ။)

» CPI ဥက္ကဋ္ဌ – အောင်မြင်မှု မရရှိခဲ့ (စီမံကိန်းပြန်စရန် ခြိမ်းခြောက်ခဲ့သော်လည်း ပြန်လည်စတင်ခြင်း မရှိဘဲ ဆိုင်းငံ့ထားဆဲ ဖြစ်သည်။)

### ဆွေးနွေးချက်

- သင်ခန်းစာ (၈.၂.၂ – ခ) ကို လေ့လာ ဖတ်ရှုပါစေ။
- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ မသန်စွမ်းသူများ၊ လူငယ်နှင့် ကလေးငယ်များ၊ လိင်လုပ်သားများ၊ တိုင်းရင်းသားနှင့် ဘာသာရေးဆိုင်ရာ လူနည်းစုများ၊ ပဋိပက္ခများကို ခံစားရသူများ၊ နိုင်ငံအတွင်း ရွှေ့ပြောင်းနေရာသတ်မှတ်ခံရသူများ၊ LGBT အသိုင်းအဝိုင်းများ၊ မြေယာအသိမ်းခံခဲ့ရသူများ။

၂။ ဖြေဆိုပုံ အမျိုးမျိုး ကွဲလွဲနိုင်သည်။

၃။ ၂၀၀၇ ခုနှစ်တွင် ကချင်ပြည်နယ်မှ ခေါင်းဆောင် ၁၂ ဦးက ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လျှပ်စစ်ဝန်ကြီးဌာနတို့ထံ ထိုစီမံကိန်းကို ဖျက်သိမ်းပေးရန် တောင်းဆိုခဲ့သည်။ (အကျိုးသက်ရောက်မှု မရှိခဲ့ချေ။) ကုမ္ပဏီများ၏ အချက်အလက်များကို အများပြည်သူထံ ပြသပေးရန်၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် သက်ရောက်ခံစားရသူတို့၏ အမြင်များကို ထည့်သွင်းစဉ်းစားရန်တို့ကိုလည်း BRN အဖွဲ့က တောင်းဆိုထားသည်။ (အကျိုးသက်ရောက်မှု မရှိခဲ့ချေ။)

### လေ့ကျင့်ခန်း

- သင်ခန်းစာ (၈.၂.၂ – ဂ နှင့် ဃ) ကို လေ့လာ ဖတ်ရှုပါစေ။
- တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ စည်းရုံးဆွဲဆောင်မှု၊ အရေးဆိုမှု။

၂။ အရေးဆိုမှု၊ ဆန္ဒထုတ်ဖော်မှုနှင့် သပိတ်မှောက်မှုများ။

### မြန်မာ့ရေးရာ

- ‘မြန်မာ့ရေးရာ’ ပါ အကြောင်းအရာတို့ကို လေ့လာ ဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ အဖြေအမျိုးမျိုးကွဲလွဲလိမ့်မည်။ အောက်ပါအဖြေတို့ကိုလည်း အကြံပြုပေးနိုင်ပါသည်။

» ငွေသားစက္ကူအသစ်များကို ရုတ်သိမ်းကြောင်း ထုတ်ပြန်ခဲ့သည့်အတွက် ဆန္ဒထုတ်ဖော်မှုများ ပေါ်ပေါက်လာခဲ့သည်။ (စီးပွားရေးဆိုင်ရာ မူဝါဒအပြောင်းအလဲများ ဖော်ဆောင်ပေးနိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။)

» ကျောင်းသားများက ရဲများကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ (တရားဥပဒေစိုးမိုးမှုနှင့် ပွင့်လင်းမြင်သာမှုတို့ ခိုင်မာအားကောင်းလာစေရေးအတွက် ဖြစ်သည်။)

» ကန့်ကွက်ဆန္ဒပြပွဲများတွင် အစိုးရဝန်ထမ်းများ၊ ရဟန်းသံဃာများ၊ လေတပ်၊ ရေတပ်မှ အမှုထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ဆေးရုံဝန်ထမ်းများအပါအဝင် အခြားသော နိုင်ငံသားများမှ ပူးပေါင်းပါဝင်ခဲ့ကြသည်။ (အစိုးရအပြောင်းအလဲ ဖော်ဆောင်နိုင်ရန်)

» လယ်သမားများမှလည်း ကန့်ကွက်ဆန္ဒပြပွဲများတွင် ပူးပေါင်းပါဝင်ခဲ့ကြသည်။ (စီးပွားရေးဆိုင်ရာ မူဝါဒအပြောင်းအလဲများ ဖော်ဆောင်လာစေရန်)

» ဗမာပြည်တစ်ဝန်းတွင် လူထုဆန္ဒထုတ်ဖော်မှုများ ကျင်းပခဲ့ကြပြီး တိုင်းရင်းသားလူနည်းစုများ၊ ဗုဒ္ဓဘာသာဝင်၊ မူဆလင်ဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင်များ၊ ကျောင်းသားများ၊ အလုပ်သမားများနှင့် လူကြီးလူငယ်ပါမကျန် အားလုံးတို့က အစိုးရကို ဆန့်ကျင်ဆန္ဒပြခဲ့ကြပေသည်။ (အစိုးရအပြောင်းအလဲ ဖော်ဆောင်နိုင်ရန်)

» နှစ်စဉ် ဩဂုတ်လ ရှစ်ရက်နေ့တွင် ရှစ်လေးလုံး (၈၈၈၈) လှုပ်ရှားမှုကို အမှတ်ရသောအားဖြင့် ဆန္ဒထုတ်ဖော်မှုများ၊ အခမ်းအနားများ ကမ္ဘာနှင့်အဝှမ်း ကျင်းပလျက် ရှိပေသည်။ (၈၈၈၈ အရေးအခင်းကို အောက်မေ့သတိရနိုင်ရန်)

၁။ အဖြေအမျိုးမျိုး ကွဲလွဲလိမ့်မည်။ အောက်ပါ အဖြေတို့ကိုလည်း အကြံပြုပေးနိုင်ပါသည်။

» အထွေထွေသပိတ်မှောက်မှုသည် ၁၉၈၈ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် စတင်ခဲ့သည်။ (အစိုးရအပြောင်းအလဲ ဖော်ဆောင်နိုင်ရန်)

» မန္တလေးတိုင်းတွင် ရှေ့နေများက သပိတ်မှောက်ရေးကော်မတီတစ်ရပ်ကို စည်းစနစ်တကျ ဦးဆောင်ခဲ့ကြသည်။ (ပါတီစုံ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ရရှိခံစားနိုင်ရန်)

» ကျေးရွာတစ်ရွာတွင် ရွာခံ (၂၀၀၀) ခန့်က ပါဝင်သပိတ်မှောက်ခဲ့ကြသည်။ (စီးပွားရေးဆိုင်ရာ မူဝါဒအပြောင်းအလဲများ ဖော်ဆောင်လာစေရန်)

## ပြန်လည်သုံးသပ်ချက်

- တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ မေးခွန်းတို့ကို ဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

လက်ခံနိုင်ပါသည်။ ထိုသူတို့အနေဖြင့် ၎င်းတို့အပေါ် အနှုတ်သဘော သက်ရောက်မှုရှိနေသည့် မူဝါဒများ၊ ဥပဒေများကို ဆန့်ကျင် ကန့်ကွက်ပိုင်ခွင့် ရှိပေသည်။

လက်မခံနိုင်ပါ။ ပြည်သူတို့အတွက် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ထိုသူတို့ကို လိုအပ်ပေမည်။ ဆရာ၊ ဆရာမများ မရှိပါက ကျောင်းသားများအနေဖြင့် စာပေသင်ကြားနိုင်ခြင်း မရှိကြတော့။ ရဲများ မရှိခြင်းက အကြမ်းဖက်မှုများနှင့် ပဋိပက္ခများ ပေါ်ပေါက်လာစေမည်။ ထို့အတူ ဆရာဝန်များ မရှိခြင်းကလည်း မလိုလားအပ်သည့် သေဆုံးမှုများ၊ နာမကျန်း ဖြစ်မှုများ ပေါ်ပေါက်လာစေနိုင်ပေမည်။

## လုပ်ငန်းများ

၁။ ဖြစ်စဉ်ပြဇယားပါ ဖြစ်ရပ်များထဲမှ အရပ်ဘက်လူ့အဖွဲ့အစည်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများ ပါဝင်ခဲ့ကြသည့် ဖြစ်ရပ်များကို ရွေးချယ်ဆုံးဖြတ်ပါစေ။ အဖွဲ့လိုက်အနေဖြင့် လုပ်ဆောင်ပါစေ။

၂။ မည်သည့် CSO နည်းဗျူဟာများကို ထိုဖြစ်ရပ်များတွင် အသုံးပြုခဲ့ကြသည်ကို ပိုင်းခြားဆုံးဖြတ်ပါစေ။

**နီးစပ်သော အဖြေများ**

» ၁၉၃၀ တို့ဗမာအစည်းအရုံး ဖွဲ့စည်းခြင်း

နည်းဗျူဟာများ ။ ။ စည်းရုံးဆွဲဆောင်မှု၊ အရေးဆိုမှု၊ ဆန္ဒထုတ်ဖော်မှု။

» ၁၉၃၆ ဒုတိယမြောက် တက္ကသိုလ်ကျောင်းသားများသပိတ်

နည်းဗျူဟာများ ။ ။ အရေးဆိုမှု၊ ဆန္ဒထုတ်ဖော်မှု၊ သပိတ်မှောက်မှု။

» ၁၉၃၈ (၁၃၀၀) ပြည့် အရေးတော်ပုံ

နည်းဗျူဟာများ ။ ။ အရေးဆိုမှု၊ ဆန္ဒထုတ်ဖော်မှု၊ သပိတ်မှောက်မှု။

» ၁၉၄၈ တိုင်းရင်းသားလူနည်းစုများ မဟာမိတ်ဖွဲ့ခြင်း

နည်းဗျူဟာများ ။ ။ စည်းရုံးဆွဲဆောင်မှု၊ အရေးဆိုမှု။

» ၁၉၅၈၊ ၁၉၆၃ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ

နည်းဗျူဟာများ ။ ။ စည်းရုံးဆွဲဆောင်မှု၊ အရေးဆိုမှု။

» ၁၉၈၈ ဆန္ဒပြပွဲများ (၈၈၈၈ အရေးအခင်း)

နည်းဗျူဟာများ ။ ။ အရေးဆိုမှု၊ ဆန္ဒထုတ်ဖော်မှု၊ သပိတ်မှောက်မှု။

» ၂၀၀၈ ဆိုင်ကလုန်း နာဂစ်

နည်းဗျူဟာများ ။ ။ စည်းရုံးဆွဲဆောင်မှု၊ အရေးဆိုမှု။

» ၂၀၁၁ မြစ်ဆုံဆည်

နည်းဗျူဟာများ ။ ။ စည်းရုံးဆွဲဆောင်မှု၊ အရေးဆိုမှု၊ ဆန္ဒထုတ်ဖော်မှု။

» ၂၀၁၂ လက်ပံတောင်းတောင်အရေးအခင်း

နည်းဗျူဟာများ ။ ။ အရေးဆိုမှု၊ ဆန္ဒထုတ်ဖော်မှု။

» ၂၀၁၃ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ

နည်းဗျူဟာများ ။ ။ စည်းရုံးဆွဲဆောင်မှု၊ အရေးဆိုမှု။

အဖွဲ့များက မိမိတို့ ရေးသားပြီးသည့် စာရင်းများကို အတန်းသို့ ပြန်လည်တင်ပြပါစေ။

## ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

**နီးစပ်သော အဖြေများ**

၁။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။

၂။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။

# ၈.၂.၃ CSO များနှင့် လူ့အဖွဲ့အစည်း

## အကြိုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းကို ဆွေးနွေး ဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။
- သင်ခန်းစာ (၈.၂.၃) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

**နီးစပ်သော အဖြေများ**

အကောင်းတရားများ ဆောင်ကြဉ်းပေးနိုင်သည်။ အကြောင်းမှာ ထိုအဖွဲ့အစည်းများသည် ဒီမိုကရေစီနည်းလမ်းကျ မှုမတူ ယှဉ်တွဲမှုကို ပံ့ပိုးပေးပြီး၊ အပယ်ခံအသိုင်းအဝိုင်းများ၏ အကျိုးစီးပွားအတွက်လည်း အကာအကွယ်ပြုပေးနိုင်၊ ဖော်ဆောင်ပေးအပ်နိုင်ကြ၍ ဖြစ်ပေသည်။

အဆိုးတရားများသာဖြစ်စေလိမ့်မည်။ သြဇာရှိ CSOများသည် အစိုးရအပေါ် လွှမ်းမိုးနိုင်သည့် အာဏာအလွန်အမင်း ပိုင်ဆိုင်ထားကြပြီး ၎င်းတို့ကို ပြည်သူများက ရွေးချယ်တင်မြှောက်ခြင်းလည်းမရှိသလို ၎င်းတို့ကလည်း ပြည်သူအပေါ် တာဝန်ခံခြင်းမရှိသောကြောင့်ဖြစ်သည်။

## ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

## နီးစပ်သော အဖြေများ

၃။ အဖြေအမျိုးမျိုး ကွဲလွဲလိမ့်မည်။ အောက်ပါ အဖြေများကိုလည်း အကြံပြုပေးနိုင်ပါသည်။

» CSO များသည် နိုင်ငံရေးအတွင်း လှုပ်ရှားပါဝင်ဆောင်ရွက်မှုကို ပေးစွမ်းနိုင်ကြသော်လည်း မျှတမှုမရှိသည်ကို တွေ့ရသည်။ အင်အားကြီး အတွင်းအုပ်စုများသည် ပြင်ပအုပ်စုများထက် အာဏာပိုမိုကြီးမားကြပေသည်။ ထိုအခြေအနေမျိုးက ဒီမိုကရေစီမဆန်လှချေ။

» CSO များသည် အရွေးကောက်တင်မြှောက်ခံထားရခြင်းမဟုတ်ကြသည့်အတွက်ကြောင့် တာဝန်ခံခြင်းလည်းမရှိကြချေ။ ၎င်းတို့ကို တာဝန်ခံမှု မရှိဘဲ နိုင်ငံရေးအာဏာပိုင်ဆိုင်ထားခြင်းဟု အမည်တပ်နိုင်ပေမည်။

၄။ အဖြေအမျိုးမျိုး ကွဲလွဲလိမ့်မည်။ အောက်ပါအဖြေများကိုလည်း အကြံပြုပေးနိုင်ပါသည်။

» CSO များသည် နိုင်ငံရေးအရပါဝင်မှုနှင့် အစိုးရနှင့်ဆက်ဆံနိုင်မှုတို့ကို မြင့်တင်ပေးနိုင်ကြသည်။ ဤသည်က ဒီမိုကရေစီကျသည့် တရားဝင်အသိအမှတ်ပြုမှုကို ပေးစွမ်းနိုင်ပေသည်။

» CSO များသည် အစိုးရအာဏာအပေါ် အပြန်အလှန်ထိန်းကျောင်းနိုင်ပေသည်။ ထိုသို့ ထိန်းကျောင်းနိုင်ခြင်းဖြင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို ပေးစွမ်းစေနိုင်ပြီး ဒီမိုကရက်တစ် တရားဝင်အသိအမှတ်ပြုမှုကို ဖော်ဆောင်ပေးစေမည်ဖြစ်သည်။

## လုပ်ငန်းများ

- ပေးထားသည့် အဆိုများကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်းပေးပါ။
- တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖော်ပြပါအဆိုများကို ဇယား၏ သင့်လျော်ရာနေရာတွင် ဖြည့်စွက်ပါစေ။

**နီးစပ်သော အဖြေများ**

| | အကျိုးတရားများ | ဆိုးကျိုးများ |
|---|---|---|
| တန်းတူညီမျှမှု | ည။ နိုင်ငံရေးပါတီများ လျစ်လျူရှုထားကြသည့် လူမှုအုပ်စုများ၏ အကျိုးစီးပွားကို အစိုးရနှင့် လူ့အဖွဲ့အစည်းအတွင်း သိရှိလာအောင် CSO များက ကိုယ်စားပြုနိုင်ကြသည်။ | က။ အတွင်းအုပ်စုများသည် အာဏာကြီးမားသည့် အဖွဲ့များကို နိုင်ငံရေးတွင် ပိုမို လွှမ်းမိုးထားစေခြင်းဖြင့် လူမှုရေးမညီမျှမှုကို ပိုဆိုးစေနိုင်သည်။ |
| ဆွေးနွေးမှုနှင့် ငြင်းခုံပြောဆိုမှု | ခ။ နိုင်ငံရေးဆွေးနွေးမှုများအတွက် အယူအဆများ၊ အမြင်များကို မိတ်ဆက်ပေးခြင်းဖြင့် အစိုးရ (နှင့် လူ့အဖွဲ့အစည်း) တို့ အသိအမြင် ပိုမိုတိုးပွားလာကြပြီး မူဝါဒကောင်းများ ပေါ်ထွန်းလာစေသည်။ | ဂ။ CSO များသည် မိမိတို့ရင်ဆိုင်ဖြေရှင်းလျက်ရှိသည့်ပြဿနာကိစ္စရပ်အတွက် ခံယူချက် ပြင်းထန်ကြသည်။ ထိုပြဿနာကိစ္စရပ်တို့မှာ အငြင်းပွားဖွယ် သို့မဟုတ် အကဲဆတ်သည့်ပြဿနာကိစ္စရပ်များ ဖြစ်နေပါက ပဋိပက္ခများ ပေါ်ပေါက်လာစေနိုင်သည်။ |
| တာဝန်ခံမှု | င။ CSO များသည် အစိုးရအာဏာအပေါ် ကန့်သတ်နိုင်၊ ထိန်းချုပ်နိုင်သည့် အပြန်အလှန် ထိန်းကျောင်းမှုစနစ်တစ်ရပ်ဖြစ်သည်။ အစိုးရတို့ ကတိကဝတ်များအတိုင်း ကျင့်ကြံကြပြီး လူနည်းစုတို့၏ အခွင့်အရေးများကို ကာကွယ်လာစေရန် တွန်းအားပေးခြင်းဖြင့် တာဝန်ခံမှုကို မြင့်တက်စေသည်။ | စ။ CSO များသည် အာဏာရှင်ဆိုင်ထားကြသော်လည်း မည်သူ့ကိုမျှ တာဝန်ခံမှုမရှိ။ ဆိုလိုသည်မှာ အစိုးရများ (သို့) ပါတီများလောက် CSO များမှာ တရားဝင်အသိအမှတ်ပြုမှု မပိုင်ဆိုင်ထားကြဟု ဖြစ်သည်။ သို့သော် ၎င်းတို့မှာ နိုင်ငံရေးတွင် ချယ်လှယ်လွှမ်းမိုးထားနိုင်ကြသည်။ |
| ပါဝင်မှု | ဃ။ CSO များ (အထူးသဖြင့် လူမှုလှုပ်ရှားမှုများ) သည် 'ဒီမိုကရေစီ၏ အလွတ်ကျောင်းတော်ကြီးများ' ဖြစ်ကြသည်။ ထိုကျောင်းတော်ကြီးတွင် နိုင်ငံရေးအတွင်း မည်သို့ပါဝင်လုပ်ဆောင်ရမည်ကို သင်ယူနိုင်ကြမည်။ | ဇ။ ရွေးကောက်တင်မြှောက်ခြင်း မခံထားရသည့် စည်းရုံးလှုံ့ဆော်သူများ (လော်ဘီများ)၊ အတွင်းအုပ်စုများသည် သာမန်နိုင်ငံသားများထက် နိုင်ငံရေးတွင် ပိုမို ပါဝင်နိုင်သည့် အာဏာရှင်ဆိုင်ထားကြသည့်အလျောက် ရွေးကောက်ပွဲနိုင်ငံရေးအပေါ် ကဖျက်ယဖျက် လုပ်နိုင်ကြသည်။ |
| ဆုံးဖြတ်ချက်ချမှတ်မှု | ဆ။ CSO များမှ ရရှိသည့် သတင်းအချက်အလက်များ (ထုတ်ပြန်ချက်များ၊ အစီရင်ခံစာများ) သည် အစိုးရများအတွက် မှန်ကန်သော ဆုံးဖြတ်ခြင်းများနှင့် ထိရောက်သော မူဝါဒများ ချမှတ်ရန် အထောက်အကူပြုပေးသည်။ | ဈ။ CSO များသည် နိုင်ငံရေးကို ပိုမို ခက်ခဲစေမည် ဖြစ်သည်။ အကြောင်းမှာ နိုင်ငံရေးသမားတို့အနေဖြင့် အာဏာကြီးမားသည့် အဖွဲ့အသီးသီးတို့၏ မျက်နှာကိုကြည့်ပြီး မူဝါဒများ ချမှတ်ကြရမည်ဖြစ်သောကြောင့် ဖြစ်သည် |

**လုပ်ငန်းများ**

- CSO ဆိုင်ရာ အညွှန်းဖော်ပြချက်များကို လေ့လာသုံးသပ်စေပြီး နားမလည်သည်တို့ကို ရှင်းလင်းပြသပေးပါ။

၁။ ဖော်ပြပါ CSO အမှတ်တံဆိပ်များကို သင့်တော်သည့် အညွှန်းဖော်ပြချက်တို့နှင့် တွဲစပ်ပါစေ။ တစ်ဦးချင်း အနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ လုပ်ဆောင်ပါစေ။

၂။ ထိုတွဲစပ်ထားသည်တို့ကို သင့်တော်သည့် ရည်ရွယ်ချက်များနှင့် ထပ်မံတွဲစပ်ပါစေ။

**အဖြေများ**

၁။ ခ – ၉၊ ၁၀၊ ၁၁၊ ၁၃။

၂။ ဂ – ၃၊ ၄၊ ၆၊ ၁၄။

၃။ ဃ – ၂၊ ၇၊ ၁၂။

၄။ က – ၁၊ ၅၊ ၈။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သော အဖြေများ

၁။ အကျိုးတရားများကို ဆောင်ကြဉ်းပေးနိုင်သည်။ ထိုအုပ်စုများသည် မူမတူယှဉ်တွဲမှု၊ အပြန်အလှန်ထိန်းကျောင်းမှုနှင့် နိုင်ငံရေးအရ ပါဝင်မှုတို့ကို ပေးစွမ်းနိုင်ကြပေမည်။ အဆိုးတရားများကို ဆောင်ကြဉ်းလိမ့်မည်။ အရွေးကောက်တင်မြှောက်ခံထားရခြင်းမဟုတ်၊ တာဝန်ခံခြင်းလည်း မရှိကြဘဲလျက် နိုင်ငံရေးအာဏာပိုင်ဆိုင်ထားကြခြင်းကြောင့် ဖြစ်သည်။

၂။ အဖြေအမျိုးမျိုး ကွဲလွဲလိမ့်မည်။ အောက်ပါ အဖြေများကိုလည်း အကြံပြုပေးနိုင်ပါသည်။

» ဘဏ္ဍာရေးအခြေအနေ/အထောက်အပံ့၊

» အရွယ်အစား (အဖွဲ့ဝင်အင်အား၊ အရင်းအနှီး၊ အဆက်အသွယ်)

» ဖွဲ့စည်းပုံနှင့် ခေါင်းဆောင်မှု၊

» ဝါဒ၊

» အောက်ခြေလူထုတို့၏ ပံ့ပိုး ထောက်ခံမှု၊

» အစိုးရနှင့် နီးစပ်မှု၊

» အဖွဲ့ဝင်များ၏ အရည်အချင်းနှင့် စွမ်းဆောင်မှု။

### လုပ်ငန်းများ – ကျွန်ုပ်တို့၏ အဖွဲ့အစည်း၊ အပိုင်း(၂)

- စာမျက်နှာ (၁၆၃) ပါ "ကျွန်ုပ်တို့၏ အဖွဲ့အစည်း၊ အပိုင်း(၁)" လုပ်ဆောင်ချက်ရှိ အဖွဲ့များအတိုင်း အတူတကွ လုပ်ဆောင်ပါစေ။
- အပိုင်း (၁) တွင် ဆုံးဖြတ်ခဲ့ကြသည့် အဆိုများ၊ လျာထားငွေ (ဘတ်ဂျက်) များကို ပြန်လည်ကြည့်ရှု သုံးသပ်ပါစေ။
- ထိုအချက်အလက်များနှင့် သင်ခန်းစာပါ အကြောင်းအရာတို့ကို အခြေခံပြီး ဖော်ပြပါပုံစံကို ဖြည့်စွက်ပါစေ။

## ပြန်လှန်သုံးသပ်ချက်

၁။ မည်သည့် အကြောင်းရင်းတို့ကြောင့် သက်ဆိုင်ရာ နည်းဗျူဟာများကို ရွေးချယ်ခဲ့ရကြောင်း အဖွဲ့လိုက်အနေဖြင့် ဆွေးနွေးပါစေ။

၂။ ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အဖွဲ့အစည်း၏ အရွယ်အစားနှင့် လျာထားငွေ (ဘတ်ဂျက်) တို့က မည်သို့ သက်ရောက်မှုများ ရှိသည်ကို ဆွေးနွေးသုံးသပ်ပါစေ။

### နီးစပ်သော အဖြေများ

လျာထားငွေ (ဘတ်ဂျက်) နှင့် အရွယ်အစား သေးငယ်ခြင်းက ပြင်ပအုပ်စုများ အသုံးပြုသည့် နည်းဗျူဟာများကို အသုံးပြုစေနိုင်သည်။ ဘတ်ဂျက်နှင့် အရွယ်အစား ကြီးမားခြင်းက အတွင်းအုပ်စုများ အသုံးပြုသည့် နည်းဗျူဟာများကို အသုံးပြုစေနိုင်သည်။

၃။ ကျောင်းသားတို့၏ အဖွဲ့အစည်းများအနေဖြင့် မည်မျှအထိ သက်ရောက်မှု ရှိနိုင်သည်၊ အဓိကရည်မှန်းချက်များကို မည်မျှ ဖြည့်ဆည်းဖော်ဆောင်ပေးနိုင်မည် အစရှိသည်တို့အတွက် ဆွေးနွေးအကဲဖြတ်ပါစေ။

- ထိုသို့ သုံးသပ်ရာတွင် အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားနိုင်မည်။

» အဖွဲ့အစည်း၏ ဘတ်ဂျက်နှင့် အရွယ်အစားက အဖွဲ့၏ သက်ရောက်မှုအပေါ် မည်မျှ လွှမ်းမိုးမှုရှိသည်။

» အဖွဲ့အစည်း ရင်ဆိုင်ဖြေရှင်းလျက်ရှိသည့် ကိစ္စရပ်များကို အဖြေရှာဆောင်ရွက်ရာတွင် မည်သည့် နည်းဗျူဟာများက ထိရောက်မှု ရှိနိုင်သည်။

» အဆိုပါကိစ္စရပ်များကို အဖြေရှာဆောင်ရွက်ရာတွင် ကြုံတွေ့ရနိုင်သည့် အခက်အခဲများ၊

» အဆိုပါ ကိစ္စရပ်များကို မြန်မာပြည်တွင်း လှုပ်ရှားဆောင်ရွက်ရာတွင် တွေ့ကြုံရနိုင်သည့် နိုင်ငံရေး၊ ဥပဒေရေးနှင့် လူမှုရေးဆိုင်ရာ အတားအဆီးများ။

- မိမိတို့ အဖွဲ့အစည်းများအကြောင်းနှင့် အဖွဲ့အစည်းအပေါ် သုံးသပ်ချက် အမြင်များကို အဖွဲ့လိုက်အနေဖြင့် အတန်းသို့ တင်ပြပြောဆိုပါစေ။

# အခန်း (၉) နိုင်ငံရေးပါတီများ

## ၉.၁ နိုင်ငံရေးပါတီများ

### ၉.၁.၁ နိုင်ငံရေးပါတီများ

**အကြံပြုသင်ခန်းစာ**

- ‘နိုင်ငံရေးပါတီ’ ဟူသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကို ဆွေးနွေးပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၉.၁.၁) ကို လေ့လာ ဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

**နီးစပ်သောအဖြေများ**

နိုင်ငံရေးပါတီများသည် နိုင်ငံရေးအပေါ် သဘောထားအမြင်တူညီကြသူများဖြင့် ပေါင်းစုထားခြင်းဖြစ်သည်။ ထိုသူတို့တွင် တူညီသော အကျိုးစီးပွား၊ စရိုက်လက္ခဏာနှင့် ဝါဒတို့ကို ပိုင်ဆိုင်ထားတတ်ကြပြီး မိမိတို့နိုင်ငံရေးရည်မှန်းချက်များ ပြည့်မီရေးအတွက် အတူတကွ လုပ်ကိုင်ဆောင်ရွက်တတ်ကြသည်။

## လုပ်ငန်းများ –

## ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ၊ လက္ခဏာရပ်များ

၁။ လူ့အဖွဲ့အစည်းအတွင်း ကျင့်သုံးသင့်သည်ဟု ထင်မြင်သည့် အရေးပါဆုံးသော တန်ဖိုး (၃) ရပ်ကို ရေးသားဖော်ပြပါစေ။ တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ လုပ်ဆောင်ပါစေ။

၂။ အမြင်သဘောထားတူညီသူ အချင်းချင်းပေါင်းစုလျက် အဖွဲ့ (၄) ဖွဲ့မှ (၈) ဖွဲ့အထိ ဖွဲ့ပါစေ။

- အသိုင်းအဝိုင်းအဆင့်၊ ဒေသအဆင့်၊ နိုင်ငံတော်အဆင့် ပြဿနာကိစ္စရပ်များအနက် မည်သည်ကို အလေးထား ဆောင်ရွက်မည်ကို ဆွေးနွေးဆုံးဖြတ်ပါစေ။

၃။ အဖွဲ့များအနေဖြင့် အစည်းအဝေး အစီအစဉ်တစ်ရပ် ချမှတ်ရေးဆွဲပါစေ။ ထိုအစည်းအဝေး၏ ရည်ရွယ်ချက်မှာ နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်ရေးအတွက်ဖြစ်သည်။

- ထိုအစီအစဉ်ကို ရေးဆွဲရာတွင် မိမိတို့၏ အသိုင်းအဝိုင်း/ ဒေသ/တိုင်းပြည်အနေဖြင့် ရင်ဆိုင်နေရသည့် အကြီးကျယ်ဆုံးသော လူမှုရေး ပြဿနာရပ်များနှင့် ပါတီ၏ အယူဝါဒ၊ ပါတီ၏ အမည် အစရှိသည်တို့ကို ပါရှိစေရမည်ဖြစ်သည်။
- အဆိုပါ အစီအစဉ်ကို ရေးဆွဲ သတ်မှတ်ပြီးပါက အစီအစဉ် အတိုင်း အစည်းအဝေးကျင်းပပြီး ဆွေးနွေးဆုံးဖြတ်ရမည် ဖြစ်သည်။
- ထိုဆွေးနွေးဆုံးဖြတ်ချက်များကို မှတ်သားထားရှိပါစေ။ ထိုသို့ မှတ်သားပြုစုရာတွင် အောက်ပါ ဥပမာရပ်အတိုင်း ရေးဆွဲထားရှိနိုင်ပေမည်။

> အစည်းအဝေးအစီအစဉ် – ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ
>
> ၁။ အဓိက လူမှုရေး ပြဿနာရပ်များကို သတ်မှတ် ဖော်ထုတ်ရန်။
>
> – ကျား၊ မ ခွဲခြားမှု။
>
> – လူမျိုးရေး ခွဲခြားမှု။
>
> – အရက်သေစာ သောက်စားမှု။
>
> ၂။ အဓိက စီးပွားရေး ပြဿနာများကို ဖော်ထုတ် သတ်မှတ်ရန်
>
> – ဆင်းရဲမွဲတေမှု။
>
> – ခေါင်းပုံဖြတ်ခံရမှုများ။
>
> – ခြစားမှုများ။
>
> ၃။ အဓိက နိုင်ငံရေးပြဿနာရပ်များ သတ်မှတ်ဖော်ထုတ်ရန်
>
> – တရားဥပဒေစိုးမိုးမှု အားနည်းခြင်း။
>
> – တာဝန်ခံမှု မရှိခြင်း။
>
> – နိုင်ငံရေးအရ ပါဝင်နိုင်မှု မရှိခြင်း။
>
> ၄။ ပါတီ၏ ဝါဒကို အများ သဘောတူ ဆုံးဖြတ်ရန်
>
> လစ်ဘရယ်လ်/ဆိုရှယ်လစ်
>
> ၅။ ပါတီ၏ အမည်သတ်မှတ်ရန်
>
> The Rights and Equality Party (REP) – လူ့အခွင့်အရေးနှင့် ညီမျှရေးပါတီ

- သင်ခန်းစာ (၉.၁.၁ – က) ကို လေ့လာဖတ်ရှုပါစေ။

## လုပ်ငန်းများ –

## ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ၊ အခန်းကဏ္ဍများ

- အဖွဲ့ဝင်များကို အခန်းကဏ္ဍ (၃) ရပ် အနက်မှ တစ်နေရာရာဖြင့် သတ်မှတ်ထားရှိပါစေ။
- ထိုသို့ ခန့်အပ်သတ်မှတ်ရာတွင် အားလုံးသဘောကို မျှတစွာ အခြေခံသည့်နည်းဖြင့် ဆန္ဒခံယူခြင်း သို့မဟုတ် အများစုသဘောဖြင့် မဲခွဲဆုံးဖြတ်ခြင်းဖြင့် သတ်မှတ်ပါ။
- ထိုအခန်းကဏ္ဍများအတွက် အရွေးချယ်သတ်မှတ်သည့် လူများကို 'နိုင်ငံရေးပါတီများ' ခေါင်းစဉ်ရှိလက်တွေ့သင်ခန်းစာ တစ်လျှောက်တွင် အလုည့်ကျ ပြောင်းလဲသတ်မှတ်သွား နိုင်သည်။ ဥက္ကဋ္ဌရာထူး၊ စာတမ်းပြုစုသူများနှင့် ပြောရေး ဆိုခွင့်ရှိသူ အစရှိသည့် နေရာများအတွက် ဤလေ့ကျင့်ခန်း တွင် သတ်မှတ်ထားသူတို့ကို နောင်လေ့ကျင့်ခန်းများတွင် အခြားအဖွဲ့ဝင်တစ်ဦးဖြင့် ပြောင်းလဲခန့်ထားနိုင်မည်ဖြစ်သည်။

## ၉.၁.၂ ပါတီ၏ လုပ်ငန်းဆောင်တာများ

### အကြံပြုသင်ခန်းစာ

- ‘နိုင်ငံရေးပါတီတို့၏ လုပ်ငန်းဆောင်တာများ’ ကို စဉ်းစား ဖော်ထုတ်ပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေး ဖြေကြားမှုများကို သင်ပုန်း ပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၉.၁.၂ – က) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သောအဖြေများ

» နိုင်ငံရေးပါတီများသည် မိမိတို့၏ပါတီအဖွဲ့ဝင်များ ဥပဒေပြုရေးတွင်လည်းကောင်း၊ အုပ်ချုပ်ရေးတွင် လည်းကောင်း ကိုယ်စားပြု ရွေးချယ်ခံရသူ အများဆုံး ပိုင်ဆိုင်ထားရခြင်းဖြင့် နိုင်ငံရေးအာဏာရရှိရန် ကြိုးပမ်းကြသည်။

» နိုင်ငံရေးပါတီများသည် အစိုးရမူဝါဒများအတွက် ရွေးချယ်ကျင့်သုံးနိုင်သည့် နည်းလမ်းများကိုလည်း အကြံပြုတတ်ကြသည်။

» ရွေးကောက်ပွဲ ကျင်းပသည့်အခါတွင် ကိုယ်စားလှယ်လောင်း များကို ရွေးချယ်ပြီး ထောက်ပံ့ပေးတတ်ကြသည်။

» အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးတံတားတစ်ရပ် သဖွယ် ရပ်တည်ပေးကြသည်။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်း တို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သောအဖြေများ

ပါတီများတွင် တာဝန်ရှိသည်။ အကြောင်းမှာ ပါတီများသည် မူဝါဒများ ရေးဆွဲချမှတ်မှု လုပ်ငန်းစဉ်များတွင် ပါဝင် ကြရသည့် အစိုးရပြင်ပအဖွဲ့အစည်းများဖြစ်၍ပင်။ နိုင်ငံရေးဆိုင်ရာ ပညာပေးရာတွင် အစိုးရအနေဖြင့် လွတ်လွတ်ကင်းကင်း တည်ရှိအပ်သည်။ သို့မဟုတ်က ဝါဒဖြန့်မှုများသာ သိရှိနိုင်ကြမည်ဖြစ်သည်။

အစိုးရများတွင် တာဝန်ရှိသည်။ အကြောင်းမှာ အစိုးရ သာလျှင် အရည်အသွေးမြင့် နိုင်ငံရေးဆိုင်ရာ ပညာရေးကို တစ်သားတည်း ပေးစွမ်းနိုင်လောက်သည့် အရင်းအမြစ်များ ပိုင်ဆိုင်ထားခြင်းကြောင့်ဖြစ်သည်။

အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ တာဝန်ဖြစ်သည်။ ထိုအဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးပါတီများကဲ့သို့ အစိုးရ အာဏာရရှိရေးအတွက် လုပ်ဆောင်နေကြခြင်း မဟုတ်ချေ။ ထိုကဲ့သို့ ကြားနေရပ်တည်နေခြင်းက နိုင်ငံရေးဆိုင်ရာ အသိပညာပေးရေးကို ဘက်လိုက်မှုကင်းစွာဖြင့် ပေးစွမ်း နိုင်ကြမည်ဖြစ်သည်။ နိုင်ငံရေးဆိုင်ရာ ပညာပေးရာတွင် အစိုးရအနေဖြင့် လွတ်လွတ်ကင်းကင်း တည်ရှိအပ်သည်။ သို့မဟုတ်က ဝါဒဖြန့်မှုများကိုသာ သိရှိနိုင်ကြမည် ဖြစ်သည်။

### ဆွေးနွေးချက်

- သင်ခန်းစာ (၉.၁.၂ – ခ) ကို လေ့လာ ဖတ်ရှုပါစေ။
- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သောအဖြေများ

» ထောက်ပံ့မှုကောင်းကောင်းရရှိထားသည့် ပါတီများသည် မီဒီယာများ၊ လှုပ်ရှားမှုများမှတစ်ဆင့် ၎င်းတို့၏ မူဝါဒများကို ကြေညာသိရှိနိုင်စေမည်ဖြစ်သည်။

» ထောက်ပံ့မှုကောင်းကောင်း ရရှိထားသည့် ပါတီများသည် လူထုမီဒီယာများကို အကျိုးရှိရှိ အသုံးချနိုင်ကြပေမည်။

» ထောက်ပံ့မှုကောင်းကောင်းရရှိထားသည့် ပါတီများသည် ငွေကြေးတောင့်တင်းပြီး၊ အာဏာကြီးမားသည့် ထောက်ခံသူများ ပိုင်ဆိုင်ထားနိုင်သည်။

» ထောက်ပံ့မှုကောင်းကောင်းရရှိထားသည့် ပါတီများသည် ပြည်သူ့လိုအပ်ချက်များနှင့် ကိုက်ညီသည့် မူဝါဒချမှတ် ရေးဆွဲမည့် ကျွမ်းကျင်သူများကို ခန့်အပ်ထားရှိနိုင်ကြပေမည်။

### လုပ်ငန်းများ –

### ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ၊ ရည်မှန်းချက်များ

- ရှေ့လုပ်ငန်းတွင် လုပ်ဆောင်ခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့များအတိုင်း (ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ၊ လက္ခဏာရပ်များ) လုပ်ဆောင်ချက်ရှိ ပါတီ၏ ဆုံးဖြတ်ဆွေးနွေးချက်များကို ပြန်လည်သုံးသပ်ပါစေ။
- ဤလေ့ကျင့်ခန်းကို လုပ်ဆောင်ရန်အတွက် အစီအစဉ်တစ်ရပ် ရေးဆွဲ သတ်မှတ်ပါစေ။
- (ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ၊ အခန်းကဏ္ဍများ) လုပ်ဆောင်ချက်ရှိ ကဏ္ဍသတ်မှတ်ချက်များအတိုင်း ဤလေ့ကျင့်ခန်းကို ဆောင်ရွက်စေရမည်ဖြစ်သည်။ ဥက္ကဋ္ဌအနေဖြင့် အစည်းအဝေးများကို ဦးစီးကျင်းပပေးရမည်၊ စာတမ်းပြုစုသူများက ပြောဆိုဆွေးနွေးချက်များကို မှတ်သားထားရှိရမည်၊ ပြောရေးဆိုခွင့်ရှိသူက အတန်းသို့ တင်ပြပြောဆိုစေရမည်ဖြစ်သည်။
- အဖွဲ့များ အနေဖြင့် ၎င်းတို့ သတ်မှတ်ထားသည့် နေရာကဏ္ဍများကို ပြောင်းလဲပြင်ဆင်လိုပါကလည်း ပြောင်းလဲသတ်မှတ်စေနိုင်ပေမည်။

၁။ အဖွဲ့လိုက်အနေဖြင့် ၎င်းတို့ပါတီ၏ ဦးစားပေးမှုနှင့် ရည်မှန်းချက်များကို ဆွေးနွေးဖော်ထုတ်ပါစေ။ ဥပမာ။ ။

» ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြောင်းလဲပြင်ဆင်ရန်။

» လူမှုဖူလုံရေး ပေးစွမ်းနိုင်ရန်။

» ကလေးလုပ်သား အသုံးပြုမှုကို ရပ်တန့်တားဆီးရန်။

- ကျောင်းသားတို့၏ အသိုင်းအဝိုင်း/ ဒေသ/ တိုင်းပြည်ရှိ ပြည်သူများအတွက် အကောင်းမွန်ဆုံးသော နိုင်ငံရေးအခြေအနေ၊ လူမှုရေး အခြေအနေ၊ စီးပွားရေး အခြေအနေတို့ကို ဆွေးနွေးဖော်ထုတ်ပါစေ။ ဥပမာ ။ ။

» ခေါင်းပုံဖြတ်မှုများ၊ ခွဲခြားဆက်ဆံမှုများ ရပ်တန့်ပစ်ရန်၊

» စီးပွားရေး ညီမျှမှု ဖော်ဆောင်ပေးရန်၊

» စစ်မှန်သည့် ဒီမိုကရေစီ ရရှိနိုင်ရန်။

၂။ အဖွဲ့လိုက်အနေဖြင့် ပါတီအကြောင်းနှင့် ပါတီ၏ ရည်မှန်းချက်များကို တင်ပြပြောဆိုပါစေ။

- ထိုသို့ တင်ပြရာတွင် –

» ပါတီ၏ အမည်၊

» ပါတီ၏ ဝါဒ၊

» ပါတီ၏ ဦးစားပေးမှု၊ (အသိုင်းအဝိုင်းအဆင့်/ ဒေသအဆင့်/ နိုင်ငံတော်အဆင့်)

» ပါတီ၏ အဓိကဦးတည်ချက်၊

» ပါတီ၏ အခြားသော ရည်မှန်းချက်များ၊

» ပါတီ၏ စံသတ်မှတ်ထားရှိသည့် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေအနေများ။

## ဆွေးနွေးချက်

- သင်ခန်းစာ (၉.၁.၂ – ဂ နှင့် ဃ) တို့ကို လေ့လာဖတ်ရှုပါစေ။
- အဖွဲ့လိုက်အနေဖြင့်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နိုးစပ်သောအဖြေများ

၁။ ထောက်ခံပါသည်။ အကြောင်းမှာ ပြည်သူတို့၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားတို့အတွက် ပါတီကိုယ်စားလှယ်များမှတစ်ဆင့် အစိုးရထံ တင်ပြနိုင်ကြ၍ ဖြစ်ပေသည်။

မထောက်ခံပါ။ ပါတီများသည် ၎င်းတို့၏ မူဝါဒများအကျိုးနှင့် ကိုက်ညီသော လိုအပ်ချက်ဖြစ်မှသာ ပြည်သူတို့ကို ဂရုစိုက်ကြခြင်း ဖြစ်သည်။ ထို့အတူပင် ပါတီများအနေဖြင့် ပြည်သူတို့၏ လိုလားချက်များကို ထုတ်ဖော်ပြသနိုင်ငြား သော်လည်း အစိုးရများမှာ လိုက်နာလုပ်ဆောင်ချင်မှ လုပ်ဆောင်ကြပေလိမ့်မည်။

၂။ တည်ငြိမ်မှုကို ပေးစွမ်းသည်။ ဥပဒေပြုရေးတွင် ဘုံရည်မှန်းချက် တူညီပြီး၊ အတွေ့အကြုံရှိ ဝါဒတူ ကိုယ်စားလှယ်လောင်းများ ထားရှိနိုင်ရန် ပါတီများက ပံ့ပိုးပေးသည်။ ဤသည်က ဥပဒေပြုရေးကို စုစုစည်းစည်း၊ ထိထိရောက်ရောက် ဖြစ်စေနိုင်ပေမည်။

တည်ငြိမ်မှုကို မမြှင့်တင်နိုင်ချေ။ ပါတီများကြောင့် ဥပဒေပြုရေးတွင် အတိုက်အခံအဖွဲ့များ ပေါ်ပေါက်လာနိုင်သည်။ ဤသည်က ရှေ့မတိုးနောက်မဆုတ်သာ အခြေအနေမျိုး ဖြစ်ပေါ်စေနိုင်ပြီး ညှိနှိုင်းမှုများ ဆုံးရှုံးစေမည်။

၃။ ထောက်ခံပါသည်။ နိုင်ငံရေးပါတီများသည် နိုင်ငံရေးသမားများ အစိုးရအတွင်း ဝင်ရောက်လှုပ်ရှားခြင်း မပြုခင်ကတည်းက ၎င်းတို့၏ ခေါင်းဆောင်မှု အရည်အသွေးများကို မြှင့်တင်ပေးနိုင်ကြ၍ဖြစ်သည်။

မထောက်ခံပါ။ ခေါင်းဆောင်ကောင်းများသည် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် စီးပွားရေးလောက အတွင်းမှာပါ တည်ရှိနိုင်ကြသည်၊ နိုင်ငံရေးပါတီများကသာ ခေါင်းဆောင်ကောင်းများ မွေးဖွားနိုင်ကြသည် မဟုတ်ချေ။ ထို့မျှသာမက နိုင်ငံရေးပါတီများသည် ဩဇာတိက္ကမ ကြီးမားမှုဟူသည့် စရိုက်လက္ခဏာရပ်များကို ရိုးသားဖြောင့်မတ်မှုဟူသည့် လက္ခဏာရပ်မျိုးထက် အလေးပေးတတ်ကြသည်ကိုလည်း တွေ့နိုင်ပေသည်။

## လုပ်ငန်းများ –

### ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ၊ မူဝါဒ ကြေညာစာတမ်း

- ရှေ့လုပ်ငန်းတွင် လုပ်ဆောင်ခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့များ အတိုင်း (ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ၊ ရည်မှန်းချက်များ) လုပ်ဆောင်ချက်ရှိ 'စံ' အခြေအနေရပ်များကို ပြန်လည်သုံးသပ်ပါစေ။
- ဤလေ့ကျင့်ခန်းကို လုပ်ဆောင်ရန်အတွက် အစီအစဉ်တစ်ရပ် ရေးဆွဲသတ်မှတ်ပါစေ။
- (ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ၊ အခန်းကဏ္ဍများ) လုပ်ဆောင်ချက်ရှိ ကဏ္ဍသတ်မှတ်ချက်များအတိုင်း ဤလေ့ကျင့်ခန်းကို ဆောင်ရွက်စေရမည်ဖြစ်သည်။ ဥက္ကဋ္ဌအနေဖြင့် အစည်းအဝေးများကို ဦးစီးကျင်းပပေးရမည်၊ စာတမ်းပြုစုသူများက ပြောဆိုဆွေးနွေးချက်များကို မှတ်သားထားရှိရမည်၊ ပြောရေးဆိုခွင့်ရှိသူက အတန်းသို့ တင်ပြပြောဆိုစေရမည်ဖြစ်သည်။
- အဖွဲ့များအနေဖြင့် ၎င်းတို့သတ်မှတ်ထားသည့် နေရာကဏ္ဍများကို ပြောင်းလဲပြင်ဆင်လိုပါကလည်း အစည်းအဝေးမစမီ ပြောင်းလဲသတ်မှတ်ပါစေ။

၁။ ပါတီ၏ ရည်မှန်းချက်များ ပြည့်မီစေနိုင်မည့် မူဝါဒများကို ဆုံးဖြတ်ချမှတ်ပါစေ။

- (နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ) အကောင်းမွန်ဆုံးသော စံအနေအထားတစ်ရပ်စီအတွက် ဖော်ပြပါ ဝါကျများကို ဖြည့်စွက်ပါစေ။ ဥပမာ။ ။

**အကောင်းဆုံး နိုင်ငံရေး အခြေအနေဖြစ်ပေါ်ရန်အတွက် –**

» (SMD ရွေးကောက်ပုံစနစ်ကို) ကို ရပ်တန့်ပစ်ရမည်။ (နိုင်ငံရေးအရ ပါဝင်မှုကို မြှင့်တင်ပေးရန်အတွက် ဖြစ်သည်။)

» (အစိုးရ၏ တာဝန်ခံမှုကို ပိုမို ဖော်ဆောင်ပေးနိုင်မည့် မူဝါဒအပြောင်းအလဲများ) ကို ဆက်လက်လုပ်ဆောင်ရမည်။ (တာဝန်ခံမှုကို တိုးမြှင့်ပေးရန်အတွက် ဖြစ်သည်။)

» (ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်) ကို ဖန်တီးရမည်။ (တရားဥပဒေစိုးမိုးမှုကို တိုးမြှင့်ပေးနိုင်ရန်အတွက် ဖြစ်သည်။)

- ကျောင်းသားတို့ ဖြည့်စွက်ထားရှိသည့် စာကြောင်းများသည် ၎င်းတို့ပါတီ၏ အစီအစဉ်စာတမ်းအဖြစ် သတ်မှတ်နိုင်မည် ဖြစ်သည်။ ထိုစာတမ်းကို စာရွက်ကြီးတစ်ရွက်ပေါ်တွင် ရေးသားထားရှိပြီး သိမ်းဆည်းထားပါစေ။

၂။ အဖွဲ့လိုက်အနေဖြင့် ပါတီအစီအစဉ်စာတမ်းများကို အတန်းသို့ တင်ပြပါစေ။

## ၉.၁.၃ ပါတီစနစ်များ

**အကြံပြုသင်ခန်းစာ**

- မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၉.၁.၃ – က မှ ဂ အထိ) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

**နီးစပ်သောအဖြေများ**

ပါတီစနစ်တစ်ရပ်ဆိုသည်မှာ ပါတီများ ဖွဲ့စည်းတည်ရှိနေသည့် ပတ်ဝန်းကျင်နှင့် တည်ဆောက်ပုံတို့ပင်ဖြစ်သည်။ ထိုပါတီစနစ်များသည် တိုင်းပြည်ရှိနိုင်ငံရေး ယဉ်ကျေးမှုနှင့် ရွေးကောက်ပုံစနစ်တို့၏ သက်ရောက်မှုဒဏ်ကို ခံကြရသည်။ တိုင်းပြည်တွင်းရှိ ပါတီအသီးသီးတို့အကြား ဆက်နွယ်မှုများ၊ အာဏာခွဲဝေချထားမှုများနှင့် ပါတီအရေအတွက်များ အစရှိသည်တို့အပေါ် မူတည်ပြီး ပါတီစနစ်များ ကွဲပြားနိုင်ပေသည်။

## ဆွေးနွေးချက်

- အဖွဲ့လိုက်အနေဖြင့်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

## နီးစပ်သောအဖြေများ

၁။ ပါတီစနစ် အမျိုးအစားက ပါတီအသီးသီးအကြားရှိ ပဋိပက္ခများနှင့် ပူးပေါင်းမှုများအပေါ် သက်ရောက်မှု ရှိသည်။ နှစ်ပါတီစနစ်များတွင် ပဋိပက္ခများဖြစ်ရန် အခွင့်အလမ်းပိုများသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ပါတီ တစ်ပါတီအတွက် အကောင်းက အခြားတစ်ပါတီ အတွက် အဆိုးဖြစ်နိုင်၍ဖြစ်သည်။ ပါတီစုံစနစ်များ တွင်မူ ပူးပေါင်းမှုများက မရှိမဖြစ် လိုအပ်လှသည်။ ထိုသို့ ပူးပေါင်းမှုလည်း အစိုးရဖွဲ့နိုင်မည်၊ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ပေမည်။

၂။ **တစ်ပါတီလွှမ်းမိုးသည့် စနစ်**

» အားသာချက်များ ။ ။ ပါတီတစ်ပါတီတည်း အစိုးရ နေရာကို နှစ်ကာလကြာမြင့်စွာ ထိန်းချုပ်ထားခြင်းက ရေရှည် မူဝါဒများကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုသည်။ အစိုးရအပြောင်းအလဲများ ကြုံတွေ့ရပါက ထိုသို့ စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်ချေ။ ထို့အတူ တစ်ပါတီလွှမ်းမိုးသည့် စနစ်များ သည် ဆုံးဖြတ်ချက် ခိုင်မာပြတ်သားမှု ရှိကြသည်။ ဤသည်မှာလည်း အတိုက်အခံများနှင့် အငြင်းပွား အချိန်ကုန်စရာ မလိုခြင်းကြောင့်ဖြစ်သည်။

» အားနည်းချက်များ ။ ။ တစ်ပါတီလွှမ်းမိုးသည့် စနစ်တွင် ပြည်သူများ၏ ဆန္ဒနှင့် တစ်ထပ်တည်း ကျသည့် မူဝါဒများ မရှိနိုင်ချေ။ ဤသည်က ဒီမိုကရက်တစ် မကျလှ။ ထို့အတူ မူမတူယှဉ်တွဲမှုကို ပေးစွမ်းနိုင်ခြင်း မရှိချေ။ ထိုစနစ်သည် အာဏာရှင် စနစ်သို့ပင်လျှင် ဦးတည်သွားနိုင်ပေသည်။

**နှစ်ပါတီ စနစ်**

» အားသာချက်များ ။ ။ နှစ်ပါတီစနစ်သည် တစ်ပါတီ စနစ်၏ ဆုံးဖြတ်ချက် ပြတ်သားမှု၊ ပါတီစုံစနစ်၏ မတူကွဲပြားမှု စသော အရည်အသွေးများကို မျှတစွာ ပိုင်ဆိုင်ထားပေသည်။ မဲဆန္ဒရှင် ပြည်သူများကို မူဝါဒအမျိုးမျိုးအတွက်လည်း ရွေးချယ်ပိုင်ခွင့်ပေးနိုင် သော်လည်း အစိုးရအနေဖြင့် ညှိနှိုင်းမှုများ၊ သဘောဆန္ဒ ခံယူမှုများလုပ်ရခြင်းကြောင့် လုပ်ငန်းနှေးကွေးခြင်း လည်း မရှိပေ။

» အားနည်းချက်များ ။ ။ ပါတီ နှစ်ပါတီရှိသည့် အတွက်ကြောင့် နိုင်ငံရေးတွင် ပဋိပက္ခများ ပိုမိုပေါ်ပေါက် လာနိုင်သည်။ ထိုပဋိပက္ခများက ဥပဒေပြုရေး အတွင်း တင်းမာမှုများ၊ ပူးပေါင်းဆောင်ရွက်လိုစိတ် မရှိမှုများ ပေါ်ပေါက်လာစေနိုင်သည်။ ထို့အတူ ပါတီ နှစ်ရပ်လုံးအနေဖြင့် မဲဆန္ဒရှင် ပြည်သူတို့၏အလိုအရ အလားသဏ္ဍာန်တူသည့် မူဝါဒများကို တင်ပြလာနိုင် ပေသည်။

**ပါတီစုံစနစ်**

» အားသာချက်များ ။ ။ ပါတီစုံစနစ်သည် နိုင်ငံရေး အရ မတူကွဲပြားမှုများကို ဆောင်ကြဉ်းပေးနိုင်သည်။ အစိုးရအတွင်းတွင် ပါတီငယ်လေးများ ကိုယ်စားပြု ပါဝင်စေခြင်းဖြင့် လူနည်းစုတို့၏ အကျိုးစီးပွား အတွက် နိုင်ငံတော်မှ အရေးစိုက်လာစေပေသည်။ ထို့အတူ ပါတီစုံစနစ်သည် နိုင်ငံရေးပါတီများအကြား ညှိနှိုင်းဆောင်ရွက်ပြီး အတူတကွ လုပ်ဆောင်လာစေ ခြင်းဖြင့် စည်းလုံးမှုကို ဖော်ဆောင်ပေးနိုင်ပေသည်။

» အားနည်းချက်များ ။ ။ ပါတီနိုင်ငံရေးတွင် ဝါဒရေးရာ ကွဲပြားမှုများကြောင့် ပဋိပက္ခများ ပိုမိုပေါ်ပေါက် လာစေနိုင်သည်။ ထိုကဲ့သို့ မတူညီသည့် ပါတီ အချင်းချင်းအကြား အတူတကွ လက်တွဲလုပ်ဆောင်ရန် ခဲယဉ်းသည့်အတွက်ကြောင့် အစိုးရ၏ လုပ်ငန်း စွမ်းဆောင်ရည်ကို အားပျော့နှေးကွေးစေမည်လည်း ဖြစ်သည်။ ထိုအခြေအနေမျိုးကြောင့် အရေးပါသည့် ကိစ္စရပ်များအတွက် ဆွေးနွေးဆုံးဖြတ်မှုများ မလုပ်ဆောင်နိုင်တော့ဘဲ အစိုးရအာဏာ 'ရပ်တန့်' သွားစေနိုင်ပေသည်။

၃။ SMD စနစ်တွင် အနိုင်ရရှိသည့် ပါတီမှ အာဏာ အလုံးစုံ သိမ်းကြုံး ပိုင်ဆိုင်နိုင်သည့်အတွက်ကြောင့် တစ်ပါတီလွှမ်းမိုးသည့်စနစ် သို့မဟုတ် နှစ်ပါတီစနစ် ပေါ်ပေါက်လာစေနိုင်သည်။ ထိုစနစ်သည် ပါတီကြီး တစ်ပါတီ၊ နှစ်ပါတီကသာ အာဏာကြီးစိုးထားပြီး၊ ပါတီငယ်လေးများ၏ ကိုယ်စားပြုပါဝင်နိုင်မှု နည်းပါးသည့် အခြေအနေမျိုး ဦးတည်နိုင်ပေသည်။ PR စနစ်သည် အစိုးရအတွင်း ပါတီငယ်လေးများ၏ ကိုယ်စားပြုပါဝင်မှုကို ပေးစွမ်းနိုင်သည့် ပါတီစုံစနစ်မျိုးကို ပေါ်ပေါက်လာစေနိုင်သည်။ ထိုသို့ ဖြစ်ရခြင်းမှာ မဲဆန္ဒခံယူရာတွင် မဲအများဆုံးအနိုင်ရရှိခြင်းအပေါ် အခြေခံ၍ အစိုးရနေရာ သတ်မှတ်ခြင်း မဟုတ်ဘဲ၊ မဲရာခိုင်နှုန်းအပေါ် အခြေခံထားရှိခြင်းကြောင့် ဖြစ်ပေသည်။

၄။ လက်ရှိအချိန်တွင် တစ်ပါတီလွှမ်းမိုးသည့်စနစ် ဖြစ်သည်။ သို့ရာတွင် နောင်အချိန် နှစ်ပါတီစနစ်မျိုး ပေါ်ပေါက်လာနိုင်သည်။ (၂၀၁၄ မတ်လ)

## လုပ်ငန်းများ –

## ရွေးကောက်ပွဲရလဒ်များ ကြည့်ရှုသုံးသပ်ခြင်း

- တောင်အာဖရိက၊ သီရိလင်္ကာနှင့် မလေးရှားနိုင်ငံ၏ ရွေးကောက်ပွဲရလဒ်တို့ကို ဖော်ပြသည့် ဇယားများကို ဖတ်ရှုသုံးသပ်ပါစေ။

၁။ တိုင်းပြည်အသီးသီးတို့၏ မကြာသေးမီက ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်များ (အပြာရောင်ဖြင့် ပြထားသည့် ညာဘက် ကော်လံ) ကို ဖတ်ရှုသုံးသပ်ပါစေ။ ထို့နောက် မည်သည့် တိုင်းပြည်က မည်သည့် ပါတီစနစ် ဖြစ်သည်ကို ပိုင်းခြားဆုံးဖြတ်ပေးပါ။

**အဖြေများ**

**တောင်အာဖရိက** – တစ်ပါတီလွှမ်းမိုးသည့်စနစ်

**သီရိလင်္ကာ** – တစ်ပါတီလွှမ်းမိုးသည့်စနစ်

**မလေးရှား** – ပါတီစုံစနစ်

၂။ အတိတ်ကာလက ရွေးကောက်ပွဲရလဒ်များဖြင့် နှိုင်းယှဉ်ပြီး အဆိုပါ တိုင်းပြည်ရှိ စနစ်များ ပြောင်းလဲမှုရှိ၊ မရှိကို ဆုံးဖြတ်ပါစေ။

**အဖြေများ**

**တောင်အာဖရိက** – တစ်ပါတီလွှမ်းမိုးသည့် စနစ်သာ ကြီးစိုးခဲ့သည်။

**သီရိလင်္ကာ** – နှစ်ပါတီစနစ် ကျင့်သုံးခဲ့ဖူးပြီး ယခုအခါတွင် တစ်ပါတီလွှမ်းမိုးသည့်စနစ်ကို ကျင့်သုံးသည်။

**မလေးရှား** – တစ်ပါတီလွှမ်းမိုးသည့်စနစ် ကျင့်သုံးခဲ့ဖူးပြီး ယခုအခါတွင် ပါတီစုံစနစ်ကို ကျင့်သုံးသည်။

# ၉.၂ ပါတီအမျိုးအစားများ

## ၉.၂.၁ လူထုပါတီနှင့် အဖွဲ့ဝင်အခြေပြုပါတီများ

### အကြံပြုသင်ခန်းစာ

- မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၉.၂.၁) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သောအဖြေများ

အင်အား ။ ။ ပါတီ၏ မူဝါဒကို ထောက်ခံသော ပါတီဝင်များ၊ အရပ်သားပြည်သူများ၊

အဆင့်အတန်း ။ ။ ပါတီ၏ နိုင်ငံရေးအောင်မြင်မှုများ၊ ခေါင်းဆောင်ဖြစ်သူ၏ ဩဇာရှိမှု အစရှိသည်တို့မှ ရရှိသည့် အောင်မြင်ကျော်ကြားမှု၊

ဥစ္စာခေန ။ ။ ပါတီဝင်များနှင့် ထောက်ခံသူတို့ထံမှ ရရှိသည့် ထောက်ပံ့မှုများ၊ ရံပုံငွေများ။

### လေ့ကျင့်ခန်း

- သင်ခန်းစာ (၉.၁.၃) ပါ ပါတီစနစ် (၃) ရပ် (တစ်ပါတီလွှမ်းမိုးသည့်စနစ်၊ နှစ်ပါတီစနစ်၊ ပါတီစုံစနစ်) တို့ကို ပြန်လည်ကြည့်ရှုသုံးသပ်ပါစေ။
- စနစ် တစ်ခုစီအနက် မည်သည်တို့တွင် အဖွဲ့ဝင်ပါတီများက အောင်မြင်မှု ရရှိနိုင်ကြမည်၊ လူထုပါတီများ ပိုမိုအောင်မြင်ကြမည်ကို ဆွေးနွေးပါစေ။ တစ်ဦးချင်းအနေဖြင့် ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ လုပ်ဆောင်ပါစေ။

### အဖြေများ

အဖွဲ့ဝင်ပါတီများသည် ပါတီစုံစနစ်တွင် ပိုမို အောင်မြင်နိုင်ပေလိမ့်မည်။

လူထုပါတီများသည် တစ်ပါတီလွှမ်းမိုးသည့်စနစ်၊ နှစ်ပါတီစနစ်တို့တွင် ပိုမိုအောင်မြင်နိုင်ပေသည်။

### ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သောအဖြေများ

လူထုပါတီများ (ပြည်ခိုင်ဖြိုးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) က မြန်မာနိုင်ငံတွင် ပိုမိုအောင်မြင်ကြသည်။ ထိုသို့ အောင်မြင်ရသည့် အကြောင်းရင်းမှာ ကျန်ပါတီများသည် လူမျိုးစုတစ်စုစု၏ လက္ခဏာရပ်ကို အခြေခံပြီး တိုင်းပြည်၏ လူများစုကို အခြေခံခြင်း မရှိခြင်းကြောင့် ဖြစ်နိုင်သည်။ ထို့အတူပင် ဆိုခဲ့ပါလူထုပါတီနှစ်ရပ်သည် ထောက်ခံမဲဆန္ဒများ အမြောက်အများ ရယူနိုင်လောက်သည့် အရင်းအမြစ်များ ပိုင်ဆိုင်ထားခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။


### လုပ်ငန်းများ

- တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ စာမျက်နှာ (၂၀၆ မှ ၂၁၃) တွင် ရှိသည့် လှုပ်ရှားဆောင်ရွက်သူများ စာရင်းကို လေ့လာဖတ်ရှုပါစေ။
- တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အဆိုပါစာရင်းမှ လုပ်ဆောင်သူ ပါတီ (၆) ရပ်ကို ရွေးချယ်စေပြီး ဖော်ပြပါ ရောင်စဉ်မျဉ်းတွင် သတ်မှတ်ထားရှိပါစေ။

### နီးစပ်သောအဖြေများ

ထိုသို့ သတ်မှတ်ရာတွင် လုံးဝဥဿုံ မှန်ကန်သည့်အဖြေဟူ၍ မရှိ။ ဤနေရာတွင် ဥပမာအနေဖြင့်သာ ပြသထားခြင်းဖြစ်ပြီး အမြင်အယူအဆကွဲလွဲသည်လည်း ရှိနိုင်သည်။

ထိုသို့ လုပ်ဆောင်ရာတွင် ကျောင်းသားများကို ဆွေးနွေးငြင်းခုံပါစေ။ လုပ်ဆောင်ချက်၏ အဓိကဦးတည်ချက်မှာ မိမိတို့၏ ဖြေဆိုချက်များအတွက် အထောက်အထား၊ အချက်အလက် ခိုင်ခိုင်လုံလုံဖြင့် တင်ပြ ပြောဆိုတတ်စေရန်သာ ဖြစ်သည်။



## လုပ်ငန်းများ –

### ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ၊ နည်းဗျူဟာများ

- ရှေ့လုပ်ငန်းတွင် လုပ်ဆောင်ခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့များ အတိုင်း လုပ်ဆောင်ပါစေ။
- ဤဆွေးနွေးချက်အတွက် အစီအစဉ်တစ်ရပ် ရေးဆွဲသတ်မှတ်ပါစေ။
- (ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ၊ အခန်းကဏ္ဍများ) လုပ်ဆောင်ချက်ရှိ ကဏ္ဍသတ်မှတ်ချက်များအတိုင်း ဤလေ့ကျင့်ခန်းကို ဆောင်ရွက်စေရမည်ဖြစ်သည်။ ဥက္ကဌ အနေဖြင့် အစည်းအဝေးများကို ဦးစီးကျင်းပပေးရမည်၊ စာတမ်းပြုစုသူများက ပြောဆိုဆွေးနွေးချက်များကို မှတ်သားထားရှိရမည်၊ ပြောရေးဆိုခွင့်ရှိသူက အတန်းသို့ တင်ပြပြောဆိုစေရမည်ဖြစ်သည်။
- အဖွဲ့များအနေဖြင့် ၎င်းတို့ သတ်မှတ်ထားသည့် နေရာကဏ္ဍများကို ပြောင်းလဲပြင်ဆင်လိုပါကလည်း အစည်းအဝေးမစမီ ပြောင်းလဲသတ်မှတ်စေနိုင်ပေမည်။

၁။ အဖွဲ့လိုက်အနေဖြင့် မိမိတို့ပါတီ၏ နည်းဗျူဟာများ အကြောင်း ဆွေးနွေးစေပြီး မေးခွန်းတို့ကို ဖြေဆိုပါစေ။

၂။ ထိုနည်းဗျူဟာများကို အဖွဲ့လိုက်အနေဖြင့် အတန်းသို့ တင်ပြပါစေ။

## ၉.၂.၂ လက်ဝဲပါတီနှင့် လက်ယာပါတီများ

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၉.၂.၂) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသားတို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ်ပါစေ။

### နီးစပ်သောအဖြေများ

'လက်ဝဲယိမ်း' နှင့် 'လက်ယာယိမ်း' ဟူသော ဝေါဟာရများကို ပါတီအသီးသီးတို့၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ မူဝါဒများအကြား ခြားနားချက်တို့ကို ဖော်ပြရန်အတွက် အသုံးပြုသည်။ 'လက်ဝဲ' သည် ဆိုရှယ်လစ် ပိုကျပြီး၊ 'လက်ယာ' သည် လွတ်လပ်မှုဖဟိုပြု လစ်ဘရယ်လ် သို့မဟုတ် ရှေးရိုးစွဲ ကွန်ဆာဗေးတစ် ဆန်သည်ကို တွေ့ရပေသည်။

---

လက်ဝဲယိမ်း လက်ယာယိမ်းပါတီများ

- 'လက်ဝဲ' နှင့် 'လက်ယာ' ဟူသော ဝေါဟာရကို ဖွင့်ဆိုရာတွင် နိုင်ငံပေါင်းမှုတည်ပြီး ဖွင့်ဆိုပုံကွဲလဲနိုင်သည်။ ဤစာအုပ်ပါ ဖွင့်ဆိုချက်များသည် စီးပွားရေးဆိုင်ရာ ဖွင့်ဆိုချက်များ (လက်ဝဲ – ဆိုရှယ်လစ်စီးပွားရေးစနစ်၊ လက်ယာ – ဈေးကွက်စီးပွားရေးစနစ်) ကို အခြေခံ ဖွင့်ဆိုထားခြင်းဖြစ်သည်။
- ထိုသို့ ဖွင့်ဆိုရာတွင် လူမှုရေးဆိုင်ရာ ဖွင့်ဆိုချက်များ ဖြင့်လည်း အခြေခံဖွင့်ဆိုနိုင်ပေသည်။
- လက်ဝဲဝါဒသည် သဘောထားကြီးမှု၊ လွတ်လပ်မှု အစရှိသည့် လစ်ဘရယ်တန်ဖိုးများကို ကိုယ်စားပြု သကဲ့သို့၊ စည်းလုံးမှု၊ လူမှုလိုအပ်ချက်၊ သာတူညီမျှမှု အစရှိသော ဆိုရှယ်လစ်တန်ဖိုးများကို ကိုယ်စားပြုနေ နိုင်သည်။
- ထို့အတူပင် လက်ယာဝါဒသည် ရိုးရာဓလေ့၊ ဥပဒေနှင့် အမိန့်အာဏာ၊ အထက်အောက် ပိုင်းခြားမှုနှင့် လုပ်ပိုင်ခွင့် စသော ရှေးရိုးစွဲ ကွန်ဆာဗေးတစ်တန်ဖိုး များကို ကိုယ်စားပြုနေနိုင်ပေသည်။

## လုပ်ငန်းများ – နိုင်ငံရေး အဆိုအမြင်နဲ့များ

- ဖော်ပြပါအဆိုတို့ကို လေ့လာ ဖတ်ရှုစေပြီး နားမလည်သည် တို့ကို ရှင်းလင်းပေးပါ။
- တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ မည်သည့် အဆိုက လက်ဝဲယိမ်းသည်၊ မည်သည်က လက်ယာယိမ်းသည်ကို ပိုင်းခြားဆုံးဖြတ်ပါစေ။

**အဖြေများ**

၁။ လက်ဝဲယိမ်း

၂။ လက်ယာယိမ်း

၃။ လက်ဝဲယိမ်း

၄။ လက်ဝဲယိမ်း

၅။ လက်ဝဲယိမ်း

၆။ လက်ယာယိမ်း

၇။ လက်ယာယိမ်း

၈။ လက်ယာယိမ်း

၉။ လက်ယာယိမ်း

၁၀။လက်ဝဲယိမ်း

၁၁။လက်ယာယိမ်း

၁၂။ လက်ဝဲယိမ်း

## လုပ်ငန်းများ


- ဖော်ပြပါ စက်ဝိုင်းပုံကို ကြည့်ရှု သုံးသပ်ပါစေ။ ထိုပုံ၏ အထက်– အောက် ဝင်ရိုးတွင် အာဏာရှင်စနစ်နှင့် ဒီမိုကရေစီ စနစ်တို့ကို ဖော်ပြထားပြီး၊ ဘယ် – ညာ ဝင်ရိုးတွင် လက်ဝဲယိမ်း၊ လက်ယာယိမ်းဟူ၍ သတ်မှတ်ထားရှိပေသည်။

၁။ တစ်ဦးချင်းအနေဖြင့် ဖော်ပြပါ ဝါဒများကို သင့်လျော်ရာ နေရာတွင် ချထားသတ်မှတ်ပါစေ။

- ထိုသို့ သတ်မှတ်ရာတွင် ပုံ၏ ဝင်ရိုးပေါ်တွင်သာမဟုတ်၊ စိတ်ကြိုက်နေရာတွင် သတ်မှတ်နိုင်ကြောင်း ရှင်းလင်း ပြောပြထားပါ။

၂။ နှစ်ယောက်တစ်တွဲအနေဖြင့် ဖြေဆိုချက်များကို တိုက်ဆိုင် စစ်ဆေးပါစေ။

**နီးစပ်သောအဖြေများ**



### လုပ်ငန်းများ

- ဖော်ပြပါ နိုင်ငံရေးပါတီတို့၏ ဖော်ပြချက်များကို လေ့လာဖတ်ရှုစေပြီး နားမလည်သည်တို့ကို ရှင်းလင်း ပြသပေးပါ။

၁။ ဖော်ပြပါ ပါတီတို့ကို သင့်လျော်သောနေရာတွင် ချထား သတ်မှတ်ပါစေ။ တစ်ဦးချင်းအနေဖြင့် လုပ်ဆောင်ပါစေ။

- ထိုသို့ သတ်မှတ်ရာတွင် ပုံ၏ဝင်ရိုးပေါ်တွင်သာမဟုတ်၊ ပုံ၏စိတ်ကြိုက်နေရာတွင် သတ်မှတ်နိုင်ကြောင်း ရှင်းလင်း ပြောပြထားပါ။
- နှစ်ယောက်တစ်တွဲအနေဖြင့် ဖြေဆိုချက်များကို တိုက်ဆိုင် စစ်ဆေးပါစေ။

### နီးစပ်သောအဖြေများ

ထိုသို့ သတ်မှတ်ရာတွင် လုံးဝဥဿုံ မှန်ကန်သည့်အဖြေဟူ၍ မရှိ။ ဤနေရာတွင် ဥပမာအနေဖြင့်သာ ပြသထားခြင်းဖြစ်ပြီး အမြင်အယူအဆကွဲလွဲသည်လည်း ရှိနိုင်သည်။

ထိုသို့ လုပ်ဆောင်ရာတွင် ကျောင်းသားများကို ဆွေးနွေး ငြင်းခုံပါစေ။ လုပ်ဆောင်ချက်၏ အဓိကဦးတည်ချက်မှာ မိမိတို့၏ ဖြေဆိုချက်များကို အထောက်အထား၊ အချက်အလက် ခိုင်ခိုင်လုံလုံ တင်ပြပြောဆိုတတ်ရန်သာ ဖြစ်သည်။

၂။ နှစ်ယောက်တစ်တွဲအနေဖြင့် စာမျက်နှာ (၂၀၆ မှ ၂၁၃) ရှိ လှုပ်ရှားဆောင်ရွက်သူများ စာရင်းပါ ပါတီ (၆) ရပ်ကို ရွေးချယ်စေပြီး ပုံ၏သင့်လျော်သော နေရာတွင် ချထား သတ်မှတ်ပါစေ။

၃။ အခြားသော ကျောင်းသားနှစ်ဦးပါ အဖွဲ့နှင့် ပူးပေါင်း ပြီး ၄ ဦးပါ အဖွဲ့အဖြစ် ဖွဲ့စည်းထားရှိပါစေ။ အဖွဲ့အချင်းချင်း အကြား ဖြေဆိုထားချက်များကို တိုက်ဆိုင် စစ်ဆေးပါစေ။

- လှုပ်ရှားဆောင်ရွက်သူများစာရင်းတွင် မပါရှိသည့် ပါတီများကိုလည်း ကျောင်းသားတို့ ပြုစုထားသည့် စက်ဝိုင်းတွင် ထပ်မံ ဖြည့်စွက်ပါစေ။


၄။ ကျောင်းသားတို့၏ ပြုစုထားချက်များကို စာရွက်ကြီး တစ်ရွက်ပေါ်တွင် ရေးဆွဲစေပြီး စာသင်ခန်းနံရံတွင် ချိတ်ဆွဲထားရှိပါစေ။


- ထိုပြုစုထားချက်များကို အတန်းသို့ တင်ပြ ပြောဆိုပါစေ။

### နီးစပ်သောအဖြေများ

ထိုသို့ သတ်မှတ်ရာတွင် လုံးဝဥဿုံ မှန်ကန်သည့်အဖြေဟူ၍ မရှိ။ ဤနေရာတွင် ဥပမာအနေဖြင့်သာ ပြသထားခြင်းဖြစ်ပြီး အမြင်အယူအဆ ကွဲလွဲသည်လည်း ရှိနိုင်သည်။

ထိုသို့ လုပ်ဆောင်ရာတွင် ကျောင်းသားများကို ဆွေးနွေး ငြင်းခုံပါစေ။ လုပ်ဆောင်ချက်၏ အဓိကဦးတည်ချက်မှာ မိမိတို့၏ဖြေဆိုချက်များအတွက် အထောက်အထား၊ အချက်အလက် ခိုင်ခိုင်လုံလုံဖြင့် တင်ပြ ဖြေဆိုတတ်စေရန်သာ ဖြစ်သည်။



## လုပ်ငန်းများ –

## ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ – ဝါဒများ

- ရှေ့လုပ်ငန်းတွင် လုပ်ဆောင်ခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့များ အတိုင်း လုပ်ဆောင်ပါစေ။
- ဤလေ့ကျင့်ခန်းကို လုပ်ဆောင်ရန်အတွက် အစီအစဉ် တစ်ရပ် ရေးဆွဲ သတ်မှတ်ပါစေ။ (ကျွန်ုပ်တို့၏ နိုင်ငံရေး ပါတီ၊ အခန်းကဏ္ဍများ) လုပ်ဆောင်ချက်ရှိ ကဏ္ဍ သတ်မှတ်ချက်များအတိုင်း ဤလေ့ကျင့်ခန်းကို ဆောင်ရွက် စေရမည် ဖြစ်သည်။ ဥက္ကဋ္ဌအနေဖြင့် အစည်းအဝေးများကို ဦးစီးကျင်းပပေးရမည်၊ စာတမ်းပြုစုသူများက ပြောဆို ဆွေးနွေးချက်များကို မှတ်သားထားရှိရမည်၊ ပြောရေးဆိုခွင့် ရှိသူက အတန်းသို့ တင်ပြ ပြောဆိုစေရမည်ဖြစ်သည်။
- အဖွဲ့များအနေဖြင့် ၎င်းတို့ သတ်မှတ်ထားသည့် နေရာကဏ္ဍ များကို ပြောင်းလဲပြင်ဆင်လိုပါကလည်း အစည်းအဝေး မစမီတွင် ပြောင်းလဲသတ်မှတ်စေနိုင်ပေမည်။

၁။ အဖွဲ့လိုက်အနေဖြင့် မိမိတို့ပါတီ၏ ဝါဒကို မည်သည့် နေရာတွင် သတ်မှတ်မည့်အကြောင်း ဆွေးနွေးပါစေ။

၂။ ကျောင်းသားတို့ ပြုစုထားသည့် ဝါဒဇယားကို အဖွဲ့လိုက် အနေဖြင့် အတန်းသို့ တင်ပြပါစေ။

## ၉.၂.၃ နိုင်ငံရေးပါတီဆိုင်ရာ ပြဿနာရပ်များ

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းကို ဆွေးနွေးဖြေဆိုပါစေ။
- ကျောင်းသားတို့၏ ဆွေးနွေးဖြေကြားမှုများကို သင်ပုန်း ပေါ်တွင် ရေးသားဖော်ပြပေးပါ။
- သင်ခန်းစာ (၉.၂.၃) ကို လေ့လာဖတ်ရှုစေပြီး ကျောင်းသား တို့၏ ဖြေဆိုထားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆန်းစစ် ပါစေ။

### နီးစပ်သောအဖြေများ

» ပါတီများသည် ဒီမိုကရက်တစ် မဖြစ်သည်လည်း ရှိမည်။

» ပါတီများကို ကြွယ်ဝသော အလှူရှင်များက လွှမ်းမိုး ထားနိုင်သည်။

» နှစ်ပါတီစနစ်ရှိ ပါတီများသည် အသွင်တူလာကြသည်။

» ပါတီများသည် ခြစားမှုများ ရှိနိုင်သည်။

» ပါတီများသည် အချို့သော လူမှုအုပ်စုများအပေါ် ခွဲခြား ဆက်ဆံတတ်ကြသည်။

## ပြန်လည်သုံးသပ်ခြင်း

- 'ကျွန်ုပ်တို့၏ နိုင်ငံရေးပါတီ' လုပ်ဆောင်ချက်များနှင့် နိုင်ငံရေးပါတီတစ်ရပ် ဖွဲ့စည်းတည်ထောင်မှုဖြစ်စဉ်တို့ကို ပြန်လည်သုံးသပ်ပါစေ။
- အောက်ပါတို့မှ တစ်ခုကို ရွေးချယ်လုပ်ဆောင်ပါစေ။

(က) အဖွဲ့များ ဖွဲ့ပေးပြီး ကျောင်းသားတို့၏ အမြင်များကို ဆွေးနွေးဖလှယ်ပါစေ။

(သို့)

(ခ) ကျောင်းသားတို့၏ ကိုယ်ပိုင်အမြင်များကို မိမိတို့၏ မှတ်တမ်းစာအုပ်တွင် ရေးသားထားရှိပါစေ။

(သို့)

(ဂ) ထိုအကြောင်းအရာနှင့် စပ်လျဉ်းပြီး စာတမ်းတစ်စောင် ရေးသားပြုစုပါစေ။

- ကျောင်းသားတို့၏ စာတမ်းများကို စစ်ဆေးအမှတ်ပေးရာတွင် အောက်ပါအချက်များကို သေချာရှင်းလင်းစွာ နားလည်ထားမှုရှိ၊ မရှိ စိစစ်နိုင်မည်။

» ပါတီဥက္ကဋ္ဌအနေဖြင့် အာဏာ မည်မျှ ပိုင်ဆိုင်ထားသည်။

» ပါတီ၏ ပြောရေးဆိုခွင့်ရှိသူအနေဖြင့် အာဏာ မည်မျှ ပိုင်ဆိုင်ထားသည်။

» ပါတီ၏ စာတမ်းပြုစုသူများအနေဖြင့် အာဏာ မည်မျှ ပိုင်ဆိုင် ထားသည်။

» လူနည်းစုတို့၏ အမြင်များကို မည်မျှ အလေးထားမှု ရှိသည်။

» ဥက္ကဋ္ဌ သို့မဟုတ် ပြောရေးဆိုခွင့်ရှိသူကို ပြောင်းလဲရန် မည်မျှအထိ လွယ်ကူမှုရှိသည်။

## ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နိုစပ်သောအဖြေများ

၁။ အဖြေများ ကွဲလွဲမှုရှိနိုင်သည်။ အောက်ပါအဖြေများကိုလည်း အကြံပြုပေးနိုင်သည်။

» နိုင်ငံရေးပါတီများသည် ချမ်းသာကြွယ်ဝသူများ၏ လွှမ်းမိုးမှုကို အလွယ်တကူ ခံစားရနိုင်သည်။

» နိုင်ငံရေးပါတီများသည် အာဏာရရှိရေးအတွက် ၎င်းတို့၏ ဝါဒနှင့် ရပ်တည်ချက်၊ တန်ဖိုးတို့ကို ပြောင်းလဲနိုင်ကြသည်။

» နိုင်ငံရေးပါတီများသည် တိုင်းရင်းသားများ၊ ဘာသာရေးဆိုင်ရာ လူနည်းစုများ၊ အမျိုးသမီးများ၊ LGBT များ၊ မသန်စွမ်းသူများ အစရှိသော အပယ်ခံအသိုင်းအဝိုင်းတို့၏ အကျိုးစီးပွားကို ဘေးဖယ်ချန်လုပ်ထားနိုင်သည်။

၂။ လုပ်ဆောင်နိုင်ကြသည်။ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြင့်သာ ဖွဲ့စည်းထားရှိသည့် ဥပဒေပြုရေးသည် ပြည်သူတို့ကို ပါတီကိုယ်စားလှယ်လောင်းများထက် ပိုမို ကိုယ်စားပြုနိုင်ကြမည် ဖြစ်သည်။ အကြောင်းမှာ ထိုကိုယ်စားလှယ်လောင်းများအနေဖြင့် ပါတီခေါင်းဆောင်မှု အရိပ်အောက်မှ လွတ်မြောက်ကြပြီး သက်ဆိုင်ရာ မဲဆန္ဒနယ်များ၏ အကျိုးအတွက် ပိုမိုဖော်ဆောင်ပေးနိုင်ကြခြင်းကြောင့် ဖြစ်သည်။

» မလုပ်ဆောင်နိုင်ချေ။ လွတ်လပ်သော ကိုယ်စားလှယ်လောင်းများသည် ရှင်းရှင်းလင်းလင်း ခိုင်ခိုင်မာမာရပ်တည်ခြင်း မရှိကြချေ။ နိုင်ငံရေးပါတီများကဲ့သို့သော အဖွဲ့အစည်းတည်ဆောက်ပုံ မရှိဘဲလျက် မူဝါဒများ၊ ဥပဒေများ ချမှတ်ရန်မှာ လက်တွေ့ မဖြစ်နိုင်လှချေ။

၃။ အဖြေများ ကွဲလွဲမှုရှိနိုင်သည်။ အောက်ပါ အဖြေများကိုလည်း အကြံပြုပေးနိုင်သည်။

» အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးသဖွယ် ရပ်တည်ပေးသည်။

» လူမှုအစုအဖွဲ့အသီးသီး၏ အကျိုးစီးပွားနှင့် လိုလားချက်များကို ကိုယ်စားပြုလျက် ရပ်တည်ဖော်ဆောင်ပေးသည်။

» နိုင်ငံရေးခေါင်းဆောင်များကို မွေးထုတ်ပေးသည်။

» နိုင်ငံရေးဆိုင်ရာ ပညာရေးကို ပေးစွမ်းကြသည်။

» အစိုးရအတွင်း တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုတို့ကို ပေးစွမ်းနိုင်သည်။

၄။ နိုင်ငံရေးသမားများနှင့် သက်ဆိုင်ရာ လူမှုအဖွဲ့ဝင်များကို လူမှုပြဿနာရပ်များအတွက် တွေ့ဆုံဆွေးနွေးစေပြီး နိုင်ငံရေးသမားများ၏ ကတိများအတွက် တာဝန်ယူမှု ပိုမိုရှိလာအောင် ဆောင်ရွက်စေနိုင်မည်။

» ပါတီအတွင်း တာဝန်ယူမှုနှင့် ပါဝင်မှုတို့ကို မြှင့်တင်ပေးခြင်းဖြင့် ပြည်သူတို့၏ ယုံကြည်မှုကို ရရှိလာစေနိုင်မည်။

» နိုင်ငံရေးဆိုင်ရာ အသိပညာပေးရေးသည် ဘက်လိုက်မှု မရှိရန်၊ ပဋိပက္ခထက် စည်းလုံးမှုကို ပေးစွမ်းနိုင်ရန် လိုအပ်သည်။

» ပါတီရံပုံငွေရရှိခြင်းနှင့် စပ်လျဉ်းပြီး တင်းကြပ်သည့် ဥပဒေများ ထားရှိနိုင်သည်၊ ထိုအချက်အလက်များကိုလည်း အများပြည်သူသိရှိနိုင်အောင် ထုတ်ပြန်စေသင့်သည်။

» ပါတီအနေဖြင့် လူနည်းစုများနှင့် အပယ်ခံအသိုင်းအဝိုင်း

များကို ပါတီ၏ အဖွဲ့ဝင်အဖြစ်နှင့် ဦးဆောင်မှုအပိုင်းတို့တွင် အသိအမှတ်ပြုစေရန် လိုအပ်သည်။

» ပါတီအဖွဲ့ဝင်များထဲမှ အတွေ့အကြုံနု လူငယ်အဖွဲ့ဝင်များကို သင်တန်းပေးပြီး ပါတီ၏ ဦးဆောင်မှုအပိုင်းတွင် ပါဝင်လာစေသင့်သည်။

# အပိုင်း(၃) – ပြန်လည်သုံးသပ်ခြင်း

## နားလည်မှု စစ်ဆေးခြင်း

- မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါစေ။

### နီးစပ်သောအဖြေများ

၁။ **အကျိုးတရားများ**

**ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြည်သူ့သဘောထားများအပေါ် အဓိကအခြေခံသင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော်**

» ပြည်သူတို့၏ လိုအင်များနှင့်အညီ မူဝါဒများကို ချမှတ်ရေးဆွဲနိုင်မည်။

» ပြည်သူ့သဘောထားတို့ကို တိုင်းတာခြင်းဖြင့် အစိုးရများမှာ မိမိတို့၏ လုပ်ဆောင်ချက်များ မည်မျှလူကြိုက်များမှု ရှိသည်ကို သိရှိစေနိုင်ပေမည်။ ထို့ကြောင့် လူထုထောက်ခံမှုနှင့် အာဏာကို ဆက်လက်ထိန်းသိမ်းလိုလျှင် မည်သည်တို့ကို ပြောင်းလဲရမည်ကို သိရှိနိုင်သည်။

» ထိုသို့ အစိုးရများမှ ပြည်သူ့သဘောထားတို့ကို သိရှိထားခြင်းဖြင့် မူဝါဒအမျိုးမျိုးတို့ကို ရွေးချယ်ဖော်ဆောင်ပေးနိုင်ပြီး ခက်ခဲသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်လည်း ဖြစ်သည်။

**ဆိုးကျိုးများ**

**ဆုံးဖြတ်ချက်များ ပြည်သူ့သဘောထားများကို ချမှတ်ရာတွင် အခြေခံခြင်းက ဘေးအန္တရာယ်ဖိတ်ခေါ်ရာရောက်ပေသည်။ အဘယ့်ကြောင့် ဆိုသော်**

» ပြည်သူ့သဘောထားတို့ကို တိုင်းတာဆန်းစစ်သည့် နည်းလမ်းအချို့တို့မှာ တိကျမှုမရှိနိုင်၊ ဘက်လိုက်မှုများရှိနိုင်သည်။ ဆိုလိုသည်မှာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် သတင်းအချက်အလက်အမှားများအပေါ် အခြေခံထားနိုင်သည်။

» လူမှုပြဿနာတစ်ရပ်ကို ဖြေရှင်းသောအခါ ကြုံတွေ့ရသည့် အစိုးရ၏ အခက်အခဲအားလုံးကို ပြည်သူများအနေဖြင့် အကြွင်းမဲ့နားလည်နိုင်ကြမည်မဟုတ်။ ဤသည်က လက်တွေ့မဆန်သည့် ဆုံးဖြတ်ချက်များ ပေါ်ပေါက်လာစေနိုင်ပေသည်။

» ပြည်သူများမှာ ကိစ္စရပ်များအပေါ် ဂဃနဏ သိရှိထားမည် မဟုတ်သော်လည်း ထိုကိစ္စရပ်တို့ အပေါ်တွင် ပြင်းထန်သည့် သဘောထားများ ရှိနေနိုင်သည်။ ဤသည်က ပြည်သူတို့ မမျှော်လင့်ထားသည့် အပျက်သဘော သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များ ပေါ်ပေါက်လာစေနိုင်ပေသည်။

၂။ အစိုးရအနေဖြင့် မီဒီယာပါ အကြောင်းအရာများကို ထိန်းချုပ်မထားသင့်ချေ။

» ဂျာနယ်လစ်များအပေါ် အစိုးရမှ ထိန်းချုပ်ခြင်း၊ စော်ကားခြင်း၊ အပြစ်ပေးခြင်းများ မပြုမူရန် လိုအပ်မည်။

» စာနယ်ဇင်းလွတ်လပ်ခွင့်ကို အကာအကွယ်ပြုပေးမည့် ဥပဒေများကို အကောင်အထည်ဖော်ပေးရမည်။

၃။ **ကောင်းကျိုးများ**

» သတင်းအမှားများ၊ ကောလဟာလများကို အစိုးရက ထိန်းချုပ်ကန့်သတ်ထားနိုင်မည်။

» အစိုးရ တာဝန်ယူထားသည့် မီဒီယာထားရှိခြင်းဖြင့် အန္တရာယ်ကျရောက်စေနိုင်မည့် သတင်းအမှားများ ပျံ့နှံ့ခြင်းမှ ကာကွယ်စေနိုင်မည်။

» နိုင်ငံပိုင်မီဒီယာများသည် အရေးပါမှုရှိသည့် လူမှုပြဿနာများ၊ အများပြည်သူအရေး ဆွေးနွေးပြောဆိုမှုများကို ဦးစားပေး ဖော်ပြနိုင်မည် ဖြစ်သည်။ ပုဂ္ဂလိကပိုင် မီဒီယာများကဲ့သို့ အများကြိုက်အကြောင်းအရာများ (ဖျော်ဖြေရေးများ) ကိုချည်း ဦးစားပေးဖော်ပြနေမည် မဟုတ်ချေ။

**ဆိုးကျိုးများ**

» နိုင်ငံပိုင်မီဒီယာများတွင် အစိုးရအနေဖြင့် လွယ်လင့်တကူ ဆင်ဆာဖြတ်တောက်နိုင်ပြီး၊ ဝါဒဖြန့်မှုများ လုပ်ဆောင်နိုင်မည်။

» နိုင်ငံပိုင်မီဒီယာများသည် ပုဂ္ဂလိကပိုင် မီဒီယာများကဲ့သို့ နိုင်ငံရေးအရ ပွင့်လင်းမြင်သာမှုကို မပေးစွမ်းနိုင်ချေ။

» အစိုးရမှ မီဒီယာများအပေါ် ထိန်းချုပ်ထားခြင်းဖြင့် အစိုးရ၏ ခြစားမှုများ၊ လေလွင့်ဖြုန်းတီးမှုများ၊ စွမ်းဆောင်ရည် ညံ့ဖျင်းမှုများကို ဂျာနယ်လစ်များမှ လွယ်လင့်တကူ ထုတ်ဖော်ရေးသားနိုင်ခြင်း မရှိတော့ချေ။

၄။ **ကောင်းကျိုးများ**

» ပုဂ္ဂလိကမီဒီယာများသည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို အကာအကွယ်ပြုပေးနိုင်သည်။

» လွတ်လပ်မှုရှိသည့် စာနယ်ဇင်းမီဒီယာတစ်ရပ်သည် အစိုးရ၏ ခြစားမှုများနှင့် စွမ်းဆောင်ရည် ညံ့ဖျင်းမှုများကို ဟန့်တားနိုင်သည်။

» စောင်ရေအမြောက်အများ ရောင်းချလိုသည့် ပုဂ္ဂလိက သတင်းစာများသည် လူများစု၏ လက်ခံယူဆချက်များကို ထင်ဟပ်လျက် ရေးသား ဖော်ပြတတ်ကြသည်။ ဤသည်က သတင်းစာပါ အကြောင်းအရာတို့ကို စီစစ်သတ်မှတ်ရာတွင် အစိုးရထက် ပြည်သူများကိုယ်တိုင် သတ်မှတ်နေခြင်းပင်ဖြစ်သည်။

**ဆိုးကျိုးများ**

» မီဒီယာများတွင် ဖော်ပြရာ၌ လူမှုရေးအရ အရေးပါမှု ရှိသည့် အကြောင်းအရာများထက် အများကြိုက် သတင်း ဇာတ်လမ်းများကိုသာ ဦးစားပေး ဖော်ပြတတ်သည်။

» မီဒီယာအများစုကို စီးပွားရေးလုပ်ငန်းစုကြီးများမှ လက်ဝါးကြီး အုပ်ထားနိုင်သည်။ ထိုသို့ ထိန်းချုပ်ထားခြင်းဖြင့် သတင်းစာ၊ တီဗွီရုပ်သံလိုင်းများ အပါအဝင် မီဒီယာအရင်းအမြစ်အားလုံးတို့တွင် အယူဝါဒ တစ်မျိုးတည်း၊ အမြင်တစ်ရပ်တည်းကိုသာ ကိုယ်စားပြုတင်ဆက်စေမည်ဖြစ်ပြီး 'မှုမတူယှဉ်တွဲမှု' ကို လျှော့နည်းစေမည်။

၅။ မီဒီယာစီမံခန့်ခွဲမှုသည် အစိုးရက မီဒီယာကို အသုံးပြုပြီး ရည်မှန်းချက်များ ပြည့်မီအောင် မည်သို့ ဆောင်ရွက်ပေးနိုင်သည်နှင့် သက်ဆိုင်ပတ်သက်လျက် ရှိသည်။ အစိုးရအနေဖြင့် မီဒီယာပုံရိပ်ကောင်း ဖန်တီးရန် သတင်းဆိုးများကို ထိန်ချန်ထားခြင်း၊ သတင်းကောင်းများကို တိုးမြှင့်ခြင်း စသည်တို့ ပါဝင်ပေသည်။

၆။ အရပ်ဘက်လူ့အဖွဲ့အစည်းဆိုသည်မှာ အစိုးရ မဟုတ်သည့် လှုပ်ရှားဆောင်ရွက်သူများ ဖြစ်ကြပြီး နိုင်ငံရေး၊ လူမှုရေး လုပ်ဆောင်ချက်များကို ဖော်ဆောင်ပေးကြသည်။

၇။ ဝန်ဆောင်မှုပေးအပ်ရေးဆိုင်ရာ NGO များ (Service NGOs) သည် မိမိတို့ လုပ်ကိုင်လျက်ရှိသည့် အသိုင်းအဝိုင်းများ၊ အကျိုးခံစားရရှိသူများနှင့် တိုက်ရိုက်ထိတွေ့လုပ်ကိုင်ကြသည်။ ထို NGO များအနေဖြင့် အရေးပေါ်ကူညီကယ်ဆယ်ရေး၊ ဖွံ့ဖြိုးရေးအကူအညီ၊ ကျန်းမာရေးနှင့် အစာအာဟာရ ဖြည့်စွမ်းထောက်ပံ့မှုများ စသည်တို့ကို ဝန်ဆောင်မှုပေးကြသည်။

အရေးဆို လှုံ့ဆော်ပေးသည့် NGO များ (Advocacy NGO) သည် လူမှုအပြောင်းအလဲများ ဖော်ဆောင်ရေး အတွက် မီဒီယာများ၊ ပညာမျှဝေရေးအစီအစဉ်များ၊ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူတို့နှင့် ပူးပေါင်းလုပ်ဆောင်မှုများ မှတစ်ဆင့် ဆော်ဩတတ်ကြသည်။ ထိုလုပ်ငန်းများတွင် လူ့အခွင့်အရေး၊ တရားရှိလူနေမှု၊ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များ အစရှိသည်တို့ ပါဝင်ကြပေသည်။

၈။ လူထုအခြေပြုအဖွဲ့အစည်းများတွင် လှုပ်ရှားကြသူတို့သည် ပြည်သူ့ရေးရာ မူဝါဒများအပေါ် လွှမ်းမိုးနိုင်ရန် အတွက် 'စည်းရုံးဆွဲဆောင်ခြင်း' ကို အသုံးပြုကြသည်။ အစိုးရအာဏာရှင်များကို တွန်းအားပေးနိုင်ရေးအတွက် ဆွေးနွေးပြောဆိုမှုများ၊ ဖုန်းဖြင့် ဆက်သွယ်ခေါ်ဆိုမှုများ၊ အများလက်မှတ်ထိုးထောက်ခံသည့် စာများပို့ခြင်း စသည်တို့ကို လုပ်ဆောင်တတ်ကြသည်။ အရေးဆိုမှု ဆိုသည်မှာ ပြဿနာကိစ္စရပ်တစ်ရပ်၊ ဖြစ်ရပ်တစ်ခု အကြောင်း လူအများ သိရှိလာပြီး အစိုးရလုပ်ဆောင်ချက်များနှင့် မူဝါဒများအပေါ် လွှမ်းမိုးသက်ရောက်မှု ဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်းကို ဆိုလိုသည်။

၉။ အတွင်းအုပ်စုများသည် အစိုးရနှင့် နီးကပ်သည့် ဆက်နွယ်ပတ်သက်မှုများ ပိုင်ဆိုင်ထားကြသည်။ ထိုအုပ်စုများသည် အာဏာကြီးမားကြပြီး နိုင်ငံရေး သမားများနှင့်ပင် ပုံမှန်ဆက်ဆံပြောဆိုနိုင်ကြသည်။ ပြင်ပအုပ်စုများသည် နိုင်ငံရေးအာဏာ အနည်းငယ်သာ ပိုင်ဆိုင်ထားသူတို့ကို ကိုယ်စားပြုသည်။ ပြင်ပအုပ်စုများသည် အစိုးရတို့နှင့် တိုက်ရိုက်ထိတွေ့ မပြောဆိုနိုင်ကြ။ ထို့ကြောင့်လည်း သွယ်ဝိုက်သည့် နည်းဗျူဟာများကို အသုံးချပြီး အစိုးရအပေါ် တွန်းအားပေးရသည်။

၁၀။ **ကောင်းကျိုးများ**

» CSO များသည် နိုင်ငံရေးအရပါဝင်မှုနှင့် အစိုးရနှင့် ဆက်ဆံနိုင်မှုတို့ကို မြှင့်တင်ပေးနိုင်ကြသည်။ ဤသည်က ဒီမိုကရေစီကျသည့် တရားဝင်အသိအမှတ်ပြုမှုကို ပေးစွမ်းနိုင်ပေသည်။

» CSO များသည် ဒီမိုကရက်တစ်ကျသည့် မှုမတူ ယှဉ်တွဲမှုကို ပေးစွမ်းနိုင်ပေသည်။ ထို့အတူ အပယ်ခံ အသိုင်းအဝိုင်းများကိုလည်း ၎င်းတို့၏ အကျိုးစီးပွားအတွက် အကာအကွယ် ပြုပေးနိုင်ကြပေသည်။

» CSO များသည် အစိုးရအာဏာအပေါ် အပြန်အလှန် ထိန်းကျောင်းနိုင်ပေသည်။ ထိုသို့ ထိန်းကျောင်းနိုင်ခြင်းဖြင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို ပေးစွမ်းစေနိုင်ပြီး ဒီမိုကရက်တစ် တရားဝင်အသိအမှတ်ပြုမှုကို ဖော်ဆောင်ပေးစေမည်ဖြစ်သည်။

**ဆိုးကျိုးများ**

» အင်အားကြီး CSO များသည် အစိုးရအပေါ် လွှမ်းမိုးနိုင်သည့် အာဏာအလွန်အမင်း ပိုင်ဆိုင် ထားကြပေသည်။ သို့ရာတွင် ၎င်းတို့သည် အရွေးကောက်တင်မြှောက်ခံထား

ရခြင်းလည်း မဟုတ်ကြ၊ တာဝန်ခံမှုလည်း မရှိကြချေ။

» CSO များသည် နိုင်ငံရေးအရ ပါဝင်မှုကို ပေးစွမ်းနိုင်ကြသော်လည်း မျှတမှု မရှိသည်ကို တွေ့ရသည်။ အင်အားကြီး အတွင်းအုပ်စုများသည် ပြင်ပအုပ်စုများထက် အာဏာပိုမို ကြီးမားကြသည်။ ထိုအခြေအနေမျိုးက ဒီမိုကရက်တစ် မဆန်လှချေ။

» CSO များသည် အရွေးကောက်တင်မြှောက်ခံထားရခြင်း မဟုတ်ကြသည့်အတွက်ကြောင့် တာဝန်ခံခြင်းလည်း မရှိကြချေ။ ၎င်းတို့ကို တာဝန်ခံမှု မရှိဘဲ နိုင်ငံရေးအာဏာပိုင်ဆိုင်ထားခြင်းဟု အမည်တပ်နိုင်ပေမည်။

၁၁။ ဖြေဆိုပုံ အမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါ အချက်များကို ထည့်သွင်းပါရှိနိုင်သည်။

» နိုင်ငံရေးပါတီများသည် မိမိတို့၏ ပါတီအဖွဲ့ဝင်များ ဥပဒေပြုရေးတွင်လည်းကောင်း၊ အုပ်ချုပ်ရေးတွင်လည်းကောင်း ကိုယ်စားပြု ရွေးချယ်ခံရသူ အများဆုံး ပိုင်ဆိုင်ထားရခြင်းဖြင့် နိုင်ငံရေးအာဏာရရှိရန် ကြိုးပမ်းကြသည်။

» နိုင်ငံရေးပါတီများသည် အစိုးရမူဝါဒများအတွက် ရွေးချယ်ကျင့်သုံးနိုင်သည့် နည်းလမ်းများကိုလည်း အကြံပြုတတ်ကြသည်။

» ရွေးကောက်ပွဲကျင်းပသည့်အခါတွင် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ပြီး ထောက်ပံ့ပေးတတ်ကြသည်။

» အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးတံတားတစ်ရပ် သဖွယ် ရပ်တည်ပေးကြသည်။

၁၂။ ညွန့်ပေါင်းအစိုးရတစ်ရပ်တွင် ပါတီအသီးသီးအနေဖြင့် နိုင်ငံတော်လည်ပတ်ရေးအတွက် တာဝန်အမျိုးမျိုးတို့ကို ထမ်းဆောင်ကြသည်။ ဥပမာအားဖြင့် ပညာရေးဝန်ကြီးဌာနအတွက် ပါတီတစ်ပါတီမှ ဖြစ်ပြီး၊ ကျန်းမာရေးဝန်ကြီးဌာန အတွက်မူ အခြားသော ပါတီမှ ဖြစ်မည်ဖြစ်သည်။

၁၃။ အဖွဲ့ဝင်ပါတီများသည် ထောက်ခံသူအရေအတွက် အနည်းငယ်သာ ပိုင်ဆိုင်ထားတတ်ကြသည်။ ဤသည်မှာ ပါတီဝင်များအကြား တူညီစွာ ရှိကြသည့် တင်းကြပ်သည့် နိုင်ငံရေး အယူအဆ ဝါဒတို့ကြောင့် ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ထိုပါတီတို့သည် အဖွဲ့ဝင်များအပေါ် မျှော်မှန်းချက် ကြီးမားစွာထားရှိကြပြီး အဖွဲ့ဝင်များနှင့် ပါတီအကြား နီးကပ်စွာ ရင်းနှီးဆက်နွယ်ကြသည်။

လူထုပါတီများသည် ထောက်ခံမှုများစွာရရှိစေရန် ကြိုးပမ်းတတ်ကြသည်။ လူထုပါတီတို့အနေဖြင့် ကျွမ်းကျင်မှု မရှိသော အဖွဲ့ဝင်တို့၏ ပါဝင်ဆောင်ရွက်မှုများစွာ ရရှိရေးကို မမျှော်လင့်တတ်ကြ၊ မဲဆန္ဒများ နိုင်သမျှ များစွာ ပိုင်ဆိုင်နိုင်ရန်သာ အဓိကရည်မှန်းချက်ထားကြသည်။

၁၄။ 'လက်ဝဲယိမ်း' နှင့် 'လက်ယာယိမ်း' ဟူသော ဝေါဟာရများကို ပါတီအသီးသီးတို့၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ မူဝါဒများအကြား ခြားနားချက်တို့ကို ဖော်ပြရန်အတွက် အသုံးပြုသည်။ 'လက်ဝဲ' သည် ဆိုရှယ်လစ် ပိုကျပြီး၊ 'လက်ယာ' သည် လွတ်လပ်မှုဇဟိုပြု လစ်ဘရယ်လ် သို့မဟုတ် ရှေးရိုးစွဲကွန်ဆာဗေးတစ် ဆန်သည်ကို တွေ့ရပေသည်။

၁၅။ ဖြေဆိုပုံအမျိုးမျိုး ကွဲလွဲနိုင်သည်။ ဖြေဆိုရာတွင် အောက်ပါအချက်များကို ထည့်သွင်းပါရှိနိုင်သည်။

» ပါတီ၏ တည်ဆောက်ပုံ ဒီမိုကရက်တစ် မကျခြင်းမှာ ပြည်သူတို့ကို ကိုယ်စားပြုမှု မရှိခြင်းပင်ဖြစ်သည်။

» နိုင်ငံရေးပါတီများသည် ချမ်းသာကြွယ်ဝသူများ၏ လွှမ်းမိုးမှုကို အလွယ်တကူ ခံစားရနိုင်သည်။

» နိုင်ငံရေးပါတီများသည် အာဏာရရှိရေးအတွက် ၎င်းတို့၏ ဝါဒနှင့် ရပ်တည်ချက်၊ တန်ဖိုးတို့ကို ပြောင်းလဲနိုင်ကြသည်။

» နိုင်ငံရေးပါတီများသည် တိုင်းရင်းသားများ၊ ဘာသာရေးဆိုင်ရာ လူနည်းစုများ၊ အမျိုးသမီးများ၊ LGBT များ၊ မသန်စွမ်းသူများ အစရှိသော အပယ်ခံအသိုင်းအဝိုင်းတို့၏ အကျိုးစီးပွားကို ဘေးဖယ်ချန်လှပ်ထားနိုင်သည်။